www.burmeseclassic.com




# ပျိုး

# စံပယ်ရင်လွဲ
# ရဲရဲပွင့်ကြသည်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဂျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း။

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုဇင်ဦးနှင့်ညီများ

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

ဖြန့်ချိရေး

ဂျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဂျူး

စံပယ်ရင်လွှဲရဲရဲပွင့်ကြသည်

ဂျူးစာပေ၊ ၂၀၁၆။

၂၄၈-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) စံပယ်ရင်လွှဲရဲရဲပွင့်ကြသည်

## အခန်း (၁)

"အဲဒီ သခွားသီးလေးတွေ ဘယ်ဈေးလဲ"

"သုံးလုံးနှစ်ရာပါ အစ်မ"

ဈေးဝယ်သူ အစ်မချောချောလေးက ကျွန်တော့်ဆီကနေ သခွားသီးလေးရာဖိုး ဝယ်၏။ ခြောက်လုံးပေးရမှာကို ခုနစ်လုံးထည့်ပေးလိုက်သည်။ အစ်မလေးက တော်တော်ချောတာကိုး။

ဒီနေ့ အမေ ခါးနာနေသည်ဆိုသောကြောင့် ကျွန်တော်က အမေ့ကိုယ်စား ဈေးထွက်ပေးခြင်း ဖြစ်သည်။ ပုံမှန်ဆိုရင်တော့ အမေ မနက်စောစော ဈေးထွက်တိုင်း ကျွန်တော်က အိပ်ပျော်လျက် ကျန်ခဲ့နေကျ။ အိပ်ရာထက်မှာ ညတည်းက လဲသွားပြီး ခါးနာပါတယ်လို့ တစာစာအော်နေသော အမေ့ကြောင့် စိတ်မသက်သာစွာနှင့်ပင် ကျွန်တော်က ကိုယ်စားဈေးရောင်းထွက်ပေးရခြင်း ဖြစ်၏။

www.burmeseclassic.com



"တဲ့ လှသစ် ခင်မေ ဘာဖြစ်နေလို့တုန်း"

"ခါးနာလို့တဲ့ ဒေါ်ကြီးရေ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ဆေးတော့လိမ်းပေးထားခဲ့တယ်"

"အေးဟယ် နင့်အမေလည်း အသက်ကြီးနေပါပြီ သူ့ခမျာ မိုးလင်းက မိုးချုပ် နင်တို့သားအဖကို ရှာကျွေးနေရတာ မဟုတ်လား"

ဒီလိုစကားကိုကြားရတော့ ကျွန်တော် စိတ်မကောင်းပါ။ လေဖြတ်နေသော အဖေနှင့် အသက်ဆယ့်ခြောက်နှစ်အရွယ်ရောက်မှ ကိုးတန်းတက်နေရတဲ့ ကျွန်တော့်အဖို့ အိမ်အတွက် ဘာဝင်ငွေမှ ရှာမပေးနိုင်ခြင်းကတော့ အမှန်ပင်ဖြစ်သည်။

"ဒီနေ့ နင်ကျောင်းမသွားရဘူးပေါ့ လှသစ်"

"ဟုတ်တယ် ဒေါ်ကြီး၊ ရပါတယ်လေ၊ တစ်ရက်တလေလောက်ကတော့ ပြဿနာမရှိပါဘူး"

တကယ်တော့ သူများတကာတွေလို အပြင်ကျူရှင်မယူနိုင်သည့် ကျွန်တော့်အတွက် ကျောင်းကသင်သော စာများကို သေချာလိုက်လံကျက်မှတ်ရခြင်းကသာလျှင် အားကိုးအားထားဖြစ်၏။ ဒါပေမဲ့ အမေ ခုလိုဖြစ်နေချိန်မှာ ဘာကိုမှ ဂရုမစိုက်ဘဲ ကျောင်းသွားတက်နေလို့ကလည်း မဖြစ်ပြန်ပါ။

တစ်ရက်ဝင်ငွေမရှိရင် တစ်ရက်သိသိသာသာမို့ မဖြစ်မနေ ဈေးထွက်ရသည်။ ဒီနေ့ ဈေးရောင်းရတာ မဆိုးပါ။ အဝယ်လိုက်သည်။ သီရိမင်္ဂလာဈေးမှာ ကျွန်တော်ကိုယ်တိုင် သွားယူလာသော ဟင်းသီးဟင်းရွက်များက ဒီနေ့ပိုလို့ လတ်ဆတ်နေလို့ပဲလား။ ကျွန်တော့်ရဲ့အပြုံးချိုချိုမျက်နှာကြောင့်ပဲ





လားတော့ မသိပါ။

"နင့်အမေကို ဆေးခန်းလေးဘာလေး ပြပေးလိုက်ပါဦးဟယ်၊ သူ့မှာရောဂါတစ်ခုခုဖြစ်လာရင်တောင် မိသားစုကိုငဲ့ပြီး ထုတ်သုံးမှာမဟုတ်ဘူး"

"အမေ့အကြောင်းကို ကျွန်တော် သိတာပေါ့ ဒေါ်ကြီးရယ်"

ဈေးကွဲစအချိန်မို့ ဝယ်သူတွေလည်း ခပ်ကျဲကျဲသာ ရှိတော့သည်။ ထိုအချိန်ကျမှပင် မျက်စောင်းထိုးလောက်မှာရှိသော ဇန်းရွက်အသုပ်သည်ဆီမှ ကြာဇံသုပ်တစ်ပွဲ ကျွန်တော် မှာစားလိုက်၏။ မနက်အစောကြီး ထထားရပေမယ့် ဘာအစာမှ မစားရသေးတာမို့ ဗိုက်ထဲမှာ တဂျုတ်ဂျုတ်မြည်နေပြီလေ။

အမေရော တစ်နေ့တစ်နေ့ ဗိုက်အငတ်ခံပြီး ဈေးပဲရောင်းနေခဲ့တာလား။ ကျွန်တော်တို့အတွက် လျော့သွားမှာစိုးလို့ အသုပ်တစ်ပွဲလောက်တောင် မစားမသောက်ဘဲ နေခဲ့သလား။

တကယ်တော့ ဒီမိသားစုထဲမှာ သနားစရာအကောင်းဆုံးက အမေသာဖြစ်၏။ နေ့ရှိသရွေ့ အရက်ဖြင့်သာ မူးမူးရူးရူး အချိန်ကုန်ခဲ့သော အဖေ၊ အရက်သောက်ဖို့ လက်ဖြန့်တောင်းသမျှ အမေ ရှာဖွေပေးခဲ့သည်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က အဖေ လေဖြတ်သွားပြီးတဲ့နောက်မှာ ကျွန်တော်တို့မိသားစုလေး ပိုလို့ကျပ်တည်းခဲ့၏။ တစ်လတစ်လ အဖေ့အတွက်ဝယ်ရသော ဆေးတွေတောင် မနည်းမနော။

ထိုအချိန်မှာ ကိုးတန်းတက်နေသော ကျွန်တော်ကိုယ်တိုင်လည်း ကျောင်းနားလိုက်ပြီး အမေ့ကိုတစ်ဖက်တစ်လမ်းကနေ ရှာပေးခဲ့၏။ အ

www.burmeseclassic.com



သက်ဆယ့်ငါးနှစ်တောင် မပြည့်သေးတာမို့ လောက်လောက်လားလား အလုပ်ဘာတစ်ခုမှမရခဲ့ပေမယ့် ဈေးထဲမှ အသိအစ်ကိုကြီးတစ်ယောက်၏အကူအညီဖြင့် လက်ဖက်ရည်ဆိုင်တစ်ခုမှာ စားပွဲထိုးဝင်လုပ်ခဲ့သည်။

အဖေရောဂါဖြစ်ကာစမှာ ဟိုကဆွဲဒီကဆွဲနှင့် ယူထားသော ငွေကြေးများကို တစ်နှစ်ကျော်လောက် သားအမိနှစ်ယောက်လုံး ကိုယ်စီအလုပ်လုပ်ကာ စုဆောင်းလိုက်တော့မှ ဆပ်နိုင်ခဲ့သည်။ ဒါတောင် ကြွေးသေးသေးလေးတွေကတော့ ကျန်နေသေးတာပါပဲ။

တစ်ဖက်မှလည်း အသက်ဆယ့်ခြောက်နှစ်လောက်ရှိလာတာနှင့် အမျှ ကျွန်တော့်ဘော်ဒီဖွံ့ဖြိုးမှုက မြန်မြန်ဆန်ဆန် တိုးတက်လာခဲ့သည်။ နဂိုတည်းက လူကောင်ထွားသော ကျွန်တော့်မှာ တဖြည်းဖြည်းနှင့် လူပျိုလုံးလုံး ဖြစ်လာပြီ။ ထို့ကြောင့်လည်း ကျောင်းပြန်တက်ခွင့်ရဖို့ အခွင့်အရေးကို အမေ့ထံမှ တောင်းဆိုခဲ့မိသည်။

ပညာရေးကို လိုလားသော ကျွန်တော့်အတွက် အမေကိုယ်တိုင်လည်း တားမြစ်ခြင်း မပြုခဲ့ပါ။

"သားကို ကျောင်းတက်ဖို့ အမေ ဘယ်တုန်းကမှ မတားမြစ်ခဲ့ပါဘူးကွယ်"

အဖေ့ရောဂါကြောင့် ကျောင်းနားလိုက်တာလည်း ကိုယ့်သဘောနှင့်ကိုယ်မို့ အမေ့ကိုလည်း အပြစ်တင်စရာတစ်ခုမှ မရှိခဲ့ပါ။ ဒီနှစ် ကျောင်းတွေ ပြန်ဖွင့်ချိန်မှာ ကျွန်တော်တက်လက်စ ကိုးတန်းကို ဆက်တက်ဖြစ်သည်။ အတန်းထဲက တခြားကျောင်းသားတွေထက် အသက်ကြီးပြီး စာ





မလိုက်နိုင်ဖြစ်မှာစိုးသောကြောင့် အရင်တုန်းကထက် စာကိုပိုလုပ်ဖြစ်သည်။

ညဆို တော်တော်လေး ညဥ့်နက်သည်ထိ စာတွေလုပ်မိသောကြောင့် မနက်ဈေးထွက်ဖို့ အမေထွက်သွားတိုင်း ကျွန်တော်က စောင်ခြုံထဲမှာ ကျန်နေတတ်မြဲ။

"ကန်စွန်းနှစ်စီးပဲ ကျန်တော့တယ် ဒေါ်ကြီးရေ အိမ်စားဖို့ပဲ သယ်သွားလိုက်တော့မယ်"

ဆိုင်သိမ်းပြီး အိမ်ပြန်ရန်ပြင်ဆင်နေချိန်မှာ အမေ ရောက်လာသည်။ အမေ့ကိုမြင်တော့ ကျွန်တော် မျက်လုံးပြူးသွား၏။

"အမေ ဘာလာလုပ်တာလဲ"

"သားတစ်ယောက်တည်း သိမ်းရမှာ မနိုင်မနင်းဖြစ်နေမှာစိုးလို့လေ"

"အမေကတကယ်ပါပဲဗျာ၊ ကျွန်တော်က ဘာမနိုင်မနင်းဖြစ်စရာများရှိလို့လဲ၊ အမေ့သားက လူကြီးဖြစ်နေပါပြီဗျ"

စိတ်ဆိုးမာန်ဆိုးပြောမိသော ကျွန်တော့်စကားကို အမေက ရယ်သည်။

"ငါ့သားက လူကြီးဖြစ်နေပြီဆိုတာ အမေ သိပါတယ်ကွယ်၊ ဒါပေမဲ့ အမေကတော့ စိတ်ပူနေဆဲပဲလေ"

"ကဲပါ ဒီနားမှာ ခဏထိုင်နေ၊ သားဘာသာ သိမ်းလိုက်မယ်"

ဒီလိုဆိုတော့လည်း ဘာစောဒကမှ ထပ်မတက်ဘဲ အမေ အသာတကြည်ပင် ဝင်ထိုင်၏။ ဘေးက ငါးစိမ်းသည်ဒေါ်ကြီးနှင့် စကားပြောနေ

www.burmeseclassic.com



သည်။

ပစ္စည်းပစ္စယများများစားစား သယ်လာစရာမရှိဘဲ ကန်စွန်းနှစ်စီးသာ လက်ထဲကကိုင်လျက် ကျွန်တော်တို့သားအမိနှစ်ယောက် စကားတပြောပြော လမ်းလျှောက်လာခဲ့သည်။ အိမ်နဲ့ဈေးက သိပ်မဝေးတာမို့ အဲဒီတစ်ခုတော့ ကျွန်တော် သဘောကျသည်။ ကျွန်တော်တို့အိမ်ကလေးက ရေနံဆီဈေးအမည်းရောင်များ ပြောင်နေအောင် သုတ်ထားသော ဖျဉ်ထောင်အိမ်လေးဖြစ်၏။

ဒီအိမ်ကလေးကတော့ အဖေ့မိဘတွေလက်ထက်တည်းက ဆောက်လုပ်နေထိုင်ခဲ့ခြင်းဖြစ်သည်။ အဘိုးအဘွားတွေ ဆုံးသွားတော့ အိမ်လေးကို အဖေ အမွေရသည်။ ဒါလေးကြောင့်ပဲ ကျွန်တော်တို့မိသားစုသုံးယောက် နေစရာထိုင်စရာအတွက် အထူးတလည် စိတ်ပူပန်စရာ မလိုခဲ့ခြင်းဖြစ်၏။

"ဩော် သားကို မောင်ဆန်းကတောင် မေးနေသေးတယ်၊ အမေ သားဆီမိုက်လာတော့ လမ်းမှာတွေ့လို့လေ"

ကိုဆန်းဆိုတာ ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးအဖြစ် လုပ်ကိုင်ခွင့်ရအောင် သွင်းပေးခဲ့သော ရပ်ကွက်ထဲမှအသိအစ်ကိုကြီး ဖြစ်သည်။ အခု ဘာကိစ္စတွေများ ထမ်ပေါ်လာသလဲ မသိ။

"ဘာပြောသွားသေးလို့လဲ အမေ"

"သား အားရင် သူ့ဆီလာခဲ့ပါဦးတဲ့"

"ပိုက်ဆံရမယ့် ဘာခွင်တွေ့ထားလဲ မသိဘူး အမေ၊ သား ရေမိုးချိုး ထမင်းစားပြီး တစ်ချက်သွားကြည့်လိုက်မယ်"





ကိုဆန်းက ကျွန်တော့်ထက် ဆယ်နှစ်ကျော်လောက်ကြီးသည်။ တစ်ရပ်ကွက်တည်းမှာ ငယ်ငယ်တည်းက နေထိုင်လာခဲ့ပြီး ကျွန်တော်ကလည်း မျက်နှာချိုသောကြောင့် ညီလေးတစ်ယောက်လို အမြဲစောင့်ရှောက်ပေး၏။ မိသားစုအခြေအနေကိုလည်း သိနေတာမို့ ငွေဝင်လမ်းလေးများရှိရင် ကျွန်တော်နှင့်ချိတ်ပေးတတ်သည်။

အခုလည်း ထမင်းစားသောက်ပြီးသွားတော့ ကျွန်တော် ကိုဆန်းအိမ်ရောက်သည်နှင့် အိမ်ရှေ့ခန်းမှာ ရုပ်ရှင်ကားတစ်ကားထိုင်ကြည့်နေသော ကိုဆန်းကို အခန့်သားတွေ့လိုက်ရ၏။ ကိုဆန်းက ပွဲစားလုပ်ငန်းလုပ်ကိုင်တာဆိုတော့ သူ့ကိုဖမ်းမိဖို့ခက်ခဲသည်။ ခုလို အရန်သင့်တွေ့လိုက်ရလို့ ကျွန်တော် ဝမ်းသာသွား၏။

"ကိုဆန်း ကျွန်တော် လာတယ်ဗျို့"

"ဟာ လူသစ် လာ လာ၊ ငါမင်းကိုတွေ့ချင်နေတာ၊ အခေါ်ကိုတောင် ခုနက လမ်းမှာတွေ့လို့ မှာလိုက်သေးတယ်"

"ဟုတ် ကိုဆန်း၊ အခု အမေပြောပြလို့ ကျွန်တော် ရောက်လာတာပါ"

"ဩော် အေး အေး ထိုင်ဦးကွ"

ကိုဆန်းက တစ်ယောက်တည်းသမား ဖြစ်သည်။ သူ့အိမ်ကလည်း ကျယ်ကျယ်ဝန်းဝန်း သပ်သပ်ရပ်ရပ်နှင့် နေချင်စရာလေးဖြစ်သည်။ တစ်ခါတလေဆို ကျွန်တော် ကိုဆန်းအိမ်မှာပဲ အေးအေးလူလူ လာနေတတ်၏။

"မင်းကို ကိစ္စရှိလို့ ခေါ်ခိုင်းလိုက်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဘာကိစ္စလဲ ကိုဆန်း၊ အာရကော ရဖို့ရှိလို့လား"

ကျွန်တော်က လက်ညှိုးနှင့်လက်မကို အဝိုင်းလေးလုပ်ပြကာ ခပ်မြူးမြူးလေး မေးလိုက်သည်။

"အင်း ဘယ်လိုပြောရမလဲမသိဘူးကွ၊ ရချင်လည်း ရမှာပေါ့ကွာ"

"ဟွန် ကိုဆန်း စကားကြီးကလည်း"

မတင်မကျ စကားကြီးကြောင့် ကျွန်တော် ချက်ချင်းမျက်နှာပျက်သွားသည်။

"မင်းကလည်း မျက်နှာပျက်ဖို့က အရင်ဖြစ်နေတာကိုး၊ ငါပြောတာလေးလည်း နားထောင်ပါဦးကွာ"

"ပိုက်ဆံနည်းနည်းလိုနေလို့ပါ ကိုဆန်းရာ"

"ဘယ်လိုဖြစ်လို့ လိုနေတာတုန်းကွ"

"အမေ့ကို ဆေးခန်းပြပေးချင်လို့လေ၊ ခါးကနာတယ်ဆိုပြီး ပြောနေတာကြာပြီ၊ ဒီနေ့ ဈေးတောင်မထွက်နိုင်ဘူး"

"ဒါကြောင့် ငါတွေ့လိုက်တုန်းက အခြေမျက်နှာ သိပ်မကောင်းတာကိုး၊ အိမ်မှာပဲ နားနားနေနေ နေတာမဟုတ်ဘူးကွာ"

"မနက်က ဈေးကိုကျွန်တော်ထွက်ပေးတာလေ၊ ဒါတောင် စိတ်မချလို့ဆိုပြီး လိုက်လာတာ၊ အမေက ဒီလိုပဲဗျ၊ ကျွန်တော့်ကိုဆို ကလေးလေးတစ်ယောက်လို့ပဲ အမြဲထင်နေတာ"

ကျွန်တော့်စကားကြောင့် ကိုဆန်းက ရယ်သည်။

"အမေတွေကတော့ ဒီလိုပါပဲကွာ၊ ဒါပေမဲ့ ငါကတော့ မင်း





ကလေးမဟုတ်တော့မှန်း သိပါတယ်"

"ဟာဗျာ ကိုဆန်းကလည်း"

"ဘာဟာဗျာလဲ ရှက်သလိုလို ရွံ့သလိုလို လုပ်မနေနဲ့၊ မင်းကိုယ်ကြီးလည်း မင်းပြန်ကြည့်ဦး၊ ငါ့ထက်တောင် ပိုပြီးဗလတောင့်နေသေးတာကို ကလေးလိုလို ခွေးလိုလို လာလုပ်ပြနေတယ်"

ကိုဆန်းက ကျွန်တော့်ကို ပျစ်ပျစ်နှစ်နှစ် ပြောသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော့်ကို ဆယ့်ခြောက်နှစ်လို့ပြောရင် ဘယ်သူကမှ သိပ်မယုံကြည်ချင်။ အမေက မိန်းမတစ်ယောက်ဆိုပေမယ့် အရပ်ငါးပေခုနစ်လက်မလောက်ရှိသည်။ အမေနှင့်တူသော ကျွန်တော်က အရပ်မြင့်သည်။ အသားမဖြူမညို။ ကျွန်တော့်ကိုမသိသူများက အသက်အစိတ်လောက် ထင်ချင်ကြသေးသည်။

"ကိုဆန်း ပြောစရာရှိတာ ပြောဦးလေ"

ကျွန်တော် စကားပြန်စပေးလိုက်တော့ ကိုဆန်းက ကြည့်လက်စ အခွေကို ပိတ်လိုက်၏။

"မင်းလက်ဖက်ရည်ဆိုင်မှာ လုပ်တုန်းက ပိုက်ဆံကောက်ရလို့ဆိုပြီး ပိုင်ရှင်ကိုရှာပြီး ပြန်ပေးလိုက်တဲ့ကိစ္စ မှတ်မိသေးလား"

ဒီတိုင်းဆိုရင်တော့ ကျွန်တော့်အတွက် မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့သောကိစ္စပါ။ ခုလို ကိုဆန်း ပြန်အစဖျိုးလိုက်တော့လည်း မျက်စိထဲမှ ကွက်ကွက်ကွင်းကွင်း ပြန်ပေါ်လာ၏။

အဲဒီနေ့က ရပ်ကွက်အိမ်ထဲမှ အိမ်တစ်အိမ်ကို မှုံရှူထားသော



www.burmeseclassic.com

www.burmeseclassic.com



ထက်ဖက်ရည်နှင့်မုန့်များ သွားပို့ပေးပြီးအပြန် လမ်းမှာ ပိုက်ဆံအိတ်အနီရောင် ရှည်ရှည်လေးတစ်လုံး ကောက်ရခဲ့ခြင်း ဖြစ်သည်။ အသားကိုကိုင်ကြည့်လိုက်တာနှင့် ဈေးကြီးမည့်အိတ်တစ်လုံးမှန်းတော့ ကျွန်တော် သိလိုက်သည်။

အိတ်ထဲကို ဖွင့်ကြည့်လိုက်တော့ ကျွန်တော် ပိုလို့ မျက်လုံးပြူးသွား၏။ တစ်သောင်းတန် အထပ်လိုက်တွေ၊ ငါးထောင်တန်အထပ်လိုက်တွေ၊ ဘဏ်ကတ်တွေ၊ မှတ်ပုံတင်တစ်ခုလည်း ပါသေး၏။ ချက်ချင်းပင် မှတ်ပုံတင်ကို ကျွန်တော် ယူကြည့်လိုက်သည်။ အမျိုးသမီးတစ်ဦး။ အင်းလေ အိတ်ကလည်း အမျိုးသမီးကိုင်ဆိုတော့ မှတ်ပုံတင်ဟာလည်း အမျိုးသမီးပုံပဲ ဖြစ်တော့မပေါ့။

အိတ်ကလေးကို ပုဆိုးနောက်ဘက်ကို ထိုးထည့်လိုက်ပြီး ဆိုင်သို့ ခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့သည်။ မုန့်သွားပို့တာ တော်တော်နှင့် ပြန်ရောက်မလာရင် ဆိုင်ပိုင်ရှင်ရဲ့ဆူပူမှုကို ခံနေရဦးမှာစိုးလို့ပါ။

နေ့လယ်ထမင်းစားနားချိန်ရောက်တော့မှ အိတ်ကိုနောက်တစ်ကြိမ် ထပ်ဖွင့်ကြည့်မိသည်။ မသိမသာလည်း လုပ်ရသေး၏။ တော်ကြာနေ တစ်ယောက်ယောက်မြင်သွားရင် မကောင်း။ ဘယ်သူ့ရဲ့အတွင်းစိတ်က ဘယ်လိုဆိုတာ ခန့်မှန်းလို့ရတာ မဟုတ်။

ငွေတွေက နည်းနည်းနောနောမှ မဟုတ်တာ။ ကျွန်တော်ကိုယ်တိုင်တောင် ထုတ်မရေကြည့်ရသေးဘဲ မြင်တာနဲ့တင် မျက်လုံးပြူးသွားရလောက်အောင် ပမာဏများပြားလွန်းသည်။ အိတ်ထဲမှ လိပ်စာကတ်ပြားလေးတွေကို ကြည့်လိုက်၏။ ကုမ္ပဏီတစ်ခုရဲ့ဒါရိုက်တာလို့ ခေါင်းစဉ်တပ်ထားသည့်





ကတ်လေးတစ်ခုကို ကျွန်တော် ရွေးချယ်လိုက်၏။ ဒေါ်လဲ့ရောင်ငြိမ်းချမ်းတဲ့။

ဆိုင်ဘေးမှာရှိသော ဆက်သွယ်ရေးဖုန်းကနေ ထိုအမျိုးသမီးရဲ့ ဖုန်းကို လှမ်းခေါ်လိုက်သည်။ ကံကောင်းထောက်မစွာပင် ပိုင်ရှင်မှန်နေခဲ့၏။

"ပိုက်ဆံအိတ်အနီရောင်တစ်လုံး ကောက်ရထားလို့ပါခင်ဗျာ"

"ဟယ် တကယ်လား"

တစ်ဖက်မှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပုံပင်။ ကျွန်တော်က ကောက်ရထားသည့် နေရာကို အတိအကျ ပြောပြလိုက်သည်။

"ဒါဆို ကိုယ် ညနေကျမှ လာယူမယ်နော်၊ ဖြစ်လားမသိဘူး"

"ဟုတ်ကဲ့ ဖြစ်ပါတယ်ခင်ဗျ"

"အေး ကောင်းပြီကွယ်၊ ဒါနဲ့ မင်းနာမည်က"

"လူသစ်လို့ မေးလိုက်ရင် ရပါတယ်၊ ကျွန်တော်က အဲဒီဆိုင်မှာ စားပွဲထိုးလုပ်တာပါ"

"အိုကေ အိုကေ ကိုယ်မှတ်ထားလိုက်ပါ့မယ်"

ထိုနေ့ညနေမှာ ထိုအမျိုးသမီး ရောက်လာခဲ့၏။ သူလာသည့်အချိန်က ညနေရုံးဆင်းချိန်မို့ ဆိုင်မှာလူနည်းနည်းကျနေသည်။ ဆိုင်ရှေ့တည့်တည့်မှာ သူမဖျော့ခန့်ညားထည်ဝါလှသော ကားအဖြူရောင်ကြီးကို ထိုးရပ်လိုက်သော ဆိုင်ထဲမှာထိုင်နေသည့် လူအားလုံး၏အကြည့်များက ထိုကားကြီးထံ ရောက်သွားကြသည်။ ကားပေါ်မှ ဆင်းလာသည့် အမျိုးသမီးကလည်း ခေတ်ဆန်ဆန်ပြင်ဆင်ဝတ်စားထားသည်မို့ ပုရိသအပေါင်းရဲ့အကြည့်တွေကို တစ်ခါတည်းနှင့်ပင် ညို့ယူဖမ်းစားနိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရထားသော ပိုက်ဆံအိတ်ကို ပြန်လာယူသည့်အမျိုးသမီးမှန်း ကျွန်တော်ကိုယ်တိုင်လည်း မသိသေးသဖြင့် အများနည်းတူ ငေးမောနေသည့်အထဲမှာ ကျွန်တော်လည်း ပါဝင်ခဲ့သည်။ အားလုံးရဲ့အကြည့်တွေ သူမထံသို့ စုပြုံရောက်ရှိနေမှန်းသိတာတောင် ခပ်တည်တည်ပုံစံ။ ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ပုံစံလေးဖြင့် ဆိုင်ထဲသို့ တည့်တည့်မတ်မတ် ဝင်လာခဲ့သည်။

စည်းချက်ညီနေသော ဒေါက်ဖိနပ်သံလေးက ဆိုင်ထဲမှာ အာရုံစိုက်ချင်စရာ ထွက်ပေါ်နေသည်။ ဆိုင်ကောင်တာဆီသို့ တည့်တည့်လျှောက်သွားပြီး သူမ မေးသည်။

"မောင်လူသစ်နဲ့ တွေ့ချင်ပါတယ်ရှင်"

ယဉ်ကျေးစွာ စကားပြောတတ်ပုံရသော အသံက မချိုမြသော်လည်း ခပ်အက်အက်နှင့်ပြတ်သားသည်။ ဆိုင်ရှင်ဦးလေးကြီး မျက်လုံးပြူးသွား၏။ မလှမ်းမကမ်းကနေ နားနဲ့ဆက်ဆက်ကြားလိုက်သော ကျွန်တော်လည်း အဲဒီကျတော့မှ ပိုက်ဆံအိတ်ပြန်လာယူသော အမျိုးသမီးမှန်း သိလိုက်တော့၏။

ဆိုင်ရှင်ဦးလေးက ကျွန်တော့်ကို လှမ်းခေါ်သည်။ သူ့မျက်နှာမှာ ဇဝေဇဝါဖြစ်နေပုံ။ ကျွန်တော့်အဆင့်အတန်းနှင့် ဘာမှမဆိုင်သော ဒီလိုအမျိုးသမီးတစ်ဦးနှင့် ဘာတွေများ ဆက်စပ်ပတ်သက်စရာရှိလို့လဲလို့ တွေးတောနေသည့်မျက်နှာထားမျိုး။

"မင်းကိုတွေ့ချင်လို့ တဲ့"





"ဟုတ်ကဲ့ ခင်ဗျ။ ကျွန်တော်က လူသစ်ပါ"

"နေ့လယ်က မင်းဖုန်းဆက်ပြီး အကြောင်းကြားတာ ကိုယ်ပါပဲ။ ကိုယ့်ပိုက်ဆံအိတ်လေး ပြန်လာယူတာပါ"

"ဟုတ်ကဲ့ ဒီမှာပါ ခင်ဗျာ"

ဘယ်သူမှ သတိမပြုမိအောင် ပုဆိုးနောက်အက်မှာ တီရှပ်နှင့်ဖုံးလျှက် ထိုးထည့်ထားသည့် ပိုက်ဆံအိတ်ကို ကျွန်တော်ချက်ချင်းပင် ထုတ်ပေးလိုက်သည်။

"စစ်ကြည့်လိုက်ပါဦးနော်၊ ငွေတွေတော့ ကျွန်တော်မကိုင်ထားပါဘူး လိပ်စာကတ်ပဲ ယူကြည့်ထားတာပါ"

ကျွန်တော့်စကားကြောင့် ထိုအမျိုးသမီး ပြုံးသည်။ အနီရဲရဲဆိုးဆေးတင်ထားသည့် သူမနှုတ်ခမ်းက အနည်းငယ်ပြုံးသလိုလိုဆိုသော်လည်း သူမရယ်လိုက်တော့ ညီညာဖြူဖွေးသည့် သွားတန်းလေးတွေပေါ်လာတာ ကြည့်ကောင်းသည်။

"မစစ်တော့ပါဘူးကွာ၊ ကိုယ်သိပ်နှစ်သက်တဲ့ ပိုက်ဆံအိတ်လေး ပြန်ရတာပဲ မင်းကို ကျေးဇူးတင်မိပါတယ်"

သူမက ထိုသို့ လှိုက်လှိုက်လှဲလှဲကြီး ပြောနေသောအခါ ကျွန်တော် နေရတတ်မထိုင်တတ် ဖြစ်နေမိ၏။ ခုနက သူမတစ်ဦးတည်းထံသို့သာ ကျရောက်နေသော မျက်လုံးများကလည်း ခုတော့ ကျွန်တော့်ဆီကိုပါ ဝေလည့်ရောက်ရှိနေသည်။

"ရော့ ဒီမှာ မင်းအတွက် မုန့်ဖိုး"

www.burmeseclassic.com



ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး တစ်သောင်းတန်တစ်ထပ် ဆွဲထုတ်ယူကာ ပေးသည်။ ရေတွက်ပြီးမှပေးတာတောင် မဟုတ်၊ လက်နှင့်တစ်ခါတည်း အားရပါးရဆွဲနှိုက်ယူလျက် ပေးလိုက်ခြင်း ဖြစ်၏။ ကျွန်တော့်မျက်လုံးများ ပြူးကျယ်ကုန်သည်။ မရှိဘူးဆိုရင်တောင် အနည်းဆုံးတော့ ဆယ့်ငါးရွက် အရွက်နှစ်ဆယ်ကျော်လောက် ရှိမလားမသိ။

"ဟာ ကျွန်တော် ဒါတွေလိုချင်လို့ မဟုတ်ပါဘူး"

နှုတ်ကနေလည်း အူကြောက်အကန် ငြင်းဆန်မိ၏။ သူမ မျက်မှောင်ကြီးကျုံ့ပြီး ကျွန်တော့်ကို ကြည့်သည်။ ငွေတွေကမ်းပေးနေသော လက်များကိုတော့ ရုပ်သိမ်းမသွားသေးပါ။

"မင်းလုပ်ရပ်နဲ့ထိုက်တန်တဲ့ဆုလာဘ်ပါ၊ မငြင်းပါနဲ့"

"ကျွန်တော်က ဒီအိတ်ကို လမ်းပေါ်က ကောက်ရလို့ ပြန်ပေးရုံတင်လေ"

"မင်းမဟုတ်ဘဲ စိတ်ဓာတ်မကောင်းတဲ့ တခြားလူတစ်ယောက်ယောက်သာ ကောက်ရသွားခဲ့ရင် ကိုယ် ဒီလိုတောင် ပြန်ရမှာမဟုတ်ဘူးလေ"

"ကျွန်တော်"

အမှန်ဆိုရင်တော့ ဒီငွေတွေဟာ ကျွန်တော့်အတွက် အလွန်များပြားသည့် ပမာဏပါ။ ဘဝမှာ ဒီလောက်ငွေကို တစ်လုံးတစ်ခဲတည်းတောင် တစ်ခါမှ မကိုင်ခဲ့ဖူး။

"ယူပါ မောင်လူသစ်"





လက်ထဲသို့ အတင်းထိုးထည့်ပေးလိုက်သောကြောင့် ကျွန်တော် ရှန်းဖို့မတတ်နိုင်စွာပင် ထိုငွေများကို လက်ခံလိုက်ရသည်။

"ဒါ ကိုယ့်လိပ်စာကတ်ပါ၊ မင်း အကူအညီလိုအပ်ရင်လည်း ပြောနိုင်ပါတယ်"

ကျွန်တော် ဖုန်းဆက်မေးခဲ့သော လိပ်စာကတ်လေးတစ်ကတ်ကို သူမက လှမ်းပေးပြန်သည်။ ဒီတစ်ခါတော့ အခေါက်ခေါက်အခါခါ ပြောစရာမလိုဘဲ ကျွန်တော် လှမ်းယူလိုက်၏။

"ကိုယ်သွားမယ်"

ကျွန်တော့်တစ်ယောက်တည်းကိုပဲ ဦးတည်နှုတ်ဆက်ကာ သူမ ဆိုင်ထဲမှ ပြန်ထွက်သွားသည်။ ကားအဖြူရောင်ကြီးပေါ်သို့တက်ကာ ကိုယ်ဆိုင် မောင်းနှင်ထွက်ခွာသွားသည်ထိ ကျွန်တော်တို့အားလုံး မျက်စိတစ်ဆုံး ငေးမောနေမိ၏။

"ဟေ့ကောင် လူသစ်၊ မင်းတော့ ကော်တာပဲကွ"

စားပွဲထိုးခေါင်းက ကျွန်တော့်ပခုံးကို နောက်ဘက်ကနေ ခပ်ဆတ်ဆတ်လှမ်းပုတ်လျက် ပြောသည်။

"ဒါပေမဲ့ မင်းသာ ပြန်မပေးဘဲ ယူထားလိုက်ရင် ဒီထက်မက ပွသေးတာပဲကွာ"

"ခင်ဗျားကလည်းဗျာ သူများပစ္စည်းကို အချောင်လိုချင်နေသေးသလား"

ထိုတစ်ကြောင်းတည်းသာ ပြောလျက် ကျွန်တော် နောက်ဖေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ပြန်ဝင်လာခဲ့လိုက်သည်။ ဝတ်ထားသော တီရှပ်အပါးလေးကို ပုဆိုးထဲသို့ သပ်သပ်ရပ်ရပ်ထည့်ဝတ်လိုက်ပြီး အင်္ကျီလည်ပင်းပေါက်မှ တစ်ဆင့် ပိုက်ဆံတွေကိုထည့်ထားလိုက်သည်။ ဒါဆို ပြုတ်ကျစရာအကြောင်း မရှိတော့။

အမှန်ကို ဝန်ခံရရင်တော့ ဒီငွေတွေ ရလိုက်ခြင်းအတွက် ကျွန်တော် ဝမ်းသာပျော်ရွှင်သွားမိပါသည်။ ငွေကြေးကျပ်တည်းနေသည့်အချိန်မှာ အိမ်က တင်ရှိနေသည့် အကြွေးတွေကို တော်တော်လေး ရှင်းပေးလိုက်နိုင်မည့် ပမာဏတစ်ခုဖြစ်၏။

"အဲဒီကိစ္စကို ကျွန်တော် ဘယ်လိုလုပ်မေ့မှာလဲဗျာ"

ကျွန်တော့်စကားကို ကိုဆန်းက ခေါင်းတညိတ်ညိတ်လုပ်ကာ ထောက်ခံ၏။

"မင်းတင်မကပါဘူးကွာ၊ အဲဒီအဖြစ်အပျက်ကို ရပ်ကွက်ထဲက တော်တော်များများလည်း သိပြီး မင်းကိုချီးကျူးနေကြတာ မဟုတ်လား"

"အခု ဘာတွေများဖြစ်လာလို့လဲ ကိုဆန်း"

"မနေ့တုန်းက မင်းကို အဲဒီအမျိုးသမီး လာရှာတယ်တဲ့"

"ဗျာ"

ကျွန်တော် တော်တော်လေး အံ့ဩသွားမိသည်။ ထိုမိန်း ကျွန်တော့်ကို ပြန်လာရှာစရာ ဘာအကြောင်းမှ မရှိဘူးမဟုတ်လား။

"ငါ့ကို ဦးကိုကြီးကိုယ်တိုင် ခေါ်ပြောတာကွ၊ သူ့ဆိုင်ရှေ့ ဖြတ်သွားတော့"





"ဆိုင်မှာသွားရှာတာပေါ့လေ"

"မင်းကို အဲဒီလက်ဖက်ရည်ဆိုင်မှာပဲ လုပ်နေတုန်းလို့ ထင်နေတာ လည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ပြီးတော့ လိပ်စာကဒ်တစ်ခုလည်း ပေးသွားတယ်"

တီရှပ်အိတ်ကပ်မှ တင်ထားသော ကဒ်ပြားလေးတစ်ခုကို ကိုဆန်းက လှမ်းယူကာ ကျွန်တော့်ထံ ကမ်းပေး၏။ ဒေါ်လရောင်ငြိမ်းချမ်း။ ဒီကဒ်ပြား လေး ကျွန်တော့်ကိုလည်း သူမကိုယ်တိုင် ပေးခဲ့ဖူးပါသည်။

"မင်းကိုတော့ ပေးဖူးတယ်လို့ ပြောတယ်၊ ဒါပေမဲ့ ပျောက်တာ ရှုတာမျိုးတွေ ဖြစ်မှာစိုးလို့ ထပ်ပေးပေးပါဆိုပြီး ဦးကိုကြီးကို ပေးသွားတာ"

"ဩော် ဒါဆို ကိစ္စကိုတော့ မပြောသွားဘူးပေါ့"

"အေး မင်းကိုတွေ့ချင်တယ်လို့ပဲ ပြောတာ တဲ့"

ကျွန်တော့်စိတ်တွေ ဇဝေဇဝါ ဖြစ်နေ၏။ လွန်ခဲ့တဲ့ လတော်တော် ကြာကြာကကိစ္စကို သူမက ဘာတွေများထပ်ထူးခြားနေလို့လဲ။ သူမ ပိုက်ဆံ အိတ်ထဲမှာ တစ်ခုခုများ ပျောက်ဆုံးနေလို့လား။ ဟာ အဲဒီလိုဖြစ်စရာလည်း ဘာအကြောင်းမှမရှိ၊ မေးလာရင်လည်း ကျွန်တော် ဖြေနိုင်မှာမဟုတ်၊ တစ်ခုခု ပျောက်ဆုံးပျက်စီးနေလို့ မေးမြန်းချင်တယ်ဆိုရင်လည်း ကြားထဲမှာ ဒီလောက် ထိ အချိန်တွေ မကြာသင့်ဘူးလေ။

"ကျွန်တော် သွားတွေ့သင့်လား ကိုဆန်း"

"မင်းအတွက် အကျိုးရှိမယ့်အရာတစ်ခုခုလို့ ငါတော့ထင်တာပဲ၊ အချိန်ရရင် သွားတွေ့လိုက်ပေါ့ကွာ"

"ကျွန်တော့်အတွက် အကျိုးရှိမယ့်အရာလို့ ဘာလို့ထင်တာတုန်း ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့လို ကိုကိုတက်ချမ်းသာတဲ့ အမျိုးသမီးတစ်ယောက်က မင်းကို တကူးတက လာရှာတယ်ဆိုတော့ ငါ့စိတ်ထင် ကောင်းတာတစ်ခုခုပဲ ဖြစ်မယ်နဲ့တူတယ်"

"အင်းလေ ဒီတစ်ပတ် ပိတ်ရက်ကျရင် ကျွန်တော် သွားတွေ့လိုက်ပါ့မယ်"

■ ■ ■

သူမရဲ့လိပ်စာက လိုင်းကားဖြင့် တန်းတန်းမတ်မတ် မရောက်နိုင်သောနေရာတွင် ဖြစ်သည်။ အနီးဆုံးမှတ်တိုင်မှာဆင်းပြီး အနီးအနားကလူတွေကို မေးမြန်းသွားရသေး၏။ ကွန်ဒိုတိုက်ခန်းတစ်ခု၏ပထမထပ်တွင် သူမ ရုံးခန်းဖွင့်လှစ်ထားသည်။

ဆိုင်းဘုတ်ကို လှမ်းမြင်နေပေမယ့် အထဲကိုဝင်သွားဖို့တော့ ကျွန်တော့်ခြေထောက်တွေ တွန့်ဆုတ်နေ၏။ မှန်တံခါးရဲ့အထဲမှာ ယောကျ်ားမိန်းမတွေ ကိုယ်စီကိုယ်စီ အလုပ်များနေတာ မြင်နေရသည်။ စမတ်ကျကျ သားသားနားနား ဝတ်ဆင်ထားသော ဝန်ထမ်းတွေကို မြင်တာနဲ့တင် ကျွန်တော် ရှိန်နေမိခြင်းဖြစ်၏။

ကျွန်တော့်မှာ အကောင်းဆုံးဆိုသော အရောင်လွင့်နေသည့် ဂျင်းဘောင်းဘီအပွတစ်ထည်နှင့် တီရှပ်အနီရောင်တစ်ထည်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတာတောင် ခုလိုနေရာမျိုးနှင့် နည်းနည်းမှမအပ်စပ်သလို ခံစားရသည်။ ဖြည်းညင်းသော ခြေလှမ်းများဖြင့် လျှောက်လှမ်းနေမိသော ကျွန်တော့်ကို ဝန်ထမ်းအမျိုးသမီးလေးတစ်ယောက်က မေးသည်။





"ဘာကိစ္စရှိလို့လဲ မသိဘူးရှင့်"

ကုမ္ပဏီရဲ့ညှော်ကြိုကောင်တာနား ရောက်မှန်းမသိ ရောက်လာမိခြင်းဖြစ်သည်။ လှမ်းမေးလိုက်သော မိန်းကလေးက သူ့ထက် သုံးလေးနှစ်လောက် ကြီးမလားမသိ၊ မျက်လုံးတွေက အလိုမကျသလို သုန်မှုန်နေသည်။ ဒီလိုဝတ်စားဆင်ယင်မှုမျိုးကို ရွံချချင်သည့်မျက်နှာထား။

မတတ်နိုင်။ ကျွန်တော်လည်း ကိုယ့်မှာအကောင်းဆုံးရှိတာကို ဝတ်ဆင်လာခြင်းပဲလေ။

"ဒေါ်လရောင်ငြိမ်းချမ်းနဲ့ တွေ့ချင်လို့ပါ"

"ရှင်"

မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားနှင့် သူမ ကျွန်တော့်ကို ကြောင်တောင်တောင် ကြည့်နေသည်။

"ကျွန်တော် ဒေါ်လရောင်ငြိမ်းချမ်းနဲ့တွေ့ဖို့ လာတာပါခင်ဗျာ"

"ရှင်က ကျွန်မတို့သူဌေးကိုတွေ့ဖို့လာတာ ဟုတ်လား၊ ဘာအတွက်နဲ့လဲ"

"ဗျာ ဘာ့အတွက်လဲတော့ ကျွန်တော်မသိဘူးဗျ။ ကျွန်တော့်ကို လာတွေ့ဖို့ ချိန်းထားလို့ပါ"

ဘယ်လိုမှ စဉ်းစားလို့မရသလို သူမ မျက်နှာက ပျက်ယွင်းနေသည်။

"ရှင့်နာမည် ဘာလဲ"

"လူသစ်"

သူမက ရှေ့တည့်တည့်မှာရှိသော ကွန်ပျူတာမှာ ဟိုဒီဒီ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လံ ကြည့်နေ၏။

"ကြိုတင်ချိန်းဆိုထားတဲ့ ဧယားထဲမှာလည်း မပါပါဘူး"

"အဲဒါတွေ ကျွန်တော် မသိဘူးဗျာ၊ ဒေါ်လရောင်ငြိမ်းချမ်းကိုယ်တိုင် ကျွန်တော့်ကို တွေ့ချင်ပါတယ်ဆိုပြီး ဒီလိပ်စာကဒ်လာပေးသွားလို့ ကျွန်တော် လာတွေ့ရတာပဲ"

ကျွန်တော်လည်း နည်းနည်းကျွံပြီးကိုသွားကာ ခပ်ဆတ်ဆတ်လေး ပြန်ပြောလိုက်မိသည်။ ဝတ်စားထားတာတွေ တန်ဖိုးကြီးပစ္စည်း မဟုတ်တာနဲ့စင် လူကိုမယုံသလိုလို ဘာလိုလို မေးမြန်းနေတာ သည်းမခံနိုင်တော့။

"ကျွန်မ လှမ်းမေးပေးပါ့မယ်"

"အစတည်းက အဲဒီလို လုပ်ရမှာ"

ကောင်တာပေါ်မှ ဖုန်းလေးကို သူမ နှိပ်သည်။

"မမနဲ့တွေ့ချင်တယ်ဆိုပြီး လူသစ်ဆိုတဲ့အမျိုးသားတစ်ယောက် ရောက်နေပါတယ်"

တစ်ဖက်က ဘာပြန်ပြောမှန်းမသိပေမယ့် သူမ မျက်ခုံးလေး ပင့်တက်သွားတာ ကျွန်တော် မြင်လိုက်ရသည်။ နောက်မှ ဖုန်းကို ခပ်လေးလေးပြန်ချပြီး ကျွန်တော့်ကို မဝံ့မရဲလေး လှမ်းကြည့်သည်။

"ဘာတဲ့လဲ"

"သူဌေးက ခေါ်လာခဲ့ဖို့ ပြောပါတယ်"

သူမနောက်ကနေ ကျွန်တော် လိုက်လာခဲ့၏။ ရုံးခန်းတွေရှေ့က ဖြတ်တော့ ကျွန်တော့်ကို အားလုံးက ဝိုင်းကြည့်နေကြ၏။ ပိုထူးဆန်းသွား





တာကတော့ ကျွန်တော်လိုကောင်စားက တခြားတစ်စုံတစ်ယောက်ဆီလာခြင်းမဟုတ်ဘဲ သူတို့ရဲ့ပိုင်ရှင်သူဌေးအခန်းထဲ တန်းတန်းမတ်မတ် ဝင်သွားခြင်းပေါ့။

ကျွန်တော့်ကို လိုက်ပို့ပေးပြီးတော့ ကောင်တာမှ ဝန်ထမ်းမိန်းကလေး အခန်းထဲမှ ပြန်ထွက်သွား၏။

အမျိုးသမီးသည် အနက်ရောင်ဆံလည်ကုလားထိုင်ပေါ်မှာ ကျကျနနထိုင်လျက် ကျွန်တော့်ကို အပြုံးများဖြင့်ဆီးကြိုနေသည်။ ကျွန်တော့်ထက် အသက်တော်တော်ကြီးမှန်းသိသာသော်လည်း သူမကိုကြည့်ရတာ အမြဲတမ်းနုပျိုလတ်ဆတ်နေ၏။

"မင်းကိုတွေ့ချင်လွန်းလို့ ကိုယ့်မှာ ဟိုလက်ဖက်ရည်ဆိုင်လေးဆီတောင် ရောက်သွားသေးတာလေ ထိုင်ပါဦး"

သူမ ပြောချင်တာကို အရင်ပြောပြီးတော့မှ ကျွန်တော့်ကိုထိုင်ခိုင်းသည်။ ဧည့်သည်တွေလာရင် ဝိုင်းဖွဲ့ထိုင်နိုင်အောင် လုပ်ပေးထားသော ဆိုဖာအပုလေးများတွင် ကျွန်တော် ဝင်ထိုင်လိုက်၏။ သူမကိုယ်တိုင်လည်း စားပွဲဆီမှထလာပြီး ကျွန်တော့်ရှေ့တည့်တည့်တွင် လာထိုင်သည်။

"ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စများလဲ မသိဘူးခင်ဗျ"

"မင်းကို အကူအညီလေးတစ်ခုတောင်းချင်လို့ပါ"

သူမလို သူဌေးမကြီးတစ်ယောက်က ကျွန်တော်လို ဘာမဟုတ်တဲ့ ကောင်လေးတစ်ယောက်ဆီက ဘာအကူအညီတွေများ လိုအပ်နေတာလဲ။

www.burmeseclassic.com



နည်းနည်းတော့ စိတ်လှုပ်ရှားမိသည်။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"မင်းက အခု လက်ဖက်ရည်ဆိုင်မှာလည်း မလုပ်တော့ဘူးဆို တော့ ဘာတွေများ လုပ်နေလဲ"

"ကျွန်တော် ကျောင်းတက်နေတာပါ"

သူမ မျက်ခုံးတန်းလေးတွေ မြင့်တက်သွားသည်။ သဘောကျသွား ပုံလည်း ရ၏။

"ဘယ် year ရောက်ပြီလဲ"

ဒီတစ်ခါတော့ ရယ်မောလိုက်မိသူက ကျွန်တော် ဖြစ်သည်။

"အခုမှ ကိုးတန်းတက်နေတာပါ"

"ဘာရယ် ဘယ်လို"

ခုံပေါ်မှာ ခပ်လျှောလျှောမှီထိုင်နေရင်းကနေ သူမ မတ်ခနဲ ဖြစ် သွားသည်။ အလွန်အံ့ဩသွားပုံ။

"မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်ပါ၊ လက်ဖက်ရည်ဆိုင်မှာဝင်လုပ်တာက အိမ် အတွက် ငွေလိုလို့ ကျွန်တော် ကျောင်းခဏထွက်ပြီး အလုပ်လုပ်ဖြစ်တာပါ"

"ကြည့် ဒီလိုလား။ မင်းက လူကောင်ထွားတော့ ဆယ့်ခြောက်နှစ် လို့တောင် ကိုယ် မထင်ထားဘူး။ နှစ်ဆယ့်သုံးနှစ် ဆယ့်လေးလောက်ရှိနေပြီ ထင်တာ"

ခန့်မှန်းမှုအမှားအတွက် သူမက အရှက်ပြေသဘောမျိုး ခပ်ဟဟ





လေး ရယ်မော၏။

"ကျွန်တော့်ကို အကူအညီတောင်းမယ်ဆိုတာ ဘာကိစ္စများလဲ ခင်ဗျ"

"အင်း ကိစ္စက နည်းနည်းတော့ ကြီးတယ်၊ ဒီလိုကွာ မင်းက ကိုယ့်မောင်လေးအဖြစ် ဟန်ဆောင်ပေးရမှာ"

"ဟင် ဘယ်လိုကြီးလဲ"

ကြားကြားချင်းမှာ ကျွန်တော် ကြောင်တောင်တောင် ဖြစ်သွား သည်။ မဖြစ်နိုင်ပါဘူးလို့ ဦးနှောက်က ချက်ချင်းပင် အဖြေပေး၏။

"မဖြစ်ဘူးနဲ့ တူပါတယ်"

"ဘာဖြစ်လို့ အဲဒီလို တွေးတာလဲ"

"ကိစ္စက နားထောင်လိုက်တာနဲ့တင် တော်တော်ကြီးလေးတဲ့ ဟန်ဆောင်မှုကြီးပါ၊ ကျွန်တော် လုပ်နိုင်မယ် မထင်ပါဘူး"

"အကြောင်းပြချက်ကိုနားထောင်ပြီးမှ မင်းရဲ့ဆုံးဖြတ်ချက်ကို ချစေ ချင်တယ်"

"ကျွန်တော် မလုပ်နိုင်မှာ သေချာနေတာပဲဗျာ"

ကျွန်တော် စိတ်ပျက်လက်ပျက် ညည်းမိသည်။

"ကိုယ့်အတွက် သိပ်အရေးကြီးတဲ့ကိစ္စမို့ပါ၊ စဉ်းစားမိတာကလည်း မင်းအပြင် နောက်ထပ်ထွက်မလာဘူး"

"ကျွန်တော့်ကို ဘာဖြစ်လို့ စဉ်းစားမိတာလဲ"

"မင်းက ရှိုးသားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း လူတစ်ယောက်ပါပဲဗျ"

"မှန်ပါတယ် ဒါပေမဲ့ တခြားသူတစ်ယောက်ယောက်သာဆို ငွေတွေအများကြီးပါတဲ့ပိုက်ဆံအိတ်တစ်လုံးကို တကူးတက ဖုန်းဆက်ပြီး ပြန်ပေးရအောင်ထိ ရိုးသားနိုင်မယ် ကိုယ် မထင်ဘူး"

"ကျွန်တော် ရိုးသားမှန်းသိနေရင်လည်း ဘာဖြစ်လို့ ဟန်ဆောင်ဖို့ အကူအညီတောင်းတာလဲဗျ"

"ကိုယ် မင်းကို အားလုံးပြောပြပါ့မယ်"

သူမမျက်နှာက ချက်ချင်းပင် ညှိုးနွမ်းသွား၏။ ကျွန်တော့်ကို ကြည့်ပြီး စကားပြောနေရင်းကနေ အဝေးဆီသို့ အကြည့်တွေ မှုံ့လွင့်သွားသည်။

"ကိုယ့်မှာ ငယ်ငယ်တုန်းက မောင်လေးတစ်ယောက် ရှိခဲ့တယ်"

စပြောလာသည့်စကားကိုက တစ်ခုခုမှားယွင်းနေခဲ့သည်။ မောင်လေးတစ်ယောက်က ငယ်ငယ်တုန်းက ရှိခဲ့တာဆိုတော့ အခုမရှိတော့ဘူးဆိုတဲ့သဘောပေါ့။ အင်းလေ မရှိတော့လို့လည်း ကျွန်တော့်ကို ဟန်ဆောင်မောင်လေး လုပ်ပေးဖို့ ခေါ်တာပေါ့။

"အသက်ဆယ့်ငါးနှစ်အရွယ်မှာ သူ ပျောက်ဆုံးသွားခဲ့တယ်"

"ဒါဆို တော်တော်ကြီးနေပြီပဲဗျ"

"ဟုတ်ပါတယ် ပျောက်ဆုံးသွားခဲ့တယ်ဆိုတာထက် တစ်နေရာရာကို ထွက်သွားခဲ့တယ်လို့ ကိုယ် ထင်တယ်"

"ဒါဆိုရင် ဘယ်လိုကြီးလဲဗျ။ ပြီးတော့ ဆယ့်ငါးနှစ်မှာ ထွက်သွားတာ ဟုတ်ပါပြီ၊ လွန်ခဲ့တဲ့ ဘယ်နှနှစ်ကလဲဆိုတာလည်း ထည့်ပြောဦးလေ"





"လွန်ခဲ့တဲ့ ကိုးနှစ်ကပါ"

"ဟာဗျာ လွန်ခဲ့တဲ့ ကိုးနှစ်မှာ ဆယ့်ငါးနှစ်ဆိုတော့ အခုဆို နှစ်ဆယ့်လေးနှစ်တောင် ရှိနေပြီပဲ၊ ကျွန်တော်က အခုမှ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာဗျ"

"မင်းဆယ့်ခြောက်နှစ်က မထင်ရဘူးလေ၊ ကိုယ်တောင် အခု မင်းပြောမှသိတာ"

"ကျွန်တော် မေးပါရစေဦး။ အခုချိန်ကျမှ ဘာဖြစ်လို့ ကျွန်တော့်ကို ဟန်ဆောင်မောင်လေးလုပ်ဖို့ ပြောတာလဲ"

"ကိုယ့်မှာခိုင်လုံတဲ့အကြောင်းပြချက် ရှိပါတယ်၊ ဒါပေမဲ့ မင်းဆီက ကတိမရမချင်း အဲဒီအချက်ကိုတော့ ကိုယ် မပြောပြနိုင်ဘူး"

ကျွန်တော့် စိတ်ဝင်စားမိနေတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကြောက်လည်းကြောက်နေမိတယ်။ သူတို့လို လူချမ်းသာတွေရဲ့ပတ်ဝန်းကျင်မှာက ထိတ်လန့်စရာတွေပဲ ပြည့်နှက်နေတာ မဟုတ်လား။

"မင်း ကိုယ့်ကိုကူညီမယ်ဆိုရင် မင်းဘက်ကလည်း မနစ်နာစေရပါဘူး"

"ဘာကိုဆိုလိုတာလဲဗျ"

"အရာရာပေါ့၊ မင်းကိုယ်တိုင်အပါအဝင် မင်းမိသားစုကိုပါ လိုအပ်တာမှန်သမျှ ကိုယ် ကူညီပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်တွေ ဒိန်းခနဲ ခုန်လှုပ်သွား၏။ သူမ ပြောချင်တာက ကျွန်တော်တို့တစ်မိသားစုလုံးအတွက် ငွေကြေးထောက်ပံ့ပေးမယ်လို့ ဆိုလိုလိုက်တာပေါ့။ ဒါဟာ သိပ်ကိုကြီးမားလွန်းသည့် အခွင့်အရေးတစ်ရပ်ပါ။

"ဘယ်လိုလဲ၊ မင်းစိတ်ဝင်စားလား"

ကျွန်တော် ဖြေရခက်သွားတာတော့ အမှန်ပါပဲ။ ခုချိန်မှာ အိမ်အတွက် အထောက်အကူဖြစ်စေမယ့် ဘယ်အရာမဆို ကျွန်တော် လုပ်ချင်ပါတယ်။ ခုဟာက အနည်းအကျဉ်းလေးလောက်တောင် မဟုတ်ဘဲ လိုအပ်တာမှန်သမျှ ကူညီမယ်ဆိုတော့ ရင်ထဲမှာ တဒိန်းဒိန်းဖြစ်မိသွားတာ။

ဒါပေမဲ့ ကြောက်စိတ်ကလည်း ရှိနေပြန်သေးသည်။ ဘာမှန်းညာမှန်းမသိဘဲ ဒီလို သူဌေးမကြီးတစ်ယောက်ရဲ့ မောင်လေးအဖြစ် ဟန်ဆောင်ပေးရမယ်ဆိုတာ ရထားတာနဲ့ထပ်တူ စိုးရိမ်ပူပန်စရာတွေလည်း များနေမှာပါပဲ။ စိတ်ထဲမှာတင် ထိုနှစ်ဖက် လွန်ဆွဲနေကြ၏။

"ချက်ချင်း မဖြေနိုင်သေးရင်လည်း ရပါတယ်၊ မင်းကို အချိန်ပေးပါ့မယ်"

"ကျွန်တော်နဲ့ အဲဒီလူနဲ့က ရုပ်ချင်းရော ဆင်လို့လား"

"အရပ်ရှည်တာချင်းတော့ ဆင်ပါတယ်"

သူမက ပေါ့ပေါ့ပါးပါးပင် ရယ်မောပြောသည်။ ဒီလောက်ကြီးမားသည့်ကိစ္စကြီးကို သူမက ဘာလို့များ ပေါ့ပေါ့ပါးပါးဖြစ်နေတာလဲ။

"ကဲပါ မင်း အချိန်ယူပြီး စဉ်းစားပေါ့နော်၊ ကိုယ် စောင့်နေပါ့မယ်၊ ဒီကြားထဲမှာ အကူအညီလိုရင်လည်း အချိန်မရွေး ဆက်သွယ်လိုက်ပါ"





သူမ ရုံးခန်းထဲကနေ ကျွန်တော် ပြန်ထွက်လာသည့်ထိ စိတ်တွေက ကြည်ကြည်လင်လင် မရှိ။ ဘာကိုရွေးလို့ ရွေးရမှန်းမသိဘဲ ဝေ့ဝဲနေမိသည်။ တစ်ဖက်စီမှလည်း အားသာချက်တွေရော အားနည်းချက်တွေရော ရှိနေကြသည်။ အိမ်ပြန်ရောက်သည့်ထိ ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် မချနိုင်ခဲ့။

"သား ဘာတွေဖြစ်လာတာလဲ"

အမေက အိပ်ရာထဲမှာ လှဲနေသော အဖေ့ခြေသလုံးကို ရေပတ်တိုက်ပေးနေရင်း ကျွန်တော့်ကိုမေးသည်။ မေးလည်း မေးချင်စရာ၊ တွေဝေငေးမှိုင်လျက် အိမ်ထဲဝင်လာသည့်ပုံစံက တစ်ခုခုများယွင်းနေမှန်း အမေ သတိထားမိမှာပေါ့။

"ဒီလိုပါပဲ အမေရာ"

အမေ့ကိုလည်း ပြောပြချင်စိတ် မရှိတာမို့ ကျွန်တော် ဝေလျှမ်းလျှမ်းသာ ဖြေမိသည်။ ကျွန်တော်အိပ်သည့် ခန်းဆီးလေးနောက်မှ အိပ်ရာထဲရောက်တော့ ခြေပစ်လက်ပစ် လှဲချပစ်လိုက်သည်။ ကျွန်တော် ဘာဆက်လုပ်သင့်သလဲ။ ကျွန်တော့်အသက်အရွယ်မှာတော့ ဒီကိစ္စဟာ သိပ်ကိုစဉ်းစားရကျပ်စေပါသည်။

ကျွန်တော်သာ ဒီထက်နည်းနည်းပိုကြီးသည့် ယောကျ်ားတစ်ယောက်ဖြစ်နေပြီဆိုရင်ရော ဘယ်လိုဆုံးဖြတ်မိမှာလဲ။ ဥပမာ အဲဒီအမျိုးသမီးရဲ့မောင်လေးအရွယ်မှာ ကျွန်တော် တကယ်ရှိနေခဲ့ရင်ပေါ့။ အသက်နှစ်ဆယ့်လေးနှစ်အရွယ် ယောကျ်ားတစ်ဦးဟာ ဆယ့်ခြောက်နှစ်အရွယ် ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်သောက်ထက်တော့ အရာရာမှာ ပိုလို့ရင့်ကျက်နေမှာပါလေ။

ဖျူး သက်ပြင်းမောလေး ချမိသည်။ သူမဘက်မှ ပေးလာသည့် အခွင့်အရေးတွေက ကြီးမားလွန်းသောကြောင့် စိတ်တွေ လှုပ်ရှားနေမိသော်လည်း တကယ်တော့ ဟန်ဆောင်ရမှာကြီးကို ကျွန်တော် မဝံ့မရဲ ဖြစ်နေမိသည်။ သူမကိုယ်တိုင်ကလည်း ကျွန်တော့်ကို ဟန်ဆောင်ခိုင်းရသည့် တကယ့်အကြောင်းရင်းမှန်ကို မပြောဘဲ ကတိတစ်ခုပေးမှ ပြောပြမည်ဆိုတော့ ကျွန်တော် စိုးရိမ်ပူပန်နေမိတာ မမှားပါဘူး။

"သားလေး ပြန်ရောက်တည်းက အိပ်ရာထဲမှာ လှဲနေတော့တာပဲ ထမင်းစားရအောင် ထွက်ခဲ့လေ"

ဒီနေ့လည်း ခါးနာနေသောကြောင့် အမေ ဈေးမထွက်ပါ။ အဖေ့နားမှာနေပြီး ပြုစုရသည့်တာဝန်တစ်ဖက်နှင့်မို့ အမေ့ကိုကြည့်ရတာ တစ်နေ့ထခြား ပိုပိုပိန်လာသလိုပင်။ အမေ့ကိုတစ်ကိုယ်လုံးဆေးစစ်မှု ပြုလုပ်ပေးချင်သည်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဒီလောက်ထိ အခြေအနေမပေးသော။ အဖေ့ကိုလည်း ကျကျနန ပြုစုစောင့်ရှောက်ပေးနိုင်မယ့် လူတစ်ယောက်လောက် ငှားပေးနိုင်ချင်သည်။

ဒါမှ အဖေ့အတွက်လည်းကောင်း၊ အမေလည်း သက်သက်သာသာ နေနိုင်မှာလေ။ ကျွန်တော့်မှာ လုပ်ပေးချင်သည့်ဆန္ဒများသာရှိပြီး တကယ်တမ်းတော့ ဘာမှလည်း လုပ်မပေးနိုင်ခဲ့ပါ။ တစ်နေ့တစ်နေ့ ဈေးထွက်လို့ရသည့် ငွေကို နောက်နေ့အရင်းအနှီးအတွက် ဖယ်သင့်တာဖယ်၊ တစ်နေ့စာ ချက်ပြုတ်ဖို့နဲ့ အဖေ့ဆေးဖိုးအတွက်ဖယ်၊ လက်ကျန်အကြွေးလေးတွေ





နည်းနည်းချင်းပြေးဆပ်၊ ဒီလိုနဲ့ပဲ လုံးလည်ချာလည်လိုက်နေရတာ ဖြစ်သည်။

"သားရေ မလာသေးဘူးလား၊ ဟင်းတွေပြန်အေးကုန်တော့မှာပဲ၊ မြန်မြန်လေး လာစားလိုက်လေ"

အိမ်ရှေ့မှာ ထမင်းဝိုင်းပြင်ပြီး အဆင်သင့်စောင့်နေမည့် အမေ့ကြောင့် ကျွန်တော့်အတွေးများကို ဖြတ်တောက်လိုက်သည်။ အဖေ့ကို ကျွေးမွေးပြီးမှ ကျွန်တော်တို့သားအမိ ထမင်းစားနေကျဖြစ်သည်။ ခုလောက်ဆို အဖေက အိပ်ပျော်နေလောက်ပြီ။

"စာတွေရော လိုက်နိုင်ရဲ့လား သား"

ကျွန်တော့်ထမင်းပန်းကန်ထဲကို ဟင်းတစ်ဖတ်ထည့်ပေးရင်း အမေမေးသည်။ ကျွန်တော် ခေါင်းညိတ်ဖြေလိုက်၏။

"လိုက်နိုင်တာပေါ့၊ အမေ့သားက ဦးနှောက်သိပ်ကောင်းတာ သိတယ်မဟုတ်လား"

ရယ်ရယ်မောမောပြောလိုက်ရင်း ကျွန်တော် ထမင်းတစ်လုပ်တောက်စားလိုက်သည်။ အမေက မစားနိုင်သေးဘဲ ကျွန်တော့်ကို ငေးကြည့်နေ၏။ အမေ့မျက်ဝန်းတွေ မှိုင်းညို့နေသည်။

"ငါ့သားက အမြဲတမ်း တစ်နှစ်သုံးရနေတဲ့ ကျောင်းသားတစ်ယောက်ဆိုတာ အမေ ယုံကြည်ပါတယ်ကွယ်၊ ဒါပေမဲ့ စာတော်တဲ့ ငါ့သားတို့ သူများမိဘတွေကို အမေ ဘာမှမထောက်ပံ့နိုင်ဘူး"

စားလက်စ ထမင်းကိုပင် ကျွန်တော် ဆက်စားချင်စိတ် ပျောက်ဆုံးသွား၏။ အမေ့ရဲ့ဖျော့တော့တဲ့ အင်အားချိနဲ့သော ထိုစကားသံမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မကြားချင်ပါ။

"မလိုဘူး အမေ၊ သားက သူများတွေလို ကျူရှင်တွေတက်ရမှ အောင်မယ့်လူမျိုးမဟုတ်မှန်း အမေ သိပါတယ်နော်၊ ကျွန်တော့်ကို ဆရာမတွေကလည်း ချစ်ကြပါတယ်၊ နားမလည်တာရှိရင် ကျောင်းအားတဲ့အချိန်တွေမှာ သွားမေးလိုက်တာပဲ"

"ဒါပေမဲ့ သားရယ်"

"ဘာမှဆက်မပြောနဲ့တော့ အမေ၊ ထမင်းကိုပဲ အေးအေးချမ်းချမ်း စားပါ အမေရယ်၊ အမေလည်း ကျန်းမာရေးကကောင်းတာမဟုတ်ဘူး။ သားကသာ အမေတို့ကို လုပ်ပေးချင်တာတွေ မလုပ်ပေးနိုင်တဲ့အတွက် စိတ်မကောင်းဖြစ်နေရတာပါ"

အမေ့မျက်ဝန်းက မျက်ရည်စတွေ ပါးပြင်ပေါ် စီးကျမလာခင်မှာပဲ ကျွန်တော်က စကားစကိုဖြတ်တောက်ပစ်လိုက်၏။ ခုတလော ကျန်းမာရေးကလည်း ချူချာလာသောကြောင့် အမေ့ပါးတွေတောင် အရင်ကထက် ပိုချောင်ကျသွားသည်။ ကျွန်တော့်မိဘတွေအတွက် ကျွန်တော် ဘာတွေများ လုပ်ပေးနိုင်သလဲ။

ခုချိန်ထိတော့ လူသစ်ဆိုတဲ့ကောင်က ဘာမှမယ်မယ်ရရ အဖြစ်ရှိသည့်ကောင် မဟုတ်သေး။ အသက်က ဆယ့်ခြောက်နှစ်၊ ပညာက ကိုးတန်းတက်နေဆဲဆိုတဲ့ အနေအထားမှာသာ။ လူကောင်ကြီးကသာ တစ်နေ့တခြား ထွားကျိုင်းလာပေမယ့် တကယ့်တကယ်ဆို ကျွန်တော့်ကို အားလုံးက ကလေးတစ်ယောက်လိုသာ ဆက်ဆံကြမှာပဲ မဟုတ်လား။





"ညနေကျရင် ကိုဆန်းတို့အိမ်မှာ သား စာသွားလုပ်မယ်နော် အမေ၊ သူငယ်ချင်းနဲ့လည်း ချိန်းထားလို့"

"အေး သွားလေ သား"

ငယ်ငယ်တည်းက ပညာတော်ခဲ့သော ကျွန်တော့်ကို အမေက စာနဲ့ပတ်သက်လာရင်တော့ ဘယ်တော့မှ တားမြစ်ပိတ်ပင်လေ့မရှိ။ ကိုဆန်းဆိုတာကလည်း ကျွန်တော့်ကို ပျက်စီးရာပျက်စီးကြောင်း အားပေးမည့်လူမျိုးမဟုတ်မှန်း အမေသာမက တစ်ရပ်ကွက်လုံးလည်း သိကြသည်။

ညနေကျရင် ကိုဆန်းအိမ်မှာ အတန်းထဲက သူငယ်ချင်း ဟန်မြတ်သူနဲ့ စာကျက်ဖို့ ချိန်းထား၏။ သူကလည်း စာတော်ပြီး ကျူရှင်လည်း တက်နေသောကြောင့် ကျွန်တော်နားမလည်သော တချို့ပုစ္ဆာများကို သူ့ထံမှ ပြန်လည်သင်ယူရသည်။ မောင်နှမများသောကြောင့် အမြဲအိမ်မှာ ဆူညံနေတတ်သော ဟန်မြတ်သူနှင့် ကျွန်တော်တို့နှစ်ယောက်ရဲ့စာကျက်ရန် စုရပ်က အမြဲလိုလို ရပ်ကွက်ထဲမှ ကိုဆန်းအိမ်သာဖြစ်သည်။

ခုလည်း ကျွန်တော်ရောက်ရောက်ချင်း ကိုဆန်းက ကော်ဖီတစ်ခွက် ဖျော်တိုက်၏။

"ဟန်မြတ်သူနဲ့ ချိန်းထားတာလား"

"ဟုတ်တယ် ကိုဆန်း၊ ဒီကောင် နည်းနည်းနောက်ကျနေတယ်"

"အေး မင်းတို့ ခုလို ငါ့အိမ်မှာ စာလာလာလုပ်နေတော့ ငါလည်း ပျင်းတော့ဘူးပေါ့ကွာ"

ကိုဆန်းက သဘောကောင်းပြီး အိမ်ထောင်မရှိသည့် လူပျိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မို့ ကျွန်တော်တို့အတွက်တော့ ကိုဆန်းအိမ်က တံခါးမရှိဓားမရှိပါပဲ။

"ဟော့တောင် မင်းရောက်နေတာ ကြာပြီလား"

အသံကျယ်ကျယ်နှင့်အတူ ဟန်မြတ်သူ အိမ်ထဲဝင်လာသည်။

"မင်းရော ကော်ဖီသောက်ဦးမလား"

ကိုဆန်းက တစ်လက်စတည်း လှမ်းမေး၏။

"သောက်မယ် ကိုဆန်း။ မုန့်လေးပါရှိရင် တစ်ခါတည်းချနော်"

ဒီကောင့်အတွက် ကော်ဖီတစ်ခွက်နှင့်အတူ ကိုဆန်းက ချောက လက်ကွတ်ကီးလေးတွေ လာချပေး၏။ ဟန်မြတ်သူက လူပိန်သလောက် အစားကတော့ အသားကုန်စားသောက်နိုင်သူ ဖြစ်သည်။

"ဒါနဲ့ မင်းတို့စာမကျက်ခင် ငါ လူသစ်ကို မေးပါဦးမယ်"

"ဟုတ်ကဲ့ ကိုဆန်း"

"မနက်က မင်းသွားဖြစ်တယ် မဟုတ်လား"

လရောင်ငြိမ်းချမ်းဆိုသော အမျိုးသမီးအကြောင်းကို ရည်ရွယ်မေးမှန်း ကျွန်တော် တန်းခနဲ သိလိုက်ပါသည်။ ခေါင်းကို စိတ်မပါလက်မပါ ညိတ်ပြလိုက်၏။ ကိုဆန်း မျက်လုံးတွေ အရောင်တောက်သွားသည်။ တော်တော်လေး စိတ်ဝင်စားသွားသည့်ပုံပါပဲ။

"ဒါဆိုရင် ပြောစမ်းပါဦးကွ၊ ဘာတွေပြောလိုက်တာလဲ မင်းကို"

ဘာမှမသိသေးသော ဟန်မြတ်သူကလည်း ကျွန်တော်နှင့်ကိုဆန်း စကားတွေကို ကော်ဖီလေးသောက်လိုက် မုန့်လေးစားလိုက်နှင့် စိတ်ဝင်စားစွာ နားထောင်နေသည်။





"ဘာမှမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကို ထူးထူးဆန်းဆန်းတွေ လာတောင်းဆိုနေတာ"

"ဘာရယ် ဘယ်လို သူလို ဘာမှလိုလေသေးမရှိတဲ့ သူဌေးမ တစ်ယောက်က မင်းလိုချာတိတ်လေးတစ်ယောက်ဆီက ဘာတွေများ တောင်းဆိုလိုက်တာတုန်းကွ"

"သူ့မောင်လေးအဖြစ် ဟန်ဆောင်ပေးရမယ်တဲ့ဗျ"

"ဟေ"

"ဘာဖြစ်တယ် လူသစ်"

ကိုဆန်းတစ်ယောက် မျက်လုံးကြီးပြူး ပါးစပ်ကြီးအဟောင်းသား ဖြစ်သွားသည်။ ပါးစပ်ပိတ်လျက် နားထောင်သူသက်သက် လုပ်နေသော ဟန်မြတ်သူပင် မနေနိုင်မထိုင်နိုင် ထုတ်မေးလာ၏။

"ကိုဆန်းတို့ ကြားတဲ့အတိုင်းပဲပေါ့ဗျာ၊ ကျွန်တော့်ကို သူ့မောင်လေးအဖြစ် ဟန်ဆောင်ပေးပါတဲ့၊ လိုအပ်တာအားလုံး ကူညီပါ့မယ်တဲ့"

"ဟာ၊ မိုက်လှချည်လားကွ၊ ဒါမင်းအတွက် နည်းတဲ့အခွင့်အရေး မဟုတ်ဘူးနော်"

ကိုဆန်းက တကယ့်ကို အားပေးနေ၏။ ကျွန်တော်ကတော့ ကြောက်လန့်စိုးရိမ်စိတ်က ပိုလို့သာနေသည်။

"ကျွန်တော်ကတော့ ဒီလောက်ကိစ္စကြီးကို ဟန်ဆောင်ပေးရမှာ စိုးရိမ်တယ် ကိုဆန်း"

"မင်းအတွက် လိုအပ်တဲ့ အကူအညီအားလုံးပေးမယ်ဆိုတာ နည်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အခွင့်အရေးလားကွ လူသစ်ရ"

"ဘာတွေလဲကွ၊ ငါ့ကိုလည်း သေချာရှင်းပြပါဦး"

ဟန်မြတ်သူက ဘာမှမသိသေးသူပီပီ သိချင်ဇောကြီးနေ၏၊ သူ့ကို အရင်ဆုံး ရှင်းပြလိုက်ရသေးသည်။

"ဟိုးတစ်ခါက မင်းပြောတဲ့သူဌေးမလား။ သူ့ပိုက်ဆံအိတ်ပြန်ပေးလို့ မင်းကိုတောင် မုန့်ဖိုးပေးသွားတယ်ဆိုတဲ့တစ်ယောက်"

ဟန်မြတ်သူက ကောင်းကောင်းမှတ်မိနေ၍ တော်သေးသည်။ ကျွန်တော် ရှည်ရှည်ဝေးဝေး သိပ်မရှင်းပြလိုက်ရပါ။

"ဒါနဲ့ သူက မင်းကိုဘာလို့ သူ့မောင်လေးအဖြစ် ဟန်ဆောင်စေချင်နေတာလဲ"

"ကျွန်တော့်ကိုအကြောင်းရင်းတော့ မပြောဘူးဗျ၊ ကူညီပါ့မယ်ဆိုတဲ့ကတိပေးမှ သူ့အကြောင်းရင်းမှန်ကို ပြောပြမှာတဲ့"

"အင်းပေါ့လေ ဒီလောက်တော့ သူ့ဘက်က ကာဗာလုပ်မှာပေါ့"

"ဒါနဲ့ မင်းဘက်က သေချာပေါက် ဆုံးဖြတ်လိုက်ပြီလား။ မလုပ်တော့ဘူးဆိုတာ"

ဟန်မြတ်သူ မေးခွန်းကြောင့် ကျွန်တော် သက်ပြင်းချမိပြန်သည်။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဒီလိုနည်းလမ်းနဲ့ ငွေလိုချင်နေတဲ့စိတ်ဓာတ်က မဖြစ်သင့်မှန်းသိပေမယ့် ခက်ခဲကျပ်တည်းနေသည့် အချိန်မှာတော့ ကျွန်တော့်အတွက် ဘယ်လိုမြက်ပင်ကိုမဆို ဖမ်းဆုပ်ထားလိုက်ဖို့ အဆင်သင့်ပါပဲ။

တစ်ခုပဲ စိတ်ပူမိတာက အဲဒီလို ဟန်ဆောင်ပေးရမည့် တကယ့်





အကြောင်းရင်းမှန်ကို မသိရခြင်းကြောင့် ဖြစ်သည်။ ဥပဒေနှင့်မလွတ်ကင်းသော တစ်ခုခုများလား။ မတရားမှုတစ်ခုခုနှင့်များ ပတ်သက်နေလေမလား။ မကောင်းတဲ့အကျိုးဆက်တွေများ ကျွန်တော့်ဆီ ရိုက်ခတ်လာမလားဆိုသည့် စိုးရိမ်ပူပန်မှုတွေ။

"အမှန်အတိုင်း ပြောရရင်တော့ ငါ့စိတ်ထဲမှာ ဒွိဟဖြစ်နေတယ်"

"မင်းက ဘာကိုစိုးရိမ်နေတာလဲ"

"သူ မပြောပြတဲ့အကြောင်းရင်းက ငါ့အတွက် အန္တရာယ်တစ်ခုခုများရှိနေမလားဆိုတဲ့အတွေး"

"ဒါကတော့ မင်းအတွေးလွန်နေတာလည်း ဖြစ်နိုင်တာပဲလေ"

ကိုဆန်းကိုကြည့်ရတာလည်း ထိုအမျိုးသမီးတောင်းတဲ့ အကူအညီကို ကျွန်တော့်အား ပေးစေချင်နေသည့်ပုံ။ ကျွန်တော်တို့မိသားစုကျပ်တည်းနေတာကို နားလည်နေသည့်အတွက် တိုက်တွန်းချင်နေခြင်းဆိုတာလည်း ကျွန်တော် နားလည်ပါသည်။

"မင်းအမေရော သက်သာရဲ့လား"

စကားတန်းလန်းနှင့်ပင် ကိုဆန်းက အမေ့အကြောင်း ကောက်ကာငင်ကာ ထမေးလာ၏။

"မျက်နှာကတော့ တော်တော်ချောင်ကျသွားတယ်ဗျာ ဒါပေမဲ့ သာမှုတော့ မညည်းရှာပါဘူး။ ကျွန်တော် စိတ်ပူမှာစိုးရိမ်နေပုံပဲ"

"အင်းလေ မင်းအမေအကြောင်းကတော့ ငါလည်း သိပါတယ်ကွာ၊ မင်းကို သိပ်စိုးရိမ်ရှာတာ"



www.burmeseclassic.com

"သိတာပေါ့ဗျာ၊ အမေ့မှာ အဖေ့ကိုလည်း မြုစုရ၊ ကျွန်တော့်ကိုလည်း စိတ်ညစ်မှာစိုးလို့ သူ နေမကောင်းတာတောင် မပြောရက်ရှာဘူး။ အဲဒါတွေ တွေးမိတိုင်းမှာတော့ ဟိုအမျိုးသမီးရဲ့ကမ်းလှမ်းချက်ကို လက်သင့်ခံလိုက်ဖို့ ကျွန်တော် စဉ်းစားမိတယ်"

"ဒါပေမဲ့ မင်းက ကျောင်းတစ်ဖက်နဲ့လေ"

ဟန်မြတ်သူက သူ့စိတ်ကူးနှင့်သူ ဝင်ပြောသည်။ ကျွန်တော်ကတော့ ဘာကိုမှ သေသေချာချာ ဆုံးဖြတ်လို့ မရသေး။

"ကဲပါ အဲဒီကိစ္စကို နောက်မှအေးအေးဆေးဆေး စဉ်းစားပေါ့။ လောလောဆယ်တော့ မင်းတို့လပတ်စာမေးပွဲဖြေရတော့မှာ မဟုတ်လား။ စာကျက်ကြတော့ကွာ"

ကိုဆန်းက အလိုက်တသိပင် စကားစကို ဖြတ်တောက်ပေးလိုက်သည်။ ဟန်မြတ်သူက စာအုပ်ကို စဖွင့်လိုက်၏။

"မင်းလည်း စာအုပ်ထုတ်လေကွာ၊ ဟိုနေ့က မင်းသိပ်နားမလည်တဲ့ ဘိုင်အိုစာပိုဒ်- ငါပြန်ရှင်းပြမယ်"

သူငယ်ချင်းရဲ့လောဆော်မှုကြောင့် အတွေးစများကို မြန်မြန်ဖျက်ဆီးပစ်လိုက်ပြီး လွယ်အိတ်ထဲမှ ဘိုင်အိုဖတ်စာအုပ်လေး ထုတ်ယူလိုက်သည်။

အင်းလေ. လောလောဆယ်တော့ အဲဒီကိစ္စနဲ့ပတ်သက်ရင် ခေါင်းထဲက ထုတ်ထားမှပါ။ စာမေးပွဲကိုပဲ အာရုံထားမှ ဖြစ်မည်။ နောင်တစ်ချိန်မှာ ကျွန်တော့်အတွက် အားကိုးအားထားဖြစ်လာမယ့် ပညာရေးကိုတော့ လက်လွှတ်မခံနိုင်တာ အမှန်ပါ။

■ ■ ■



## အခန်း (၂)

"အမေ ဒီနေ့ နေသိပ်မကောင်းချင်ဘူးကွယ်"

ဖြစ်သမျှကို တစ်ယောက်တည်းကြိတ်ပြီး မြိုနေတတ်သော အမေက ကျွန်တော့်ကိုဖွင့်ပြောလာတယ်ဆိုတော့ ရင်ထဲမှာ ပူလောင်သွားမိတာ အမှန်။ ကျောင်းသွားဖို့ ပြင်ဆင်နေသော လှုပ်ရှားမှုများပင် ခဏတာရပ်တန့်သွားသည်။

"သား ဘာလုပ်ပေးရမလဲ အမေ၊ ဆေးသွားဝယ်ပေးမယ်လေ"

တကယ်တမ်းဆို ကျွန်တော့်မှာ ဘာလုပ်ပေးလို့ ပေးရမှန်းလည်း မသိ။ ကျွန်တော် တတ်သိနားလည်သည့် လူမမာပြုစုနည်းလမ်းလည်း တစ်ခုမှ မရှိဘူးလေ။

"အေး သားရယ် ကျောင်းချိန်တော့ နည်းနည်းလိုပါသေးတယ်၊ အမေ့ကိုဆေးလေးဝယ်ပြီး လာပို့ပေးပြီးမှ သွားပါလား"

www.burmeseclassic.com



သားအပိချင်းတောင် ပြန်အားနာနေသည့်လေသံနှင့် ကျွန်တော့်ကို အမေ စကားပြောလာသည်။ ကျွန်တော် မျက်မှောင်ကြီးကိုကျုံ့ထားလိုက်မိ၏။

"အဲဒီလို မပြောပါနဲ့ အမေ၊ သားက အမေတို့ကို ပြုစုရမှာပါ၊ အခု အမေက သားကိုပြန်ပြီး အားနာနေတာလား"

"သားလေး ကျောင်းနောက်ကျမှာစိုးတာပါ"

"ရတယ် အမေ၊ ဒီတစ်နေ့လုံး ကျောင်းသွားမတက်ရလို့လည်း သား ဘာမှဖြစ်မသွားဘူး"

"ဒီလောက်ထိလည်း မလိုပါဘူးကွယ်၊ ကိုယ်လေး နည်းနည်းနွေးတာပါ"

အဲဒီလောက်လေးပဲ မဟုတ်မှန်း အမေ့မျက်နှာကို ကြည့်တာနှင့် ကျွန်တော် သိပါသည်။ တစ်ခုခုကို ကြီးကြီးမားမား မခံစားရဘဲနဲ့ အမေက ကျွန်တော့်ကို ခုလိုမျိုး ထုတ်ပြောမှာမဟုတ်။ သူ့ဘာသာ ကြိတ်မှိတ်ခံရင်း ရပ်ကွက်ထဲက ဆေးဆိုင်လေးမှာပဲ စပ်ဆေးလေးသွားဝယ်သောက်ပြီး ကိစ္စပြီးသွားမှာ။

"ဆေးဝယ်တာထက် အမေနဲ့အတူ ဆေးခန်းသွားပြရင် ပိုကောင်းမယ်"

ကျွန်တော့်စကားကြောင့် အမေ မျက်လုံးပြူးသွားသည်။

"ဆေးခန်းသွားပြရင် ပိုက်ဆံအပိုကုန်တာပေါ့ သားရယ်၊ ဆေးဆိုင်မှာမြင်နေတာလေး ပြောပြပြီး ဆေးလေးစပ်နိုင်းလိုက်တာက သက်သာတာ





ပေါ့"

"အဲဒီလို လွယ်လွယ်တွေပဲ အမေ အမြဲလုပ်နေတာ သားသိတယ်၊ ဒီတစ်ခါတော့ အမေ့ကို သားကိုယ်တိုင် ဆေးခန်းလိုက်ပြပေးမယ်၊ ဟိုတစ်ခါ ခါးနာတာကိုပါ တစ်ခါတည်း စစ်ဆေးကြည့်ရတာပေါ့"

"သား"

တအံ့တဩ မျက်ဝန်းများဖြင့် ကျွန်တော့်ကိုငေးကြည့်ပြီး ခေါ်လိုက်သည့်အမေ့အသံက ရှုံးစမ်းလိုစိတ်တွေ ပြည့်နှက်လို့ပါပဲ။

"အမေ အိမ်မှာ ခဏလေးနေနော်၊ ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ်"

လွယ်အိတ်ကို စားပွဲပေါ် ပြန်တင်လိုက်ပြီး ကျောင်းဝတ်စုံဝတ်လျက်သားနှင့်ပင် ကျွန်တော် ရပ်ကွက်ထဲ ဆင်းလာခဲ့သည်။ စိတ်ကူးမိတာက တော့ ကိုဆန်းဆီကနေ ပိုက်ဆံအနည်းငယ် သွားချေးဖို့ပါ။ လောလောဆယ်မှာ ကျွန်တော့်အတွက် အကူအညီရနိုင်မယ့်လူဆိုလို့ စဉ်းစားမိသမျှ ကိုဆန်းတစ်ယောက်သာ ရှိသည်။

မနေ့တုန်းကလည်း တိုက်ခန်းတစ်ခန်း ရောင်းထွက်သွားသောကြောင့် ပွဲခ မြိုးမြိုးမြက်မြက်လေး ရထားကြောင်း ကျွန်တော့်ကို ကြွားလိုက်သေး၏။

"မင်းစားချင်တာတွေ ကြိုက်သလောက်စားမလား၊ ဒါမှမဟုတ် ကျောင်းအတွက် လိုအပ်တာတစ်ခုခု ဝယ်မလား၊ မင်းကျောပိုးအိတ်က ဟောင်းတော်တော်စုတ်ပြတ်နေပြီ၊ ငါ မင်းကို ကျောပိုးအိတ်အသစ်တစ်လုံး ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်ကွာ''လို့တောင် ကျွန်တော့်ကို ပြောနေသေးတာလေ။

မျှော်လင့်ချက်များဖြင့် အပြေးတစ်ပိုင်းလှမ်းလာခဲ့မိသော ကျွန်တော့်ခြေလှမ်းတွေ သော့ခလောက်ကြီး ခတ်ပိတ်ထားသော ကိုဆန်း တိုက်ခန်းလေးရှေ့အရောက်မှာ အားအင်ကုန်ခမ်း ဖျော့တော့သွား၏။ စိတ်ဓာတ်လည်း တော်တော်ကျသွားမိသည်။ လှေကားရင်းမှာထိုင်ရင်း တစ်ယောက်တည်း ခေါင်းငိုက်စိုက်ကျနေမိ၏။ ဘာဆက်လုပ်ရင် ကောင်းမလဲ။

လက်ထဲမှာ စုထားသည့် ပိုက်ဆံခုနစ်ထောင်လောက်တော့ ရှိသည်။ ဓာတ်မှန်တွေဘာတွေ ရိုက်ရမယ်ဆိုရင် ဒီပိုက်ဆံလေး ခုနစ်ထောင်နဲ့ ဘာမှလုပ်လို့မရတာ သေချာ၏။

ဟာ ဟုတ်သားပဲ။ ကိုဆန်းကို ဖုန်းဆက်ပြီး မေးကြည့်ရင်ရော အကျိုးအကြောင်း ပြောပြပြီး သူ ဘယ်မှာရှိနေတယ်ဆိုတာ သိရတော့ သူ ကူညီမယ်ဆိုရင် ကျွန်တော် တစ်ခါတည်း သွားယူလိုက်လို့ရသည်။

ထိုစိတ်ကူးဖြင့် ကျွန်တော် အားပြန်တက်သွားပြီး အနီးအနားမှ ဖုန်းဆက်လို့ရသည့်စတိုးဆိုင်လေးထဲ ကျွန်တော်လှမ်းဝင်လိုက်သည်။ ဖုန်းက ချက်ချင်းတန်းဝင်သွားသော်လည်း တော်တော်နှင့်မကိုင်။ လေးငါးခါဆက်တိုက် ခေါ်တော့မှ တစ်ဖက်မှ ကိုဆန်းအသံကို ပြန်ကြားရသည်။

''ဟယ်လို''

''ဟယ်လို ကိုဆန်း။ ကျွန်တော်ပါ လူသစ်''

''ဩော် အေး လူသစ် ပြော''

ကိုဆန်းက ပြန်သာဖြေနေသော်လည်း အသံက တစ်မျိုးဖြစ်နေ





သည်။ နည်းနည်းအလုပ်များနေသည့်အသံ။ ကျွန်တော့်စိတ်ထဲ အားနာနေမိ၏။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ကိုယ့်အပူက အနီးအနားမှာဆိုတော့လည်း

''ကျွန်တော် ကိုဆန်းကို ပြောစရာလေးရှိလို့ပါ အကို''

''မင်းက ငါတို့ကို ကျောတာလား ကိုဆန်း''

ကျွန်တော့်စကားမဆုံးခင်မှာ တစ်ဖက်မှ ကြားလိုက်ရသော ယောကျ်ားတစ်ယောက်ရဲ့လေသံမာမာ။ ကျွန်တော့်စကားတွေ ရပ်တန့်သွားသည်။ ကိုဆန်း ဘာတွေဖြစ်နေတာပါလိမ့်။

''လူသစ် ငါ့ကိုနောက်မှပြန်ဆက်ပါလားကွာ၊ ဒါမှမဟုတ်လည်း အိမ်ကိုလာခဲ့လေ၊ ငါ အခု နည်းနည်းအလုပ်ရှုပ်နေတယ်''

''ဩော် ဟုတ်''

ကျွန်တော့်အဖြေစကားကို ကိုဆန်း သေချာကြားမကြားပင် ကျွန်တော်မသိလိုက်။ ဖုန်းလေးက တီခနဲ ကျသွားပြီ။ အမေ့အတွက် စိုးရိမ်ပူပန်မှုနှင့်အတူ ကိုဆန်းတစ်ယောက် ဘာများဖြစ်နေတာလဲဆိုသည့် စိုးရိမ်စိတ်တို့ပါ ထပ်ပူးပေါင်းသွားသော ရင်တစ်ခုလုံး လှုပ်ရှားတုန်ယင်နေ၏။

ကျွန်တော့်အတွက်လည်း လမ်းစပျောက်သွားပြီ။ အလုပ်လုပ်ခဲ့ဖူးသော လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဆီက သွားချေးရင်ရော၊ ညနေမှဖြစ်ဖြစ် ကိုဆန်းဆီက ပြန်ယူပြီး ပြန်ပေးလိုက်မယ်လေ။ မာင့်အင်း ဒါလည်း အဆင်မပြေပါဘူး။ တော်ကြာ ကိုယ်က ညနေပြန်ပေးမယ် ကတိခံပြီးကာမှ ပြန်မပေးနိုင်ရင် မျက်နှာပျက်ရမယ်၊ ရန်ဖြစ်ရမယ်၊ ပြီးတော့ ဒီလက်ဖက်ရည်ဆိုင်ပိုင်ရှင်ဆိုတာကလည်း ကျွန်တော့်ကို ပိုက်ဆံထုတ်ချေးချင်မှ ချေးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက သဘောထားမဆိုးပေမယ့် ငွေရေးကြေးရေးပိုင်းကိုတော့ စေးကပ်တတ်သူဖြစ်၏။

ဟူး အဲဒီမှာ ကျွန်တော့်ခြေလှမ်းတွေ ဦးတည်ရာမဲ့သွားသည်။ ခုချိန်လောက်ဆို ကျောင်းတက်ခေါင်းလောင်းထိုးပြီး ကျောင်းတံခါးလည်း ပိတ်သွားလောက်ပြီ။ ကျွန်တော်ကတော့ ကျောင်းဝတ်စုံအဖြူအစိမ်းကို ဝတ်ထားလျက် လမ်းမပေါ်မှာ ခေါင်းငိုက်စိုက်ကျ။

အမေ့ကို ညနေလောက်ထိ သည်းခံပေးဖို့ ပြောကြည့်ရင်ရော။ မဟုတ်သေးပါဘူးလေ၊ အမေ့မျက်နှာကို ကြည့်ရတာ ဝေဒနာကို တော်တော်လေး ခံစားနေရသည့်ပုံမျိုးပါ။ အမေက ညနေထိ စောင့်ပါမယ်ဆိုရင်တောင် ကျွန်တော်ကတော့ ဒီဝေဒနာမျက်နှာကို ညနေထိ ထိုင်မကြည့်နေရက်။

"ဟိတ် ဒီမှာ"

ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းငိုက်လမ်းလျှောက်နေသော ကျွန်တော့်နံဘေးသို့ ကိုယ်ပိုင်ကားတစ်စီး ထိုးရပ်သွားပြီး ရှေ့ခန်းမှန်တံခါးလေး လျှောခနဲ ထိုးဆင်းသွား၏။ ခေါ်သံပိုင်ရှင်ကို ကျွန်တော် မော့ကြည့်လိုက်သည်။

ဟိုအမျိုးသမီးပါလား။ ဒေါ်လရောင်ငြိမ်းချမ်း။

"ဘာလုပ်နေတာလဲ၊ ကျောင်းချိန်မကျသေးလို့လား"

ကျွန်တော် ပြန်မဖြေမိပါ။ ခြေလှမ်းများကိုတော့ သူမ မျက်စိရှေ့မှ ခြေစုံရပ်ထားမိသည်။

"လာ ကားပေါ်တက် မင်းသွားချင်တဲ့နေရာကို ကိုယ်လိုက်ပို့ပေးမယ်"





ကျွန်တော် သူမမျက်နှာကို ငေးစိုက်ကြည့်နေမိသည်။ အမြဲတမ်းလိုလို လန်းလန်းဆန်းဆန်းနှင့် ပြင်ဆင်လှပနေတတ်သောမျက်နှာက ယောက်ျားလေးတိုင်းကို ဆွဲဆောင်နိုင်မှာတော့ သေချာ၏။

"ဘာကြည့်နေတာလဲ ကားပေါ်တက်ပါဆို"

ကျွန်တော့်လက်တွေက ကားတံခါးကို ဆွဲကိုင်မိလျက်သား။ ဆတ်ခနဲ ဆွဲဖွင့်ပြီး သူမဘေးနံမှာ ဝင်ထိုင်လိုက်သည်။ ဒါပေမဲ့ နှုတ်ခမ်းများကိုတော့ တင်းတင်းစေ့ပိတ်ထားမိဆဲ ဖြစ်၏။

"မင်းကြည့်ရတာ မျက်နှာလည်းမကောင်းဘူး"

ပိတ်ထားသော ကားမှန်အမည်းလေးကို ဖောက်ထွင်းလျက် အပြင်လောကကို ကျွန်တော် ငေးကြည့်နေမိသည်။ ပူလောင်သောနေမင်းရဲ့ အလျှံတညီးညီးအောက်မှာ ရပ်ကွက်ထဲက လက်လုပ်လက်စား လူတန်းစားတွေ ဟိုဟိုဒီဒီ သွားလာနေကြသည်။

ကျွန်တော်ရော ဘာထူးလဲ။ ခုချိန်မှာ ငြိမ့်နေသော ကားအကောင်းစားကြီးထဲထိုင်ပြီး အေးစိမ့်နေသည့် အဲကွန်းဓာတ်လေးခံယူနေရပေမယ့် လွန်ခဲ့တဲ့ မိနစ်အနည်းငယ်လေးတုန်းက ကျွန်တော်သည်လည်း ထိုနေပူအောက်မှာ ရင်ပူနေရသည့် လူတစ်ဦးသာ ဖြစ်သည်။

"ကျောင်းကို လိုက်ပို့ပေးရမှာလား"

သူမက ကျွန်တော့်ရင်ဘတ်မှာ တပ်ဆင်ထားသော ကျောင်းတံဆိပ်ကို ငုံ့ဖတ်ရင်း ခပ်တိုးတိုးမေး၏။ ဒီတစ်ခါတော့ ကျွန်တော် ငြိမ်နေလို့မရတာမို့ ပြန်ဖြေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းချိန်လွန်သွားပြီး ကျွန်တော် သွားလို့မရတော့ဘူး"

"အင်း ကိုယ်လည်း မေးမလို့ပါ၊ ကျောင်းသွားမယ့်လူက လွယ်အိတ်လည်း မပါပါလားလို့"

သူမကတော့ ဒါကို ရယ်စရာလို့ ထင်နေလားမသိ။ ခပ်ပြုံးပြုံးလေး ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါဆို အခု ဘယ်ကိုလိုက်ပို့ပေးရမလဲ၊ မင်းအိမ်ကိုပဲလား"

"ဟိုထိပ်နားလောက်မှာ ချပေးခဲ့ပါ"

"ဘာလို့တုန်း မင်းသွားချင်တဲ့ရှေ့တည့်တည့်ထိ ကိုယ်လိုက်ပို့ပေးပါ့မယ်"

ကျွန်တော်နည်းနည်းတော့ စိတ်ရှုပ်ထွေးသွားမိသည်။ ဒီကားကြီးနဲ့ အိမ်ရှေ့တည့်တည့်ထိ လိုက်ပို့နိုင်းဖို့ဆိုတာက ကျွန်တော့်အတွက် အဆင်မပြေသော ခံစားချက်များကိုသာ ဖြစ်ပေါ်လာစေ၏။

"ရပါတယ် ကျွန်တော့်အိမ်က အဲဒီလမ်းချိုးလေးတင်ပါပဲ၊ ကား ပြန်ကွေ့ရခက်မှာစိုးလို့ပါ"

"မင်းအိမ်ကို ကိုယ်သိချင်တယ် မောင်လေး"

သူမက ကျွန်တော့်ကို မောင်လေးလို့ခေါ်လိုက်တော့ ကျွန်တော် တစ်မျိုးကြီး ခံစားလိုက်ရ၏။ သူမ မျက်နှာကိုလည်း မျက်မှောင်ကြီးကျုံ့လျက် သေချာစိုက်ကြည့်လိုက်မိသည်။ သူမ အမူအရာကတော့ သာမန်ကာလျှံကာ ပါပဲ။ ဘာမှထွေထွေထူးထူး မရှိ။ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုကို လုပ်နေရ သလိုမျိုး။





"ကျွန်တော့်အိမ်ကို သိလို့လည်း ဘာမှထူးလာမှာမဟုတ်ပါဘူး"

"တစ်ခုခု ထူးခြားဖို့ကို မျှော်လင့်နေတာ မဟုတ်ပါဘူးကွာ၊ ကိုယ်က မင်းနေတဲ့နေရာလေးကို မြင်ဖူးကြည့်ချင်ရုံတင်ပါ"

"ဘာအတွက်လဲလို့ ကျွန်တော် မေးလို့ရမလား"

"ဟင့်အင်း မရဘူး။ မမေးနဲ့"

အဲဒီလို အမျိုးသမီး ဖြစ်သည်။ ကျွန်တော့်စကားတွေကို ရှေ့ဆက် ရအောင် ဝိတ်ပစ်လိုက်တာမှန်း သိသာလွန်းလှ၏။ ဒါပေမဲ့ ကျွန်တော့်မှာ ပြန်ချေပဖို့ စကားလည်းမရှိ။

ခုနက ကျွန်တော်ညွှန်ပြလိုက်သည့်နေရာမှာ ကားလေးကို သူမ ထိုးကပ်ရပ်သည်။ ကျွန်တော် ကားတံခါးဖွင့်ဆင်းတော့ သူမပါ ခပ်သွက် သွက်လေး လိုက်ဆင်း၏။

"ဘာလိုက်လုပ်မလို့လဲ"

ကျွန်တော့်လေသံ နည်းနည်းမာသွားပေမယ့် သူမက အပြုံးမပျက် ပါ။ ကျွန်တော်နှင့်ရှေးကပ်ကပ်လေးထိ လျှောက်လာပြီး

"မင်းအိမ်ကို ကိုယ်သိထားဖို့ လိုကိုလိုတယ် မောင်လေး"

"ကျွန်တော်က ဟိုအကူအညီကို သဘောတူဖို့အတွက် ကြိုးစား နေတာလား၊ မဖြစ်နိုင်ဘူးလို့ ပြောခဲ့ပြီးပြီပဲလေ"

"အင်း အဲဒါလည်း ပါတာပေါ့၊ ဒါပေမဲ့ မင်းအိမ်ကိုသိချင်တာက တော့ ဒီတိုင်း ကိုယ့်စိတ်ထဲမှာ ဖြစ်လာတဲ့ခံစားချက်ပါ"

သူမကို ဒီရပ်ကွက်ထဲမှာ တွေ့တယ်ဆိုတည်းက နည်းနည်းတော့



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းနေတာပဲလေ။ သူမလိုလူတန်းစားမျိုးက ဒီလိုမျိုး ခပ်နုံနုံရပ်ကွက်လေး ထဲကို လာစရာ တခြားအကြောင်းရှိနေတာတော့ မဖြစ်နိုင်။ အစတည်းက ကျွန်တော့်ကို လာရှာနေတာများလား။

သိချင်စိတ်ဖြစ်သွားပေမယ့် ကျွန်တော် ထုတ်တော့မမေးပါ။ တားလည်း အတင်းလိုက်မယ့်ပုံမို့ သက်ပြင်းလေးကိုသာ ချဖြစ်သည်။ ရပ်ကွက်ထဲက လူတချို့က ကျွန်တော်တို့နှစ်ယောက်နှင့် အကောင်းစားကားကြီးကို စိတ်ဝင်စားစွာ ကွက်ကြည့်ကွက်ကြည့် လုပ်နေ၏။

ကျွန်တော့်ခြေလှမ်းတွေကို လျှောက်နေကျထက် ပိုပြီး မြန်မြန်လေး လှမ်းလိုက်သည်။ သူမကလည်း စီးထားသော ဒေါက်မြင့်ဖိနပ်မှ အားမနာ နောက်ကနေ ထပ်ချပ်မကွာ လိုက်လာ၏။ အနည်းငယ်ချိုင့်ပေါ်သော မြေသား ထက်မို့ သူမ ခြေတစ်လှမ်းလှမ်းလိုက်တိုင်းမှာ ဒေါက်ချွန်ချွန်လေးက မြေကြီး ထဲကို နစ်ဝင်သွားပြီး ခြေထောက်ပြန်ကြွလိုက်တိုင်း တွင်းနက်နက်လေးတွေ ထန်းစီကျန်ရစ်ခဲ့၏။

နှိတ်ချုပ်နေသည့်ကြားက ဒီဘာမဟုတ်တာလေးကိုပါ သတိထား မိနေသော ကိုယ့်ကိုကိုယ်လည်း ချက်ချင်းပင် အပြစ်တင်လိုက်ရင်း အိမ်ထဲကို မျှော်ကြည့်လိုက်၏။ အမေ့ကို မတွေ့ရ။ ဘယ်များထွက်သွားပြန်ပြီလဲ မသိ။ ဒီနေ့ ဈေးတော့မထွက်ဖြစ်တာ ကျိန်းသေနေတာပဲ။

အိမ်ထဲကို အပြေးလေးဝင်လိုက်တော့ အမေက အိမ်ပေါ်နေသည်။ နောက်ဖေးတံခါးပြင်ဘက်ဆီမှ အမေ့အသံ ကြားရ၏။ စကားပြောသံတော့ မဟုတ်။ ထိုးအန်နေသော တဝေါ့ဝေါ့အသံ။





"အမေ အမေ"

ကျွန်တော် စိတ်ပူစွာနှင့် အမေ့ကိုကျယ်လောင်စွာ အော်ခေါ်လိုက်မိသည်။ ထိုအသံကို နောက်ကနေ ထပ်ချပ်မကွာပါလာသော သူမလည်း ကြားမှာပါ။

ညက စားထားသည့်ထမင်းတွေအားလုံး အမေ့အန်ဖတ်များအဖြစ် ဖြန့်ကျဲနေသည်။ အမေ ရင်ပြည့်နေတာများလား။ အမေ့နားကို အပြေးရောက်သွားပြီး ကျောကုန်းကို လက်နှင့်အသာအယာ ဖိနှိပ်ပေးလိုက်သည်။ ထပ်အန်ပြန်၏။

"ရပြီ သား။ အမေ သက်သာတယ်"

သက်သာတယ်လို့ပြောနေသော အမေ့မျက်နှာတွေ ဖြူဖျော့နေ၏။ ကျွန်တော့်လက်ကို အမေ့ကျောပေါ်ကနေ ဖယ်ရှားပေးလိုက်သည်။

"သား ဘယ်ကိုထွက်သွားလိုက်တာလဲကွယ်"

အမေ့လက်မောင်းကို တွဲထူမရင်း ကျွန်တော် အိမ်ရှေ့ဆီ ပြန်တွဲခေါ်လာခဲ့၏။

"ဟင်"

အိမ်ပေါက်ဝမှာ ယောင်လည်လည်နှင့်ရပ်နေသော အမျိုးသမီးကြောင့် ကျွန်တော် မျက်လုံးပြူးသွားသည်။ အမေက ကျွန်တော့်ကို မော့ကြည့်၏။ သား ခေါ်လာတာလားဆိုသည့် သဘော။

"မင်းအော်သံကြားလိုက်လို့ ကိုယ်စိုးရိမ်ပြီး ဝင်လာတာ"

"သမီးနဲ့အန်တီ့ကလေးက ဘယ်လိုပတ်သက်တာလဲကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျောမော့သန့်ရှင်းနေသော အဆင်အပြင်များဖြင့် ခန့်ခန့်ညားညား အမျိုးသမီးကို ပြောလိုက်သည့် အမေ့စကားသံတို့က မဝံ့မရဲဖြစ်နေသည်။

"ကျွန်မကို အန်တီ့သားက အကူအညီပေးဖူးလို့ပါ"

"ဩော် ဟုတ်လား။ ထိုင်လေ သမီး"

ဖျာချောခင်းထားသော ကြမ်းပြင်ပေါ်ကို အမေက လက်ညှိုးညွှန်ပြသည်။ တားမလို့လုပ်နေသော ကျွန်တော့်အသံထွက်မလာခင်မှာဘဲ သူမက နေရာမှာဝင်ထိုင်လိုက်ပြီး ဖြစ်သည်။ မထိုင်ခင်မှာ သူမ မျက်လုံးများက ပင့်တင်ထားသော ကန့်လန့်ကာနောက်ဘက်မှာ အိပ်ပျော်နေသည့် အဖေ့ကို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။

"သားလေး စားဖို့တစ်ခုခု သွားဝယ်ပါဦး"

"ဒီအန်တီက ခဏနေရင် ပြန်တော့မှာပါ။ ဟုတ်တယ်မဟုတ်လား"

ချိုချိုသာသာလေး ပြုံးရယ်ပြလျက် ကျွန်တော် ခပ်မြန်မြန်ဖြေလိုက်သည်။ မဟုတ်ရင် ဒီအမျိုးသမီး အကြာကြီးနေနေဦးမှာစိုးလို့ပါ။

"ဟုတ်ပါတယ်၊ ကျွန်မ ခဏနေရင် ပြန်မှာပါ အန်တီ၊ ဘာမှ ဒုက္ခမရှာပါနဲ့"

"အန်တီတို့အိမ်က ဧည့်သည်လာလေ့လာထမရှိတော့ အဆင်သင့် ကျွေးဖို့ ဘာမှမပြင်ဆင်ထားမိဘူးကွယ်၊ အားနာလိုက်တာ"

"အန်တီ့ကိုကြည့်ရတာ တစ်ခုခုဖြစ်နေတဲ့ပုံပဲနော်၊ နေမကောင်းဘူးလား"

သူမက စကားကို ချိုချိုသာသာလေး ပြောလျက် မျက်ဝန်းများ





တလည်း တကယ့်ကို စိုးရိမ်တကြီး ကျွန်တော်ကတော့ ဒီအိမ်ထဲကနေ သူမကို မြန်မြန်ပြန်စေချင်လှပြီ။

"ဒီလိုပါပဲ သမီးရယ်၊ အသက်က ရလာပြီဆိုတော့ နည်းနည်း ချူချာချင်တာပါ"

"အို ဘယ်လိုမဆို ကိုယ့်ကျန်းမာရေးအတွက်ကတော့ သေချာလေး ဂရုစိုက်ပေးသင့်ပါတယ်"

အမေက ဘာမှတုံ့ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေရှာသည်။ ကျွန်တော်ကိုယ်တိုင်လည်း ရုတ်တရက်ဆိုတော့ ဘာပြန်ပြောရမှန်းမသိ။

"အခုလည်း အံ့နေတာနဲ့တူတယ်၊ ကျွန်မ ခုနက ကြားလိုက်လို့ပါ"

"ဟုတ်တယ် သမီး၊ နည်းနည်း အစာမကြေဖြစ်သွားတာပါ"

"ဘာပဲဖြစ်ဖြစ် ဆေးခန်းလေး သွားလိုက်ပါလား အန်တီ"

"ပြန်မှာဖြင့်လည်း ပြန်ပါတော့ဗျာ၊ ကျွန်တော့်အမေ ခဏနားပါစေ"

"အို သား ဘယ်လိုပြောလိုက်တာလဲ၊ လူကြီးကို"

လူတကာကို အားနာတတ်သည့် အမေကတော့ ခုလည်း ကျွန်တော့်စကားကို ဟန့်တားလျက် မျက်နှာပျက်နေသည်။ သူမကတော့ ကျွန်တော့်ကို စိုက်ကြည့်နေလျက် အပြုံးမပျက်ပါ။

"ရပါတယ် အန်တီ၊ လူသစ်အကြောင်းကို ကျွန်မ သိပါတယ်"

ကျွန်တော် ပိုလို့စိတ်တိုသွားမိသည်။ သူမက ကျွန်တော့်အကြောင်းတွေကို ဘာတွေများ ဒီလောက်သိနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုမယ်ဆိုရင် အန်တီ့ကိုဆေးခန်းလိုက်ပြပေးချင်ပါတယ်"

ကျွန်တော် မျက်လုံးပြူးသွားသည်။ အမေက ကျွန်တော့်မျက်နှာကို မော့ကြည့်သည်။

"ကျွန်မရဲ့စေတနာပါ။ ဖြစ်နိုင်ရင် ခွင့်ပြုပေးစေချင်ပါတယ်"

"မဟုတ်တာကွယ်"

အမေက လေသံဖျော့ဖျော့လေးနှင့် ငြင်းဆန်သည်။

"ဘာသဘောနဲ့ ဒီလိုလုပ်နေတာလဲ"

"မင်းကို ကျေးဇူးဆပ်တာပါ"

"ပိုက်ဆံအိတ်ပြန်ပေးခဲ့တဲ့ ကျေးဇူးက ဒီလောက်မကြီးပါဘူးဗျာ"

ပြောသာပြောနေရပေမယ့် ကျွန်တော့်လေသံတွေ အနည်းငယ် ပျော့နေသည်။ အမေ့ကိုဆေးခန်းလိုက်ပြပေးချင်သည့် စိတ်ဆန္ဒတွေက အညွန့်တလူလူ ဖြစ်နေ၏။

"ဘယ်လိုပြောလိုက်တယ် သား။ ဒါဆို ဒီမိန်းကလေးက ဟိုးတစ်ခါ တုန်းက အမေတို့ကို ကျေးဇူးတင်တဲ့အနေနဲ့ ငွေတွေပေးလိုက်တယ်ဆိုတဲ့ မိန်းကလေးလား"

ပိုက်ဆံအိတ်ကောက်ရလို့ ပြန်ပေးတော့ ပိုင်ရှင်သူဌေးမက ကျွန် တော့်ကို ငွေတွေပေးခဲ့သည့်အကြောင်း အမေ့ကိုပြောပြထားခဲ့ဖူးတယ်လေ ဒါကို အမေ ဆက်စပ်တွေးမိသွားသည့်ပုံပါ။

"ဟုတ်ပါတယ် အန်တီ၊ ပိုက်ဆံပေးတယ်ဆိုတာလည်း ကျေးဇူး တင်တဲ့အနေနဲ့ သူ့ကိုမုန့်ဖိုးသဘောမျိုး ပေးခဲ့တာပါ"





သူမ ပေးခဲ့တဲ့ မုန့်ဖိုးသဘောငွေက ကျွန်တော်တို့မိသားစုအတွက် အကြွေးတွေကို ထိုက်သင့်သလောက် ဖြေရှင်းနိုင်ခဲ့ကြောင်း ဒီအမျိုးသမီး သိပါ့မလား။

"အဲဒီတော့ ခုလည်း ကျွန်မ ကူညီချင်တာကို လက်ခံပေးပါနော် အန်တီ"

"အိုကွယ် ဟိုတစ်ခါကလည်း"

"ရှောမတွေးလိုက်ပါနဲ့ အန်တီရယ်၊ ကျွန်မက တစ်ယောက်တည်း သမီးလေ၊ မေမေကလည်း ငယ်ငယ်တည်းက အနားမှာမရှိတော့တာဆို တော့ ဘဝကိုတစ်ယောက်တည်း ဖြတ်သန်းလာရတာ၊ အန်တီ့ကိုတွေ့ရ တော့ ကျွန်မစိတ်ထဲမှာ အမေ တစ်ယောက်လိုပဲ ခံစားရတယ်၊ ဒါကြောင့် စိတ်ရင်းအမှန်နဲ့ပါ၊ လက်ခံပေးပါနော် အန်တီ"

အမေက ကျွန်တော့်မျက်နှာကို မော့ကြည့်ပြန်သည်။ ကျွန်တော် လည်း နှုတ်ဆွံ့အနေ၏။

"လာပါ မောင်ရှော။ အန်တီ့ကိုခေါ်ခဲ့ပါ၊ ကိုယ် ကားပေါ်က စောင့်နေမယ်"

သူမကတော့ ထာဝစဉ်လန်းဆန်းနေသော အပြုံးလေးဖြင့် ကျွန် တော့ကို ပြောပြန်သည်။ ငြင်းဆန်ဖို့ကို ခေါင်းထဲမှာ နည်းနည်းမှ စိတ်မကူး မိတော့ဘဲ ကျွန်တော် သက်ပြင်းလေး ချလိုက်၏။ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ ဘုရားသခင်ဘက်က ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးသည့်နည်းလမ်းတစ်ခု လို့ သဘောထားလိုက်ရင် ဖြစ်နေတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့လက်မောင်းလေးကို အသာဆွဲမလိုက်သည်။

"သွားရအောင် အမေ၊ သားလည်း အမေ့ကို ဆေးခန်းလိုက်ပြပေးချင်နေခဲ့တာပဲ၊ သားတို့ကို ကံကြမ္မာက မျက်နှာသာပေးတယ်လို့ပဲ သဘောထားလိုက်ကြတာပေါ့"

"သားရယ် အမေ ဘာမှလည်း ထွေထွေထူးထူး ဖြစ်တာမဟုတ်ဘဲနဲ့ အားနာလို့ပါ"

ကျွန်တော် မချိုပြုံးလေးတစ်ခုပဲ ပြုံးပြဖြစ်သည်။ အမေ့လက်ကိုဆွဲပြီး ကားရှေ့ခန်းမှာတင်ပေးတော့ ခုနတည်းက သိသိသာသာ လိုက်ကြည့်နေမောနေသော ရပ်ကွက်ထဲက လူတွေရဲ့မျက်လုံးများက မယုံကြည်နိုင်သလို။ ကျွန်တော်တို့ ရပ်ကွက်နှင့်ကိုဆန်းနေသော ရပ်ကွက်ကတစ်ခုတည်းဆိုသော်လည်း ကျွန်တော့်အိမ်လေးရှိသည့် အတွင်းဘက်ခြမ်းမှာ သာမန်လက်လုပ်လက်စား တစ်နေ့လုပ်တစ်နေ့စားများသာ များပြားသည်။ ရပ်ကွက်ထိပ်ပိုင်းကတော့ ကိုဆန်းတို့လို ကန်ထရိုက်တိုက်လေးတွေ ရှိ၏။

ကားနောက်ခန်းကို ဝင်ထိုင်လိုက်ပြီးသည်ထိ ကျွန်တော် ဘာစကားမှ ထပ်မပြောဖြစ်။ ဘယ်ဆေးခန်းကိုသွားပါဆိုတာလေးလောက်တောင် ကျွန်တော် မပြောဖြစ်ခဲ့။ သူမကိုယ်တိုင် ဦးဆောင်လျက် နာမည်ကြီးဆေးရုံတစ်ခုကို မောင်းခေါ်လာခဲ့သည်။ ကိုးမိုင်နားလောက်မှာရှိသော ကျယ်ဝန်းထိတ်ဆိတ်သည့် ဆေးရုံကြီးတစ်ခု ဖြစ်၏။ နာမည်သာကြားဖူးလျက် ရွှေထွန်းနေတောင် တစ်ခါမှ မဖြတ်ခဲ့ဖူးသော ကျွန်တော်တို့သားအမိအတွက်ကတော့ ကြည့်ရင်းနှင့်ကို ရှိန်ထိန်ထိန် ဖြစ်လာသည်။





ဆေးရုံလား ဟိုတယ်လားလို့တောင် ပြန်မေးရလောက်သည့် ခမ်းနားမှုမျိုး။

"အန်တီတို့ ဒီမှာခဏလေးစောင့်နေပေးဦးနော်"

ဆေးရုံဧည့်ခန်းဆောင်မှာ ကျွန်တော်တို့သားအမိကို နေရာချပေးခဲ့ပြီး သူမကတော့ အတွင်းဘက်အခန်းတစ်ခုထဲ လှမ်းဝင်သွား၏။ နောက်မှ သိရတာက ဒီဆေးရုံမှာ တာဝန်ယူထားသော နာမည်ကြီးဆရာဝန်တစ်ယောက်က သူမရဲ့ကျောင်းနေဘက်သူငယ်ချင်းဆိုတာပါပဲ။

ထိုဆရာဝန်သူငယ်ချင်း၏အကူအညီဖြင့် အမေ့ကိုတစ်ကိုယ်လုံးဆေးစစ်သည်။ လိုအပ်သည့်ကုသမှုတွေပေးသည်။ နာရီဝက်ခန့်ပဲဖြစ်အကြာမှာ ကိစ္စဝိစ္စအားလုံး ပြီးစီးသွားတော့ အမေက သူမ လက်ကလေးကို ဆွဲယူဖျစ်ညှစ်လိုက်ပြီး

"ကျေးဇူးတင်ပါတယ် သမီးရယ်"

"မလိုပါဘူး အန်တီ၊ သမီးကိုယ်တိုင်ကိုက ခုလိုမျိုး လူကြီးတစ်ယောက်ကို ကူညီခွင့်ရလို့ ကုသိုလ်တွေအများကြီးရမှာလေ"

"ဟုတ်ပါတယ် သမီးလေး ကုသိုလ်တွေ အများကြီးရမှာပါ"

"အန်တီ ထိုင်ခုံလေးမှာ ခဏထိုင်နားလိုက်ဦးလေ၊ လူသစ်ကတော့ ကိုယ်နဲ့ခဏလိုက်ခဲ့၊ စကားပြောရအောင်"

သူမ မျက်နှာက အမေ့ရှေ့မှာ ပြောဖို့ခက်ခဲနေသမို့ ကျွန်တော့်ကို အခင်သက်သက် ပထုတ်ခေါ်လိုက်သည့် သဘော။ မျက်နှာရိပ်မျက်နှာကဲကို နားလည်စွာပင် ကျွန်တော် သူမနောက်မှ လိုက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးရုံထောင့်ချိုးလေးတစ်ခုနားအရောက်မှာ သူမခြေလှမ်းတွေရပ်လျက် နောက်မှပါလာသော ကျွန်တော့်ကို လှည့်ကြည့်သည်။ သူမမျက်နှာ သိပ်မကောင်း။ ထိုမျက်နှာကြောင့်ပင် ကျွန်တော့်ရင်တွေ တုန်ယင်လာ၏။ အမေနဲ့ပတ်သက်ပြီး တစ်ခုခုဆိုးရွားတာများ သူမ သိရှိလာခဲ့လို့လား။ ခုန တုန်းက သူမ အသိဆရာဝန်အခန်းထဲ ဝင်သွားပြီး စကားတွေအကြာကြီး ပြောနေခဲ့သေးတာလေ။

"အမေက ဘာဖြစ်တာလဲဟင်"

သူမကိုတွေ့ခါစတုန်းကလို ကျွန်တော့်အသံတွေ မမာကြောနိုင်တော့ပါ။

"မင်းအမေရဲ့အစာအိမ်က တော်တော်အခြေအနေဆိုးနေတယ်တဲ့ လူသစ်"

"ဗျာ"

ကျွန်တော် နှုတ်တွေ ဆွံ့အသွားသည်။ တော်တော်အခြေအနေဆိုး နေတယ်ဆိုတာ ဘယ်လောက်အတိုင်းအတာထိ ဆိုလိုတာလဲ။ အမေ့ အသက်။ ကျွန်တော်ဆက်မတွေးချင်။

"မင်း သိပ်လန့်သွားမယ်ဆိုတာ ကိုယ် နားလည်ပါတယ်၊ ခါးနာ တယ်ဆိုတာကတော့ အသက်အရွယ်အရ လှုပ်လှုပ်ရှားရှားနေထိုင်မိတော့ ဖြစ်သွားတာပေါ့၊ အစာအိမ်ကတော့"

သူမ စကားကိုမဆက်။

"ပြောပါဗျ၊ ဘယ်လိုလုပ်နိုင်မလဲ၊ အမေ့ကို ဘယ်လိုလုပ်ပေးရင်





အခြေအနေပြန်ကောင်းလာနိုင်မှာလဲ"

"ခွဲစိတ်မှုခံယူရမယ်"

"ဗျာ ခွဲစိတ်ရမယ် ဟုတ်လား။ အဲဒီလို ခွဲစိတ်လိုက်ရင် အမေ ပြန်ကောင်းလာမှာလား"

"အဲဒါကတော့ ရာခိုင်နှုန်းတစ်ဝက်လောက်ပေါ့"

"ခွဲစိတ်ရင်တောင် ပြန်ကောင်းလာဖို့က ရာခိုင်နှုန်းတစ်ဝက် ဟုတ် လား"

ကျွန်တော့်မျက်ဝန်းမှာ မျက်ရည်တွေ စိမ့်အိုင်လာသည်။ ဒီအခြေ အနေက ကျွန်တော် ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဖူးသော အခြေအနေ မျိုး။ ကျွန်တော်တစ်ယောက်တည်းနှင့် အရာအားလုံးကို ဆုံးဖြတ်နိုင်ဖို့ ခဲယဉ်း သော အနေအထားမျိုး။ ခွဲစိတ်ဖို့အတွက်ဆိုရင် ငွေတွေ သောက်သောက်လဲ ကုန်ကျမှာ သေချာသည်။ ဒါတောင်မှ အမေ ပြန်ကောင်းလာနိုင်မည့် ခန့်မှန်းချေက ငါးဆယ်ရာခိုင်နှုန်းသာတဲ့။

"မငိုပါနဲ့ မောင်လေး။ ကိုယ် မင်းကိုကူညီမှာပါ"

ကျွန်တော့်ပခုံးတစ်ဖက်ကို ဆုပ်ကိုင်လျက် သူမ အားပေးစကား ပြောသည်။ သူမ ကူညီတယ်ပဲထားဦး အမေ ပြန်ကောင်းမလာခဲ့ရင် ဘယ်လို လုပ်ကြမလဲ။ ကျွန်တော် ဘာကိုမှ မတွေးနိုင်တော့ပါ။ ခေါင်းထဲမှာ ရှုပ်ထွေး နောက်ကျိနေသည်။

"အခု ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"လောလောဆယ်တော့ အန်တီ့ကို ဘာမှမပြောပါနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ခွဲစိတ်ပြီးလို့ ပြန်ကောင်းမလာခဲ့ရင်"

"ဒါတွေလည်း မတွေးပါနဲ့၊ ဘယ်သူမှ ကံတရားကို ကြိုမမြင်ပါဘူး"

"ခွဲစိတ်ရမယ်ဆိုရင် ကျွန်တော်တို့ ငွေတွေလည်း အများကြီးလိုမှာ၊ ပြီးတော့ ပြန်ကောင်းလာဖို့ကလည်း ရာခိုင်နှုန်းတစ်ဝက် ပြန်ကောင်းလာတယ် ဆိုတာလည်း အရှင်းပျောက်တာမျိုးမဟုတ်ဘဲ"

ပါးပြင်ပေါ်ကို မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် ကျလာသည်။

"ခွဲစိတ်လို့ ပြန်ကောင်းရင် သုံးလပဲနေရမယ့်သက်တမ်းကနေ ခြောက်လတစ်နှစ်လောက် ဆွဲဆန့်ထားနိုင်တယ်လေ၊ မင်းက ဘယ်ဟာကို ရွေးချယ်ချင်နေတာလဲ"

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ဆိုးရွားတဲ့အခြေအနေမျိုးတွေပဲ မဟုတ်လား။ မခွဲရင် သုံးလ၊ ခွဲလို့ပြန်ကောင်းခဲ့ရင် ခြောက်လတစ်နှစ် ဆိုတာကြီးက၊

"ဟိုဟိုဒီဒီတွေ လျှောက်တွေးပြီး မင်းစိတ်ဓာတ်ကျမနေနဲ့၊ စိတ်ကို တင်းထား။ ဆယ့်ခြောက်နှစ်ဆိုတာ ကလေးသာသာဆိုပေမယ့် ခုလို အခြေအနေမှာတော့ မင်းကိုယ်မင်း ရင့်ကျက်သယောင် နေတတ်ရမယ်၊ အန်တီ့ ရှေ့မှာ မျက်နှာမပျက်နဲ့ပေါ့ကွာ၊ တော်ကြာနေ လူနာပါ စိတ်ဓာတ်ကျသွားမှ အခြေအနေပိုဆိုးကုန်မယ်"

ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ကျွန်တော့်မျက်ရည်တွေကို အမေ မြင်သွားမှ ပိုလို့စိတ်ဆင်းရဲနေမှာ။ သူ့ရောဂါအခြေအနေတစ်ခုခု ဆိုးဆိုး





ရွားရွား ဖြစ်နေတယ်ဆိုတာ ရိပ်မိသွားမှာ။ ဒီလိုမျိုးတော့ ကျွန်တော် အဖြစ် မခံနိုင်ပါ။ ပါးပြင်ထက်မှာ ရွှဲနစ်လျက်ရှိသော မျက်ရည်စများကို ပုဆိုးခါးပုံစ ကိုဖြည်လျက် ပင့်မသုတ်လိုက်သည်။

"မင်းမျက်နှာကို ပြုံးထားစမ်းပါ၊ ခုနက အန်တီ ပျော်နေတဲ့မျက်နှာ မြင်လား။ အဲဒီအတိုင်းလေးပဲ မင်းကိုလည်း မြင်ချင်တယ်"

ကျွန်တော်အားတင်းပြီး ပြုံးပြလိုက်သည်။ ငိုထားသောကြောင့် မျက်လုံးတွေ နီရဲမှာတော့ သေချာပေမယ့် ကျွန်တော့်အပြုံးတွေကိုမြင်ရင် အမေ မရိပ်မိလောက်ပါဘူးနော်။

ထိုင်ခုံမှာနားနေသော အမေ့ကို ပြန်တွဲခေါ်လျက် ကားပါကင်ထိုး ထားရာဆီ ဖြည်းဖြည်းချင်းလျှောက်လာခဲ့သည်။ နေ့စဉ်ရက်ဆက် ပင်ပင် ပန်းပန်း လုပ်ကိုင်လာခဲ့ရသော အမေ့မှာ ဒီလိုရောဂါတွေဖြစ်ပေါ်လာတာ ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူးလေ။ တကယ်ဆို အမေ့အသက်က ငါးဆယ်ကျော်ကျော်လေးသာ ရှိသေးသည်။ ဒါပေမဲ့ သူက ပိန်လွန်းနေ၏။

အလွန်ရှားရှားပါးပါး အစားကောင်းအသောက်ကောင်းလေးများ စားဖြစ်လျှင်လည်း အဖေနဲ့ကျွန်တော့်ကိုသာ ဦးစားပေးတတ်ရှာသော အမေ့မှာ အာဟာရဓာတ်ကို လိုအပ်သလောက် မရခဲ့သည့်ပုံပါပဲ။ အမေ့ ထက်မောင်းသေးသေးကို ကိုင်ဆုပ်ထားရင်းနှင့် မျက်ရည်များက ဝဲတက်လာ ပြန်သည်။ ပါးပြင်ပေါ် စီးကျလာခြင်းမရှိသောကြောင့် ခပ်မြန်မြန်ပင် မျက်တောင် များကို ပုတ်ခတ်လျက် ထိန်းသိမ်းလိုက်ရ၏။

ကားစက်နှိုးလိုက်ပြီးတော့ သူမက အမေ့ကို ပြုံးပြုံးလေးကြည့်ကာ



www.burmeseclassic.com

စကားစသည်။

"ကျွန်မတို့ တစ်ခုခုသွားစားကြမယ်လေနော်၊ အန်တီ ဘာစားချင်လဲ ပြော"

အမေက နောက်ခန်းမှာ ထိုင်နေသော ကျွန်တော့်ကို လှည့်ကြည့်သည်။ ဘာစားချင်တယ်ဆိုတာ မဆုံးဖြတ်တတ်သည့်ပုံမျိုးလေးနှင့်။

"အမေနဲ့အဆင်ပြေမယ့် တစ်ခုခုပေါ့"

ကျွန်တော်ကိုယ်တိုင်လည်း ဘယ်လိုဆိုင်မျိုး ဘယ်လိုအစားအသောက်မျိုးပါလို့ မညွှန်းပြတတ်သောကြောင့် မရေမရာသာ ပြန်ဖြေလိုက်သည်။ သူမက တစ်ယောက်တည်း စဉ်းစားသလို ငြိမ်သက်သွား၏။

"အိုကေ စဉ်းစားလို့ရပြီ"

ကားကိုညင်သာစွာ ဘီးလိမ့်လိုက်ရင်း သူမ ခပ်ပြုံးပြုံးလေး ပြောသည်။ မိနစ်နှစ်ဆယ်လောက် မောင်းနှင်အပြီးမှာတော့ သားနားသပ်ရပ်သော စားသောက်ဆိုင်လေးတစ်ခုရှေ့မှာ သူမ ကားကိုပါကင်ထိုးရပ်လိုက်သည်။

"ဒီဆိုင်က ရန်ကုန်မှာဖွင့်ထားတာ ကျွန်မတို့ မမွေးခင်တည်းကလေ၊ အစားအသောက်တွေလည်း ကောင်းတယ်၊ ကျွန်မ မေမေရှိတုန်းကဆို ဒီဆိုင်မှာ မိသားစုလိုက် လာလာစားနေကျပေါ့"

ဆိုင်ထဲဝင်ထိုင်ပြီး သူမက မီနူးစာအုပ်ထဲမှ စားသောက်စရာများ ရွေးချယ်မှာယူနေရင်းနှင့် ဒီဆိုင်လေးကို ရွေးချယ်ရသည့်အကြောင်းရင်းအား ရှင်းပြသည်။ မိသားစုလိုက်ဆိုသည့်အထဲမှာ သူမ ပြောပြောနေသည့် ဆယ့်





ငါးနှစ်အရွယ်မှာ ပျောက်သွားသော မောင်လေးရော ပါလားမသိ။

စားသောက်စရာများ ရှေ့ရောက်လာတော့ အမေက ကျွန်တော့်ကို မော့ကြည့်ပြန်သည်။ မျက်စိရှေ့တည့်တည့်မှ အသားလွှာကို ဓားနဲ့ခက်ရင်းအသုံးပြုပြီး အမေ မစားသောက်တတ်တာ ကျွန်တော်သိပါသည်။ ကျွန်တော်ကတော့ ကိုဆန်းကောင်းမှုဖြင့် ဟမ်ဘာဂါဆိုင်တွေဘာတွေ ရောက်ဖူးထားလို့ ကိုင်ဖူးသုံးဖူးတော့ ရှိသည်။

အမေ့ပန်းကန်ကို ကျွန်တော့်ရှေ့ဆွဲယူလိုက်ပြီး စားသာရုံ အတုံးသေးသေးလေးတွေ ပိုင်းဖြတ်ပေးလိုက်၏။ အသားဖတ်တစ်ခုကို ခက်ရင်းလေးနှင့် ထိုးစိုက်လိုက်ရင်း အမေ မြည်းစမ်းကြည့်သည်။ အမေက သူမကို ပြုံးပြရင်း

"စားလို့သိပ်ကောင်းတယ် သမီး၊ တစ်ခါမှ ဒီလိုအရသာရှိတဲ့ အသားမျိုး အမေ မစားဖူးသေးဘူး"

သူမကို စကားပြောသည့်နေရာတွင် ကိုယ့်ကိုကိုယ် အမေလို့ သုံးနှုန်းပြီး ပြောလိုက်တာ ကျွန်တော် သတိထားလိုက်မိသလို သူမကိုယ်တိုင်လည်း သတိထားမိပုံပါပဲ။ တောက်ပသောမျက်ဝန်းများဖြင့် ကျွန်တော့်ကို လှမ်းကြည့်လိုက်တာလေ။ အမေက အမေလို့သုံးနှုန်းပြီး ဆက်ဆံပေးခဲ့ရသည့်အတွက် ကျေနပ်သဘောကျသွားသည့် အရိပ်အယောင်တွေကို သူမ မျက်နှာပေါ်မှာ အထင်းသားမြင်နေရသည်။

"ဒါဆိုရင် အမေ စိတ်ကြိုက်စားနော်၊ နောက်နေ့တွေ ထပ်စားချင်သေးရင်လည်း အချိန်မရွေးပြော၊ သမီး လိုက်ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့သမီးနဲ့ အတိုင်အဖောက်ညီနေသော နှစ်ယောက်ကိုကြည့်ပြီး ငိုချင်နေသော ကျွန်တော်ပါ ပြုံးမိသွားသည်။ အမေ့ကို ခုလိုမျိုးလေး အကောင်းစားအစားအသောက်တွေ လိုက်ကျွေးပြီး သက်သက်သာသာနေစေချင်ခဲ့တာ ကျွန်တော့်ရင်ထဲက ဆန္ဒအမှန်။ ဒါပေမဲ့ ဖြစ်လာတဲ့ဘဝက ဒါမျိုးတွေကို စိတ်ကူးဖြင့်သာ ပုံဖော်လို့ရခဲ့တော့လည်း

"ဟော့ လူသစ် မင်းလည်းစားလေ၊ ဘာတွေငေးနေတာလဲ"

အတွေးစွေနဲ့ ငြိမ်သက်နေသောကြောင့် သူမက ကျွန်တော့်ကို လှမ်းသတိပေးသည်။ အမေ့ရှေ့မှာ မျက်နှာမပျက်စေနဲ့ဟု သတိပေးခံထားရတာကို သွားသတိရသောကြောင့် ကျွန်တော် ချက်ချင်းပင် ရယ်မောလိုက်ရင်း

"အမေကတော့ နောက်ဆိုရင် ဒီမှာပဲ လာစားပါတော့မယ် တကိုကို လုပ်တော့မလား မသိဘူး"

"ဟယ် ငါ့သားကတော့ ပေါက်ပေါက်ရှာရှာတွေ ပြောတော့မယ်"

"အို ဘယ်လိုပေါက်ပေါက်ရှာရှာ ဖြစ်နိုင်မှာလဲ၊ အမေသာ နေ့တိုင်းစားချင်တယ်ဆိုလည်း သမီးက နေ့တိုင်းပို့ပေးမှာပေါ့"

"အားနာလှပါတယ် သမီးရယ်၊ ခုလို သွေးမတော်သားမစပ် အမေတို့ကို အစအဆုံးလိုက်ကူညီတာ ဒီကျေးဇူးကို ဘယ်လိုတုံ့ပြန်ရမှန်းတောင် မသိပါဘူး"

ပြောနေရင်းတန်းလန်းနှင့် အမေ့မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ အိုင်ဖွဲ့လာ၏။ ကျွန်တော် မျက်နှာကိုတစ်ဖက်သို့ လှည့်ထားလိုက်မိသည်။ ရင်ထဲမှာ ဆို့နင့်တက်လာသော အလုံးကြီးကို ဘယ်လိုပြန်မြို့ချရမှန်း





သိ။

"မငိုနဲ့ အမေ၊ ဒါ ဘာမှငိုစရာမဟုတ်ပါဘူး။ ဝမ်းသာရမှာလေ၊ သမီးကိုယ်တိုင်လည်း မေမေဆုံးသွားပြီးတဲ့နောက်မှာ နောက်ထပ်အမေတစ်ယောက် အစားရတယ်လို့ သဘောထားမယ်၊ အမေကလည်း သမီးသားတစ်ယောက် ထပ်ရတယ်လို့ သဘောထားပေးလို့ မရဘူးလားဟင်"

"ရတာပေါ့ သမီးရယ်၊ ရတာပေါ့ ဘာဖြစ်လို့ မရရမှာလဲ"

မျက်ရည်များကြားကနေ အမေ အပြုံးဖြင့် ပြန်ဖြေသည်။

"ဒါဆိုရင် သမီးတို့ ပျော်ပျော်ရွှင်ရွှင် နေမယ်လေ၊ မျက်ရည်တွေ သုတ်ပစ်လိုက်တော့၊ အမေ ကြိုက်တဲ့အစားကိုကုန်အောင်သာစား ဟုတ်ပြီလား။ ဟိုကောင်လေးလည်း ဘာမှဟိုဟိုဒီဒီတွေ လျှောက်ငေးမနေနဲ့ စားစရာရှိတာ စားတော့"

သူမက ကျွန်တော့်ကို ကလေးတစ်ယောက်လို ဆူတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရ၏။ မသိရင်ဘဲ သူမနဲ့ကျွန်တော်တို့ သိကျွမ်းခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော ရင်းနှီးမှုလိုလို။

"စားလေ ဘာကြည့်နေပြန်ပြီလဲ"

ဒုတိယအကြိမ် သူမ ထပ်မာန်လိုက်ချိန်မှာတော့ ပန်းကန်ပေါ်ချထားသော ဓားနဲ့ခက်ရင်းကို ခပ်မြန်မြန်ပြန်ကောက်ကိုင်ရင်း စားသောက်ခြင်းအမှုကို စတင်လိုက်သည်။ ဘာပဲဖြစ်ဖြစ် အမေ့အတွက် ဒီတစ်နေ့တည်းနဲ့တင် သူမ ကူညီပေးထားခဲ့တာတွေ များနေပါပြီလေ။ ပြောရရင် ကျွန်တော့်အတွက်တော့ သူမက ကျေးဇူးရှင်တစ်ယောက် ဖြစ်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမသာ ရောက်မလာခဲ့ရင် ခုလိုမျိုး အကူအညီမပေးခဲ့ရင် ကျွန်တော် ဘာမှလုပ်တတ်မှာမဟုတ်။ အမေ့မှာ ဒီလောက်တိုတောင်းသော သက်တမ်းလေးသာ ကျန်တော့မှန်းလည်း ကျွန်တော် စောစောစီးစီး သိခွင့်ရမှာမဟုတ်။ ဘာပဲပြောပြော သူမ အကူအညီတွေက ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်အောင် ဖြစ်နေခဲ့ပါပြီ။

စားသောက်ပြီးလို့ အိမ်အပြန်မှာလည်း ဆရာဝန်ပေးလိုက်သော ဆေးတွေကို အချိန်နှင့်အတိအကျတိုက်ရန် ကျွန်တော့်ကို မှာကြားနေသေးသည်။

"အမေ့ရောဂါက ဆေးသောက်လိုက်တာနဲ့ သက်သာသွားမှာပါ အမေရဲ့"

အမေ့ဘက်လှည့်ကာ မျက်နှာထားချိုချိုလေးထားလျက် အဲဒီလို မျိုးလည်း နှစ်သိမ့်လိုက်သေးသည်။ ကားကြီးနဲ့ထွက်ခွာသွားပြီး ထိုအကောင်းစားကားကြီးနှင့် အိမ်ပြန်လာခဲ့သော ကျွန်တော်တို့သားအမိကိုတစ်ရပ်ကွက်လုံးကတော့ ဘယ်လိုတွေထင်နေမလဲ မသိ။

"လိုတာရှိရင် ကိုယ့်ဆီ အချိန်မရွေး ဖုန်းဆက်ပါ မောင်လေး ကိုယ်ပေးထားတဲ့ လိပ်စာကဒ်ရှိသေးတယ် မဟုတ်လား"

ကျွန်တော် ခပ်မြန်မြန်ပင် ခေါင်းညိတ်ပြလိုက်သည်။

"ရှိပါတယ် မမ"

သူမ မျက်ဝန်းမှာ တောက်ပသော အလင်းတန်းတွေ ဖြာဆင်းသွား၏။ အနီရဲရဲ ဆိုးဆေးတင်ထားသော နှုတ်ခမ်းလေး မသိမသာ ပွင့်ဟသွား





သည်။ ကျွန်တော်က သူမကို မမလို့ ခေါ်ဝေါ်လိုက်သောကြောင့် ဖြစ်၏။ အမေက သမီးလို့ခေါ်ပြီး သူမကိုယ်တိုင်ကလည်း အမေလို့ ပြန်ခေါ်ဝေါ်နေတော့ ကျွန်တော့်အတွက်လည်း ဒေါ်လရောင်ငြိမ်းချမ်းဟာ အစ်မတစ်ယောက်ဖြစ်သွားပြီဆိုသည့် အတွေးမျိုးဖြင့် ကျွန်တော် ခေါ်လိုက်ခြင်းဖြစ်သည်။

"ဒါဆိုရင် ကိုယ်ပြန်တော့မယ်နော်"

နှုတ်ဆက်ထွက်ခွာသွားသော သူမ နောက်ကျောပြင်ကို ငေးမောရင်း ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းမှုတွေ တိုးဝင်လာပြန်၏။ အမေ့အတွက် ကုသန်ရတော့မယ့်အချိန်က ဘယ်လောက်မှ မကျန်တော့ဘူးတဲ့။ ဒီအချိန်ကာလအတွင်းမှာ အမေ့ကို စိတ်ချမ်းသာအောင် ကျွန်တော် ဘယ်လိုထားရမလဲ။

သေချာတာကတော့ မနက်ဆိုစျေးထွက်ဖို့ကိစ္စတွေနှင့် နာရီမပြတ်အလုပ်ရှုပ်နေရသောကိစ္စမျိုးတွေကနေ အမေ့ကို အနားယူခိုင်းရတော့မည်။ အမေ့တာဝန်အားလုံးက ကျွန်တော့်ထံမှာ စုပြုံရောက်ရှိလာ၏။ ကျောင်းတက်ရမှာလည်း ဒီတစ်ခါတော့ အပြီးတိုင် ဝေးကွာရတော့မှာပါ။

"အမေ တစ်နေ့လုံးပင်ပန်းလာတာ နားလိုက်ဦးလေ"

အမေ့ကို သက်သက်သာသာ နေစေချင်တော့သော ဆန္ဒများဖြင့် ကျွန်တော် ပြောတော့ အမေက မျက်မှောင်ကြီးကျုံ့လိုက်ရင်း

"ဒီအချိန်က သားအဖေကို ရေပတ်တိုက်ပေးရမယ့်အချိန်လေ၊ အမေ မပင်ပန်းပါဘူး သားရဲ့"

"အဲဒါ သားလုပ်လိုက်ပါ့မယ်၊ အမေသာ တစ်ရေးတစ်မော သွား



www.burmeseclassic.com

www.burmeseclassic.com



အိပ်လိုက်ဦး''

အမေ့နောက်ကျောလေးကို ဖွဖွတွန်းခေါ်လာလျက် အိမ်ရှေ့မှာ အရံသင့်ခင်းထားသော ဖျာလေးပေါ် လှဲစေလိုက်သည်။

''ဒီလောက်ကတော့ သားလည်းလုပ်နိုင်ပါတယ် အမေရယ်၊ နေရာတကာ အမေတစ်ယောက်တည်း အပင်ပန်းခံနေဖို့ မလိုပါဘူး''

''သားက စာကျက်ရဦးမယ်လေ၊ ဒီနေ့ ကျောင်းမသွားထားတော့ မောင်ဟန်မြွတ်သူဆီသွားပြီး စာတွေဘာတွေကူးချည်ဦး''

အမေ အဲဒီလိုပြောလိုက်တော့ ကျွန်တော့်ရင်ထဲမှာ မွန်းကျပ်လာသည်။ ကျွန်တော့်ရဲ့ဘဝက ရှေ့လျှောက်ဘယ်လိုဖြတ်သန်းရမယ်ဆိုတာတောင် ကိုယ့်ဘာသာ ရေရေရာရာ မဆုံးဖြတ်နိုင်သေးသည့်အဖြစ်။

''ရပါတယ် အမေရယ်၊ ဒီလောက်လည်း မဟုတ်ပါဘူး၊ နောက်ရက်ကျမှ အေးအေးဆေးဆေး ကူးလည်းရပါတယ်၊ ဒီနေ့ကတော့ အိမ်မှာပဲ သားနေပါ့မယ်၊ အမေလည်း ကိုယ့်ဘာသာ စိတ်ပေါ့ပေါ့ပါးပါးနဲ့ အိပ်လိုက်ဟုတ်ပြီလား၊ ရေပတ်တိုက်ပေးတာလောက်ကတော့ သားအတွက် မခက်ပါဘူး''

ကျွန်တော့်ကို ပြောမရတော့ဘူးဆိုတာ အမေက လက်ခံလိုက်သည့်မျက်နှာပေးဖြင့် ခေါင်းကိုသာသာလေး ညိတ်ပြသည်။ တော်ပါသေး၊ ဆက်ပြီးတော့သာ ဖွတ်ပြောနေရင် ကျွန်တော် စကားလုံးရှာမရဖြစ်တော့မှာ

''ရေနွေးနွေးလေး တည်ပြီးမှ လုပ်နော် သား၊ ကျောဘက်ကို ဖွဖွလေးသုတ်ပေး၊ လှဲနေရတာကြာတော့ အသားအရေတွေ သိပ်အာထိ...





...ချင်ဘူး''

''ဟုတ်ကဲ့ အမေ၊ သား သတိထားပါ့မယ်''

အမေ့ကို ရေပတ်တိုက်ပေးနေရင်းနှင့် ကျွန်တော့်အတွေးများက ခေါ်လရောင်ငြိမ်းချမ်းဆီ ရောက်ရှိသွားသည်။ အမေ့ကိစ္စကို လိုက်ကူညီပေးခဲ့သည့်အတွက် အလွန်ကျေးဇူးတင်မိပေမယ့် ဘာရည်ရွယ်ချက်နဲ့ ဒီလိုမျိုးတွေ လိုက်ကူညီနေတယ်ဆိုတာတော့ ကျွန်တော် နားမလည်နိုင်။

သူမရဲ့မောင်လေးအဖြစ် ဟန်ဆောင်ပေးစေချင်တာ တစ်ခုတည်းအတွက် ခုလို လုပ်ပေးနေခဲ့တာလား။ ဒီနည်းနဲ့ ကျွန်တော့်ကို ရုန်းထွက်ရအောင် ချည်နှောင်လိုက်တာလား။ တကယ်ဆိုရင် သူမ တောင်းဆိုသောအကြောင်းအရာက လူသတ်ရတာလည်းမဟုတ်၊ ခိုးဝှက်ရတာလည်းမဟုတ်၊ ...စားဆိုင်းတာလည်းမဟုတ်ပေမယ့် ဟန်ဆောင်ရမှာလေ၊ ကျွန်တော် တစ်ခါမှမမြင်ဘူး မတွေ့ဘူး မဆက်ဆံဘူးသော လူတစ်ယောက်နေရာမှာ အစားထိုးပြီး နေထိုင်ပေးရမှာ။

တစ်ခုခု မှားယွင်းသွားခဲ့ရင် ဘယ်လိုလုပ်မလဲ။ ပြီးတော့ အဲဒီလို ဟန်ဆောင်နိုင်းရသည့် သူမရဲ့အဓိကရည်ရွယ်ချက်ကိုလည်း ကျွန်တော် သိခွင့်မရသေးဘူးလေ။ ဟန်ဆောင်ပေးပါ့မယ်လို့ ကတိပေးမှသာ သူမ၏ အကြောင်းရင်းမှန်ကို ဖွင့်ပြောပြပါ့မယ်လို့ ဆိုခဲ့တာ မဟုတ်လား။

''လူသစ်ရေ ဟော့ကောင် လူသစ် မင်းရှိလား''

အမေ့ကို အဝတ်အစားလဲလှယ်ပေးပြီးတော့ အိမ်နောက်ဖေးမှာ ...ရာရှိသည့်ပန်းကန်ခွက်ယောက်များကို ဆေးကြောနေတုန်းမှာ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆီမှ ခေါ်သံကြားလိုက်ရသည်။ ဒါ ကိုဆန်း အသံပဲ။ ဆေးလက်စများကို ထားခဲ့လိုက်ပြီး အိမ်ရှေ့ဆီ ထွက်လာခဲ့လိုက်သည်။ အပေါက်ဝကနေ တကြော် ကြော်အော်ခေါ်နေသော ကိုဆန်း။

"ကျွန်တော် ဒီမှာဗျ"

"အေး မင်းရှိသားပဲ"

"ရှိတာပေါ့ဗျ။ ကျွန်တော်က ဘယ်သွားရမှာလဲ၊ လာ အိမ်ထဲ ဝင်ဦးလေ"

"မဝင်ဘူးကွာ၊ အိုက်တယ် ဒီမှာပဲထိုင်ရအောင်"

အိမ်ရှေ့တည့်တည့်မှ ပိတောက်ပင်ကြီးခြေရင်းမှာ ကျွန်တော်တို့ နှစ်ယောက် ထိုင်လိုက်ကြသည်။ အပင်က အရွက်တွေ ဝေဝေဆာဆာနှင့် နေ့လယ်နေ့ခင်းဆို ဝါးပက်လက်ကုလားထိုင်လေးတွေနှင့် လာလာအိပ်ကြ သည့် ရပ်ကွက်ထဲက လူတချို့တောင် ရှိသေးသည်။

"မင်းမနက်က ဖုန်းဆက်တုန်းက ငါကောင်းကောင်းမပြောလိုက် နိုင်ဘူးကွာ"

ကိုဆန်း ခုလို ပြန်အစဖော်တော့မှ ကျွန်တော့်ခေါင်းထဲ ထိုကိစ္စ ပြန်ဝင်ရောက်လာသည်။ မနက်က ဖုန်းပြောနေရင်းတန်းလန်းနှင့် ကိုဆန်း အရေးတကြီး ဖုန်းချသွားခဲ့တာမဟုတ်လား။ ဘာတွေများ ဖြစ်ခဲ့တာပါလိမ့်

"ဆောရီး ကိုဆန်းရယ်၊ ကျွန်တော်လည်း မေးဖို့မေ့သွားတယ် မနက်က ကိုဆန်း ဘာဖြစ်တာလဲ၊ ကြားလိုက်ရတာတော့ သိပ်မဟန်သလို ပဲ"





"အေးကွာ ပွဲခကို သူတို့ကို ချန်ခဲ့လို့ဆိုပြီး ငါ့ကို ပလိန်းကြီး ရန်ရှာတာကွာ၊ တကယ်ဆို ဒီအခန်းက ငါ့ကိုပိုင်ရှင်အရင် အပ်ထားခဲ့တာ"

"ဟူး ကိုဆန်းတို့လောကကလည်း အဲဒါတစ်ခုတော့ စိတ်ရှုပ်စရာ ကြီး"

ကျွန်တော် စိတ်ပျက်လက်ပျက် ညည်းညူမိတော့ ကိုဆန်းက မျက်နှာကြီးကို မဲ့ရွဲ့ကာ

"အဲဒါ တစ်ခုတည်းမဟုတ်ဘူး ဟော့ကောင်ရေ နောက်ထပ် စိတ်ရှုပ်စရာတွေ အများကြီး အများကြီးကျန်သေးတယ်၊ ကဲ ထားပါ မင်း ဖုန်းထဲမှာ ပြောတဲ့ အကူအညီတစ်ခု တောင်းမယ်ဆိုတာ ဘာလဲ ပြော"

ကျွန်တော် သက်ပြင်းလေးချမိသည်။ ဘာကိုဘယ်လို စပြောရ မလဲလို့လည်း ခေါင်းထဲမှာ စဉ်နေမိ၏။

"ပြောလေကွာ မင်းဟာက သက်ပြင်းကြီးချပြီး ငြိမ်နေတယ်"

"ဘယ်က စပြောရမှန်းတောင် မသိတော့လို့ပါ ကိုဆန်းရာ"

"ဟာ မင်းဘာသာ အဆင်ပြေတဲ့နေရာက စပြောပေါ့ကွ"

"တကယ်တော့ ကိုဆန်းဆီက ပိုက်ဆံနည်းနည်းချေးဖို့ ကျွန်တော် ရည်ရွယ်ဆက်သွယ်ခဲ့တာပါ"

"ဟေ ပိုက်ဆံချေးမလို့ ဟုတ်လား၊ မင်းဘာတွေ အရေးပေါ်နေ လို့လဲ၊ ကြွေးရှင်လာတောင်းလို့လား"

"မဟုတ်ပါဘူးဗျာ ဖြစ်ပုံက ဒီလိုဗျ"

ဖြစ်ကြောင်းကုန်စင်ကို မချွင်းမချန် ပြောပြလိုက်တော့ ကိုဆန်းက

www.burmeseclassic.com

မျက်လုံးပြူးတဲ့နေရာမှာပြူး ပါးစပ်အဟောင်းသားပွင့်သည့်နေရာမှာပွင့်လျက် စိတ်ဝင်တစား နားထောင်ပေးသည်။

အမေ့ရောဂါအကြောင်း ပြောပြတော့ ကိုဆန်းမျက်နှာ မှိုင်ကျသွား၏။

"ငါ ယုံတောင် မယုံနိုင်ဘူးကွာ"

"ဟုတ်တယ် ကိုဆန်း၊ ကျွန်တော် ဘယ်လိုဆက်ဖြတ်သန်းရ မလဲဆိုတာတောင် မသိတော့ပါဘူး"

ထိန်းသိမ်းဖို့ခက်ခဲသော မျက်ရည်တွေက ထပ်စီးဆင်းလာပြန် သည်။ ကိုဆန်းရှေ့မှာတော့ ဒီမျက်ရည်တွေကို ကျွန်တော် မသုတ်မိတော့ပါ။

"မင်းရင်ထဲမှာ ဘာတွေဖြစ်နေမယ်ဆိုတာ ငါ နားလည်ပါတယ် ကွာ၊ အခု အန်တီရော"

"ကျွန်တော် အတင်းပြောပြီး အိပ်ခိုင်းထားရတယ်၊ မဟုတ်ရင် အဖေ့ကို ရေပတ်တိုက်ပေးဦးမယ် လုပ်နေလို့"

"လောလောဆယ်ရော မင်းမှာ သုံးဖို့စွဲဖို့ ငွေရှိရဲ့လား"

ကျွန်တော် ဘာမှပြန်မဖြေမိဘဲ အဝေးတစ်နေရာကိုသာ ငေး မိသည်။ ကျွန်တော့်အပေါ်မှာ ကံတရားက ရက်စက်လွန်းလှပါသည်။ အဖေ ဖြစ်သူက နာတာရှည်အိပ်ရာထဲမှာ လဲနေပြီး အားကိုးရာ အမေကိုလည်း ရောဂါဆိုးတစ်ခု ထပ်ထည့်ပေးသည်။

ဒီလောကကြီးထဲမှာ ကျွန်တော့်အတွက် အားကိုးအားထားရာဆိုင် ဘယ်သူမှ မရှိတော့ဘူးလား။ ကျွန်တော်တစ်ယောက်တည်းနဲ့ ဘယ်





ရင်ဆိုင်ဖြတ်သန်းရတော့မှာလဲ။ စိတ်ထဲမှာ အားငယ်စိတ်များဖြင့် ပြည့်နှက် နေ၏။ ဖြစ်နိုင်ရင် အော်ကြီးဟစ်ကျယ် ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်သည်။ ဒီလိုအခြေအနေမျိုးကို ရင်ဆိုင်လာရသော ယောကျ်ားတစ်ယောက်မှာရော အဲဒီလို ငိုပစ်လိုက်ပိုင်ခွင့် မရှိဘူးလား။

"ကျွန်တော် စိတ်ညစ်တယ် ကိုဆန်း"

"ဘာမှစိတ်ညစ်မနေနဲ့၊ ဒီအချိန်မှာ စိတ်ညစ်နေတာက ဘာကိုမှ ကောင်းမလာစေနိုင်ဘူး။ အတတ်နိုင်ဆုံး မင်းစိတ်ကို တင်းထား။ အခုက မင်းကိုယ်မင်းမှ မထိန်းနိုင်ရင် အားလုံးတစ်စစီ ဖြစ်သွားလိမ့်မယ်"

ကျွန်တော့်ပခုံးကို ဖွဖွပုတ်လျက် ကိုဆန်းက အားပေးစကားပြော သည်။

"ပြီးတော့ မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွာ၊ ငါလည်း ရှိနေတာပဲ၊ ပြီးတော့ မင်းကို ဒေါ်လရောင်ငြိမ်းချမ်းကလည်း လိုအပ်တဲ့ အကူအညီအားလုံးပေးမယ်လို့ ပြောထားခဲ့သားပဲကွာ"

ကိုဆန်းကို ကျေးဇူးတင်စွာနှင့် ကျွန်တော် ကြည့်မိသည်။ ဘာပဲ ဖြစ်ဖြစ် ကိုဆန်းတစ်ယောက်တော့ ကျွန်တော့်နားမှာ ရှိနေပေးမှာ သေချာ နေပြီပဲလေ။

"မင်းအိမ်မှာ ဘာလုပ်စရာရှိသေးလဲ"

"ပန်းကန်တွေ ဆေးနေတာ ကိုဆန်း။ အမေနဲ့အဖေက အိပ်နေ တယ်"

"ဒီလိုဆို ငါ့အိမ်ကို မင်းခဏလိုက်ခဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းကိုငါ လောလောဆယ် လိုအပ်တာသုံးဖို့ ငွေနည်းနည်း ထုတ်ပေးလိုက်မယ်"

"ဟာ.. မဟုတ်တာဘဲ ကိုဆန်းရယ်"

အားနာနာနှင့် ငြင်းဆန်နေမိသော ကျွန်တော့်ကို ကိုဆန်းက လက်အတင်းဆွဲလျက် သူ့အိမ်ဆီ ခေါ်သွားသည်။ အခွင်းခန်းထဲ ဝင်သွားသော ကိုဆန်းကို ဧည့်ခန်းမှာ ထိုင်စောင့်နေရင်းနှင့် ကျွန်တော် မနေတတ်မထိုင်တတ် ဖြစ်နေသည်။ ကိုယ့်အိမ်ကိုယ့်ရာလို အမြဲတမ်း ဝင်ထွက်သွားလာနေသော ဒီအိမ်မှာ ထိုင်နေရတာ ခုတစ်ခါ စိတ်မလုံခြုံဆုံးပဲ။

"ရော့ ယူသွား။ လောလောဆယ်တော့ ငါလည်း ဒီလောက်ပဲ ပေးနိုင်သေးတယ်ကွာ"

လက်ထဲကို ရောက်လာသော တစ်ထောင်တန်တစ်အုပ်။ ဒီလောက်ပေးလိမ့်မယ် မထင်ထားတော့ ကျွန်တော် အသည်းအသန် ပြန်ငြင်းမိသည်။

"ယူထားလိုက် ငါလည်း ဒီတစ်ခေါက် တော်တော်လေး အဆင်ပြေသွားလို့ ပေးနိုင်တာ"

ပိုက်ဆံထုပ်ကို ပြန်ထိုးပေးနေသော ကျွန်တော့်လက်များကို ကိုဆန်းက အတင်းပြန်တွန်းထုတ်လိုက်၏။

"ဒီလောက်အများကြီးတော့ ကျွန်တော် မယူချင်ပါဘူး ကိုဆန်းရာ၊ လောလောဆယ် သောက်ရမယ့် ဆေးတွေဘာတွေကလည်း ခေါ်လ





ရောင်ငြိမ်းချမ်း ဝယ်ပေးသွားလို့ ပိုက်ဆံဒီလောက် မလိုသေးပါဘူး"

"အနိတိကာ အစာအိမ်ဖြစ်နေတာကွ၊ မင်းတို့စားနေကျ အစားအသောက်တွေနဲ့ဆို အခြေအနေ ပိုဆိုးကုန်မှာပေါ့၊ မသိခင်တုန်းကတော့ ပြဿနာမရှိပေမယ့် သိပြီးနောက်ပိုင်းမှာ ကိုယ့်ဘက်က တတ်နိုင်သလောက် လုပ်ပေးရမှာက ဝတ္တရားပဲကွ၊ ငါပြောတာ မင်းနားလည်ပါတယ်နော်"

ငွေတစ်ထောင်တန်အုပ်ကို လက်ထဲမှာ ဆုပ်ကိုင်ထားရင်း ကိုဆန်းကို ကျွန်တော် ဆွံ့အစွာ ငေးကြည့်နေမိသည်။

"ကဲပါ မင်းကိုယ်တိုင်လည်း ဘာမှဝယ်တတ်ခြမ်းတတ်မှာ မဟုတ်ပါဘူး၊ လာ ငါနဲ့အတူ ဈေးဝယ်ထွက်ကြမယ်"

ကျွန်တော့်ပခုံးကို တင်းတင်းဖက်ကာ ကိုဆန်းက ဆွဲခေါ်သွားသည်။ လိုအပ်တဲ့စားသောက်စရာများကို သူကိုယ်တိုင် လိုက်လံဝယ်ခြမ်းပေးပြီး အိမ်ရှေ့ထိ လိုက်ပို့ပေး၏။

"မနက်ဖြန် မင်းကျောင်းသွားတော့ ဘယ်လိုလုပ်မှာလဲ"

"အမေက သူ့ကိုယ်သူ နေမကောင်းဖြစ်နေတာကို မသိသေးဘူးလေ၊ အဲဒီတော့ ပုံမှန်အတိုင်း မနက်အစောကြီးထပြီး ဈေးထွက်ဖို့လုပ်မှာပဲ၊ ကျွန်တော်လည်း ဘယ်လိုပြောပြီး တားရမှန်းကို မသိဘူး။ ဒါပေမဲ့ ကျွန်တော် ရအောင်တော့ ပြောမှာပါ၊ မနက်ဖြန် ကျွန်တော်ပဲ 'ဈေးထွက်လိုက်မယ်လေ'"

"ငါမေးတာက မင်းမနက်ဖြန် ကျောင်းဘယ်လိုသွားမလဲလို့ မေးနေတာ"

ကျွန်တော် ကျောင်းမသွားတော့ဖို့ စဉ်းစားထားကြောင်း ကိုဆန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်ကစပြောရမှန်း မသိ။ စကားစရှာမရသောကြောင့် ခေါင်းကို အောက်သို့ ငုံ့စိုက်ထားမိသည်။

"ကျောင်းမတက်တော့ဖို့ မင်းတွေးနေတာလား လူသစ်"

ကျွန်တော် အံကိုကြိတ်ထားမိ၏။ ကျွန်တော် ကျောင်းတက်ပြီး တော့ရော အိမ်အတွက်ဘာတွေများ ထောက်ပံ့ပေးနိုင်မှာမို့လို့လဲ။ အပြင်မှာ အလုပ်တစ်ခုခု ထွက်လုပ်လိုက်တာကမှ ငွေကြေးအနည်းငယ် ရှာနိုင်ဖွေနိုင် ဦးမည်။ ဒါပေမဲ့ အဲဒီစကားတွေကို ကိုဆန်းကိုတော့ ထုတ်မပြောဖြစ်ပါ။

"ကျောင်းမတက်ရင် မင်းဘဝကြီးတစ်လျှောက်လုံး သိမ်ငယ်ရ လိမ့်မယ်ကွ"

ကျွန်တော့်စိတ်ကူးကို ကိုဆန်း ရိပ်မိမှာပါ။ မချိတင်ကဲသံကြီးဖြင့် ပြောလာသည်။

"ဒီလိုဆို ကျွန်တော် ဘာလုပ်ရမလဲ ကိုဆန်း။ ကျောင်းတက် မယ်ဆိုရင် အိမ်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဘယ်နည်းနဲ့မှ အထောက်အကူမဖြစ်စေဘူး။ လောလောဆယ် အပြင်မှာ အလုပ်တစ်ခုခု ထွက်လုပ်တာကမှ ကျွန်တော့်အတွက် အကောင်းဆုံး ဆုံးဖြတ်ချက်ပါ"

"မင်းဘာအလုပ်ထွက်လုပ်မှာလဲ၊ ဘာလဲ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးသွားဝင်လုပ်ဦးမလို့လား။ ဒီခေတ်ကြီးမှာ လုံခြုံရေးအစောင့်တောင် ဘွဲ့ရမှ ခန့်တာကွ၊ သန့်ရှင်းရေးဆိုရင် အနည်းဆုံး ဆယ်တန်းအောင်ရတယ်"

ပြောချင်တာကတော့ ကိုးတန်းတက်လက်စ ပညာအရည်အချင်း လေးလောက်နှင့် လုံခြုံရေးတို့ သန့်ရှင်းရေးတို့လောက်တောင် ကျွန်တော်





ဝင်လုပ်ဖို့ မဖြစ်နိုင်ဘူးဆိုသည့် သဘော။

"ဒီတော့လည်း ကိုဆန်း ပြောသလို စားပွဲထိုးပဲဖြစ်ဖြစ် ဝင်လုပ်ရ မှာပေါ့ဗျာ"

"အဲဒီတော့ မင်း ဘယ်လောက်ရှာနိုင်မှာတဲ့လဲ"

ကိုဆန်းရဲ့ဆန္ဒကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော့်ကို ကျောင်းဆက်တက်စေချင်တဲ့ စေတနာအဓိကဖြင့် ခုလိုစကားတွေ ပြောဆို နေတယ်ဆိုတာ။

"အနည်းဆုံးတော့ ကျွန်တော်တို့ စားဖို့သောက်ဖို့လေး ရတာပေါ့"

"ဒါကလည်း မင်းကို အဲဒီဆိုင်က ပြန်ခန့်ဦးမှလေ"

ကျောင်းမထွက်စေချင်သောဆန္ဒဖြင့် ကျွန်တော့်ကို အတင်းမရမက အဆိုးဘက်အမြင်တွေပဲ ကိုဆန်း ဆက်တိုက်ပြောနေသည်။ ထိုစေတနာကို သဘောကျစွာဖြင့် ကျွန်တော် ရယ်မောလိုက်မိသည်။

"ဒီလိုဆိုတော့လည်း ဈေးပဲပြန်ထွက်မှာပေါ့ဗျ။ ကျွန်တော့်အတွက် တစ်ခုမဟုတ်တစ်ခုတော့ လုပ်စရာရှိပါတယ် ကိုဆန်းရယ်"

ကိုဆန်း သက်ပြင်းချသည်။ ခေါင်းတခါခါနှင့်။

"မင်းကို ဘယ်လိုပြောရမလဲဆိုတာ ငါတကယ်ပဲ မသိတော့ဘူး လူသစ်ရာ"

"ပြောမနေပါနဲ့တော့လေ၊ ကျွန်တော်ကိုယ်တိုင်က ဆုံးဖြတ်ချက် ချထားတာပါ"

"အေးကွာ ဒီလိုဆိုလည်း လိုအပ်တာရှိရင် အချိန်မရွေး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြော တုတ်ပြီလား။ ငါက တစ်ယောက်တည်းသမားဆိုတော့ မင်းက ငါ့အတွက် တကယ့်ညီလေးအရင်းလိုပါပဲကွာ"

"ခုလို အားပေးကူညီတာ တကယ်ပဲ ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူးကွ။ ငါတို့ကြားမှာ ဒါတွေက ပမွှားပါ၊ ဒါနဲ့ ဟိုအမျိုးသမီးရော မင်းကိုဘာပြောသေးလဲ၊ သူ အကူအညီတောင်းထားတဲ့ကိစ္စ"

"အတင်းအကျပ်လုပ်နိုင်းမယ့်ပုံတော့ မရှိပါဘူး"

"အေးလေ တကယ်ဆိုရင် သူနဲ့လည်း ဘာမှမပတ်သက်ဘဲ ဒီလိုလိုက်ကူညီပေးထားတာ၊ မင်းသူ့ကိုလည်း ကျေးဇူးတင်သင့်တယ်"

"ကျွန်တော် နားလည်ပါတယ် ကိုဆန်း"

ကျွန်တော် လေးလေးနက်နက်ဖြေလိုက်တော့ ကိုဆန်းက သဘောတကျပြုံးသည်။

"ကဲ ဒါဆို ငါသွားတော့မယ်၊ တစ်ခုခုဆို ငါ့ကိုလာပြောနော်၊ အားနာမနေနဲ့"

နောက်ဆုံး နှုတ်ဆက်ထွက်ခွာသွားသည်ထိ ကိုဆန်းက သူ့ကို အားနာစရာမလိုကြောင်း တဖွဖွပြောသည်။ တကယ်တော့ သူတို့ ဘယ်လောက်ပဲ အားမနာပါနဲ့လို့ပြောပြော သူစိမ်းတစ်ယောက်အနေနဲ့ ဒီလောက်ထိ လိုက်ကူညီပေးထားခဲ့သော သူတို့နှစ်ယောက်လုံးကို ကျွန်တော် အားနာမျက်နှာပူမိပါသည်။

ဒီကျေးဇူးတရားကို ဘယ်လိုနည်းတွေနဲ့ ပြန်ပေးဆပ်ရမလဲ မသိ...

■ ■ ■



## အခန်း (၃)

မနက်အစောကြီး ကျွန်တော်ဈေးဗန်းခင်းနေတုန်း အနားသို့ ငါး ဆောင်းသည့် ဒေါ်ကြီးရွှေ ရောက်လာသည်။

"ဟဲ့ ကောင်လေး မခင်မရော"

"အမေ နေမကောင်းလို့ ကျွန်တော် အတင်းအကျပ်ပြောပြီး အိမ်မှာ အားနဲ့ရတယ် ဒေါ်ကြီးရေ"

"ချီးနာပြန်ပလား"

"ခါးနာတာက လူကြီးဆိုတော့ အထိုင်အထ အလေးအပင် မ သူမြတ်ဘာများလို့ ဖြစ်တာပါတဲ့၊ အစားအသောက်မမှန်တော့ အစာအိမ်နည်း နည်း ဒုက္ခပေးချင်နေတာလေ"

"ဟယ် မပေါ့နဲ့လေ"

"ဒါကြောင့်လည်း ကျွန်တော်ပဲ ဈေးလာထွက်တာပေါ့ဗျာ"



www.burmeseclassic.com

"အေးလေ နင့်အမေက အစားအသောက်ကို ကောင်းကောင်းမှ မစားဘဲ၊ ဖြစ်တော့မှာပေါ့။ အမြဲတမ်း အဆာခံပြီးနေတယ်"

ဒေါ်ကြီးက ကရုဏာဒေါသောဖြင့် ပြောသည်။ မျက်နှာကတော့ မကောင်း။

"နင်က ဈေးလာထွက်တော့ ဒီနေ့ ကျောင်းမသွားဖြစ်ဘူးပေါ့"

ကျွန်တော် မဖြေချင်ဆုံး မေးခွန်းနှင့် လာတိုးနေပြန်ပြီ။ မချိတင်ကဲ ပြုံးလျက် ခေါင်းခါလိုက်သည်။

"လောလောဆယ်တော့ ကျွန်တော် ကျောင်းခဏနားလိုက်မယ်လို့ စိတ်ကူးထားတယ်"

"ဟဲ့ နင့်ဟာက ဘာဖြစ်လို့ဖြစ်ပြန်တာတုန်း။ နင်ကျောင်းနားရလောက်အောင်ထိ မခင်မေက နေမကောင်းဖြစ်နေတာလား"

"အမေလည်း အသက်အရွယ်ရလာပြီဆိုတော့ နားစေချင်တာလည်း ပါတာပေါ့လေ"

အမေ့ရောဂါအကြောင်း ဒေါ်ကြီးကိုအမှန်အတိုင်း ပြောလိုက်ရင် အမေ့နားထဲ ပြန်ပေါက်ကြားမှာစိုးသောကြောင့် ကျွန်တော် ခပ်ဖော့ဖော့လေးပဲ ပြောထားလိုက်၏။

"ဟယ် ခုမှ ကျောင်းပြန်တက်တာကို နင် အဲဒီလိုထွက်လိုက်တော့"

"ကျွန်တော်က အချိန်မရွေး ပြန်တက်လို့ရပါတယ်ဗျာ၊ ပညာရေးအိုသည်မရှိပါ၊ ခုချိန်မှာတော့ အမေ့ကျန်းမာရေးကိုပဲ အလေးထားဖို့ ဆုံးဖြတ်





လိုက်တယ်"

ဒေါ်ကြီးရှေ့ကို စကားဆက်မခံဘဲ ကျွန်တော် ဖြတ်ပြောလိုက်သည်။ ကျောင်းမတက်တော့ဖို့ ဆုံးဖြတ်လိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး ဘယ်သူ့ကိုမှ ယပ်မဖြေရှင်းပြချင်တော့ပါ။

"အေးလေ မိဘဆိုတာကတော့ အမြဲတမ်း ဦးစားပေးအနေအထားမှာပဲ ရှိနေရမှာ မှန်ပါတယ်"

ထိုနေ့ ဈေးသိမ်းချိန်ထိ ကျွန်တော့်စိတ်များက ကျောင်းကိုသာ ရောက်နေသည်။ ဟန်မြတ်သူတစ်ယောက်တော့ ကျွန်တော့်ကို စိတ်ပူနေမှာ ကျိန်းသေသည်။ ညနေကျရင် ကျွန်တော့်အိမ်ကိုတောင် ဒီကောင် ရောက်သွားနိုင်သေး၏။

ထင်သည့်အတိုင်းပါပဲ။ ကျောင်းဆင်းဆင်းချင်းပင် အိမ်တောင်မပြန်မီ ကျွန်တော့်ဆီ သူ အပြေးလာခဲ့ပုံရ၏။ အိမ်ရှေ့မှာ ပန်းပင်တွေ ရေလောင်းနေသော ကျွန်တော့်ကိုမြင်တော့ ခြေလှမ်းကျဲကြီးများဖြင့် အနား ရောက်လာရင်း

"လူသစ် မင်းဘာဖြစ်လို့ ကျောင်းမလာတာလဲ၊ ဟာ မဟုတ်သေးဘူး မင်းဘာဖြစ်လို့ ကျောင်းဆက်မတက်ဖို့ ဆုံးဖြတ်လိုက်တာလဲ"

"မင်းဘယ်လိုသိတာလဲ"

"ငါ မင်းဆီလာတော့ လမ်းမှာကိုဆန်းနဲ့တွေ့ခဲ့တယ်"

"ဪ"

ဒီလိုဆို သူ့ကိုကျွန်တော့်အကြောင်းတွေအားလုံး ကိုဆန်း ပြောပြ

www.burmeseclassic.com



ခဲ့ပြီးသွားပြီပေါ့။ ဒီစိတ်ညစ်ကြေကွဲစရာတွေကို ကျွန်တော့်နှုတ်ကနေ ထပ်တစ်ခေါက်ပြောနေစရာ မလိုတော့ဘူးဆိုတော့ တော်ပါသေးရဲ့။

"မင်း အားလုံးသိပြီးပြီပေါ့"

"အေး ဟုတ်တယ်၊ အန်တီ့အကြောင်းလည်း သိခဲ့ရတယ်"

"ရှူး တိုးတိုး၊ ပြောကွ၊ အထဲမှာ အမေ ရှိတယ်"

"ဆောရီးကွာ၊ ငါ စိတ်လောနေလို့ကွ"

"လာ လာ ငါတို့ ဟိုနားသွားထိုင်မယ်"

ကိုဆန်းနဲ့အတူ ထိုင်ခဲ့သော ဝိတောက်ပင်ခြေရင်းကို ကျွန်တော် ခေါ်သွားလိုက်၏။

"အကြောင်းစုံကို မင်းသိပြီးလောက်ပြီဆိုတော့ ငါ ဘာမှထပ်မပြောချင်တော့ဘူးကွာ၊ နောက်ဆုံး ငါကျောင်းမတက်ဖို့ ဆုံးဖြတ်လိုက်တယ် ဒါမှလည်း ငါ့မိဘတွေကို ကောင်းကောင်းကြည့်နိုင်မှာလေ၊ ငါတို့အခြေအနေက နဂိုတည်းက မင်းသိတဲ့အတိုင်းပဲ"

"အဲဒါနဲ့ပဲ မင်းက ဘဝကိုအရှုံးပေးဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့"

"ဒီတစ်နှစ်လောက် ကျောင်းထပ်နားလိုက်တာက ဘဝကိုအရှုံးပေးရာတော့ မရောက်ပါဘူးကွာ"

"ဒါပေမဲ့"

ဟန်မြတ်သူ မျက်နှာတွေ အပျက်ပျက်။ ကျောင်းမှာက ကျွန်တော်တို့နှစ်ယောက်သား အတွဲအများဆုံးဖြစ်ခဲ့တာ။ ခုလိုမျိုး ကျွန်တော်ကျောင်းဆက်မတက်တော့ဘူးဆိုရင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရမှာကို စိတ်





ပျက်လက်ပျက် ဖြစ်နေပုံရ၏။ ဘယ်တတ်နိုင်ပါ့မလဲနော်။ ကျွန်တော်ကိုယ်တိုင်လည်း ကျောင်းတော့ဆက်တက်ချင်ပါရဲ့၊ အခြေအနေက ခုလိုဖြစ်လာတော့ ပိုအရေးကြီးသည့်အရာတွေကိုသာ ရွေးချယ်ရမှာပဲလေ။

"ကိုဆန်းပြောပြတော့ မင်းကို ဟိုအမျိုးသမီးက တော်တော်ကူညီသေးခဲ့တယ်ဆို"

"အေး ဟုတ်တယ်ကွ၊ သူ့ကိုလည်း ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမဲ့ ငါနဲ့ဘာမှမဟုတ်သက်တဲ့ သူစိမ်းဆိုတော့ အကူအညီတွေ ယူနေရတာ သိပ်မျိုးပဲ၊ စိတ်မလုံဘူး"

"ဒီတိုင်းမယူနဲ့ပေါ့ကွ၊ သူ တောင်းဆိုထားတာကို မင်းလိုက်လျောပေးလိုက်လေ"

"သူ တောင်းဆိုထားတာ ဟုတ်လား။ သူ့မောင်လေးအဖြစ် ငါ့ကို သရုပ်ဆောင်ခိုင်းနေတာလား"

"အင်းပေါ့၊ မင်းကျောင်းထွက်မှာထက်စာရင် အဲဒီလို သရုပ်ဆောင်ပေးရတာက ပိုမကောင်းဘူးလားကွာ"

ဟန်မြတ်သူကိုကြည့်ရတာ ကျွန်တော် ကျောင်းဆက်မတက်မယ့်အရေးကို မရမက တားမြစ်ချင်နေပုံရ၏။ သူထောက်ပြတာလည်း မှန်တော့မှန်ပါတယ်လေ၊ ကျောင်းဆက်မတက်ရတာထက်စာရင် ဒေါ်လရောင်ငြိမ်းချမ်းရဲ့မောင်လေးအဖြစ် ဟန်ဆောင်ပေးရတာက ပိုကောင်းမှာပါ။

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ စိုးရွံ့နေသည်။ တစ်ခုခု အမှားအယွင်းဖြစ်သွားရင် ကျွန်တော့်အတွက် ဘာတွေများ နစ်နစ်နာနာ ဖြစ်လာနိုင်သလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တွေးကြောက်မိခြင်းမျိုးဖြစ်၏။ ပြီးတော့ သူမတို့အသိုင်းအဝိုင်းက တော်တော်လေးကို ကြီးကျယ်ခမ်းနားမှာ ကျိန်းသေသည်။

ကျွန်တော်လို ဈေးသည်တစ်ယောက်၊ စားပွဲထိုးလောက်သာ လုပ်ခဲ့ဖူးသည့်လူတစ်ယောက်၊ ကလေးသာသာ ကျောင်းသားတစ်ယောက်က အဲဒီလို အသိုက်အဝန်းမျိုးထဲမှာ နေရဖို့ ထိတ်လန့်မိတာတော့ မလွန်ပါဘူး နော်။

"မင်းစဉ်းစားပေါ့ကွာ၊ ဘယ်အရာက မင်းအတွက်ပိုပြီးသင့်တော် မယ်ဆိုတာကို၊ ခုအခြေအနေက မင်းတစ်ကိုယ်တည်းအတွက်ပဲ စဉ်းစားလို့ လည်းမရသလို၊ မင်းမိဘတွေချည်းအတွက်ပဲလည်း စဉ်းစားလို့မဖြစ်ဘူးလေ နှစ်ဖက်လုံး အိုကေနိုင်မယ့်အကောင်းဆုံးနည်းလမ်းကတော့ အဲဒီ ဒေါ်လရှောင် ငြိမ်းချမ်းရဲ့တောင်းဆိုမှုကို မင်းလိုက်လျောလိုက်တာပဲ ဖြစ်သင့်တယ်လို့ ငါထင်တယ်"

အဲဒီလိုကြီးလား၊ ကျွန်တော်ရော အမေနဲ့အဖေရောအတွက် အဆင်ပြေနိုင်စေမယ့်နည်းလမ်းက အဲဒီတစ်ခုတည်းသာ ရှိတော့သည့် အနေ အထားလား။ ဒီလိုဆိုရင် ကျွန်တော့်မှာ တခြားရွေးချယ်စရာ ဘာမှမရှိတော့ ဘူးပေါ့၊ တစ်ခုတည်းသော ရွေးချယ်မှုဟာ ဒေါ်လရှောင်ငြိမ်းချမ်းရဲ့မောင်လေး အဖြစ် ဟန်ဆောင်ပေးဖို့သာပဲပေါ့။

"မင်းစဉ်းစားပေါ့ကွာ၊ ငါက အကြံပေးရုံသက်သက်ပါ"

"အေးပါကွာ ငါနားလည်ပါတယ်၊ မင်းပြောတော့လည်း ဟုတ်သလို လိုပါပဲ၊ ငါစဉ်းစားပါ့မယ်လေ"





နှစ်ဦးသားလုံး အဝေးတစ်နေရာကိုငေးလျက် ငြိမ်သက်နေမိသည်။ စိတ်ထဲမှာတော့ ကိုယ်စီကိုယ်စီ အတွေးတွေပြည့်နှက်နေတာ သေချာ၏။

"ကဲ မင်းလည်း ပြန်တော့လေ၊ စာမေးပွဲက မနက်ဖြန်သဘက်ခါ ဆို ဖြေရတော့မယ်"

ရက်ပိုင်းမျှသာ လိုတော့သော စာမေးပွဲအတွက် ကျွန်တော်တို့ နှစ်ယောက် ကိုဆန်းအိမ်မှာ စာတူတူကျက်နေကျ အချိန်တွေကို ပြန်မြင် ယောင်မိလာသည်။

"ငါကတော့ အဲဒီစာမေးပွဲကို မင်းမဖြေဘဲ မနေစေချင်ဘူးကွာ"

"ငါကြိုးစားကြည့်ပါ့မယ်ကွာ"

ဟန်မြွတ်သူ ပန်းကိုပုတ်လျက် ကျွန်တော် အသံတိမ်တိမ်ဖြင့် ပြောပေးမိသည်။ ဒါပေမဲ့ ရှေ့ဆက်ဘာလုပ်ရမယ်ဆိုသည့် အဖြေတစ်ခု ကိုတော့ သေသေချာချာ မထုတ်နိုင်သေးပါ။ မဗာင်မကျက်တီသာ ဖြစ် သည်။

■ ■ ■

"အမေလည်း နေပြန်ကောင်းနေပါပြီ သားရယ်၊ ဈေးကို အမေပဲ သွားပါ့မယ်၊ သားလည်း ကျောင်းပျက်တာ သုံးရက်တောင်ရှိနေပြီ"

ညစာထမင်းစားနေရင်းက အမေ စကားစလာသည်။ ကျွန်တော် ပြန်ပြောရမှန်းမသိ။ ကျောင်းဆက်မတက်တော့ဖို့ ဆုံးဖြတ်ထားကြောင်း အမေ့ကိုပြောလို့မဖြစ်သေး။ ပြောလိုက်ပါမှ သူ့ရောဂါအခြေအနေကို ရိုပ်မိ သွားပြီး စိတ်ဓာတ်ပါကျသွားနိုင်သည်။ ခုတော့ ဆေးမှန်မှန်တိုက်ထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှထူးထူးခြားခြား လက္ခဏာမပြပေမယ့် အချိန်နည်းနည်းကြာလာရင် အခြေအနေလည်း ပိုသိသိသာသာ ဆိုးလာနိုင်သည်။

အဲဒီအချိန်တွေအတွက် အမေ့မှာ ခံနိုင်ရည်ရှိပါ့မလား။ ကျွန်တော် ကျောင်းလေးသုံးရက်ပျက်တာကို စိတ်ပူနေသော အမေ့အတွက် ကျွန်တော်က ပိုပြီးစိုးရိမ်ပူပန်နေမိကြောင်း ဘယ်လိုများ ပြောပြနိုင်ပါ့မလဲ။

"သား အမေ ပြောတာကို ကြားရဲ့လား"

ထမင်းစားလက်စကို ရပ်တန့်ကာ ကျွန်တော် တွေဝေငေးနေ သည်။ အမေက လက်မောင်းကိုပုတ်ခတ်လျက် ခေါ်ပြောတော့မှ ကျွန်တော် လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာ၏။

"ကြားပါတယ် အမေရဲ့"

"ဒီလိုဆို မနက်ဖြန် ကျောင်းသွားဖို့ လုပ်တော့ ငါ့သား။ ဈေး အမေပဲ ထွက်မယ်"

"မနက်ဖြန်ပဲ သောကြာဖြစ်နေပြီဆိုတော့ တစ်ရက်လောက် ထပ် ပျက်လိုက်မယ် အမေရာ၊ တစ်ခါတည်း စနေ တနင်္ဂနွေနဲ့ ဆက်သွား ပေါ့"

"ဟယ် မဟုတ်တာတွေ ပြောနေပြန်ပြီ၊ ဒီလောက် ကျောင်း အကြာကြီးပျက်တော့ သားကို ဆရာမက ဆူနေပါဦးမယ်"

"ရပါတယ် အမေရဲ့၊ သား ဆရာမကို ခွင့်တိုင်ထားပါတယ်၊ ဒီ တစ်ပတ်တော့ ကျောင်းမလာနိုင်ဘူးလို့လည်း ကြိုပြောထားပြီးသား"

ဆရာမကို ပြောပြီးသားလို့ အမေ့ကိုလိမ်လည်လိုက်ခြင်း





ကြည့်သွားပုံနှင့် အမေ ဘာမှထပ်မပြောတော့ပါ။ မနက်ဖြန်တစ်ရက်စာ အကြောင်းပြချက်ကောင်းကောင်းနှင့် ရှီးလိုက်ရသော်လည်း ကျောင်းတွေ ဖွင့်ရင် ဘယ်လိုစကားလုံးမျိုးတွေနဲ့များ အမေ့ကိုထပ်လိမ်ရဦးမလဲ မသိ။

"စားပြီးရင် ဆေးသောက်ရဦးမယ်နော် အမေ"

"အမေ မှတ်မိပါတယ် သားရယ်"

လက်သုတ်ပဝါလေးကို လက်မှာကိုင်သုတ်နေရင်းကနေ အမေ ပြန်သည်။ အမေက ဆေးတော့မှန်မှန်သောက်၍ တော်ပါသေးသည်။ အဲဒါတစ်ခုတော့ စိတ်မပူရ။ အမေတစ်ယောက်သာ ဆေးသောက်ဖို့ဆို အရင်တည်းက အငြင်းပြင်းအဆန်ဆန်နှင့် ကလေးတစ်ယောက်လို လိုက် ကိုက်နေရတာ။

"ကဲ အမေလည်း ခဏနားဦးမယ်၊ သားလည်း စာလေးဘာလေး သွားကျက်ချင်ကျက်လေ"

စာကျက်ဖို့ဆိုရင် ကျွန်တော်က ကိုဆန်းအိမ်ကို သွားကျက်နေကျ မို့ အမေက လော်ဆော်နေခြင်း ဖြစ်သည်။ ကျွန်တော်ကတော့ အမေ့စကား ကို ကြားသလိုလိုနှင့် လျှော်ရမည့်အဝတ်များကို တောင်းတစ်ခုထဲ စုထည့် နေလိုက်သည်။

"အမေ့ကိုလူမမာကြီးတစ်ယောက်လို အနားမှာတစ်ချိန်လုံးနေပြီး ကြည့်နေစရာ မလိုပါဘူး သားရယ်၊ သား လုပ်စရာရှိတာတွေလုပ်ပါ"

"သားဘဝမှာ အမေက အရေးကြီးဆုံးပါ၊ အမေ့ထက်ပိုပြီး ကျန် တာတစ်ခုမှ သား ဦးစားပေးမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် သားရယ်"

"ဟာ အမေကလည်း သားအမိချင်းကို ဘာတွေကျေးဇူးတင်နေ တာလဲဗျာ၊ သားကို ငရဲတွေပေးနေပြန်ပါပြီ"

"ငရဲမဟုတ်ပါဘူး သားရဲ့၊ သားအတွက် ကုသိုလ်တွေပေးနေတာ ပါ၊ ဒါပေမဲ့လေ အမေကတော့ ငါ့သားလေးကို လူတန်းစေ့မထားခဲ့နိုင်တာ စိတ်မကောင်းဖြစ်ရတယ်၊ အမေတို့ ပေးခဲ့နိုင်တဲ့ပစ္စည်းဥစ္စာအမွေက ဘာမှ မရှိဘူး သား၊ အဲဒါကြောင့်လည်း သားကို ပညာတတ်တစ်ယောက်ဖြစ်စေချင် တဲ့ စိတ်ကတော့ အမေ့မှာအပြည့်အဝပဲ"

အားတက်သရော ပြောနေသည့် အမေ့စကားကြားမှ ကျွန်တော် ပိုလို့ စိတ်မကောင်းဖြစ်မိသည်။ ရင်ထဲမှာ နင့်နေအောင် ဝမ်းနည်းလာ မဖြစ်တော့။ ဒီတိုင်းဆက်နေရင် ကျွန်တော့်မျက်ရည်တွေ ပါးပြင် ပေါ် စီးကျလာတော့မည်။ အမေ့ရှေ့ကနေ ခပ်မြန်မြန်လှည့်လိုက်၏။ ကျွန် တော့်မျက်ရည်တွေကို အမေ မမြင်စေချင်ပါ။ ခုချိန်မှာ အမေ့ကိုစိတ်ချမ်း သာအောင် ထားချင်နေတာက ကျွန်တော့်စိတ်ရင်းအမှန်ပင်ဖြစ်၏။

"သား စာသွားကျက်လိုက်ဦးမယ် အမေ"

စားပွဲပေါ်မှ အဆင်သင့်ရှိနေသော တွေ့တဲ့စာအုပ်တစ်အုပ်ကို ဆွဲယူလျက် ကျွန်တော် အိမ်ပြင်ထွက်ခဲ့သည်။ လမ်းပေါ်သို့ရောက်လာတော့ လည်း ဘယ်သွားရမှန်းမသိ။ နောက်ဆုံးတော့ ကျွန်တော့်ဦးတည်ရာက ကိုဆန်းအိမ်သို့သာ ဖြစ်သွားသည်။ ကိုဆန်းကို အိမ်မှာအဆင်သင့်တွေ့ရ၏

"ဟာ လူသစ်၊ စာအုပ်တွေဘာတွေနဲ့ပါလား။ ဘာတွေဖြစ်လာ





ပြန်တာလဲကွ"

လက်ထဲက စာအုပ်ကို အရင်ဆုံးလှမ်းမြင်သော ကိုဆန်းက အံ့အား တသင့်မေးသည်။ သူ့မျက်နှာက ဝင်းပနေ၏။ ကျွန်တော့်ကို စာအုပ်ကိုင် လျက် ပြန်မြင်လိုက်ရတော့ သူ အံ့ဩဝမ်းသာသွားတာ ဖြစ်မည်။ တကယ့် အဖြစ်မှန်ကိုတော့ သူမှမသိသေးဘဲလေ။

"အမေ့ရှေ့မှာ ငိုမိမှာစိုးလို့ တွေ့တဲ့စာအုပ်ဆွဲပြီး ထွက်လာတာပါ ဗျာ"

"ဘာတွေဖြစ်ပြန်ပြီလဲကွ"

အမေ့ရင်ထဲမှ စကားများကို ကျွန်တော်က လုံးစေ့ပတ်စေ့ပြန်ပြော ပြတော့ ကိုဆန်းပါ ကျွန်တော်နှင့်အတူ ငူငူငိုင်ငိုင်ကြီး ဖြစ်သွားသည်။

"အန်တီ့သဘောကို ငါ ကောင်းကောင်းသဘောပေါက်တယ် ကွာ"

"ကျွန်တော်လည်း သဘောပေါက်တာပေါ့ ကိုဆန်းရာ၊ ဒါပေမဲ့ အခြေအနေက ခုလိုမျိုးတွေ ဖြစ်ဖို့အတွက်ပဲ တမင်ဖန်တီးခဲ့သလို ဖြစ်နေတာ တော့တ်လား"

"ဒါကတော့ကွာ ဖြစ်သမျှအကြောင်း အကောင်းပေါ့၊ ကောင်းတာ ဆက်ရဖို့ဖြစ်ဖို့အတွက် ကံကြမ္မာက ငါတို့ကိုစမ်းသပ်တယ်လို့ပဲ သဘောထား လိုက်ပေါ့"

"ကျွန်တော်လည်း မျှော်လင့်ပါတယ်ဗျာ"

"ဟန်မြတ်သူတစ်ယောက်တော့ တော်တော်စိတ်မကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပဲ''

"အင်း ဖြစ်တာပေါ့ ကိုဆန်းရ။ တကယ်တော့ ကျွန်တော်ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်ရတာပါပဲလေ''

မျက်နှာအောက်ချလျက် ကျွန်တော် အသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။

"မင်းအမေ ခွဲစိတ်ဖို့ကိစ္စကိုရော ဘာတွေဆက်စီစဉ်ထားသေးလဲ''

"ကျွန်တော်''

ဘာဆက်ပြောရမှန်း မသိ။ တကယ်မှသိ။ ဒေါ်လရောင်ငြိမ်းချမ်းက တာဝန်ယူမယ်လို့ ပြောထားပေမယ့်

"မင်းကို ကူညီမယ်လို့ ပြောထားတယ်မဟုတ်လား။ ဟိုအောင်မမက''

"ပြောထားပါတယ်၊ ဒါပေမဲ့ သူ့ဘက်က ဘာအဆက်အသွယ်မှ ထပ်မရှိဘူးလေ''

"မဟုတ်သေးဘူး လူသစ်၊ ဒီတစ်ခါတော့ မင်းလုပ်တာ နည်းနည်းလွဲနေတယ်ကွ။ တကယ်ဆို မင်းက လိုအပ်နေတဲ့သူလေ၊ သူ့ဘက်က ဘာမှအဆက်အသွယ်မရှိရင်တောင် မင်းကစပြီး အကျိုးအကြောင်းမေးသင့်တယ်ထင်တာပဲ၊ သူ့ဖုန်းနံပါတ်လည်း မင်းမှာရှိတယ်၊ သူ့ရုံးခန်းလည်း မင်းသိနေတာပဲလေ''

"အဲဒီလိုကြီးကျတော့ ကောင်းပါ့မလား ကိုဆန်းရဲ့''

"ခုချိန်မှာ မင်းက အဲဒါတွေ ထည့်တွေးနေတာလား။ မင်းကိုယ်မင်း





စတောခံမယ်ဆိုပြီး ကျောင်းတောင်ထွက်ထားတဲ့လူက ဒီအမျိုးသမီးဆီ စသွားပြီး ခွဲစိတ်ဖို့ကိစ္စပြောရမှာကို မင်းက ကောင်းမကောင်းတွေးနေသေးတာလား''

ကိုဆန်း ထောက်ပြသည့်အချက်က တကယ်ဆို မှန်ကန်ပါသည်။ ကျွန်တော် ဘာတွေဖြစ်နေတာလဲ။ သူ့ဘက်က စဆက်သွယ်လာမယ့်အချိန်ကို အလဟဿထိုင်စောင့်မည့်အစား ကျွန်တော့်ဘက်က စတင်ဆက်သွယ်လိုက်လို့လည်း ဖြစ်နေတာပဲလေ။

"မင်း ငါပြောတာကို သဘောပေါက်လား လူသစ်''

"ကျွန်တော် သဘောပေါက်ပါတယ် ကိုဆန်း''

"အေး ဒါဆိုရင်လည်း သိပ်အချိန်မဆွဲနဲ့ပေါ့ကွာ၊ ငါကတော့ လုပ်စရာရှိတာကို မြန်မြန်ဆန်ဆန်ပဲ လုပ်လိုက်စေချင်တယ်''

"ကျွန်တော် မနက်ဖြန် သွားလိုက်ပါ့မယ်''

"သူ့ရုံးခန်းကိုလား''

"ဟုတ်တယ် ကိုဆန်း။ ဟိုတစ်ခါ ရောက်ဖူးထားတော့ ကျွန်တော် ကောင်းကောင်းမှတ်မိတယ်''

"မသွားခင် ဖုန်းလေးဘာလေး ကြိုဆက်သွားဦးပေါ့၊ တော်ကြာ သူတို့က အလုပ်များတဲ့သူတွေမဟုတ်လား၊ သူ့အလုပ်ကိစ္စမှာ မင်းကြောင့်နဲ့ အနှောင့်အယှက်မဖြစ်စေနဲ့ဦး''

"ဟုတ်ကဲ့ ကိုဆန်း၊ ကျွန်တော် နားလည်ပါတယ်''

ကိုဆန်းအိမ်မှာ စကားတပြောပြောနှင့် ညမှောင်တော့မှ ကျွန်တော် အိမ်ပြန်လာခဲ့သည်။ အိမ်မှာ အမေက ညစာအတွက် ထမင်းအိုးတည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကအစ မလုပ်နဲ့ဟု ကျွန်တော် လိုက်တားနေလျှင် အမေရိပ်မိသွားမှာစိုးသောကြောင့် ဘာမှမပြောဘဲ လွှတ်ပေးထားရသည်။

အခန်းထဲ ဝင်လှဲလိုက်ရင်း သက်ပြင်းတစ်ချက်ကို ခပ်ဖြည်းဖြည်းချမိသည်။ ကျွန်တော့်အတွက် လွယ်လွယ်ကူကူ ပြီးမြောက်စေခဲ့သော ကိစ္စမျိုးဆိုတာ တစ်သက်လုံးမှာ တစ်ခါလောက်တောင် ရှိမလာတော့ဘူးလားမသိ။ ငယ်စဉ်တည်းက စီးပွားရေးကျပ်တည်းသည့် မိသားစုမှာ ကြီးပြင်းလာခဲ့ရတာဆိုတော့ သူများကလေးတွေလို လိုချင်တာပူဆာမှုလည်း မပူဆာနိုင်ခဲ့။

ကစားစရာ အသစ်အဆန်းလေးတွေ လိုချင်ရင်လည်း ကိုယ့်ဘာသာ ရသမျှလေး ခြစ်ခြုတ်စုဆောင်းလျက် ဝယ်ခဲ့ရ၏။ ပိုက်ဆံကြေး ကျောက်ခိုးပစ်တာတို့ သားရေကွင်းထပ်တာတို့ ကဒ်ထပ်တာတို့မှာ ကျွန်တော်က ဗိုလ်ဖြစ်သည်။ တစ်ပွဲနိုင်လို့ တစ်ခါငွေရလျှင် ကျွန်တော့်ဘောင်းဘီအိတ်ထဲမှာ သားရေကွင်းနှင့်ကျစ်နေအောင် စုချည်ပြီး သိမ်းထားခဲ့၏။ ပိုက်ဆံပြည့်သွားချိန်ကျမှ အရုပ်ဆိုင်သို့ပြေးပြီး ကျွန်တော်လိုချင်သည့် ကစားစရာကို ဝယ်ယူရခြင်း ဖြစ်သည်။

နောက်ပိုင်းတော့ အတန်းကြီးလာတာနှင့်အမျှ အမေကိုယ်တိုင်ကလည်း စာကိုသာ ပိုလုပ်စေချင်ခဲ့သည်။ ကစားချိန်နည်းပါးသွားသည့်အတွက် ကျွန်တော့်မှာ အပိုငွေလည်း မရှိတော့။ စာတော်မှ ထူးချွန်မှ ကျွန်တော်လိုချင်တာတွေ အားလုံးစိတ်ကြိုက်ဝယ်ယူနိုင်မည့် အနေအထားမျိုး ရောက်လာမည်။ မိဘတွေကိုလည်း ပင်ပင်ပန်းပန်း ဈေးရောင်းခိုင်းဖို့





မလိုတော့ဟူသည့် အတွေးမျိုးတွေ တွေးတတ်လာသည်။

ထိုစဉ်တည်းက ပညာရေးကို ကျွန်တော် အလေးအနက်ထားခဲ့ခြင်းဖြစ်၏။ ခုတော့ ကျွန်တော်ဖြစ်ချင်သည့် ပညာတတ်တစ်ယောက်ဖြစ်ဖို့ လမ်းစက ဘယ်ဆီဘယ်မှာမှန်းပင် မတွေ့ရတော့။ စိတ်ဓာတ်ကျမိပေမယ့်လည်း ကိုယ့်ဘာသာပဲ ပြန်အားတင်းရသေးသည်။ ကျွန်တော်က စိတ်ညစ်နေလျှင် ကျန်တဲ့သူတွေကို ဘယ်လိုပုံစံမျိုးနဲ့ စောင့်ရှောက်နိုင်တော့မှာလဲ။ ဒီတော့ ဟန်ဆောင်ပန်ဆောင်နေနိုင်ဖို့ကိုသာ ကျွန်တော် ဦးစားပေးရမည်။ ကျွန်တော့်အတွက် တခမ်းတနား စိတ်ဓာတ်ကျပြနေဖို့ အချိန်မရှိ။

■ ■ ■

ထွက်မယ့်သာ ထွက်လာရသည်။ ခြေလှမ်းတွေက နည်းနည်းတော့ ရွံ့တွန့်တွန့် ဖြစ်နေ၏။ ဖုန်းဆက်တုန်းကတော့ လိုက်လိုက်လှဲလှဲ ချိုသာနေသည်။ ဒေါ်လရောင်ငြိမ်းချမ်းအသံကြောင့် စိုးရိမ်ပူပန်မှု လျော့ရပေမယ့် တကယ်တမ်း သူမရဲ့ရုံးခန်းနားသို့ နီးကပ်လာလေလေ ရင်ဘတ်ထဲမှာ တဒုန်းဒုန်းနှင့် မြည်ဟီးနေလေပင်။

အဲဒီရုံးခန်းထဲမှာ ရှိနေသည့် ဝန်ထမ်းတွေအားလုံးက ကျွန်တော့်ကို ဘာအဓိပ္ပာယ်အကြည့်တွေနှင့် လိုက်လိုက်ကြည့်ကြတာ ခံရခက်သည်။ တကယ်ဆို ကျွန်တော်က ဘာများထူးခြားနေလို့လဲ။ သူတို့လိုပဲ ခေါင်းတစ်လုံး သက်နှစ်ဖက်ခြေနှစ်ဖက်လေ၊ အဝတ်အစားလေး နွမ်းနွမ်းဖတ်ဖတ်ဖြစ်နေသော ရုယ် ကလေးလိုလိုလူကြီးလိုလို အရွယ်အစားဖြစ်နေတာလေးပဲ ရှိတာ။

"ဩော် ဟိုတစ်ခါကလာတဲ့ တစ်ယောက်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစာမှာ ညှော်ကြိုကောင်မလေးက ကျွန်တော့်ကို မှတ်မိစွာ ဆိုသည်။ တော်ပါသေးရဲ့။ သူမ မှတ်မိနေတော့ ရှည်ရှည်ဝေးဝေးတွေ ကျွန်တော်ရှင်းပြနေဖို့ မလိုဘူးပေါ့။

"ဟုတ်ပါတယ် အစ်မ"

"မမက မင်းလာလိမ့်မယ်လို့ ကြိုမှာထားပါတယ်၊ လာလေ အခန်းထဲမှာ မမ စောင့်နေတယ်"

သူမနောက်ကနေ ခေါင်းကြီးအောက်စိုက်လျက် ကျွန်တော်ပါသွားသည်။ ဘေးဘီဝဲယာ ဘယ်ဘက်ကိုမှ လှည့်မကြည့်ခဲ့။ ကျွန်တော့်ကို ငိုင်းငေးမောနေသော မျက်ဝန်းတွေကို ကျွန်တော် တစ်ပြန်မကြည့်ရဲပါ။

ကျွန်တော့်ကို လိုက်ပို့ပေးပြီး ညှော်ကြိုဝန်ထမ်းအစ်မ ပြန်ထွက်သွား၏။ ဓါလရောင်ငြိမ်းချမ်းက ဖုန်းတစ်ဖက်က ပြောနေရင်းနှင့် ကျွန်တော့်ကို ထိုင်ရန် လက်ဟန်နှင့်လှမ်းပြောသည်။ သူမ ဖုန်းပြောပြီးအောင် ငါးမိနစ်လောက် စောင့်လိုက်ရပြီးမှ ကျွန်တော့်ရှေ့တည့်တည့်သို့ ရောက်လာသည်။

"မင်းက ကိုယ့်ကိုတွေ့ချင်တယ်ဆိုပြီး ဖုန်းဆက်လာတော့ ကိုယ်တော်တော်ဝမ်းသာသွားမိတယ်"

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော့်အမေကိစ္စလေး ပြောချင်လို့ပါ"

စကားကို အတတ်နိုင်ဆုံး အချိုသာဆုံးဖြစ်အောင် ကျွန်တော် ပြောလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က သူ့ဆီကနေ အကူအညီတောင်းရမ်းရတော့မှာမဟုတ်လား။ ပြီးတော့ သေးသေးဖွဲဖွဲလေးလည်း မဟုတ်။ ငွေကြေးမြောက်မြားစွာ ကုန်ကျမည့်အကူအညီ။





"ကိုယ်သိပါတယ်၊ မင်းတို့အိမ်ကိုတောင် ဒီတစ်ရက်နှစ်ရက်အတွင်း လာမလို့ စဉ်းစားနေတာ၊ မင်းဖုန်းက အရင်ရောက်လာတာ၊ ဘာလဲ အမေ့အတွက် တော်တော်စိတ်ပူနေတယ်ပေါ့လေ"

"ဟုတ်ပါတယ် အမေ့ကို ခွဲစိတ်တဲ့ရက် နောက်ကျသွားရင် အခြေအနေတွေပိုဆိုးလာမလားလို့ တွေးမိလို့ပါဗျာ"

"စိတ်မပူပါနဲ့၊ ကိုယ် ဒီတစ်ပတ်ထဲမှာပဲ အန်တီ့အတွက် ဒိတ်ချိတ်ထားပါတယ်"

"ဗျာ"

"ခြော် ခုနက ဖုန်းပြောနေတာ ဟိုတစ်နေ့က ဆရာဝန်ကြီးလေ၊ သူ့ဆီမှာ ခွဲဖို့စိတ်ဖို့တွေ တိုင်ပင်ပြီးတာနဲ့ တစ်ခါတည်း ရက်ယူလိုက်တာ"

ကျွန်တော့်ရင်ထဲက အလုံးကြီးတစ်ခု အုံးခနဲ ကျသွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ထင်ထားတာထက် ပိုလွယ်ကူလျင်မြန်စွာပင် အဆင်သင့်ဖြစ်နေခဲ့တာမဟုတ်လား။

"ဟိတ် မင်းရော ကျောင်းသွားရဲ့လား"

သူမက ဘာစိတ်ကူးပေါက်သည်မသိ၊ ကျွန်တော့်ကို ထိုသို့မေးလာသည်။ ကျွန်တော်မဖြေချင်သော မေးခွန်း။ သို့သော် ခုချိန်မှာတော့ ကျွန်တော်ဖြေချင်တာတွေ မဖြေချင်တာတွေက အဓိကမကျ။ ဖြေကိုဖြေရည့်တာဝန်တစ်ရပ်လို့ ခံယူလိုက်မိသည်။

"ကျွန်တော် ကျောင်းမသွားဖြစ်ဘူး မမ"

"ဘာရယ် ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အပြုံးကျယ်ကျယ် နီနီရဲရဲနှုတ်ခမ်းလေးတွေ အလိုမကျသလို ရှေ့သို့စူထွက်လာသည်။

"ကျွန်တော် ကျောင်းဆက်မတက်တော့ဖို့ ဆုံးဖြတ်ထားတယ်"

"ဟာ မဟုတ်တာတွေပဲ၊ မင်းက ဘာဖြစ်လို့ ကျောင်းဆက်မတက်ရမှာလဲ၊ အခုဖြစ်တဲ့ အနေအထားနဲ့ မင်းရဲ့ပညာရေး ဘာမှမပတ်သက်ဘူးလေ"

"ကျွန်တော့်အတွက်ကတော့ ပတ်သက်နေတယ်လေ၊ ကျွန်တော် ကျောင်းသွားနေခဲ့တဲ့အချိန်က ဈေးထွက်ရမယ့်အချိန်၊ အမေ့ကိုလည်း ပင်ပင်ပန်းပန်းတွေ မလုပ်စေချင်တော့ဘူး၊ ဒီတော့ အမေ့ကိုယ်စား ကျွန်တော် ဈေးရောင်းတယ်၊ အိမ်မှာလည်း လူမမာဖြစ်တဲ့ အမေတစ်ယောက်တည်းမှ မဟုတ်တာ၊ အဖေကလည်း လေဖြတ်ပြီး လဲနေတယ်၊ လူမမာကို လူမမာက ပြန်ပြုစုနေရတာမျိုး မမြင်ချင်တော့ အိမ်အပိုင်းကိုလည်း ကျွန်တော်ပဲ တာဝန်ယူဖို့ ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော့်မှာ ကျောင်းတက်ဖို့ စာကျက်ဖို့ အချိန်ဆိုပြီး ထွက်မလာတော့ဘူး"

ကျွန်တော် ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်တာတွေကို သူမက နားလည်ပါ့မလား။ သူမလို သူဌေးမတစ်ယောက်က ဘာမှမဟုတ်တဲ့ ဖနောင်က ကောင်လေးတစ်ယောက်ရဲ့ခံစားချက်ကို နားလည်နိုင်ပါ့မလား။

"ကိုယ် မင်းကိုနားလည်ပါတယ်"

"ကျွန်တော့်ကို နားလည်နိုင်ပေမယ့် ကိုယ်ချင်းစာပေးနိုင်မှာတော့ မဟုတ်ပါဘူးဗျာ"





ဘာကြောင့်မှန်းမသိပါဘဲ ကျွန်တော် ဝမ်းနည်းလာသည်။ ဘုရားအာ ဖန်ဆင်းထားတဲ့ လူသားတွေထဲမှာ ကံဆိုးခြင်းတွေက ကျွန်တော့်တစ်ယောက်တည်းကိုပဲ ကွက်ပြီး ကျရောက်စေခဲ့သလား မသိဆိုသည့် အဆိုးတွေ တွေးမိလာသည်။ မျက်ဝန်းမှာ မျက်ရည်များပင် ခိုတွဲစပြုလာ၏။

"မင်းကျောင်းမတက်တဲ့ကိစ္စကိုတော့ ကိုယ် သဘောမတူဘူးကွာ"

သူမက သဘောမတူဘူးတဲ့။ သူမ သဘောတူတူ မတူတူ ကျွန်တော့်အတွက် ရွေးချယ်စရာက တစ်လမ်းတည်းသာ ရှိနေခဲ့တာလေ။

"ကျွန်တော့်အတွက် ကျောင်းတက်တယ်ဆိုတာ အနှစ်သက်ဆုံးအိပ်မက်။ ပညာတတ်မှ ကျွန်တော် ငွေရှာနိုင်မယ်၊ လူပုံအလယ်မှာ မျက်နှာပန်းပွင့်မယ်လို့ အမြဲတမ်း ယူဆပြီး ကြိုးစားခဲ့တယ်"

"မင်းမှန်တယ်လေ"

ကိုယ့်ကိုကိုယ်တောင် မထင်ထားပါဘဲ သူမကို ကျွန်တော့်အကြောင်းတွေ ရင်ဖွင့်နေမိပြီ။

"ဒါပေမဲ့ ကျွန်တော့်ဘဝမှာ ဖြစ်ချင်တာတွေက ဘယ်တော့မှ လွယ်လွယ်နဲ့ဖြစ်မလာခဲ့ဘူး၊ အမြဲတမ်း အတိုက်အခိုက်တွေနဲ့ပဲ ကြုံတွေ့ခဲ့ရတယ်"

"မင်းက လောကဓံကို ခံနိုင်ဖို့ သိပ်ငယ်ပါသေးတယ်ကွယ်"

သူမရဲ့နှစ်သိမ့်စကားလိုလို သနားကရုဏာသက်မှုလိုလို စကားလုံးတွေကို ကြားရချိန်မှာ ကျွန်တော် ဘာလို့များ ပိုပိုလို့ ဝမ်းနည်းနာကျင်



www.burmeseclassic.com

www.burmeseclassic.com



မိတာပါလိမ့်။ တကယ်ဆို ကျွန်တော်ဆိုတဲ့ကောင်က ကိုယ့်ကို တခြားလူ တစ်ယောက် လာသနားသလိုလို ကြည့်ခဲ့ပြောခဲ့ရင်တောင် ဆတ်ဆတ်ထိ မခံ တုံ့ပြန်တတ်ခဲ့တာလေ။

သူမကို ကျွန်တော့်အတွက် အားကိုးလို့ရမယ့် လူတစ်ယောက် အဖြစ် စိတ်ထဲက နှစ်နှစ်ကာကာ လက်ခံလိုက်မိလို့များလား။ ကျွန်တော့် မျက်ဝန်းမှာ ခိုတွဲနေသော မျက်ရည်တစ်စက ပါးပြင်ပေါ် လိမ့်ဆင်းသွားသည်။

"အို ဘာလို့ငိုနေတာလဲ မောင်လေးရဲ့၊ ဒါ ငိုစရာမဟုတ်ပါဘူး ကွယ်၊ မင်းကို ကျောင်းပြန်တက်နိုင်အောင်လည်း ကိုယ် ကူညီမှာပါ"

"ဗျာ"

သူမက မျက်နှာချင်းထိုင်နေရာကနေ ကျွန်တော့်ဘေးကပ်လျက် ရောက်လာပြီး နှစ်သိမ့်စကားပြောသည်။ သူမရဲ့စကားတွေက ကျွန်တော့် အံ့အားသင့်စေရုံသာမက အားရှောက်စေတာတော့ အမှန်ပါ။

"မဟုတ်တာ မမရဲ့၊ အမေ့အတွက် ခွဲစိတ်ဖို့ကူညီမယ်ဆိုတာ တင် ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်တဲ့ ကျေးဇူးရှင်တစ်ယောက် ဖြစ်နေ ပါပြီ၊ ကျွန်တော် ကျောင်းတက်ဖို့ဆိုတာကတော့ ရပါတယ်ဗျာ"

"ဘာကို ရရမှာလဲ၊ ဘာကိုမဟုတ်ရမှာလဲ၊ မင်းလိုချင်တဲ့ ပညာ ရေးကို ကိုယ် ထောက်ပံ့မယ်၊ မင်းသာ လိုချင်တာကိုရအောင်ယူပါ။ မ အားလုံးတာဝန်ယူမယ်"

တကယ်ဆို ကျွန်တော် မယုံနိုင်။ ဘယ်တုန်းကမှ မသိမကျွမ်း ဘူးသော ဘာပတ်သက်ဆက်နွယ်မှုမှလည်း မရှိသော မိန်းမတစ်ယောက်





ကျွန်တော့်မိသားစုကိုရော ကျွန်တော့်ပညာရေးကိုပါ အစစအရာရာ ကူညီ ထောက်ပံ့မယ်ဆိုတာကြီးကို ကျွန်တော် မယုံနိုင်သေး။

"မဖြစ်နိုင်ပါဘူးဗျာ"

"မင်းက ဘာကိုမဖြစ်နိုင်ဘူးလို့ ဆိုလိုတာလဲ၊ မမက မင်းတို့ကို ကူညီထောက်ပံ့ဖို့ လိုအပ်တဲ့အင်အားမရှိဘူးလို့ မင်းဆိုလိုတာလား"

"အဲဒီလို မဟုတ်တာတော့ အသိသာကြီးပါဗျာ"

"ဒါဆိုရင် မင်းပြောချင်တဲ့ မဖြစ်နိုင်ဘူးဆိုတဲ့စကားကို ရှင်းပါဦး"

"မမနဲ့ကျွန်တော်တို့လို အသိုင်းအဝိုင်းဆိုတာ ဘယ်လိုမှ ပတ်သက် ဆက်စပ်မှုမရှိတဲ့ အနေအထားမျိုးပါ၊ မမလို လူတစ်ယောက်က ဘာမှမဟုတ် တဲ့ ကျွန်တော့်ကို ကူညီပေးမယ်ဆိုတာ မယုံနိုင်ဘူး။ အဲဒါကြောင့် မဖြစ်နိုင် ဘူး"

"မင်းက မမကို မယုံနိုင်ဖြစ်နေတာကိုး။ ဒါ့ပေမဲ့ မင်းကို မမ အပြစ်မပြောပါဘူး။ နောက်ပိုင်းတော့ မင်း လက်ခံလာမှာပါ၊ တစ်ခုပဲ မင်း မှတ်ထားရမှာက မမရဲ့အကူအညီကို စိတ်သန့်သန့်နဲ့လက်ခံပါ၊ ပြီးတော့ ဒီဦးနှောက်ထဲမှာ စွဲမြဲနေတဲ့ ကံကြမ္မာက မင်းကို မျက်နှာသာမပေးခဲ့ဘူး ဆိုတဲ့ အတွေးမျိုးတွေကို ဖျောက်ပစ်၊ ကံတရားဆိုတာ မမြင်ရတဲ့ အကွယ် ကွာနေလည်း ကိုယ့်ဆီ ကောင်းမွန်တာတွေကို ဆိုက်ဆိုက်မြိုက်မြိုက် ပို့ဆောင်ပေးတတ်တယ်ကွ"

အားပေးစကားအဖြစ် ပြောပေးခဲ့တာဆိုရင်တော့ ကျွန်တော် ကယ်တိုပဲ အားတက်ခဲ့ပါသည်။ လောကကြီးထဲမှာ ကိုယ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထည်းလို့ ခံစားကြေကွဲခဲ့ရသမျှ ခုတော့ အရာရာလုံးခြုံသွားသလို ခံစားရသည်။

"ကျွန်တော်"

"ကဲပါ ဘာမှပြောမနေနဲ့တော့၊ တနင်္လာနေ့ကျရင် မင်းပုံမှန်အတိုင်း ကျောင်းသွားပါ၊ မင်းအမေရဲ့ခွဲစိတ်ဖို့ရက်က နောက်နှစ်ပတ်လောက်စောင့်လို့ရသေးတယ်၊ ဒီအတောအတွင်း အန်တီ့ဆီကို ကိုယ်ကိုယ်တိုင် လာခဲ့ပါဦးမယ်"

"အဲဒီအတွက် ကျွန်တော် ဘာပြန်လုပ်ပေးရမလဲဗျာ"

ကျွန်တော် လှိုက်လှိုက်လှဲလှဲ မေးမိတော့ ပြုံးရယ်နေသော သူမမျက်နှာ တည်ကြည်သွားသည်။

"မင်းဆီကနေ ကိုယ်တောင်းဆိုထားတာ တစ်ခုတည်းပါလေ၊ မင်းမေ့သွားမယ်လို့တော့ မထင်ပါဘူး"

"မမရဲ့မောင်လေးအဖြစ် ဟန်ဆောင်ပေးဖို့မဟုတ်လား"

"အင်း မင်းမှတ်မိတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်တစ်ခုပြောချင်တာက မင်းစိတ်ထဲကမပါဘဲနဲ့တော့ ကိုယ်အတင်းအကျပ်မနိုင်းစေဘူးဆိုတာပါ၊ မင်းတကယ်လိုက်လျောနိုင်မှ ကိုယ့်တောင်းဆိုမှုကို ခေါင်းညိတ်"

"ကျွန်တော် မမကိုကူညီပါ့မယ်၊ ဒါပေမဲ့ အမေ့ခွဲစိတ်မှုပြီးတဲ့အထိတော့ စောင့်ပေးပါ"

သူမ မျက်နှာမှာ အပြုံးတွေတရိပ်ရိပ်ဖြတ်ပြေးသွားသည်။ ကျွန်





တော့်အတွက် ခုလို ကူညီမှုတွေပေးမယ့်လူတစ်ယောက်ကို ကျွန်တော့်ဘက်ကလည်း ဒီလောက်တော့ လိုက်လျောသင့်ပါသည်လေ။ အရင်က ဘယ်လောက်ပဲ တုံ့ဆိုင်းခဲ့တုံ့ဆိုင်းခဲ့ ခုချိန်မှာ သူမရဲ့ဆန္ဒကို လိုက်လျောပေးဖို့ ကျွန်တော့်စိတ်များကို ဆုံးဖြတ်ချက်ချခဲ့ပြီး ဖြစ်သည်။

■ ■ ■

"ငါသိပ်ဝမ်းသာတယ် လူသစ်၊ မင်းကိုခုလို ကျောင်းမှာပြန်တွေ့ရဖို့ ငါ နည်းနည်းမှ မျှော်လင့်မထားဘူး"

ကျောင်းဝင်းထဲမှာ ကျွန်တော့်ကိုလှမ်းမြင်လိုက်သည်နှင့် ဟန်မြတ်သူက အားတက်သရော အပြေးရောက်လာခဲ့သည်။ သူ့ တကယ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခဲ့ပုံ။

"ငါလည်း ခုလို ကျောင်းပြန်တက်ဖြစ်လိမ့်မယ်လို့ ကိုယ့်ကိုကိုယ်လုံးဝထင်မထားခဲ့ပါဘူးကွာ"

"ဟွန့် မင်းစကားက ဘယ်လိုကြီးတုန်း"

"ဟုတ်တယ် မြတ်သူ၊ ငါခုလို ကျောင်းတက်နိုင်ဖို့ရော အမေ့ကိုခွဲစိတ်ဖို့အတွက်ပါ မမက ကူညီပေးခဲ့တာကွ"

"ဘာ မမ ဟုတ်လား၊ ဘယ်က မမလဲကွ၊ မင်းစကားတွေကလည်း လုံးဝကို နားမလည်နိုင်ဘူး"

ဟန်မြတ်သူက ခေါင်းတကုပ်ကုပ်နှင့်ပြောသည်။ ကျွန်တော် သူ့ပခုံးကို အားပါးတရ လှမ်းဖက်လိုက်ပြီး ခြေလှမ်းများကို ကျောင်းစာသင်ခန်းဘက်ဆီ ဦးတည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ပြောပြဦးလေ၊ မင်း ဘာတွေဖြစ်လာတယ်ဆိုတာ"

"ပြောပြမှာပေါ့ကွ၊ လောလောဆယ် စာမေးပွဲလေး အရင်ဖြေကြ မယ်လေကွာ"

ဒီနေ့ ကျွန်တော်တို့ စာမေးပွဲတွေ စတင်သည်။ အတန်းတင်မ ဟုတ်ပေမယ့် စာမေးပွဲတိုင်းမှာ အမှတ်ကောင်းတွေချည်းပဲ အရယူတတ်သော ကျွန်တော့်အတွက်တော့ အရေးပါသည့်အချိန်ပါပဲ။ အဲဒီလိုအချိန်မှာ တခြား ကိစ္စတွေ မပြောချင်သေး။ စာတွေကိုသာ ခေါင်းထဲထည့်ထားချင်သည်။

မနေ့က တနင်္ဂနွေတစ်ရက်လုံး စာကျက်ဖို့ အချိန်ရခဲ့လို့လည်း ခုလိုမျိုး စာမေးပွဲခန်းထဲကို ရင်တုန်ကြောက်ရွံ့ခြင်းမရှိဘဲ ကျွန်တော် ဝင်နိုင် ခဲ့ခြင်းဖြစ်၏။

စာမေးပွဲခန်းထဲက ထွက်လိုက်သည်နှင့် ဟန်မြတ်သူ ချက်ချင်းပင် အနားရောက်လာပြန်သည်။ ဒီကောင် သီချင်ဖော့များဖြင့် ဂနာမငြိမ်ဖြစ်နေ ၏။ စာမေးပွဲတောင် ကောင်းကောင်းမွန်မွန် ဖြေဆိုခဲ့ရဲ့လား မသိ။

"လူသစ် ပြောပြတော့လေကွာ၊ မင်းတို့ကို ဘယ်က မမက ကူညီလိုက်တာလဲ"

"မင်းကတော့လေ၊ လည်မလိုလို့နဲ့ တော်တော်ဒုံးဝေးတဲ့ကောင် နော်၊ ငါတို့ကို ကူညီဖို့ တခြားဘယ်သူရှိလို့လဲကွ၊ ဒေါ်လရောင်ငြိမ်းချမ်း ပေါ့"

"ဘာ မင်းက အဲဒီ အန်တီအရွယ်လောက်ကို မမလို့ ခေါ်တယ် ဟုတ်လား"





"သူ့အသက်က ခုမှ သုံးဆယ့်သုံးနှစ်လောက်ပဲ ရှိသေးတာပါကွ၊ ပြီးတော့ မမက အရွယ်တင်တယ်၊ ငါကလည်း သူ့မောင်လေးအနေနဲ့ ဟန်ဆောင်ပေးရမှာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် မမလို့ပဲ ခေါ်တာ အကောင်း ဆုံးပါကွာ"

"ဒါနဲ့ သူက မင်းတို့ကို လိုအပ်တာမှန်သမျှ ကူညီမယ်ဆိုတာ အကယ်တွေ ပြောနေတာပေါ့ ဟုတ်လား"

"အခု မင်းမြင်တဲ့အတိုင်းပဲလေ၊ အမေ့ကိုလည်း နောက်နှစ်ပတ် နေရင် ခွဲစိတ်ဖို့ ဆေးရုံမှာ ရက်ချိန်းယူပြီးသွားပြီ"

"အမှန်အတိုင်းပြောရရင်တော့ ငါ့စိတ်ထဲ နည်းနည်းထူးဆန်းနေ သယ်ကွ"

ဟန်မြတ်သူလည်း တွေးတွေးဆဆ ပြောသည်။ ဒီကောင်လည်း ကျွန်တော့်လိုပဲ ထူးဆန်းနေတာ ဖြစ်မှာပေါ့။ ကိုယ်နဲ့ဘယ်တုန်းကမှ မသိ ကျွမ်းခဲ့ဘူးသည့် သူစိမ်းတွေလို ခုလို ငွေကြေးအင်အားအမြောက်အမြား ဖြင့် ကူညီဖို့ဆိုတာ တော်ရုံမှမဟုတ်တာ။

"မင်းက ဘာတွေထူးဆန်းနေတာလဲ"

"သူ့မောင်လေးအဖြစ် ဟန်ဆောင်ပေးရုံနဲ့ မင်းကို ဒီလောက်ထိ ထောက်ပံ့တယ်ဆိုတာ မယုံနိုင်စရာကြီးမို့လို့ပါကွာ၊ ငါ့စိတ်ထဲမှာ တစ်မျိုး ကြီးပဲ"

ကျွန်တော်က ဘာမှမတုံ့ပြန်တော့ဘဲ ပြုံးပြုံးလေးသာ ငုတ်နေမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် စကားတပြောပြောနှင့် လမ်းလျှောက်လာလိုက်တာ ကိုဆန်းတို့အိမ်ရှေ့ပင် ရောက်လာပြီ။ ရှေ့ကလမ်းခွဲလေးရောက်ရင် ကျွန်တော်က ရှေ့တည့်တည့်ဆက်လျှောက် ဟန်မြတ်သူက လမ်းချိုးလေးထဲဝင်ရုံ။

"ကဲ အိမ်ပြန်ရေမိုးချိုး စားသောက်လိုက်ဦးမယ်ကွာ၊ ပြီးရင် စာကျက်ဖို့ ကိုဆန်းအိမ်မှာ ဆုံရအောင် လူသစ်"

"အေး ငါအဖေ့ကို ရေပတ်တိုက်ပေးပြီးရင် ထွက်ခဲ့မယ်၊ အမေ့ကိုလည်း ဆေးတိုက်ရဦးမယ်ကွ"

"အေးပါ မင်းကိစ္စတွေပြီးမှ လာခဲ့၊ ငါစောင့်နေမယ်"

ဟန်မြတ်သူ လက်ပြနှုတ်ဆက်သွားသည်။ ကျွန်တော့်အိမ်လေး ရာဆီသို့ ခြေလှမ်းတွေကို ပိုအရှိန်မြှင့်လိုက်၏။ အိမ်ရှေ့နားမှာ ရပ်ထားသော ကားကြီးကိုမြင်လိုက်ချိန်မှာ ကျွန်တော် အံ့အားသင့်သွားသည်။ မမရောက် နေတာလား။

"ဟော သားတောင် ကျောင်းကပြန်လာပြီ"

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် အမေနှင့်အတူ စကားထိုင်ပြော နေသော ဒေါ်လရောင်ငြိမ်းချမ်းကို တွေ့လိုက်ရ၏။ အမေ့ရှော မမရော အပြုံးလေးဖြင့် ဆီးကြိုနေသောကြောင့် ကျွန်တော် အမောပြေသွားပါသည်။

"ဒီနေ့ စာမေးပွဲဖြေရတယ်ဆို၊ ဖြေနိုင်ရဲ့လား မောင်လေး"

"ဖြေနိုင်တယ် မမ၊ ကျွန်တော့်အတွက် အေးဆေးပါ"

ကျွန်တော်က လက်မလေးထောင်လျက် ခပ်ပြုံးပြုံးလေး ပြော





လိုက်သည်။ အမေ့မျက်နှာမှာ ပီတိအပြုံးတွေ။

"စာနဲ့ပတ်သက်ရင်တော့ အမေ့သားက စိတ်ချရတယ်ကွဲ့၊ သူ့အသိစိတ်လေးနဲ့သူ့ဘာသာ လုပ်နေတာ၊ ဟိုးငယ်ငယ်တည်းကပဲ၊ သူ့ကိုအမေတို့ပေးနိုင်တာဆိုလို့လည်း ဒီပညာရေးလေးတစ်ခုပဲ ရှိတာလေ"

"မောင်လေးက စာလိုလားတဲ့ပုံပါ၊ ဒါကြောင့်လည်း သူ့ကို ဒီထက်ပိုပြီးထူးချွန်အောင် ထောက်ပံ့ပေးချင်တာ"

"ဘယ်လို သမီး၊ ဒီထက်ပိုပြီးထူးချွန်အောင် ထောက်ပံ့ပေးမယ်တတ်လား"

"ဟုတ်ပါတယ်၊ သူ့ကို ကျူရှင်ကောင်းကောင်းတက်ခိုင်းရမယ်၊ အခုက ကိုးတန်းဆိုတော့ နောက်နှစ်အတွက်လည်း အခြေခံပိုင်သွားအောင် လို့လေ"

"သမီးရယ် အမေ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

အမေက မမ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လျက် မျက်ရည်ဝဲ ပြောသည်။ ကျွန်တော်သိတာပေါ့။ အမေ သိပ်ဝမ်းသာနေတာ။ အမေ့ကို ဒီလိုမျိုး ပျော်ပျော်ရွှင်ရွှင်နဲ့ အကြာကြီးရှိနေစေချင်သေးသည်။ ကျွန်တော် ပညာတတ်ကြီးတစ်ယောက်ဖြစ်ချိန်ထိ ကျွန်တော့်ဘေးမှာ အမေ့ကိုရှိနေစေ ချင်သေးသည်။

ကျွန်တော့်ဆန္ဒတွေက စိတ်ကူးယဉ်မှုသက်သက်သာပဲလေ။

တွေးနေရင်းနှင့် ကျွန်တော် မျက်ရည်ဝဲပြန်၏။ ဒါကို သတိထား မိလိုက်ပုံရသော မမက ကျွန်တော့်ကိုမျက်မှောင်ကြီးကျုံ့ပြီး ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး ကျောင်းကပြန်လာရင် အဝတ်အစားသွားလဲဦးလေ၊ ချွေးစေးတွေနဲ့တစ်နေ့ကုန်ဝတ်ထားတာ မဟုတ်လား"

ကျွန်တော့်ကို တမင်သက်သက် အမေ့ရှေ့ကနေ ပထုတ်နေခြင်း ဖြစ်၏။ အမေ့ရှေ့မှာ ကျွန်တော် မျက်ရည်ကျမှာမျိုး မမ မလိုလားမဖြစ်စေချင်သည့်သဘော။

ကျွန်တော် အလိုက်သိစွာပင် အိမ်ထဲဘက် လျှောက်ခဲ့သည်။ နောက်ဘက်မှာ အမေနဲ့မမတို့ရဲ့ ရယ်ရယ်မောမော စကားသံတွေ ပြန့်လွင့်ကျန်ခဲ့၏။

"သားရေ သမီးလေး ပြန်တော့မယ်တဲ့"

အိမ်ရှေ့ခန်းဘက်ဆီမှ အမေ့အသံက ကျွန်တော့်နားထဲရောက်လာသည်။ ရေမိုးချိုးပြီး အဝတ်အစားလဲလှယ်နေသော ကျွန်တော် တပ်လက်စ အင်္ကျီကြယ်သီးကို ခပ်သွက်သွက် အပြီးတပ်လိုက်၏။ အိမ်ပေါက်ဝမှာ ရပ် နေသော မမက ကျွန်တော့်ကို တမင်စောင့်စားနေပုံရသည်။

"ပြန်တော့မလို့လား မမ၊ ကျွန်တော် ဘာမှတောင်မကျွေးလိုက်ရဘူး"

"ကျေးဇူးတင်ပါတယ်ရှင်၊ အန်တီက လက်ဖက်သုပ်ကျွေးလို့ ကိုယ် စားလိုက်ရပါတယ်"

မမက အပြုံးလေးဖြင့် ခပ်ပျော်ပျော်တုံ့ပြန်၏။ သူမကိုကြည့်ရတာ ရွှင်လန်းတက်ကြွနေပုံရသည်။

"ကျွန်တော် မမကို လိုက်ပို့မယ်လေ"





"ကားက အိမ်ရှေ့တင်ရပ်ထားတာကို"

"အိမ်ရှေ့ထိ လိုက်ပို့မှာပေါ့"

ကျွန်တော်က မမကို ကားနားထိ လိုက်ပို့ပေး၏။ ကားတံခါးလေး ဖွင့် ဝင်ထိုင်ရင်း မမ နှုတ်ဆက်သည်။

"ကိုယ် သွားတော့မယ်၊ မင်းလည်း စာကျက်ဦးနော်၊ မနက်ဖြန် စာမေးပွဲရှိသေးတယ် မဟုတ်လား"

"နောက်နှစ်ရက်ကျန်သေးတယ် မမ"

"အေး စာကလွဲရင် ကျန်တာတွေ ခေါင်းထဲထည့်မထားနဲ့ ကိုယ့်တာဝန်ထား"

"ဒါနဲ့ အမေ့ကို မမ ဘာတွေပြောခဲ့သေးလဲဗျ"

"သော်ကြာနေ့ကျရင် ဆေးခန်းထပ်တစ်ခါသွားပြဖို့တော့ ကိုယ် ပြောခဲ့ပါတယ်၊ အန်တီက ကိုယ့်ကို အားနာနေတာလေ"

"ဟုတ်ပါတယ် မမရယ်၊ ကျွန်တော်လည်း မမကို သိပ်အားနာ ပါတယ်"

"အားနာစရာလို့ မတွေးပါနဲ့၊ တကယ်ဆို မင်းရောကိုယ်ရော နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ညှိနှိုင်းခဲ့တာပဲလေ"

အင်းပေါ့လေ ကျွန်တော်ကလည်း သူမရဲ့မောင်လေးအဖြစ် ဟန် ဆောင်ပေးရဦးမှာဆိုတော့ အဲဒီလို ယူဆလို့လည်း ရနေတာပေါ့၊ ဒါပေမဲ့ သူမ မောင်လေးအဖြစ် ဟန်ဆောင်ပေးရမယ့်အဖြစ်ထက် သူမ ကူညီမှုတွေက ပိုများပြားနေသလိုမို့ ကျွန်တော် အားနာနေရခြင်းလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုယ်ပြန်တော့မယ်"

"ဟုတ်ကဲ့ မမ"

တခြားသူဌေးတွေ သူဌေးမတွေလို ကားမောင်းသည့်သူသက်သက်မထားဘဲ မမကိုယ်တိုင်သာ ကားမောင်းတတ်ကြောင်း ကျွန်တော် သတိထားမိသည်။ မမကိုကြည့်ရတာ အိမ်မှာလည်း တစ်ယောက်တည်း နေပုံရ၏။ လုပ်ငန်းခွင်တစ်ခုလုံးကို ဦးစီးနေရသော ပိုင်ရှင်သူဌေးတစ်ယောက်၊ အသက်အားဖြင့်ရော ရုပ်ရည်အားဖြင့်ပါ တကယ့်အရွယ်ကောင်းလို့ ပြောလို့ရလောက်သည့် အနေအထားမျိုးမှာ ဒေါ်လရောင်ငြိမ်းချမ်း ရောက်ရှိနေပါလျက်နဲ့ ဘာဖြစ်လို့များ တစ်ကိုယ်တည်း အပျိုကြီးအဖြစ် ဘဝကိုရပ်တည်နေခဲ့တာလဲ။

"သားရေ ဘာတွေငေးနေတာလဲ၊ အိမ်ထဲဝင်တော့လေ"

အပေါက်ဝမှာ ထွက်ရပ်ကြည့်နေသော အမေ လှမ်းခေါ်တော့မှ ကျွန်တော် ငြိမ်သက်စွာ ရပ်နေမိရာကနေ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်သွားသည်။ မမ မောင်းနှင်ထွက်ခွာသွားသော ကားလေးက မြင်ကွင်းထဲမှာပင် အစအနရှာမတွေ့တော့။ ကိုယ့်ဘာသာ ရှက်ရှက်နှင့်ခေါင်းကိုကုတ်လျက် အိမ်ထဲပြန်ဝင်လာခဲ့လိုက်သည်။

"အမေကတော့ ဒီသမီးလေးကို ဘယ်လိုကျေးဇူးတင်ရမှန်းကို မသိတော့ပါဘူး သားရယ်"

"ဟုတ်တယ်အမေ၊ တကယ်ဆို သားတို့နဲ့လည်း ဘာမှမပတ်သက်ပါဘဲ ဒီအတိုင်းကြီး ဝင်ကူညီခဲ့တာ"





"ဟုတ်တယ်ကွယ်၊ အမေဖြင့် သူ အိမ်လာလည်ရင် သိပ်အားနာတာပဲ၊ သူ့ပုံစံနဲ့ အမေတို့အိမ်နဲ့က ဘယ်လိုမှမတင့်တယ်စေဘူးမဟုတ်လား"

"ဒေါ်လရောင်ငြိမ်းချမ်းမှာ အဲဒီလိုစိတ်မျိုးတော့ ရှိမယ်မထင်ပါဘူး အမေရဲ့"

"အင်းလေ သမီးလေးက မရှိပေမယ့် အမေ့ဘက်က ခံစားရတာကို ပြောတာပါ သားရယ်"

"ကဲပါ အမေရယ် ဘုရားဘက်က သားတို့ကို စောင့်ရှောက်ဖို့ လူတစ်ယောက်လွှတ်လိုက်တယ်လို့ သဘောထားပေါ့နော်"

"တစ်ရက်လောက် အေးအေးဆေးဆေး ဘုရားလေးသွားဖူးဦးမယ်ကွယ်"

အမေက စကားစပ်မိရာကနေ ဖြစ်ချင်တာလေးကို ထည့်ပြောသည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ အမေ့မှာ တစ်နေ့တစ်နေ့ အိမ်က ဘုရားစင်လေးရှေ့မှာပဲ အချိန်ကုန်ခဲ့ရတာ။ ရွှေတိဂုံကိုတောင် လိုက်မပို့ပေးဖြစ်ခဲ့တာ တစ်နှစ်ကျော်လောက် ရှိတော့မည်။

"သား စာမေးပွဲပြီးရင် သွားကြမယ်လေနော် အမေ"

"အေးကွယ် ကောင်းသားပဲ"

"ဒါနဲ့ အမေ ဆေးရောသောက်ပြီးပြီလား"

"သောက်ပြီးပါပြီကွယ်၊ သမီးလေးက ဆေးသောက်ဖို့ သတိပေးတာနဲ့ အမေတစ်ခါတည်း သောက်ထားလိုက်ပါတယ်"

အမေက ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်ဖြေသည်။ အမေ့ကိုကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မမကြောင့် စိတ်တွေမိုလို့ ရှင်လန်းတက်ကြွနေပုံရ၏။ ခုချိန်ထိတော့ မမနဲ့ပတ်သက်ရင် ကျွန်တော်တို့အတွက် ကျေးဇူးတင်ချင်စရာတွေချည်းပါပဲ လေ။

"ဒါဆို သား အဖေ့ကို ရေပတ်တိုက်ပေးလိုက်ဦးမယ်"

"အမေ လုပ်လိုက်မယ်လေ သား"

"ရတယ် အမေ၊ မလုပ်နဲ့ သားကိုလည်း တစ်ခါတလေ ကုသိုလ် လေးခွဲပေးပါဦးဗျ"

"သား စာမေးပွဲကြောင့် စာကျက်ရမယ် မဟုတ်လား"

"အဖေ့ကိုလုပ်စရာရှိတာ လုပ်ပေးပြီးတော့မှ ကိုဆန်းတို့အိမ်ဘက် သွားမယ် အမေ၊ ဟန်မြတ်သူနဲ့လည်း ချိန်းထားတယ်"

"ဪ အေး အေး၊ ဒီလိုဆိုလည်း ပြီးတာပါပဲကွယ်"

အမေက စိတ်ပုတီးလေးကိုင်လျက် ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေး ထိုင်လိုက်သည်။ ခုလို အမေ့တာဝန်တွေကို ကျွန်တော်က ခွဲဝေယူလိုက်တော့ အမေလည်း ဘုရားတရားအလုပ်လေးတွေ ပိုမိုလုပ်ကိုင်ဖြစ်သွားတာပေါ့။ ဘယ်ဘက်ကကြည့်ကြည့် ကောင်းမွန်တဲ့လုပ်ရပ်ပါပဲလေ။ အဖေ့ကိုကိုယ်တိုင် ကိုယ်ကျ ပြုစုရတော့ ကျွန်တော်လည်း ကုသိုလ်ရသည်။ ဘုရားတရားပို လုပ်ဖြစ်လာသည့်အတွက် အမေလည်း ကုသိုလ်ပိုရမည်။ အကောင်းဘက်က တွေးလျှင် စိတ်ချမ်းသာစရာတွေချည်းပါပဲ။

■ ■ ■



## အခန်း (၄)

ဒီနေ့ ကျွန်တော်တို့တစ်တွေ စာမေးပွဲပြီးသည်။ စာအုပ်တွေကို ခေါက်ထားပြီး အနားပေးခွင့်ရသော ရက်များဖြစ်၏။ အမေ့ကို ကတိပေးထားသည့် အတိုင်း ဘုရားလိုက်ပို့ပေးဖြစ်၏။ ဟန်မြတ်သူလည်း ပါသည်။ ကိုဆန်းလည်း ပါသည်။ ကိုဆန်းက ဦးဆောင်ပြီး အငှားကားလေးဖြင့် သွားကြခြင်းဖြစ်၏။

"ဘယ်လိုလဲ အမေ၊ ဒီတစ်ခါတော့ တကယ်ရောက်ဖြစ်ပြီနော်"

အိမ်ဘေးနားမှ အစ်မကြီးတစ်ယောက်က အဖေ့ကိုကြည့်ပေးဖို့ အိမ်မှာလာနေပေးသည်။ ကျွန်တော်တို့တွေ အေးအေးလူလူ နေအေးတော့မှ ထွက်လာခဲ့ကြခြင်း ဖြစ်၏။

အားလုံး ဘုရားရှိခိုးဝတ်ပြုပြီးတော့ အမေက ပုတီးစိတ်သည်။ ကျွန်တော်တို့သုံးယောက်သား အနောက်ဘက်မှ တန်ဆောင်းလေးမှာ ထိုင် ပြီး အမေ့ကိုစောင့်ရင်း စကားပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မေးခွန်းလေးတွေက မခက်ဘူးနော် လူသစ်"

"အေး ဟုတ်တယ်၊ ငါတို့ထင်ထားတာထက်ကို အများကြီးလွယ်တယ်"

"ဒါပေမဲ့ ငါတကယ်ကြောက်တာက အတန်းတင်ကွ၊ အဲဒီမှာ ဂွမ်းရင်တော့ သွားပြီ"

ကျွန်တော်တို့ကျောင်းက အထက်တန်းအဆင့်ကို အတန်းတင်မှာ ဂုဏ်ထူးပေး၏။ ဂုဏ်ထူးများတာဖြစ်ဖြစ် အမှတ်များတာဖြစ်ဖြစ် ကျောင်းဆုပေးပွဲအခမ်းအနားတွင် တက်ရောက်ရမြဲဖြစ်သည်။ ရှစ်တန်းတုန်းကလည်း ကျွန်တော်ရော ဟန်မြတ်သူပါ ဆုပေးပွဲတက်ရသည်။

ငယ်စဉ်တည်းက အတွဲညီလာသော ကျွန်တော်တို့နှစ်ယောက်ကို ကံတရားက မခွဲမခွာ အတူရှိနေစေခဲ့သည်။ မနှစ်က တစ်နှစ်လုံး ကျွန်တော်ကျောင်းနားခဲ့ပေမယ့် ဟန်မြတ်သူက ကိုးတန်းကို တက်ရောက်ခဲ့သည်။ သို့သော် အတန်းတင်စာမေးပွဲကြီးနီးမှ အူအတက်ပေါက်သောကြောင့် ဆေးရုံတင်ရသည်။ ခွဲစိတ်လိုက်ရသည်။ စာမေးပွဲမဖြေဖြစ်ခဲ့။ ဒီနှစ်ကျတော့ ကျွန်တော်တို့နှစ်ယောက် ပြန်တွဲမိသွားကြသည်။

"မင်းရော ငါရော ဒီနှစ် ဆုပေးပွဲထဲ ပါမှာပါကွာ၊ မင်းကလည်း ဘာတွေစိုးရိမ်နေတာလဲ"

"အေးပါကွာ စာတွေက ပိုင်ပေမယ့် နည်းနည်းတော့ ကြောက်မိတာပေါ့ကွ"

"မင်းကျန်းမာရေးကိုသာ ဂရုစိုက် ဟုတ်ပြီလား"





ကျွန်တော်က လူကြီးတစ်ယောက်လေသံမျိုးဖြင့် ဆူလိုက်တော့ ဟန်မြတ်သူက ဟီးခနဲ သွားလေးဖြီကာ ရယ်ပြသည်။ ဒီကောင်က ကျွန်တော်တို့နှစ်ယောက်ထဲမှာ ပိုပြီး ကလေးဆန်၏။ ကြောက်လည်းကြောက်တတ်သည်။

"ဒါနဲ့ အန်တီ ခွဲစိတ်ဖို့ ဒိုကေသွားတော့ မင်းအတွက် စိတ်ပူစရာ မလိုတော့ဘူးပေါ့နော် လူသစ်"

ခွဲစိတ်ရင် ခြောက်လတစ်နှစ် အသက်ဆက်ရှင်နိုင်မည်။ မခွဲစိတ်ဘဲ ဒီတိုင်းထားလိုက်မိလျှင်တော့ အများဆုံးသုံးလသာ အသက်ရှင်ခွင့်ရမည်ဆိုတဲ့ အချက်ကြီးကို ကျွန်တော် ဟန်မြတ်သူအား ပြောမပြထားပါ။ ကျွန်တော့်ကြောင့် နဲ့ ဘယ်သူ့ကိုမှ စိတ်မညစ်သွားစေချင်၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ထိုကိစ္စကြီးကို မေ့ဖျောက်ထားချင်သည်။

ခွဲစိတ်လိုက်လျှင် အမေ့နားမှာ ကျွန်တော် တစ်သက်လုံးပြန်နေခွင့်ရမည်လို့ စိတ်ကူးယဉ်ကြည့်ချင်နေသေး၏။

"ဆေးခန်းသွားတဲ့နေ့ကျရင် ငါလိုက်ခဲ့ပေးမယ်လေ လူသစ်"

ကိုဆန်းက လူကြီးပီပီ ဝင်ပြောသည်။ ကိုဆန်း ပါလာတော့လည်း ကောင်းတာပါပဲ၊ မမက အရာရာ တတ်သိနားလည်ပေမယ့် ကျွန်တော်က တော့ ဘာဆိုဘာမှမသိ နားမလည်သည့် ကလေးသာသာအဆင့်မဟုတ်လား။ ကိုဆန်းလို လူကြီးတစ်ယောက် ဘေးမှာပါလာတော့ မမနဲ့လည်း ပြောဆိုတိုင်ပင်ရတာ ပိုအဆင်ပြေလိမ့်မည်လို့ ကျွန်တော် ထင်သည်။

"ကောင်းတယ် ကိုဆန်း။ မဟုတ်ရင် ကျွန်တော်လည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



သိပ်နားလည်တာမဟုတ်ဘူး''

"အေးပါ ငါလည်း အဲဒါကို တွေးမိပါတယ်ကွ"

"ဒါနဲ့ မင်းကို အဲဒီမိန်းမက ဒါတွေလိုက်လုပ်ပေးတဲ့အတွက် ဘာမှ ပြန်မတောင်းဆိုဘူးလား၊ ငါပြောတာက သူပြောထားတဲ့ကိစ္စအကြောင်း ထပ်ပြောသေးလားလို့''

ဟန်မြတ်သူက သူ စိတ်ဝင်စားနေသည့် အကြောင်းအရာကို တည့်မေးလာသည်။ အဲဒီကိစ္စကို ကျွန်တော် သဘောတူခဲ့ပြီးကြောင်း ကိုဆန်း ကိုလည်း မပြောပြရသေး။

"အေးကွ ငါလည်း သိချင်တယ်၊ ပြောပါဦး''

"ကျွန်တော် သဘောတူလိုက်တယ် ကိုဆန်း။ ဘာဖြစ်လို့လဲဆို တော့ သူ့ကျေးဇူးတွေက ကျွန်တော့်အတွက် သိပ်ကြီးမားလွန်းတယ်လို့ ခံယူလိုက်လို့ပဲ၊ ဒါလေး ပြန်ကူညီရတာလောက်နဲ့တောင် မလုံလောက်ဘူး လို့ ထင်ပါတယ်''

"အေးပေါ့ကွာ၊ ငါလည်းမတားမြစ်ချင်ပါဘူး။ ဒါပေမဲ့ မင်းစိတ်မပါ ဘဲနဲ့တော့ မလုပ်ပါနဲ့ကွာ''

ဟိုးအဲစတုန်းက ကျွန်တော် အကြောက်အကန် ငြင်းဆန်ခဲ့တာကို ကိုဆန်းက ပြန်သတိတရဖြစ်နေပုံမျိုးနှင့် သတိပေးသည်။ အဲဒီအတွက် ကျွန်တော် ခေါင်းကို ခပ်သွက်သွက်ခါပစ်လိုက်သည်။

"မဟုတ်ဘူး ကိုဆန်း။ ကျွန်တော် စိတ်ပါတယ်၊ ကျွန်တော်ကိုယ် တိုင်ကိုက လုပ်ပေးချင်စိတ် ပေါက်သွားခဲ့တာ၊ အဲဒါကြောင့်လည်း ကျွန်တော်





ခေါင်းညိတ်ခဲ့တာပေါ့''

"အေးလေ ဒီလိုဆိုတော့လည်း ငါတို့က ဘာမှကန့်ကွက်စရာ ရှိပါဘူးကွ''

"သူက ကျွန်တော့်ပညာရေးကိုပါ အတတ်နိုင်ဆုံး ကူညီထောက်ပံ့ ပေးမယ်လို့ ပြောတယ်''

"ဒီလိုဆို နောက်နှစ်ကျရင် ငါတို့နှစ်ယောက် ကျူရှင်တူတူတက် နိုင်အောင် လုပ်သစ်၊ ငါ့အိမ်က တကယ့်အမိုက်စားကျူရှင်ကို ခုတည်းက ရှာဖွေ နေတာကွ''

"အေးပါကွာ ဒါကတော့ ငါလည်း အခြေအနေကြည့်ပါ့မယ်၊ ခု တစ်ခုခုတော့ စီစဉ်ပေးမှာပေါ့''

"ဒီလိုသာဆို ငါတို့နှစ်ယောက် အားလုံးတူသွားပြီ၊ ငါတို့ဖြစ်ချင်တဲ့ ဆေးကျောင်းသားတွေဖြစ်အောင် ကြိုးစားဖို့ပဲ ကျန်တော့တယ်''

မရောက်သေးသည့်အနာဂတ်ကို ကြိုတင်ပုံဖော်ပြီး အားတက်သ ရော ပြောနေသည်။ ကျွန်တော်ရော သူရောက ဆရာဝန်ဖြစ်ချင်ခဲ့ကြသော ကလေးများဖြင့် စာကြိုးစားခဲ့ကြတာ မဟုတ်လား။ သို့သော် အရင်တုန်း ကတော့ စာတွေသာ ကြိုးစားနေရသည်။ တကယ်တမ်း ဆေးတက္ကသိုလ် တက်ခွင့်ရရင်တောင် ကျွန်တော့်မိသားစုအခြေအနေနှင့် ဘယ်လိုမှ မနိုင်နင်း နိုင်သည့်ဝန်မို့လို့ မျှော်လင့်ချက်ကို ရဲရဲဝံ့ဝံ့ မထားရဲ။

ခုတော့ မမက ကျွန်တော့်အတွက် မျှော်လင့်ချက်လေး ဖြစ်လာ ခဲ့သည်။ သူတစ်ပါးကို အားကိုးတတ်သော စိတ်အခံမရှိခဲ့ပေမယ့် ခုကျတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မမကို အားကိုးချင်လာသည်။

"ဟော ဟိုမှာ အန်တီ ပုတီးစိတ်ပြီးသွားပြီ"

ကျွန်တော်တို့ထိုင်နေသော တန်ဆောင်းလေးဆီသို့ စိတ်ပုတီးလေးကို လက်မှာခွေပတ်ရင်း အမေ လျှောက်လာသည်။

"ပြီးပြီလား အမေ"

"အေး ပြီးပါပြီ သားတို့ရယ်၊ ဒီနေ့ လူစုံတက်စုံ ဖြစ်နေတာမြင်ရတော့ အမေ့မှာ သမီးလေးကိုတောင် သတိရမိသေးတယ်ကွယ်"

ခုဆို အိမ်မှာလည်း အမေက မမအကြောင်းသာ တတွတ်တွတ်ပြောနေတတ်သည်။ ခုလည်း မမကို သတိတရနှင့်ပြောပြန်ပြီ။ တကယ်တော့ အိမ်က ထွက်လာလာချင်းတုန်းက မမကိုပါ အတူခေါ်လာခွင့်ရရင် ကောင်းမှာပဲလို့ ကျွန်တော် တွေးလိုက်မိသေးသည်။

ဒါပေမဲ့ တကယ့်တကယ်တမ်းကျတော့ ကျွန်တော် မခေါ်ရဲ။ မမက ကျွန်တော်တို့ယောကျ်ားလေးတစ်သိုက်နှင့် ဘုရားအတူ သွားချင်ပါ့မလားဆိုသည့် မဟုတ်ကဟုတ်က စိုးရိမ်မှုလေးက နေရာယူကာ အနိုင်ရသွားသည်။ ခုတော့ ဘုရားကပြန်ခါနီးမှာမှ အမေကလည်း မှတ်မှတ်ရရပြောနေပြန်၏။ ကျွန်တော်တို့မိသားစုရင်ထဲမှာတော့ မမက နေရာတစ်နေရာ အပြည့်ယူထားနိုင်ခဲ့တာ သေချာနေပါပြီ။

"တစ်ခုခု သွားစားရအောင်လေ အန်တီ၊ ဗိုက်မဆာဘူးလား"

"မစားတော့ပါဘူး မောင်ဆန်းရယ်၊ အိမ်မှာက သူ့အဒေါ်ထားခဲ့ရတာ၊ ပြီးတော့ ညစာအတွက် ချက်ထားပြုတ်ထားခဲ့ပြီးသားလေ





စားဖြစ်ရင် နမြောစရာကြီးပေါ့"

"ဟုတ်တယ် ကိုဆန်းရဲ့၊ ဘေးအိမ်က မကေသီကို ခဏလောက်ကြည့်ထားပေးဖို့ အကူအညီတောင်းခဲ့ရတာ"

"အေးပါကွာ ငါသဘောပေါက်ပါတယ်"

ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ အဖေ့ကို မကေသီ ထမင်းကျွေး ဆေးတိုက်တောင် လုပ်ပြီးနေခဲ့ပြီ။

"အားနာလိုက်တာ ကေသီရယ်"

"ကြီးဒေါ်ကတော့ မဟုတ်တာ ပြောရော့မယ်၊ ကျွန်မတို့အိမ်မှာ တီစွစိစွရှိတိုင်းလည်း အပြန်အလှန် ကူညီနေကျပဲဟာကို"

"အေးပါကွယ် ကျေးဇူးတင်ပါတယ်၊ ဒီမှာပဲ တစ်ခါတည်း စားသွားလိုက်ပါလား။ ငါးငပိချက်လေး လုပ်ထားတယ်"

"ဟုတ်လား တစ်ခါတည်းတော့ မစားတော့ပါဘူး။ အမေလည်းချက်တယ်ဆိုတော့ နည်းနည်းယူသွားလိုက်မယ်နော်"

"အေး အေး ဒါဆို ခဏစောင့် တစ်ခါတည်း ထည့်ပေးလိုက်မယ်"

အမေက အဝတ်အစားပင် မလဲနိုင်သေးဘဲ မီးဖိုချောင်ဝင်သွားသည်။ မကေသီက ကျွန်တော့်နားတိုးလာ၏။

"ကြီးဒေါ်ကြည့်ရတာ ပိန်သွားသလိုပဲဟယ်"

"အမေ နေသိပ်မကောင်းလို့ပါ မကေသီရယ်"

"ဪ ဒါကြောင့် ဒီရက်ပိုင်း နင်တို့ဈေးမထွက်တာကိုး။ ဘာဖြစ်တာတဲ့လဲဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစာအိမ်နည်းနည်းထိတာပါ"

"ဂရုစိုက်ပါဟာ၊ နင်တို့မှာက ဒီမိသားစုလေးပဲ ရှိတာမဟုတ်လား ဒါနဲ့ ကြီးဒေါ် အစာအိမ်မကောင်းဘူးဆိုရင် ငပိချက်တွေ မကျွေးနဲ့လေ"

"မကျွေးပါဘူးဗျ၊ ကျွန်တော် ကြိုက်တတ်လို့ အမေ ချက်ပေးထားတာပါ"

"အေး အေး ပြီးရော၊ လိုတာရှိလည်း ပြောလေ"

ထိုအချိန်မှာပဲ လက်ထဲမှ ပန်းကန်လုံးလေးတစ်ခုကိုင်ပြီး အမေ ပြန်ထွက်လာသည်။

"ရော့ သမီး၊ နင့်အမေကိုလည်းပြော၊ ကြီးဒေါ်အတွက် သမီးတို့ ခြံနောက်က ဂုမုန်းလေးမျိုးပွားပေးပါဦးလို့"

"ဟုတ် ပြောလိုက်မယ် ကြီးဒေါ်၊ သမီး သွားပြီနော်"

မကေသီတို့နဲ့က ဘေးချင်းကပ်လျက် နေလာတာလည်း ကြာပြီး နှစ်အိမ့်တစ်အိမ်လိုလို ဖြစ်နေခဲ့တာပါ။ ဒီရပ်ကွက်ထဲမှာက ကျွန်တော်တို့ သားအမိကို လူချစ်လူခင်ပေါသည်။ ကျွန်တော်တို့ကလည်း ဘယ်သူ့ကိုမှ အမုန်းမပွား။ အားလုံးနှင့်ချစ်ချစ်ခင်ခင် နေတတ်တာမို့ ဘာပဲပြောပြော ဒီမှာ နေရတာ လူဆင်းရဲပေမယ့် စိတ်ချမ်းသာပါသည်။

"သား ထမင်းစားတော့မလား၊ အမေ ခူးလိုက်တော့မယ်"

"ဟုတ် စားမယ်ရှေ၊ အမေ အဝတ်အစားလဲလိုက်ဦး၊ သား ခူးထားလိုက်ပါ့မယ်"

"အေး အေး သား"





ထိုစဉ်မှာပဲ ကျွန်တော်တို့အိမ်လေးရှေ့ကို မမရဲ့ကားအဖြူကြီး ထိုးရပ်လိုက်ခြင်း ဖြစ်သည်။ ကားပေါ်က ဆင်းမလာခင်ကပင် ကျွန်တော့်ကို အပြုံးနှင့်ကြည့်နေသော မမကို လှမ်းမြင်လိုက်ရ၏။

"ဒီအချိန်ကြီး ဘယ်လိုရောက်လာတာလဲ မမ"

အိမ်နောက်ဖေးဆီ လှမ်းနေသော ခြေလှမ်းများက ချက်ချင်းပင် အိမ်ပေါက်ဝဘက် ရောက်သွားသည်။ ကျွန်တော့်ရဲ့အံ့သြဝမ်းသာနေသော အသံကြောင့် အမေလည်း မမကိုမြင်သွား၏။

"ဟယ် သမီးလေး၊ စောစောကသာလာရင် အမေတို့နဲ့အတူ ဘုရားသွားလို့ရတယ်ကွယ်"

အမေကတော့ မမကိုမြင်သည်နှင့် ဖြစ်ချင်ခဲ့တဲ့ဆန္ဒကို အရင်ဆုံး ထုတ်ပြောသည်။ ကျွန်တော့်ကိုလှမ်းကြည့်လိုက်သော မမ မျက်ဝန်းတွေ ရွှန်းနဲ့ ဖြစ်သွား၏။

"မောင်လေးတို့က ဘုရားသွားပြီး ပြန်လာကြတာလား၊ ဒါကြောင့် အဝတ်အစားသစ်တွေနဲ့ ဖြစ်နေတာကိုး"

နှုတ်ခမ်းတွေက ပြုံးပြုံးလေးနဲ့ ပြောနေပေမယ့် ကျွန်တော့်ကို ကြည့်နေတဲ့ အကြည့်တွေမှာ ဘာမှန်းမသိ တစ်ခုခုမှားယွင်းနေသလို ခံစားနေသည်။

"ဘယ်သူတွေ သွားကြတာလဲ မောင်လေး၊ ခုနက မိန်းကလေး တစ်ယောက် ဒီအိမ်ထဲကနေ ထွက်သွားတာ မမ တွေ့လိုက်သလိုပဲ"

"အဲဒါက ဘေးအိမ်က မကေသီပါ မမရဲ့၊ ကျွန်တော်နဲ့အမေ

www.burmeseclassic.com



ဘုရားသွားတော့ အဖေ့ကိုခေတ္တဖြုတ် လာကြည့်ပေးတာပါ''

''ဟုတ်တယ် သမီးလေးရဲ့၊ ကေသီတို့အိမ်နဲ့ အမေတို့နဲ့က ပြောစရာလူတွေ မဟုတ်ဘူးလေ၊ ဘုရားကတော့ သားသူငယ်ချင်းလေးတွေနဲ့ သွားကြတာပါ''

''ဟုတ်ကဲ့ပါ၊ သမီးကို လှမ်းတောင်မခေါ်ကြဘူး''

မမ မျက်နှာပေါ်မှာ နားလည်ရခက်သော အကြည့်တွေ ပျောက်ဆုံးလျက် ချက်ချင်းပင် အပြုံးတွေ ဝေဆာသွားပြန်သည်။ အမေ့ကိုတောင် စစနောက်နောက် လုပ်နေပြန်၏။ မမ အရိပ်အကဲတွေကို ကျွန်တော် နားမလည်သေးတာကတော့ သေချာပါတယ်လေ။

''သမီးလေး ကိစ္စရှိလို့လား''

''ကိစ္စမရှိပါဘူး အမေ၊ ဒီဘက်မှာ သမီးရဲ့လုပ်ငန်းမိတ်ဆွေတစ်ယောက်နဲ့ ညစာလာစားရင်း သတိရတာနဲ့ ပတ်ဝင်လာခဲ့တာ၊ သမီးလာလို့ အမေတို့ အနှောင့်အယှက်မဖြစ်ပါဘူးနော်''

''အောင်မယ်လေး ဘယ်လိုများပြောလိုက်တာလဲ သမီးရယ် အမေက သမီးကို တကယ့်ကိုယ့်သမီးလေးလိုကို သဘောထားပါတယ် ကွယ်''

''မောင်လေး ဘာရပ်လုပ်နေတာလဲ၊ ကြောင်တောင်တောင်နဲ့''

အမေနဲ့စကားပြောနေရင်းတန်းလန်းနှင့် ကျွန်တော့်ဘက်ကို လှည့်ကြည့်ပြီး မေးခွန်းထုတ်လိုက်သေးသည်။ မမနဲ့စကားပြောနေတဲ့အခါတိုင်း စိတ်ချမ်းသာနေပုံရသော အမေ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေရာက





ကျွန်တော် နောက်ဖေးဘက်လှည့်ထွက်ရန် ပြင်သည်။

''ထမင်းစားကြမလို့ လုပ်နေတာ မမရဲ့''

''ဪ မစားကြရသေးဘူးလား''

''အခုမှ ဘုရားကပြန်ရောက်တာလေ သမီးရယ်''

''မမရော စားသွားမလား''

ကျွန်တော် အရဲစွန့်ပြီး မေးမိသည်။ ကျွန်တော်တို့အိမ်မှာချက်တဲ့ ဘာမှမဟုတ်သည့် အစားအသောက်တွေကို မမက ဘယ်လိုလုပ်စားနိုင်မှာ တဲ့လဲ။

''ခုပဲ ညစာစားလာပါတယ်ဆိုကွာ''

ပြုံးပြုံးလေးဖြေလိုက်သော မမ အမူအရာထဲမှာ စက်ဆုပ်မှုတစ်ခုခု တော့ ကျွန်တော် ရှာမတွေ့။ တကယ်ပင် စားသောက်ပြီးခဲ့လို့ ငြင်းဆန် လိုက်ရသည့် သာမန်အပြုအမူလောက်သာ ဖြစ်သည်။ အင်းလေ တကယ် သာ မစားရသေးဘူးဆိုရင်လည်း မမ ငြင်းမှာပါပဲ။

''ကိုယ် ဘာကူညီလုပ်ပေးရမလဲ မောင်လေး''

အနောက်ဘက်ကနေ ခြေသံလုံလုံနှင့် ရောက်လာသော မမကို ကျွန်တော် လုံးဝ သတိမထားမိလိုက်။ ကျောဘက်ကပ်ကပ်လေးမှ အသံ ထွက်လာသောကြောင့်သာ ကျွန်တော် အလန့်တကြား လှည့်ကြည့်လိုက် ခြင်း ဖြစ်သည်။

''ဟာ မမ အားနာစရာပျာ၊ ဘာလို့အိမ်နောက်ဖေးထိ လိုက်လာ တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုယ့်ကိုညှော်သည်တစ်ယောက်လို့ မင်းက အားနာနေတာလား။ ကိုယ်နဲ့မင်းက မောင်နှမတွေဆိုတာ မမေ့နဲ့ဦးလေ"

"ဟာဗျာ ဒါတော့လည်း ဒါပေါ့၊ ဒါပေမဲ့ အခုတော့ အိမ်ရှေ့မှာပဲ အေးအေးဆေးဆေး ထိုင်နေပါ မမရယ်၊ ထမင်းဟင်းရှာတာလောက်ကတော့ ကျွန်တော် မျက်လုံးမှိတ်လုပ်တောင် ရပါတယ်"

"အပြောကတော့ လေတစ်လုံးမိုးတစ်လုံးပဲနော် အဟင်း ဟင်း"

မမက ကျွန်တော့်ကိုခပ်လှောင်လှောင်လေး ပြောသည်။ အနီးကပ်ကြည့်မိတော့ ပြုံးနေသော မမမျက်ဝန်းတစ်ဝိုက်မှာ ခပ်ရေးရေးအစင်းကြောင်းလေးတွေကို မြင်ရ၏။ အသက်သုံးဆယ်စွန်းစွန်းဆိုတာ ကျွန်တော်နဲ့ယှဉ်ရင်တော့ ထက်ဝက်လောက် ကွာပေမယ့် တကယ်တမ်းတော့ မိန်းမတစ်ယောက်အတွက် အလှပဆုံး ကျက်သရေအရှိဆုံးအချိန်တွေလို့ ကိုဆန်းပြောတာ နားထောင်ဖူးသည်။ ကိုဆန်းက သူကိုယ်တိုင်သာ တစ်ယောက်တည်းနေတာ၊ မိန်းမတွေအကြောင်းကိုတော့ တော်တော်နှံ့နှံ့စပ်စပ် သိသူမျိုးဖြစ်၏။

"ကိုယ့်အိမ်မှာ မင်းဘယ်တော့လောက် စလာနေမှာလဲ"

မမျှော်လင့်ထားသော မေးခွန်းမို့ ကျွန်တော် ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားသည်။ အမေ့ခွဲစိတ်မှုတွေပြီးမှ ဒီကိစ္စကို စဝင်အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ သဘောတူထားခဲ့တာ မဟုတ်လား။

"အမေ့ကိစ္စပြီးမှ ကျွန်တော်တို့ပြောမယ်လေ မမ"

"ဟုတ်ပါတယ်၊ ကိုယ်ကလည်း ချက်ချင်းကြီးလို့ မဆိုလိုပါဘူး





ဒါပေမဲ့ ကြိုသိထားချင်တာပါ"

"ကျွန်တော် အဓိကစဉ်းစားနေတာက အမေ့ကို ဘယ်လိုပြောရမလဲဆိုတဲ့ကိစ္စပါ။ ပြီးတော့ မမအိမ်မှာ ကျွန်တော်လိုက်နေရင် အမေနဲ့အဖေ့ကို ဘယ်သူက ကြည့်ပေးမှာလဲ"

"အဲဒါတွေ မင်းပူစရာ မလိုပါဘူး။ ကိုယ်အားလုံးအိုကေအောင် စီစဉ်နိုင်ပါတယ်"

မမ မကြားသာအောင် သက်ပြင်းခိုးလေးချမိသည်။

"ကဲပါ ဒီလိုဆိုလည်း ကိုယ်မနှောင့်ယှက်တော့ဘူးနော်၊ အိမ်ရှေ့မှာ စောင့်နေမယ်"

"ဟုတ်ကဲ့ မမ"

အိမ်နောက်ဖေးထိ လိုက်ဝင်လာခဲ့တာ တကယ်တမ်းတော့ ကျွန်တော့်ကို ကူလုပ်ပေးဖို့ဆိုတာထက် သူမ မေးချင်တာကို မေးဖို့အတွက်ပဲ ဖြစ်လိမ့်မည်လို့ ကျွန်တော် တွက်ဆလို့ ရသွားသည်။ ကျွန်တော့်စိတ်ထဲမှာ မမ တောင်းခဲ့တဲ့ အကူအညီကို လိုလိုလားလား ပေးချင်ပေမယ့် ခုချိန်ထိ အကြောင်းရင်းမှန်ကို မပြောပြသေးတာတော့ သိပ်ဘဝင်မကျဖြစ်မိသည်။

ထိုညက ကျွန်တော်နှင့်အမေတို့ ထမင်းစားသောက်နေတာကို သေးကာနေ ထိုင်ကြည့်စကားပြောပြီးမှ မမ ပြန်သွား၏။

"သားရယ် အမေကတော့ ဒီသမီးလေးကို သိပ်ထူးခြားတယ်လို့ ခံစားနေရတာ အမှန်ပဲ"

"သားလည်း အဲဒီလိုပဲ ခံစားရပါတယ် အမေ၊ ဒါပေမဲ့ တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကျေးဇူးဆိုတာမျိုးကြီးပဲ တွေးမနေပါနဲ့ ကိုယ့်စိတ်ကိုကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးထားနော်''

"ခုတလော ငါ့သားကိုကြည့်ရတာ အမေ့ကို သိပ်ဂရုစိုက်နေပါလား ဟင်''

မျက်နှာမှာ ပီတိတွေဝေဖြာလျက် အမေပြောသည်။ အမေရော အဖေကို ကျွန်တော်ချစ်ပေမယ့် ကိုယ့်စာနဲ့ကိုယ် နပန်းလုံးကာ သေသေချာချာ ဂရုမစိုက်ဖြစ်ခဲ့သည့် အရင်အချိန်တွေကို အမေ အမှတ်ပြန်ရနေမှာပေါ့။ ကျွန်တော့်ဘဝရဲ့အားကိုးရာ အမေ့ကိုတစ်သက်လုံးစာအတွက် အနားမှာရှိနေခွင့် သိပ်မကျန်တော့မှန်း သိလိုက်ရချိန်မှာ အရင်အတိုင်းဆက်ပြီး ဖာသိဖာသာ နေမိခဲ့ရင် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်လိုခွင့်လွှတ်နိုင်ပါ့မလဲ။

လူဆိုတာကလည်း မရနိုင်တော့ဘူးဆိုတာကို သိလာမှ အရင်က ထက် ပိုလို့တပ်မက်တွယ်တာလာတတ်တာ မဟုတ်လား။

"အမေကလည်း ပြောတော့မယ်နော်၊ ကိုယ့်အမေကိုယ် ကျွန်တော်မှ ဂရုမစိုက်ရင် ဘယ်သူဂရုစိုက်မှာလဲ''

"အေးပါ ငါ့သားက ခုလို အမေ့ကို အရေးတယူ ပိုဂရုစိုက်လာတော့ အမေ စိတ်ချမ်းသာရတာပေါ့ကွယ်''

ကျွန်တော့်ပခုံးလေးကို ဖွဖွပွတ်သပ်လျက် အမေ ညင်ညင်သာသာလေး ပြောသည်။ ကျွန်တော်လည်း အမေ့ပခုံးလေးကို ဖွဖွလေး ပြန်မွေ့ဖက်ထားပေးလိုက်၏။ ဒီရင်ခွင့်ဟာ အနွေးထွေးဆုံးပါပဲ။ ကျွန်တော် ဘယ်တော့မှ မခွဲသွားချင်ဘူး အမေ။

■ ■ ■





ဒီနေ့ ဆေးရုံသွားပြသည့်နေ့။ အမေနဲ့ကျွန်တော့်ကို မမကိုယ်တိုင် လာခေါ်သည်။ ကိုဆန်းကလည်း မနက်စောစောတည်းက ကျွန်တော့်အိမ်မှာ ရောက်နေတာဆိုတော့ မမလာသည်နှင့် အားလုံးအဆင်သင့် ထွက်လာခဲ့ကြ၏။

ဆေးရုံရောက်တော့ ခွဲစိတ်မှုအတွက် လိုအပ်သည့် စစ်ဆေးမှုတွေ ထပ်လုပ်သည်။ ကျွန်တော်က အမေ့နားမှာနေလျက် မမနောက်ကနေ ကိုဆန်းက တောက်လျှောက်လိုက်ပြီး လိုအပ်တာတွေ လုပ်ပေး၏။ အားလုံး ချောချောမွေ့မွေ့ပင် ပြီးဆုံးသွားခဲ့ပါသည်။

ခွဲစိတ်ဖို့အတွက် အကောင်းဆုံးအနေအထားမှာ ရှိနေ၏။ မခွဲစိတ်လို့လည်း မရတော့သည့်အနေအထား။

ဒီလိုအခြေအနေမှာ ခွဲစိတ်မှုဖြစ်မည့်အကြောင်းကို ကျွန်တော်တို့တွေ အမေ့ကိုဖွင့်ပြောရတော့မည်။ ကိုဆန်းက ကျွန်တော့်ကိုလှမ်းကြည့်သည်။ ကျွန်တော်က မမကို ပြန်ကြည့်၏။ မမ သက်ပြင်းလေး မသိမသာ ချလိုက်တာ ကျွန်တော် မြင်ပါသည်။

"အမေ သမီးတို့ ဟိုတစ်ခါကလိုပဲ တစ်ခုခုသွားစားကြရအောင် လေ''

ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေရင်း တွေဝေနေတာကို အမေ မြင်နေရသောကြောင့် မမက ငြိမ်ကျသွားသော အနေအထားကို ပြန်ဆယ်တင်လိုက်ခြင်း ဖြစ်၏။

"အားနာစရာကြီး သမီးရယ်''



www.burmeseclassic.com

"အမေကတော့လေ ခုချိန်ထိ သမီးကို အားနာနေသေးတာလား။ သမီးကတော့ ကိုယ့်အမေလို ကိုယ့်မောင်လေးလို သဘောထားပြီး သံယောဇဉ်ဖြစ်မိနေတာ"

စိတ်ဆိုးသလိုလေး မမ နှုတ်ခမ်းလေးစူကာ ပြောသည်။ ကလေးတစ်ယောက်လို စနောက်နေသော မမကိုကြည့်ပြီး ကျွန်တော် ပြုံးမိသွား၏။

"အဲဒီလိုတော့ စိတ်မဆိုးပါနဲ့ သမီးရယ်၊ အမေက ဘာမှပြန်ပြီး မလုပ်ပေးနိုင်တော့ စိတ်မကောင်းဖြစ်မိတာပါ၊ ဒါ့သမီးသဘောအတိုင်း စားမယ်ဆိုတော့လည်း သွားကြတာပေါ့လေ"

မမက ဟိုတစ်ခါက ဆိုင်လေးကိုပဲ ထပ်ခေါ်သွား၏။ ဟိုတစ်ခါကလိုပဲ မှာစားဖြစ်ကြသည်။ ကိုဆန်းကမှတော့ ကျွန်တော့်ကိုကြည့်လိုက် မမကိုကြည့်လိုက်နှင့် တပြုံးပြုံး။

"ဒေါ်လရောင်မြိုင်ချမ်း မဟုတ်လားခင်ဗျ"

အသံလာရာဆီသို့ ကျွန်တော်တို့တွေအားလုံး တစ်ပြိုင်နက်တည်း လှမ်းကြည့်လိုက်မိသည်။ ရုပ်ရည်မွန်မွန်ရည်ရည်နှင့် အမျိုးသားတစ်ယောက်။ မမထက်တော့ အသက်ကြီးမည့်ပုံပါပဲ။ လေးဆယ်ကျော်လောက်ရှိမည်ဟု ခန့်မှန်းနိုင်သည်။ ထိုလူ့မျက်နှာက ပြုံးနေသလောက် သူ့ကိုမြင်လိုက်သော မမမျက်နှာကတော့ ပျက်ယွင်းသွားသည်။ ဒါပေမဲ့ ချက်ချင်းပင် နှုတ်ခမ်းများက ပြုံးယောင်သမ်းလိုက်ကာ

"သြော် ကိုဥက္ကာ၊ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာတွေ့နေတယ်နော်"





"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်ကလည်း မိတ်ဆွေတစ်ယောက်နဲ့ အတူ ဒီဆိုင်မှာ လာစားတာပါ"

"ဟုတ်ကဲ့၊ ကျွန်မကတော့ မိသားစုနဲ့အတူလာတာလေ"

မမ အပြောစကားကြောင့် ထိုလူ့မျက်ခုံးများ ပင့်တက်သွားသည်။ အကြည့်များကလည်း ကျွန်တော်တို့ထံသို့ ချက်ချင်းပင် ရောက်ရှိလာ၏။ ဦးတော့ အားလုံးကိုခြုံပြီး တစ်ချက်ပြုံးပြ၏။ ကျွန်တော်လည်း ယောင်တောင်တောင်နှင့် ပြန်ပြုံးပြလိုက်မိသည်။ မမကိုကြည့်တော့ ကျွန်တော် ပြန်ပြုံးပြလိုက်သည့်အတွက် စိတ်ကျေနပ်သွားပုံမျိုး။

"ဒေါ်လရောင်မြိုင်ချမ်းရဲ့မိသားစုဆိုတာ မောင်လေးကိုပြောတာနဲ့ တူတယ်နော်"

ထိုလူ့မျက်လုံးများက ကျွန်တော်နဲ့ကိုဆန်းဆီမှာ တဝေ့ဝေ့ဝဲလည်နေသည်။ ကျွန်တော်လည်း ထိုစကားကြောင့် အသက်ရှူမှင် နှအောင့်ထားလိုက်မိ၏။ ဒီလူက ဘယ်သူပါလိမ့်။ အစတည်းက မမ တောင်းဆိုထားသလိုမျိုး ကျွန်တော် ဟန်ဆောင်ပြရတော့မှာလား။ တစ်ခုခု မှားယွင်းသွားရင်ဆိုသည့် အတွေးကြီးက ခေါင်းထဲမှာ ဟိုဘက်ဒီဘက် ပြေးနေသည်။

"ဟုတ်ပါတယ် ဒါ ကျွန်မမောင်လေး နေရောင်ထွန်းလင်းလေ"

"သြော် ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ နောက်လည်း မကြာမကြာ ဆုံဖြစ်ကြမှာပါခင်ဗျာ"

လက်တစ်ဖက်လှမ်းပေးလာသော ထိုလူကို ကျွန်တော်လည်း အမှသိဘာမသိပင် ပြန်လည်လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ နောက်တော့

www.burmeseclassic.com



အားလုံးကိုနှုတ်ဆက်ကာ ထိုသူထွက်ခွာသွား၏။

အမေက မမကို တအံ့တသြ ငေးကြည့်နေသည်။ အမေ့မျက်ဝန်းများမှာ ဘာတွေဖြစ်ပျက်နေသည်ကို နည်းနည်းမှ နားမလည်နိုင်သည့် ဇဝေဇဝါ အရိပ်အယောင်တွေ။ ကျွန်တော်လည်း ဘယ်ကစလို့ ရှင်းပြရမှန်း မသိ။

တကယ်ဆိုရင် ကျွန်တော်ကိုယ်တိုင်လည်း မမရဲ့မောင်လေးနာမည်ဟာ နေရောင်ထွန်းလင်း ဖြစ်မှန်း ခုမှပင် စတင်ကြားသိခဲ့ရခြင်း မဟုတ်လား။ မသိသည့်နေရာမှာတော့ အမေ့ထက် ကျွန်တော်က နာတစ်ဖျားလောက်လေးသာနေရုံရယ်ပါ။

"အမေ အံ့သြသွားတယ်နဲ့ တူတယ်"

"ခုနက ညှေ့သည်ကို သမီးက သားနဲ့ဘယ်လိုမိတ်ဆက်တာလဲကွဲ့၊ အမေ နားမလည်နိုင်တော့ဘူး"

"အမေ့ကို သမီး အေးအေးဆေးဆေး ရှင်းပြချင်ပါတယ်"

စားလို့သောက်လို့လည်း ပြီးစီးနေပြီမို့ မမက အိမ်ပြန်လိုက်ပို့ရင်းနှင့် အိမ်ရှေ့ခန်းမှာထိုင်ကာ အမေ့ကို ရှိရိုကျိုးကျိုးစပြောသည်။

"တကယ်တော့ အမေ့ကို အရင်ဖွင့်ပြောသင့်တာပါ။ ဒါပေမဲ့ လူသစ်နဲ့က အရင်သိကျွမ်းခဲ့တာဆိုတော့ အမေ့ကို မသိမမြင်ဖူးခင်တည်းက ဒီကိစ္စလေးကို သမီး တောင်းဆိုခဲ့မိတာပါ"

"ဘာများလဲ သမီးရယ်"

"လူသစ်ကို သမီးရဲ့မောင်လေးအဖြစ် မွေးစားချင်လို့ပါ"





"ဟေ ဘာဖြစ်တယ် သမီး"

ဒါကတော့ မုသားနည်းနည်းကို မမ ထည့်သုံးလိုက်ခြင်းသာဖြစ်သည်။ ကျွန်တော့်ကိုမောင်လေးအဖြစ် မွေးစားမှာမှ မဟုတ်တာ။ ဟန်ဆောင်ခိုင်းတာလေ။ ခဏတဖြုတ် သရုပ်ဆောင်ပေးရုံသက်သက်ပဲလေ။

"ဟုတ်ပါတယ် အမေ၊ သမီးက လူသစ်ရဲ့ဘဝကို သနားမိလို့သူ့အတွက် အစစအရာရာ ထောက်ပံ့ပေးချင်ခဲ့တာပါ၊ ဒါကြောင့်လည်း သူ့မိသားစုအကြောင်းကို စိတ်ဝင်စားမိလို့ လိုက်ကြည့်ရင်း အမေနဲ့သိကျွမ်းခင်မင်ပြီး ခုလို သံယောဇဉ်တွေ ဖြစ်လာကြရတာပေါ့"

မျက်နှာပေးက တကယ့်ကိုအိုက်တင်အပြည့်။ တကယ့်ကို စာနာသနားတတ်သည့် ကိုယ်ချင်းစာတတ်သည့် အမူအရာမျိုး။ အမြဲတမ်း ပြုံးပြုံးသားသားနှင့်ရဲဝံ့သော မမပုံစံကိုသာ မြင်တွေ့ခဲ့ဖူးသည့် ကျွန်တော့်အတွက် ခုလို ရှိရိုကျိုးကျိုး မျက်နှာလေးအောက်ငုံ့ကာ ပြောနေဟန်လေးကသစ်မျိုးကြည့်ကောင်းနေသည်။

တကယ်ဆို မမဟာ တော်တော်လှပသည့် အမျိုးသမီးတစ်ယောက်ပါ။

"ဒါတွေကို သမီးက သားကိုပြောပြထားခဲ့တာလား"

"သူ့ကိုပြောပြခဲ့ပါတယ် အမေ၊ သူက ပထမတော့ လုံးဝလက်မခံခဲ့ဘူး။ ဒါကြောင့်လည်း အမေတို့အိမ်ကို သမီးစစချင်း ရောက်လာတဲ့နေ့ကသမီးကို မချေမငံ ဆက်ဆံခဲ့တာပေါ့"

"ဪ အမေ သဘောပေါက်ပါပြီ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကျန်းမာရေး လုံးဝကောင်းသွားတော့မှ အမေ့ကိုဖွင့်ပြောပြ တိုင်ပင်မယ်လို့ စိတ်ကူးထားခဲ့တာပါ။ ခုတော့ မထင်မှတ်ထားတဲ့ အခြေ အထားမျိုးနဲ့ အသိပေးလိုက်ရသလို ဖြစ်သွားတယ်"

"ဒါနဲ့ သမီးရယ် 'အမေ့ကျန်းမာရေးက ကောင်းပါတယ်ကွဲ့"

ခွဲစိတ်ရမည့်အကြောင်းကိုလည်း အမေ့ကို တစ်ခါတည်း အသိပေ ရတော့မှာပါ။ ဒါပေမဲ့ ကျွန်တော်တို့အားလုံး ဘယ်ကဘာကို စပြောရမှန်း မသိကြ။ ကိုဆန်းရော ကျွန်တော်ပါ မမမျက်နှာကို လှမ်းကြည့်လိုက်မိသည်။ မမကပင် သက်ပြင်းလေးချရင်း ခွဲစိတ်မှုအကြောင်း စကားဆက်ရန်ပြင်ဆ

သူ့ရောဂါက ခွဲစိတ်ရမယ်ဆိုတာသာ အမေသိရင် ဘယ်လိုတွေ များ တုန့်ပြန်လေမလဲ မသိ။ ထိတ်လန့်တုန်လှုပ်သွားလေမလား။ ဒါမှမဟုတ် တစ်ခုခုဆိုးဆိုးရွားရွားများ ဖြစ်သွားနိုင်သလား။ စိတ်ဓာတ်တွေကျဆင်းပြီး ကျန်းမာရေးကို ပိုလို့ဆိုးရွားလာစေနိုင်တာမျိုးပေါ့။

"ဟုတ်ပါတယ် အမေ့ကျန်းမာရေးက ကောင်းပါတယ်၊ ဒါပေမဲ့ အမေ့ဗိုက်ထဲမှာ အစာအိမ်အနာဖြစ်နေတယ် တဲ့"

"ဟင် ဘယ်လို"

အမေ မထင်ထားသလို အံ့သြသွားသည့်ပုံပါ။ ကျွန်တော့်ကိုတော် မျက်လုံးလေးအပြူးသားနှင့် လှမ်းကြည့်လိုက်သေးသည်။ မမက အမေ့လက် လေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ပြုံးပြုံးလေးနှင့် အားပေးစကားဆက်ပြော သည်။

"ကြီးကြီးမားမား မဟုတ်ပါဘူး အမေရဲ့၊ ခွဲစိတ်လိုက်ရင် အားလုံး





ကောင်းသွားမယ်လို့ သမီးကိုပြောလိုက်တယ်"

"ဟုတ်ရဲ့လား သမီးရယ်"

ရုတ်တရက်ဆိုတော့ အမေ ဇဝေဇဝါဖြစ်နေပုံ။

"တစ်ခါတလေ အမေ့ဗိုက်ထဲက မအောင့်ဘူးလား"

"အောင့်တယ် သမီး၊ ဒါပေမဲ့ အမေက အစားအသောက်မမှန် လို့ ထွေထွေထူးထူး သဘောမထားခဲ့မိဘူး"

"ပြီးတော့ အစာမကြေတွေဖြစ်ပြီး ခဏခဏ အန်တယ်လေ"

"အဲဒါကလည်း"

"အဲဒါကလည်း အမေ့ကိုယ်အမေ အစားအသောက်မမှန်လို့ ရင် ပြည့်ရင်ကယ်ဖြစ်တယ်လို့ပဲ တွက်ဆထားတာမဟုတ်လား"

အမေ့စကားကို မမက ကြားဖြတ်ပြောလိုက်သည်။ အမေက ခေါင်းညိတ်နေကြောင်း ခေါင်းတဆတ်ဆတ်ညိတ်လျက် ထောက်ခံ၏။

"အဲဒါ တကယ်တမ်းက အမေ့အစာအိမ်မှာ အနာလေးဖြစ်နေတာ လို့ သမီးတို့ အဖြေရှာတွေ့တယ်၊ အဲဒါကြောင့် ခွဲစိတ်မှုလေးလုပ်ရမှာ အမေရဲ့"

ခွဲစိတ်မှုလို့ မမက ထပ်ပြောတော့ အမေ့မျက်နှာ ဟန်မဆောင် နိုင်အောင် ပျက်ယွင်းနေသည်။ အမေတို့လို ရိုးရိုးအေးအေး ရှေးလူကြီးတွေက ဆေးရုံဆေးခန်းဆိုရင်တောင် တော်ရုံတန်ရုံ သွားရလာရလို့ သိပ်စန်လေးတာ မဟုတ်လား။ အခုတော့ ခွဲစိတ်မှုပါ လုပ်ရမည်ဆိုတော့ အမေ ကြောက် နေမှာပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ စိုးရိမ်နေတာလား"

ကျွန်တော်က အမေ့နားမှာ ပိုတိုးကပ်ထိုင်လိုက်ပြီး မေးလိုက်သည်။ ဘာမှတော့ ပြန်မဖြေပေမယ့် အမေ့မျက်ဝန်းတွေက ဝန်ခံနေကြသည်။

"ဘာမှကြောက်စရာမလိုဘူး အန်တီရဲ့၊ ခွဲစိတ်တယ်ဆိုတာ ခဏလေးရယ်၊ ပြီးတော့ အန်တီ့ကိုကုပေးနေတဲ့ ဆရာဝန်ကြီးကလည်း တကယ့်ပါရဂူကြီး၊ အတော်ဆုံးပဲ"

ကိုဆန်းကပါ အားပေးစကား ဝင်ပြောသည်။

"အန်တီတို့က တော်တန်ရုံ ဆေးစမ်းသွားရုံမှာတောင် ကြောက်တယ်မောင့်ဆန်းရေ၊ ဘာဖြစ်ဖြစ် လမ်းထိပ်ကွမ်းယာဆိုင်မှာ ဆေးစပ်နိုင်းလိုက်တာပဲ၊ တစ်ခွက်နှစ်ခွက်လောက်သောက်လိုက်တာနဲ့ ပျောက်ရော"

အဲဒီလို အလွယ်လမ်းတွေ လိုက်ခဲ့မိလို့ ကျွန်တော်တို့တွေ ခုချိန်မှာ ဒီလိုစိတ်နာကျင်မှုမျိုးနှင့် ရင်ဆိုင်နေရတာပေါ့ အမေလို့ ကျွန်တော်ငိုငိုပြီး ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲလေ။ ကိုယ့်စိတ်ခံစားချက်များကို ထိန်းချုပ်ထားနိုင်မှ အမေ့အတွက် အကောင်းဆုံးဖြစ်မှာမဟုတ်လား။

"အမေ စိုးရိမ်စရာမလိုပါဘူး၊ ခုနက ကိုဆန်းပြောသလိုပဲ၊ အမေ့ကိုခွဲပေးမယ့် ဆရာဝန်ကြီးက တကယ် ထူးချွန်တယ်၊ မမနဲ့လည်း ရင်းနှီးတော့ အမေ့ကိုအထူးဂရုစိုက်မှာ၊ ပူစရာကိုမလိုဘူး"

"ဟုတ်တယ် အမေရဲ့၊ မောင်လေး ပြောတာ မှန်တယ်"

အားလုံး ဝိုင်းပြောနေသောကြောင့် အမေ နည်းနည်းတော့ စိတ်





သက်သာရာရလာပုံ ရသည်။ မျက်နှာက ပြုံးယောင်သမ်းလာ၏။

"ခွဲစိတ်ပြီးနောက်ပိုင်းကျတော့ရော သမီးရယ်"

"အမေ ကောင်းကောင်းအနားယူရမှာပေါ့"

"ဒါတော့ အဆင်မပြေဘူးနဲ့ တူတယ်ကွဲ့၊ အမေ အနားယူဖို့ကတော့ သားတို့သားအဖနဲ့ ဘယ်လိုမှ အဆင်မပြေပါဘူးကွယ်"

"ဟာ အမေကလည်း ဘာတွေပြောနေမှန်း မသိဘူး၊ သားတစ်ယောက်လုံး ရှိနေတာပဲ၊ အဖေ့ကိစ္စတွေလည်း သားလုပ်ပေးနိုင်တယ်၊ အမေ ဘာမှပူမနေနဲ့"

အကောင်းပြောနေရာကနေ အမေက ကျွန်တော်တို့သားအဖနှစ်ယောက်ကို ပူပန်စိတ်တွေ ဝင်လာနေသောကြောင့် ကျွန်တော် ခပ်ဆတ်ဆတ်လေး တုံ့ပြန်လိုက်မိသည်။ အမေ ဘာမှမပြောတော့။ မျက်လွှာလေးချလျက် ငြိမ်သက်နေရှာ၏။

"အဲဒီကိစ္စတွေကိုလည်း အမေ ပူစရာမလိုအောင် သမီးအားလုံးစီစဉ်ထားပါတယ် အမေ၊ အမေသာ ခွဲစိတ်ဖို့အတွက်ကို အားမွေးထားပါနော်"

"အေးလေ သားရော သမီးရော အားလုံးက အမေ့ကို ကောင်းစေချင်လို့ ပြောနေမှတော့ ဘာမှစိုးရိမ်မနေတော့ပါဘူးကွယ်"

အမေ့မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေဝေ့လျက် ခေါင်းညိတ်သက်ခံလိုက်တော့ ကျွန်တော်ကိုယ်တိုင်လည်း မျက်ရည်များဝဲတက်လာမိသည်။

"အမေသာ နေပြန်ကောင်းသွားရင် သားတို့အတွက် ဆင်းရဲတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပင်ပန်းတာတွေမရှိအောင် သား ကြိုးစားပါ့မယ်ဗျာ"

လောလောဆယ်တော့ မမရဲ့အထောက်အပံ့ကို ယူနေရသေးတာပေါ့။ တစ်နေ့ ကျွန်တော် ပညာတတ်ကြီးတစ်ယောက် ဖြစ်ခွင့်ရမည့်အချိန်ထိ အမေ ရှိနေနိုင်သေးရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်။

"နောက်ဆယ်ရက်လောက်နေရင် အမေခွဲစိတ်ရမယ်၊ သမီးတို့ရက်ချိန်းယူခဲ့ပြီးပါပြီ၊ ဒီအတောအတွင်း ခွဲစိတ်မှုကို ခံနိုင်ရည်ရှိအောင် အားမွေးထားပါနော် အမေ"

မမက မပြန်ခင်လေး အမေ့ကိုအားပေးစကား ပြောသွားသေးသည်။ ကျွန်တော်က ထုံးစံအတိုင်း မမကို ကားနားထိပြန်ပို့ပေး၏။

"ကဲ မောင်လေးလည်း အိမ်ထဲဝင်တော့လေ"

ကားလေးကို စက်နှိုးလိုက်ရင်း မမ ပြောသည်။ ကျွန်တော့်စိတ်ထဲမှာ သိချင်နေသည့် ကိစ္စကြီးတစ်ခုကို မအောင့်အီးနိုင်စွာ မေးဖို့ ဆုံးဖြတ်လိုက်ပြီးသည့်အတိုင်း ကျွန်တော် မမမျက်နှာကို သေသေချာချာ စိုက်ကြည့်လိုက်၏။ စကားလုံးများကတော့ ထွက်မလာသေး။

"ဟယ် ဒီကောင်လေး အိမ်ထဲဝင်တော့ဆိုတာကို ဘာတွေငေးကြည့်နေတာလဲ"

"မမကို ကျွန်တော် မေးစရာရှိတယ်"

"မေးစရာ ဟုတ်လား၊ ဘာများလဲ မောင်လေးရဲ့"

သူမက ကျွန်တော့်ကိုတည့်တည့်စိုက်ကြည့်ပြီး မောင်လေးလို့ နှစ်လိုဖွယ်ခေါ်လိုက်တိုင်း ကျွန်တော့်ရင်ထဲမှာ အေးမြသွားတာတော့ အမှန်





ဝန်ခံပါသည်။

"မမရဲ့မောင်လေးအဖြစ် သရုပ်ဆောင်ပေးဖို့ ကျွန်တော် သဘောတူပေးခဲ့ပြီးပြီလေ၊ မမဘက်ကလည်း ပြောထားတဲ့အတိုင်း အကြောင်းရင်းကို ပြောပြတော့"

"ဪ ဒါလား"

မမက ဘာမှအရေးမကြီးသည့်မျက်နှာပေးမျိုးနှင့် ရယ်သည်။ ကျွန်တော် စိတ်တိုသွားမိ၏။

"မမကတော့ ရယ်မှာပေါ့၊ ကျွန်တော့်မှာတော့ ခုနက စားသောက်ဆိုင်မှာတုန်းကလိုမျိုးတွေ ထပ်ဖြစ်လာရင် ဘယ်လိုရင်ဆိုင်ရမလဲလို့ ကြောက်နေမိတယ်"

ကျွန်တော့်ရဲ့အတည်ပေါက်စကားကြောင့် မမက အရယ်မျက်နှာကို ချက်ချင်းပင် တည်ကြည်ပစ်လိုက်သည်။

"ဘာကြောက်စရာရှိလဲကွ၊ မင်းက ဘာအမှားမှ လုပ်ထားတာမှ မဟုတ်တာ"

"အမှားပေါ့ မမရဲ့၊ ကျွန်တော်မဟုတ်ဘဲနဲ့ ကျွန်တော်ပါဆိုပြီး သရုပ်ဆောင်ပေးလိုက်ရတာ အမှားပေါ့"

"ဪကွယ်"

"မမနော် ကျွန်တော်မေးတာကို ရှောင်ထွက်မသွားနဲ့"

"နောက်မှ အေးအေးဆေးဆေး ပြောပြမယ်ကွာနော်"

ကားစတီယာရင်ပေါ်ကို မမက လက်ပြန်တင်လိုက်သည်။ ခု

www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး။ နောက်မှပဲဆိုသည့်သဘော။ ကျွန်တော်ကလည်း အလွန်သိချင်နေသူဆိုတော့ မမကို လွယ်လွယ်နဲ့ ပေးမသွားနိုင်ပါ။

"မရဘူး အခုပြောပြပါ၊ ကျွန်တော့်မှာ ကိုယ်ဟန်ဆောင်ပေးရမယ့်လူရဲ့နာမည်ကိုတောင် ဒီနေ့မှ မမ ပါးစပ်ကပြောတာကို ကြားခဲ့ရတာလေ နေရောင်ထွန်းလင်းဆိုလား"

"ဟုတ်တယ် ကိုယ့်မောင်လေးနာမည်က နေရောင်ထွန်းလင်းတဲ့ ကိုယ်တို့ဖေဖေက မောင်နှမနှစ်ယောက်ကို နာမည်ဆင်တူလေး ပေးခဲ့တာကပါလေ မင်းသိချင်တယ်ဆိုလည်း ကားပေါ်တက်၊ ကိုယ် အေးအေးဆေးဆေး ပြောပြမယ်"

အိမ်ထဲမှာ ကိုဆန်းရှိနေသေးတာမို့ အိမ်ခထာစောင့်နေပေးဖို့ ဝင်ပြောလိုက်ပြီး ကျွန်တော် မမ ကားကြီးနှင့်ပါလာခဲ့၏။ မမက အေးချမ်းဆိတ်ငြိမ်သော နေရာလေးတစ်ခုမှာ ကားကိုရပ်လိုက်သည်။ ကားအောက်ကိုတော့ မဆင်းကြပါ။ စိမ့်နေအောင်ဖွင့်ထားသော အဲကွန်းအအေးဓာတ်ဖြင့် ကားတစ်စီးလုံး ငြိမ်သက်အေးစက်နေသည်။

"မင်းသိချင်တယ်ဆိုတဲ့ ကိုယ့်ရဲ့မောင်လေးအကြောင်းက သိပ်တော့ ထွေထွေထူးထူး မဟုတ်ပါဘူးကွာ"

"ထွေထွေထူးထူး မဟုတ်ဘဲနဲ့များ ဘာဖြစ်လို့ ဒါလေးပြောပြဖို့ ဟိုရှေ့ဒီရှေ့လုပ်နေတာတုန်း"

ကျွန်တော် အလိုမကျစွာ မေးမိသည်။ သူမက ကျွန်တော့်ကို မျက်လုံးလေးထောင့်ကပ်ပြီး ချစ်စနိုးကြည့်၏။ စိတ်ကောက်နေသော ကလေးတစ်ယောက်ကို စနောက်ချင်နေသည့် အကြည့်မျိုး။





"ကိုယ် မရှေ့ပါဘူးနော်၊ နောက်မှအေးအေးဆေးဆေး ပြောပြမယ်ဆိုတာကို မင်းလေးက ဖွတ်အတင်းချက်ချင်း လုပ်တာလေ"

"ဟုတ်ပါပြီ ကျွန်တော်မှားသွားတယ်ပဲ ထားပါတော့၊ အဲဒီ နေရောင်ထွန်းလင်းရဲ့အကြောင်းကိုသာ မြန်မြန်ပြောပြတော့"

"ကိုယ်တို့နှစ်ယောက်က မောင်နှမတော့ မောင်နှမပဲ၊ ဒါပေမဲ့ အမေတူ အဖေကွဲတွေ"

"ဗျာ ဘယ်လို ဘယ်လို"

"ဟုတ်တယ်ကွ ကိုယ့်မေမေနဲ့ဖေဖေက ကိုယ်ငယ်ငယ်မှာပဲ သဘောထားချင်းမတိုက်ဆိုင်မှုကြောင့် လမ်းခွဲခဲ့ကြတယ်၊ ဖေဖေနဲ့ကျန်ခဲ့တဲ့ ကိုယ်က ဖေဖေ့လိုပဲ စီးပွားရေးကို ဝါသနာပါခဲ့တယ်လေ၊ ဖေဖေ မဆုံးခင်ကတည်းက ဒီလုပ်ငန်းကို မမ လက်ထဲ လွှဲပြောင်းပေးခဲ့တာပေါ့"

"ဒါဆို ဟိုနေရောင်ထွန်းလင်းဆိုတာက"

"သူက ကိုယ့်မေမေ နောက်အိမ်ထောင်ကနေ မွေးလာခဲ့တာပါ၊ မေမေ ဆုံးသွားတော့ မောင်လေးက ကိုယ်နဲ့လာနေတယ်၊ သိပ်တင်းကျပ်လွန်းတဲ့ သူ့အဖေနဲ့အဆင်မပြေဘူးဆိုတဲ့အကြောင်းပြချက်နဲ့ပေါ့၊ ကိုယ်တို့မောင်နှမနှစ်ယောက်က အဖေမတူခဲ့ပေမယ့် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပါတယ်"

"ဒါဆို သူက ဘာလို့ မမအိမ်ကနေ ထွက်သွားတာတုန်းလို့"

မမစကားကို မစောင့်နိုင်ဘဲ ကျွန်တော်က ကြားကနေ ဖြတ်ဖြတ်



www.burmeseclassic.com

မေးနေတော့ မမက မျက်မှောင်လေးကျုံ့လျက် ကြည့်၏။ ကျွန်တော်မသိ ချင်ယောင်ဆောင်နေလိုက်ပါသည်။ ဟုတ်တယ်လေ လူက သိပ်သိချင်နေ ပြီကို။

"မမ သူ့ကိုဆူလိုက်လို့ပါ"

"ဗျာ ဆူတာလေးနဲ့ သူက အိမ်ကထွက်သွားတယ် ဟုတ်လား"

"တွေ့လား၊ မင်းကလေ ငြိမ်ငြိမ်လေး နားမထောင်ဘူးနော်၊ ထပ်ခါ တလဲလဲ ဝင်မေးနေတော့တာပဲ"

မမက ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်လျက် မာန်ပါသည်။ ဒါပေမဲ့ လေသံက ဒေါသသံလုံးဝမဟုတ်တာတော့ ကျိန်းသေ၏။

"အင်း ဒါက နောက်ထပ်ကိစ္စတစ်ခုပါ၊ လောလောဆယ်ကတော့ မောင်လေး အိမ်ကထွက်သွားတယ်ပေါ့ကွာ၊ ကိုယ်လိုက်ရှာပေမယ့်လည်း လုံးဝအစအန ရှာမတွေ့တော့ဘူး၊ ခုချိန်ထိ ကိုယ်ယုံကြည်ထားတာ တစ်ခု ကတော့ မောင်လေးက ဒီလောကကြီးရဲ့ တစ်နေရာရာမှာ အသက်ရှင်လျက် ရှိနေသေးတယ်ဆိုတာပဲ"

သူမက ပြောလက်စစကားကို ခဏဖြတ်တောက်ကာ အငေးကို ငေးမောနေသည်။ ဒါဆို မမက ခုချိန်မှ ဘာဖြစ်လို့ ကျွန်တော့်ကိုဟန်ဆောင် ဖို့ တောင်းဆိုရတာလဲ။ ပါးစပ်က ထုတ်မေးလိုက်ချင်ပေမယ့် မမ ထပ် မာန်နေမည်စိုးသောကြောင့် ကျွန်တော် နှုတ်ကလေးပိတ်ထားလိုက်ပါသည်။

"အခု မောင်လေးနေရောင်ရဲ့အဖေဆုံးပါးသွားခဲ့တယ်၊ သူ ဆုံး ပါးခါမှာ နေရောင့်ကို သိပ်တမ်းတသွားခဲ့တာ၊ မမကလည်း မတွေ့တွေ့





အောင် ရှာပါ့မယ်ဆိုတဲ့ကတိကို ပေးခဲ့တယ်၊ ဖြစ်ချင်တော့ သူ ဆုံးပြီးနောက် ပိုင်းမှာ ရှေ့နေနဲ့အမွေကိစ္စတွေ စီစဉ်ခဲ့တော့ သားဖြစ်သူကိုပဲ အားလုံးလွှဲ အပ်သွားခဲ့တာလေ၊ ဒီအမွေတွေကို လက်ဝါးကြီးအုပ်ချင်နေတဲ့သူက နေရောင့် ဦးလေးပဲ၊ နေရောင် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ချိန်မှာ အမွေတွေကို တရား ဝင်လွှဲမပေးဖြစ်ခဲ့ဘူးဆိုရင် ဒီအမွေတွေကို သူက လက်ဝါးကြီးအုပ်ဖို့ စောင့် နေတာလေ"

"ဟင် ဒါဆို မမက ကျွန်တော့်ကို ငွေအတွက်နဲ့ဟန်ဆောင်ခိုင်း ခဲ့တာပေါ့ ဟုတ်လား"

ကျွန်တော် တကယ်နားမလည်နိုင်တော့ပါ။ မမလို ကျိုကျိုတက် ချမ်းသာသည့် အမျိုးသမီးတစ်ယောက်ကလည်း ငွေမက်ပါသေးသတဲ့လား။ အင်းပေါ့လေ ငွေဆိုတာ လူတွေရဲ့သည်းခြေကြိုက်ပဲ မဟုတ်လား။

"အကြမ်းဖျင်းကတော့ ငွေအတွက်လို့ပဲ ပြောကြပါစို့ရဲ့၊ ဒါပေမဲ့ တကယ်တမ်း ပြန်ကြည့်ကြစတမ်းဆို နေရောင်ပိုင်ဆိုင်သင့်တဲ့အရာတွေမဲ့ သော၊ မမက မောင်လေးကိုယ်စား ထိန်းသိမ်းပေးထားရမှာပဲ၊ ဒါတွေ ရလာ ခဲ့ရင်လည်း မမကိုယ်ကျိုးအတွက် ဘာမှသုံးမှာမဟုတ်ဘူး၊ နေရောင်ပြန်လာ တဲ့ထိ ဒါတွေကို စောင့်ရှောက်ပေးထားမှာ"

မမ ရင်ထဲက ခံစားသိမ်မွေ့မှုလေးတစ်ခုကို ကျွန်တော် နည်းနည်း တော့ ခံစားလို့ရလာပါသည်။ လောကကြီးမှာ တစ်ဦးတည်းကျန်တော့သော သွေးသားအဖြစ် နေရောင့်ကို မမ တွယ်တာမှာပါပဲ။ မမ ရင်ထဲမှာ နေရောင် အွန်းသော အစစ်အမှန်ကို ဘယ်လောက်တောင်များ တွေ့ချင်နေရှာလိမ့်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အခု မင်းအားလုံးသိလိုက်ရပြီဆိုတော့ ဘယ်လိုခံစားရသလဲ ပြော"

တစ်လျှောက်လုံး တည်တည်ငြိမ်ငြိမ်လေးနှင့် တစ်ခုခုကို လွမ်းနေသလိုလို ပြောလာသော မမက ခုတော့လည်း ကျွန်တော့်ကို ရယ်ရယ်မောမောနှင့် မေးလာပြန်သည်။

"မမ သူ့ကို သိပ်သတိရမှာပဲနော်"

"သတိရတာပေါ့ကွယ်၊ မမလည်း အကောင်းဆုံး ကိုယ်အတတ်နိုင်ဆုံး လိုက်ရှာခဲ့တာပဲလေ၊ ဆယ်ကျော်သက် လူပျိုပေါက်အရွယ်လေးဆိုတော့ တဖွတ်ထိုးစိတ်တွေနဲ့ လုပ်ချသွားလိုက်တာ၊ မမ ရင်နာလို့မဆုံးဘူး။ လောကမှာ ထိန်းရအခက်ဆုံးက အဲဒီအရွယ်တွေပဲ"

မမက ကျွန်တော့်ကိုခပ်စောင်းစောင်းလေးကြည့်ရင်း ပြောသည်။ ဆိုလိုချင်တာကတော့ ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီလို ထိန်းရခက်ပါသည်ဆိုတဲ့ ဆယ်ကျော်သက် ကောင်ကလေးတစ်ယောက်ပေါ့။ လူကြီးလားဆိုတော့လည်း မဟုတ်သလို ကလေးလားဆိုတော့လည်း မဟုတ်ပြန်ဘူးလေ။

"ခုချိန်ထိလည်း မမ သူ့ကိုလိုက်ရှာနေတုန်းပါကွယ်၊ ဒါပေမဲ့ သူကိုယ်တိုင်က ပုန်းနေတဲ့သူတစ်ယောက်ဆိုတော့ မမ ဘယ်လောက်ရှာရှာ တွေ့ဖို့ခဲယဉ်းနေတာပေါ့"

"သူ့အကြောင်းတော့ သိပြီးသွားပြီ၊ သူ့ဓာတ်ပုံလေးကြည့်ချင်လိုက်တာဗျာ"





"ဟိုတ် မင်းကလေ နည်းနည်းလေးလိုက်လျောလိုက်တာနဲ့ ပိုပြီးဆောင်းဆိုတတ်လာတယ်နော်၊ ဓာတ်ပုံကတော့ မင်း မမအိမ်လာတဲ့အခါမှပဲ ကြည့်တော့လေ"

"ဟုတ်ကဲ့ပါဗျ ကျွန်တော်လည်း အခုချက်ချင်းကြီးလို့ မပြောပါဘူး။ အဲ့လေ အမေ့ခွဲစိတ်မယ့်ရက်ကျရင် မမ လာမှာလားဟင်"

"ကိုယ်လာမှာပေါ့၊ အဲဒီနေ့အတွက် အချိန်ဇယားတွေကိုတောင် ကိုယ် အားလုံးရှင်းလင်းထားပြီးသားပါ"

"မမသာ လာပေးရင် ကျွန်တော် အားတက်မိမှာ အမှန်ပဲဗျ"

"အေးပါကွာ ကိုယ်သိပါတယ်၊ ဘာမှအားမငယ်နဲ့နော်"

သူမက ကျွန်တော့်လက်ဖဝါးလေးကို လှမ်းယူဆုပ်ကိုင်လိုက်သည်။ အေးစိမ့်နေသည့် အဲကွန်းကားထဲမှာ သူမရဲ့လက်လေးများဆီမှ စီးဝင်လာသော အနွေးဓာတ်သည် ကျွန်တော့်တစ်ကိုယ်လုံးကို ငြိမ်းချမ်းသွားစေ၏။

"မင်း အဲဒီလိုမျိုး ခဏခဏ အားငယ်နေလို့ မဖြစ်ဘူးနော်၊ ဘာဖြစ်ဖြစ်လဲဆိုတော့ နေရောင်က စိတ်ဓာတ်မာရေကျောရေနိုင်တယ်ကွ၊ ဘာကိုမှ သိပ်မကြောက်တတ် သိပ်မမှုတတ်ဘူး။ လောကကြီးထဲကို သူတစ်ယောက်တည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဆင်းသွားခဲ့တာက သက်သေပဲ"

"မမလို စိတ်ဓာတ်မျိုးပေါ့ ဟုတ်လား"

ကျွန်တော်က ခပ်ပြုံးပြုံးလေး မေးလိုက်တော့ မမကလည်း အပြုံးလေးနှင့် ခေါင်းကိုဖြည်းညင်းစွာ ခါရမ်းသည်။ အဲဒါက မမရဲ့ဝန်ခံချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မုန့် ကျွန်တော် နားလည်လိုက်ပါသည်။ မမက စိတ်ဓာတ်မာကျောနိုင်လွန်းသော မိန်းမသားတစ်ယောက်အနေနဲ့ စီးပွားရေးလောကမှာရော နေထိုင်မှုဘဝမှာရော အောင်မြင်စွာရှိနေနိုင်ခဲ့တာ မဟုတ်လား။

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော် မမကိုအားကျပါသည်။ မမလို အောင်မြင်သည့်လူသားတစ်ယောက်အဖြစ်၊ အရာရာကိုရင်ဆိုင်နိုင်သော စိတ်ဓာတ်မျိုးလည်း လိုချင်မိသည်။

"ကိုယ့်ကို သိပ်အထင်မကြီးနဲ့ကွာ၊ ဒီလိုမျိုး အခြေအနေထိ ရောက်လာဖော့င် အရာအားလုံးကို ကိုယ် အားတင်းခဲ့ရတာ"

"ဒါပေမဲ့ ကျွန်တော်ကတော့ မမကိုအားကျတယ်"

"မင်းလိုချာတိတ်လေးတစ်ယောက်အတွက်တော့ ကိုယ်က သိပ်ကြီးကြီးအကောင်ကြီး ဖြစ်နေမှာပေါ့ ဒါပေမဲ့"

မမက စကားကို မဆက်တော့ဘဲ ရေသန့်ဘူးသေးလေးကို လှမ်းယူဖွင့်သောက်သည်။ စကားရှေ့ဆက်မယ်ထင်ထားခဲ့ပေမယ့် မမက ဘာစကားမှထပ်မပြောတော့ပါ။ ကားလေးကို အိမ်ဘက်ပြန်ကွေ့လိုက်သည်။ ကျွန်တော်လည်း ဘာမှထပ်မမေးမိတော့။

"ခြောက် မင်းကို ကိုယ် ပေးစရာရှိတယ်၊ ကြည့်ဦး မေ့တော့မလို့"

အိမ်ရှေ့တည့်တည့်မှာ ကားထိုးရပ်လိုက်ပြီးမှ မမက အလောတကြီးလေး ပြောပြန်သည်။ ပြီးတော့ ကားနောက်ခန်းဆီကို လက်လှမ်းပြီး အထုပ်တစ်ခု လှမ်းယူလိုက်၏။ ပြီးတော့ ကျွန်တော့်လက်ထဲ ထိုးထည့်ပေးသည်။





"ဘာကြီးလဲ မမ"

"မင်းအတွက် ဟန်းဖုန်းလေ၊ ဒါရှလေးတစ်ခုလောက်တော့ မင်းမှာရှိထားသင့်တယ်ထင်လို့"

"ဟာဗျာ မမကလည်း မဟုတ်တာတွေ"

ကျွန်တော် ငြင်းဆန်မိတော့ မမက မျက်မှောင်ကြီးကျုံ့ပြီး ကြည့်သည်။

"ဒီဟန်းဆက်လေးတစ်ခုပေးတာကို မင်းကြည့်ရတာကလည်းကွာ၊ ခင်းလက်ထဲ လက်ပစ်ဗုံးထည့်ပေးမိတာကျနေတာပဲ"

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော် အားနာလွန်းလို့ပါ"

"ခုခေတ်မှာ ဖုန်းတွေက ဘာမှမဟုတ်တော့ပါဘူးကွာ"

"ဒါပေမဲ့ ဟန်းဆက်က တန်ဖိုးသိပ်ကြီးမှာ၊ ကျွန်တော် သိတယ်"

ကျွန်တော့်စကားဆုံးတော့ မမက ခွက်ထိုးခွက်လန် ရယ်မောပါတော့သည်။

"မင်းကတော့လေ တော်ပြီ ကိုယ် မင်းနဲ့စကားလုမပြောတော့ဘူးနော်၊ ဒါနဲ့ မင်းသေချာရော ကိုင်တတ်ရဲ့လား"

"ဖုန်းတော့ကိုင်တတ်ပါတယ် မမရဲ့၊ ကိုဆန်းရဲ့ဟန်းဖုန်းကိုယူပြီး ကျွန်တော်တို့ ကလိနေကျပါ"

"အေးပါ ဒါဆိုရင် တော်သေးတာပေါ့၊ ကိုယ်က မင်းကို ဖုန်းကိုင်ညည်းချင်တဲ့ တစ်ခါတည်းသင်ပေးရတော့မယ် ထင်နေတာလေ အဟင်း"

"အိမ်ရောက်ရင် ကိုယ် ဖုန်းဆက်လိုက်မယ်၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

မမကားလေး မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်ထိ ကျွန်တော်ငေးကြည့်နေပြီးတော့မှ အိမ်ထဲဝင်ခဲ့သည်။ အမေက ကိုဆန်းနှင့် စကားထိုင်ပြောနေတုန်း ဖြစ်၏။

"အားနာလိုက်တာ ကိုဆန်းရယ်၊ ကျွန်တော် နည်းနည်းကြာသွားတယ်"

"ရပါတယ်ကွ ငါလည်း အန်တီနဲ့စကားကောင်းနေတာပါ"

"ဟုတ်လား ဘာတွေပြောနေကြတာလဲ အမေ"

"သားကို မွေးစားမယ်ဆိုတော့ အမှန်အတိုင်းပြောရရင် အမေ ဝမ်းသာတယ် သား"

"ဗျာ"

ကျွန်တော် မထင်မှတ်ထားသော စကား။

"ဟုတ်တယ်ကွ အန်တီကမင်းအတွက် ဝမ်းတွေသာနေတာ၊ သူသာ မင်းကိုမွေးစားမယ်ဆိုရင် မင်းဘဝက ရှေ့ဆက်တက်လမ်းတွေချည်းပဲ ဖြစ်မှာဆိုပြီးတော့လေ"

ကျွန်တော် သက်ပြင်းလေးသာ ခိုးချမိသည်။ အမေကတော့ ကျွန်တော် ကောင်းစားမှာကိုတွေးပြီး ဝမ်းသာနေတာ ဖြစ်မှာပါ။ ကျွန်တော်ကတော့ စိတ်ဓာတ်မာကြောသည်ဆိုသည့် နေရောင်ထွန်းလင်းနေရာမှာ အစားဝင်ခံစားပေးဖို့ ခုထိ တော်တော်လေးကြိုးစားယူရဦးမှာ ဖြစ်သည်။

"မင်းလက်ထဲက ဘာကြီးလဲကွ"





ကိုဆန်းက ကျွန်တော့်လက်ထဲမှာ ကိုင်ထားသော အိတ်အစိမ်းချောင့်လေးကို လက်ညှိုးထိုးပြရင်း မေးသည်။

"ဟန်းဖုန်းဗျ"

"အောင်မယ် ဟုတ်လှချည်လား မင်းက"

"မမ ပေးလိုက်တာပါဗျာ၊ ဆက်သွယ်ရလွယ်အောင်လို့တဲ့"

ကိုဆန်းက အိတ်ကိုလှမ်းယူလိုက်ပြီး ဖုန်းကိုထုတ်ကြည့်သည်။ နောက်တော့ မျက်လုံးကြီးပြူးသွား၏။

"ဟေ့ကောင် ဒါ ဟိုတလောကမှ အသစ်ထွက်ထားတဲ့ မော်ဒယ်ကွ၊ ဈေးကတော့ မနည်းဘူးပေးရမှာ"

"ကျွန်တော်လည်း အားနာလို့ မယူဘူးလို့တောင် ပြောပါသေးတယ်ဗျာ"

"မင်းဆီမှာ ဖုန်းတစ်လုံးလောက်တော့ ရှိကိုရှိထားတော့ အမှန်ပဲ။ ဘာပဲဖြစ်ဖြစ် မင်းနဲ့ထိုက်တန်ပါတယ်ကွာ၊ စိတ်မသန့်မဖြစ်ဘဲ ယူသာ ယူလိုက်၊ မင်းလို ကံကောင်းမှုမျိုး ငါတောင် လိုချင်မိတယ်"

ဒီစကားကို အိမ်ပေါက်ဝမှာ ပြန်ရန့်ပြင်ဆင်နေရင်း ကိုဆန်းက ပြောခြင်းဖြစ်သည်။ ကျွန်တော် မချိပြုံးလေး ပြုံးလိုက်မိ၏။

"ကျွန်တော့်လို ကံကောင်းမှုမျိုးဟုတ်လား ကိုဆန်း၊ မနောက်ပါနဲ့ဗျာ ကိုယ်သိပ်ချစ်တဲ့အမေတစ်ယောက်လုံး အနားကနေ ဘယ်အချိန် ခွဲခွာသွားမှန်းမသိ ထိုင်စောင့်နေရတဲ့ဘဝမျိုးကို ကိုဆန်းက ကံကောင်းမှုလို့ ထင်မှတ်ချင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆောရီး လူသစ်၊ ငါအဲဒီလို ရည်ရွယ်တာမဟုတ်ဘူး။ ဆောရီးကွာ ငါစကားပြော လောသွားတယ်၊ ငါ့ကို ခွင့်လွှတ်ကွာ"

မျက်နှာအပျက်ပျက်နှင့် ကိုဆန်း တောင်းပန်သည်။

"ရပါတယ်ဗျာ ကျွန်တော် နားလည်ပါတယ်"

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ ကျွန်တော့်အဖြစ်က အရာရာ အဆင်ပြေသွားစေနိုင်မယ့် ကံကောင်းမှုကြီး ကျရောက်လာခဲ့တာတောင် မပျော်နိုင်သည့်ဘဝ။

■ ■ ■



## အခန်း (၅)

မနေ့က တစ်ညလုံး ကျွန်တော် အိပ်မပျော်နိုင်ဘဲ အမေ့ဘေးမှာ [illegible]ိအကြောင်သား ထိုင်နေခဲ့သည်။ ခုလည်း ခွဲစိတ်ခန်းရှေ့မှာ ကျွန်တော် [illegible]ပြီး မနက်ခုနစ်နာရီတည်းက ခွဲခန်းထဲဝင်သွားသော အမေ့ကို စိုးရိမ်ပူပန် [illegible]က ကျွန်တော့်ရင်ထဲမှာ ဆူညံဗလောင်ထနေသည်။

"မင်းစိတ်ကို ငြိမ်ငြိမ်ထားပါကွာ"

အနားမှာ အတူရှိနေပေးသော ကိုဆန်းက ကျွန်တော့်ကိုအားပေး [illegible] ရှေ့သုံးရက်လောက်တည်းက အမေ့ကို ဆေးရုံစတင်တော့ မမလည်း [illegible] ဒီနေ့မနက်လည်း အမေ ခွဲခန်းထဲဝင်သွားသည်ထိ မမ ရှိနေပေးခဲ့ [illegible] အတွင်းရေးမှူးမလေးဖုန်းဆက်လာသောကြောင့်သာ မမ ပြန်သွား [illegible]သည်။

"အမေ တော်တော်ကြာနေပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



နာရီလက်တံက ဆယ့်တစ်နာရီကို ညွှန်ပြနေသည်။

"ဟော့ကောင်ရ ဒါ အသေးစားခွဲစိတ်မှု မဟုတ်ဘူးလေ၊ နာရီဝက် တစ်နာရီအတွင်း ပြီးနိုင်တာမျိုးလည်း မဟုတ်ဘူး။ အချိန်က ဒီထက်အများကြီး ထပ်ကြာချင်ကြာဦးမှာ၊ မင်းစိတ်ကိုသာ အေးအေးထားစမ်းပါကွာ"

အင်းလေ ကျွန်တော်ပဲ စိတ်လောနေတာ ဖြစ်မှာပါ။ အရေးကြီးတဲ့ ခွဲစိတ်မှုအကြီးစားတွေက ခုလိုပဲ ကြာမြင့်တတ်မှန်း ကျွန်တော် ကြားဖူးနားဝ တော့ ရှိပါသည်။ ဒါပေမဲ့ ခွဲခန်းထဲ ရောက်နေတာက အမေဆိုတော့ ကျွန်တော့်နှလုံးခုန်သံတွေက ပိုမိုမြန်ဆန်နေခဲ့တာလေ။

"အကယ်၍များ လောကကြီးထဲမှာ အမေမရှိတော့လည်း သား အဖေကို စောင့်ရှောက်ပါနော်၊ သားတစ်ယောက်တည်းလည်း အရာရာ ရင်ဆိုင်နိုင်အောင် အားမွေးနော် သား"

ညက အမေ အိပ်ပျော်မသွားခင် ကျွန်တော့်ကိုပြောခဲ့သော စကား တွေ။

"အမေကလည်းဗျာ ဘာတွေပြောနေတာလဲ၊ အမေက လောက ကြီးမှာ အကြာကြီးနေရဦးမှာ"

"အင်းလေ ဟုတ်ပါတယ်၊ ဒါပေမဲ့ အမေ့ဘဝမှာ ခွဲစိတ်တယ်ဆို တာမျိုး တစ်ခါမှ မကြုံခဲ့ဖူးလေတော့ ကြောက်နေမိတယ် သားရဲ့"

အမေ့လက်လေးတွေကို ကျွန်တော် ထွေးဆုပ်ဖျစ်ညှစ်ထားလိုက် သည်။ အမေ ဘာမှမဖြစ်ပါဘူးဗျာ၊ မကြောက်ပါနဲ့နော်။

"ပြီးတော့ အမေလေ သားကို သမီးလေး လရောင်က မွေးစား





ထဲ့ကိစ္စကို သဘောတူတယ်ကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အမေတို့အပြည့် အဝ မထောက်ပံ့ပေးနိုင်ခဲ့တဲ့ သားရဲ့ပညာရေးကိုလည်း သူကတော့ အလုံးစုံ တာဝန်ယူနိုင်လိမ့်မယ်လို့ ထင်တယ်"

"အမေရယ်"

သားသမီးအပေါ်ထားသော မိခင်ရဲ့မေတ္တာတရားကို ကျွန်တော် အပြည့်အဝ နားလည်နိုင်ပါသည်။ ရင်ထဲမှာလည်း ဆို့နင့်တင်းကျပ်လာ၏။

"အမေ ဘာမှမပူနဲ့ သိလား၊ ကျွန်တော် ဖြစ်ချင်တဲ့ဆရာဝန်တစ် ယောက်ဖြစ်အောင် လုပ်မှာ၊ ပြီးရင် အမေတို့ကို တစ်လှည့်ပြန်ကြည့်ပေးမှာဗျ"

"ငါ့သားလေး ဘယ်တော့မှ ဆင်းရဲမှာမဟုတ်ပါဘူးကွယ်၊ ဖြစ်ချင် တာတွေ အားလုံးလည်း ဖြစ်ခွင့်ရမှာ၊ အမေ သိတယ်"

သားအမိနှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး မျက်ရည်ကျခဲ့ရသော ညပါပဲ။ ခုတော့ အမေတစ်ယောက်တည်း ခွဲခန်းထဲ မှာ ဘယ်လောက်တောင် ကြောက်လန့်နေရှာလိမ့်မလဲနော်။

"ဟာ လူသစ် မင်းကွာ မျက်ရည်တွေက ဘာလို့ထပ်ကျနေပြန် တာလဲကွ"

"ကျွန်တော် အမေ့ကို သနားတယ်ဗျာ၊ သူ့ဘဝမှာ ဘာတစ်ခုမှ အေးအေးချမ်းချမ်း မခံစားသွားရရှာဘူး။ တစ်ချိန်လုံးလိုလို ကျွန်တော်တို့ သားအဖနှစ်ယောက်အတွက် ရုန်းကန်လာခဲ့ရတာ"

"လူသစ်ရယ် ငါသိပါတယ်ကွာ၊ ဒါပေမဲ့ ငိုနေမယ့်အစား ခုချိန်မှာ ဆုတောင်းပေးတတ်နိုင်သလောက် အန်တီ့အတွက် ပိုင်းဆုတောင်းပေးနေတာ အ

www.burmeseclassic.com



ကောင်းဆုံးပဲကွ"

"ဟုတ်ကဲ့ပါ ကိုဆန်း။ ကျွန်တော် မငိုတော့ပါဘူးနော်"

အမေ့အတွက် ဆုတောင်းရင်း တစ်ညလုံး မအိပ်ထားရသော အရှိန်၊ ငိုကြွေးထားသော အရှိန်၊ စိတ်ပင်ပန်းသော ဒဏ်များကြောင့် ကျွ တော် ခုံတန်းနောက်မှီပေါ် ခေါင်းတင်ထားလျက်က မှေးခနဲဖြစ်သွားသည် ရှေ့ကနေ တွန်းလှည်းတစ်ခု ဖြတ်သွားသည့်အသံတွေကြားလို့ အ တကြား မျက်လုံးဖွင့်ကြည့်မိတော့ အမေ့ကို ခွဲခန်းထဲမှ ပြန်လှည့်ထုတ် လာကြသည်။

ကျွန်တော်ရော ကိုဆန်းပါ ကမန်းကတန်း အပြေးထသွားလို သည်။ တွန်းလှည်းလေးပေါ်မှာ အမေ ငြိမ်သက်စွာ မျက်လုံးများမှိတ်လျ ခွဲစိတ်မှုကို ဦးဆောင်ခဲ့သော မမအသိဆရာဝန်ကြီးက ခွဲစိတ်မှုအောင်မြ ကြောင်း ပြောသည်။ ကျွန်တော့်ရင်ထဲက အလုံးကြီး အုံးခနဲကျသွားသ ပေါ့ပါးသွား၏။ ဘာပဲဖြစ်ဖြစ် ဒါဟာ အဆိုးထဲက အကောင်းပဲမဟုတ်လာ

"ကဲ မင်းလည်းအနားယူတော့ကွာ၊ အန်တီလည်း ခွဲစိတ်မှုအော မြင်တယ်ဆိုတော့ မကြာခင် သတိရလာမှာပဲ"

"ကျွန်တော်ကတော့ ဆေးရုံမှာပဲ ရှိနေမှာဗျ။ ကိုဆန်း ပြန် ပြန်လေ"

ခုမှ ခွဲခန်းထဲက ထွက်လာသည့် လူနာမို့ အမေ့ကို သာ ဆေးရုံခန်းများမှာ မထားရသေးပါ။ သူတို့ရဲ့ ကြပ်မတ်ခန်းထဲမှာသာ အ နေရမည် ဖြစ်သည်။





"အေး ငါလည်း ခဏပြန်လိုက်မယ်ကွာ၊ အလုပ်ကိစ္စလေးတစ်ခု လည်း ချိန်းထားတာ ရှိတယ်"

"ဟုတ်ကဲ့ ကိုဆန်း ကျေးဇူးတအားတင်ပါတယ်ဗျာ"

"မင်း စားစရာရှိတာလည်း၊ စားဦးနော်၊ တော်ကြာနေ လူနာစောင့် ပါ အားပြတ်ပြီး လဲသွားမယ်၊ ကြားလား"

"ကျွန်တော် သိပါတယ်ဗျာ"

"ပိုက်ဆံရော လက်ထဲမှာ လောက်လောက်ငငရှိရဲ့လား။ မရှိရင် ငါ့ဆီက"

"ဟာ ရှိတယ် ကိုဆန်း။ ရှိတယ်၊ ဘာမှပူမနေနဲ့၊ ကျွန်တော့်ကို မမ ပေးထားတာတွေ ရှိသေးတယ်"

"ခြော် အေး မင်း သူ့ကိုလည်း ဖုန်းဆက်ပြီး အကြောင်းကြား လိုက်ပါဦးကွ"

"ကျွန်တော် ဆက်လိုက်ပါ့မယ်"

ကိုဆန်း ပြန်သွားတော့ ကျွန်တော် အမေ့ဆီ ဝင်ကြည့်လိုက်သေး သည်။ ချက်ချင်းတော့ သတိပြန်လည်လာဦးမှာ မဟုတ်ကြောင်း ဆရာဝန် ကြီး ပြောပြထားလို့ ကျွန်တော် သိပါသည်။ ငြိမ်သက်စွာ လဲလျောင်းနေ သော အမေ့မျက်နှာလေး ဖြူဖျော့နေ၏။ အမေ ခုချိန်ထိ ကြောက်လန့်နေ ဆဲလား။ သတိပြန်မရလာသေးဘူးဆိုတော့ တစ်ရာရာခိုင်နှုန်းတော့ စိတ်မချ ရသေးတာ ကျွန်တော် သိပါသည်။

အမေ့အခန်းထဲက ထွက်လာခဲ့ပြီး မမဆီ ဖုန်းလှမ်းဆက် အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြားလိုက်သည်။ မမကလည်း ကျွန်တော့်လိုပင် ခုမှမင် အလုံးကြီး ကျသွားတယ်ဟု ညည်းရှာသည်။

"ဒီနေ့တစ်နေ့လုံး ကိုယ် မင်းအနားမှာ နေပေးချင်လို့ အလုပ်တွေအားလုံး ရှင်းထားလျက်နဲ့တောင် အရေးကြီးကိစ္စတစ်ခုက ပေါ်လာသေးတယ်လို့ကွာ၊ ဒါပေမဲ့ မကြာပါဘူး။ မမ ပြီးတော့မှာ၊ ပြီးတာနဲ့ မင်းဆီ ထွက်လာခဲ့မယ် သိလား"

"ဟုတ်ကဲ့ မမ"

အမေ့အတွက် သီးသန့်ငှားပေးထားသော အခန်းထဲမှာ ကျွန်တော် လဲလျောင်းအနားယူနေလိုက်၏။ နောက်နာရီဝက် တစ်နာရီလောက်ဆိုရင်တော့ အမေ သတိပြန်ရလာတော့မှာပါ။ အဲဒီမတိုင်ခင်ထိတော့ ကျွန်တော် အေးအေးချမ်းချမ်း အနားယူလိုက်ပါဦးမည်။

သို့သော် ကျွန်တော့်အထင်နှင့်အမြင် လွဲချော်သွားပါသည်။ ကျွန်တော် တစ်ရေးအိပ်လိုက်ပြီး နိုးလာတော့ အမေ့ကိုခွဲခန်းထဲက ထုတ်လာပြီးနောက် သုံးနာရီလောက်တောင် ခြားနေခဲ့ပြီ။ အမေ သတိပြန်ရလာရင် ကျွန်တော့်ကို အကြောင်းလာကြားပေးမည်လို့ ကတိပြုထားပါလျက် ဘယ်သူမှလည်း ရောက်မလာခဲ့ပါလား။ ဒါမှမဟုတ် ရောက်လာလျက်နဲ့ ကျွန်တော် အိပ်ပျော်နေသဖြင့် ဘာမှမပြောဘဲ ပြန်ထွက်သွားခဲ့တာလား။

ရင်ထဲမှာတော့ ပူလောင်နေမိသည်။ ချက်ချင်းပင် ခုတင်ပေါ်မှ ဆင်းလျက် အမေ့ကို ထားထားသော အခန်းဘက်ဆီ သွားရန်ပြင်လိုက်သည်။ လမ်းမှာ မမနှင့်တည့်တည့်တိုး၏။





"ဟဲ့ ကောင်လေး ဘယ်သွားမလို့လဲ"

"အမေ့ဆီ သွားမလို့ မမ"

"ဒါဆို မမလည်း လိုက်မယ်လေ၊ တူတူသွားကြမယ်လေ၊ ဒါနဲ့ သတိပြန်ရပြီတဲ့လား မောင်လေး"

"ကျွန်တော်လည်း အဲဒါသိချင်လို့ပဲ မမ၊ တကယ်ဆို အမေ သတိပြန်ရပြီတဲ့လား မောင်လေး"

"ကျွန်တော်လည်း အဲဒါသိချင်လို့ပဲ မမ၊ တကယ်ဆို အမေ သတိပြန်ရလာသင့်နေပြီ မဟုတ်လားဟင်"

ကျွန်တော့်မျက်ဝန်းများက စိုးရိမ်ပူပန်မှုတွေကို မမ ရိပ်စားမိမှာပါ။ အပြေးတစ်ပိုင်းသွားနေမိသော ကျွန်တော့်လက်မောင်းလေးကို ဖမ်းဆွဲလျက် ချစ်ညှစ်လိုက်ရင်း

"စိတ်ကိုငြိမ်ငြိမ်ထား လူသစ်၊ မမဆေးရုံကို ထွက်မလာခင် ဆရာဝန်ကြီးဆီ ဖုန်းဆက်မေးပြီးပြီ၊ ခွဲစိတ်မှုက အောင်မြင်တယ်လို့ ပြောထားတာပဲလေ"

"ဒါပေမဲ့ သတိပြန်မလည်လာသေးဘူးဆိုရင်"

"တော်ပြီ ဘာမှမသေချာသေးဘဲ လျှောက်တွေးမနေနဲ့"

ခြေလှမ်းတွေကို ဒီထက်မြန်မြန်လေး ပြင်တူလှမ်းလျက် ကျွန်တော်တို့ အမေ့ဆီ ရှေ့ဆက်ခဲ့ကြသည်။ ကျွန်တော်ထင်ထားသည့်အတိုင်းပါပဲ။ သတိပြန်လည်လာသင့်သည့်အချိန်ထက် နာရီအတော်ကြာ အမေငြိမ်သက်နေသည်။ ဒါဟာ ကောင်းတာတစ်ခုမဟုတ်ဘူးမှန်း ကျွန်တော် နားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အမေ အသက်ရှူရန်အတွက် အောက်ဆီဂျင်နှင့်ဆက်ထား လက်မှာလည်း ဆေးသွင်းပိုက်တွေ။ အမေ့ကိုကြည့်ရတာ ကျွန်တော်မသက် မသာ ခံစားရသည်။ လက်လေးတစ်ဖက်ကို ဆုပ်ယူထွေးကိုင်ထားလိုက်တော့ ပူပူနွေးနွေး။

"ဒါ ဘာလက္ခဏာလဲဟင်"

မမက ဆရာဝန်ကိုမေးသည်။

"တကယ်ဆိုရင် ကျွန်တော်တို့ခွဲစိတ်မှုက အလုံးစုံအောင်မြင်ခဲ့ တယ်၊ ကြားမှာ သွေးခုန်နှုန်းအောက်ဆုံးထိ ထိုးဆင်းသွားတဲ့ဖြစ်ရပ်တစ်ခု ဆိုးဆိုးရွားရွား ရှိခဲ့တာ၊ ဒါပေမဲ့ သတိပြန်လည်မလာသေးတဲ့အတွက် ကျွန် တော်တို့ဘက်ကလည်း ဘာကိုမှ ယတိပြတ်တော့ မပြောချင်သေးပါဘူး"

"တစ်ခုခု ဆိုးဆိုးရွားရွား ဖြစ်လာဖို့တော့ မရှိပါဘူးနော်"

မမ အသံလေးက တိုးတိုးလေး။ ကျွန်တော် ကြားသွားမှာစိုးသော ကြောင့် ထိုမေးခွန်းကို ကြိတ်မေးလိုက်ပုံ။ ဒါပေမဲ့ ကျွန်တော်က ကောင်း ကောင်းကြီး ကြားလိုက်ပါသည်။

"ဒါကတော့ လူနာရဲ့သတိပြန်လည်လာခြင်းနဲ့ ဆိုင်ပါတယ်။ သူ သာ သတိပြန်လည်လာခဲ့ရင် ကျွန်တော်တို့ ဘာမှအထွေအထူး စိတ်ပူစရာ မရှိတော့ပါဘူး"

"သတိပြန်မလည်လာရင်ရော"

"မမ"





ဆရာဝန်ကြီးဆီမှ အဖြေစကားထွက်မလာခင် ကျွန်တော်က မမ လက်လေးကို ဖြတ်ခနဲ လှမ်းဆွဲလိုက်သည်။ အဖြေက သိသာနေပြီပဲ မမရယ်။ သတိပြန်လည်လာခြင်း တစ်ခုတည်းကသာ အမေ့အသက်ကို ဆက်လက်ရှင်သန်ခွင့်ရစေမယ့် အခြေအနေတစ်ရပ်ဆိုတာ။

"ကျွန်တော် အမေ့အနားမှာ အေးအေးဆေးဆေး ရနေချင်တယ် ဗျာ"

"နေလေ မောင်လေးရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာတစ်ခုမှ မကြားရဘဲနဲ့ မကြာခင်မှာ အမေ သတိပြန်လည် လာမယ်ဆိုတဲ့ ယုံကြည်ချက်တစ်ခုနဲ့ ကျွန်တော်အမေ့ကို အဖော်လုပ်ပေး နေချင်တာ"

"ခြော်"

မမ မျက်နှာတစ်ချက်ပျက်သွားသည်။ မတတ်နိုင်ပါဘူး မမရယ်။ ကျွန်တော်လေ အမေ ပြန်မကောင်းတော့ဘူးဆိုတဲ့ ဘယ်လိုအဖြေစကားမျိုး ကိုမှ မကြားချင်လို့ပါ။ တောင်းပန်ပါတယ်နော်။

နှုတ်က ဖွင့်မပြောဖြစ်ပေမယ့် ကျွန်တော့်မျက်ဝန်းများကိုကြည့်ပြီး မမ နားလည်နိုင်မှာပါ။

"ကောင်းပြီလေ ဒီလိုဆို ကိုယ်ပြန်မယ်၊ တစ်ခုခုဆိုတာနဲ့ မမ ဆီကို အရင်ဆုံးဖုန်းဆက်ပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ မမ"

"ဒါနဲ့ မင်းဘာစားပြီးသွားပြီလဲ"

www.burmeseclassic.com



"ကျွန်တော် ဘာမှလည်း စားချင်စိတ်မရှိဘူး မမ"

"အဲဒီလိုလုပ်လို့ မရဘူးလေ လူသစ်၊ မင်းကိုယ်တိုင်ကိုပါ ဒုက္ခလိုက်ပေးနေလို့ ဘယ်ဖြစ်မလဲကွ၊ တစ်ခုခုတော့ စားရမှာပေါ့၊ လာ အရင်ဆုံး ကိုယ်နဲ့တစ်ခုခု လိုက်စား"

"မမ"

မမက ကျွန်တော့်လက်တစ်ဖက်ကို အတင်းဆွဲလျက် အခန်းပြင်ခေါ်ထုတ်လာခဲ့သည်။ ကျွန်တော် ယက်ကန်ယက်ကန်ဖြင့် ပါလာ၏။

"မင်းငြင်းဖို့ မစဉ်းစားနဲ့၊ မင်းက မင်းကိုယ်မင်း စိတ်မပူပေမယ့် ကိုယ်ကတော့ မင်းပါ လဲသွားမှာကို ဒီတိုင်းကြည့်မနေနိုင်ဘူး"

ဆေးရုံထဲက စားသောက်ခန်းလေးထဲမှာ ကျွန်တော့်အတွက် စားသောက်စရာများကို မမက စိတ်ကြိုက်မှာယူစားသုံးစေပြီး ရှေ့တည့်တည့်မှထိုင်လျက် ဆူပူနေသည်။ တကယ်တော့ မမ ပြောနေတာတွေကို ကျွန်တော် ကောင်းကောင်းကြားနေပါလျက် ဘာတစ်လုံးမှ ပြန်ပြောနိုင်စွမ်းမရှိ။

ပန်းကန်ထဲမှ စားစရာတွေကိုတောင် မစားချင်စားချင်နှင့် ဖြည်းဖြည်းချင်း နှိုသွင်းနေရခြင်းဖြစ်သည်။

"မင်းမှာက ရှေ့ဆက်ရမယ့်လမ်းက အရှည်ကြီးကျန်သေးတယ်၊ မင်းခံစားချက်ကို နားမလည်တာ မဟုတ်ပေမယ့် အရာရာကို စိတ်ခံစားချက်ပဲ ဦးစားပေးနေလို့ မဖြစ်ဘူးကွ၊ စားစရာရှိတာ စားရမယ်၊ လုပ်စရာရှိ လုပ်ရမယ်၊ စိတ်ပူစရာရှိလည်းပူရမှာပဲ၊ ဒါတွေအားလုံး သူ့ဟာလေးနဲ့သူ





အဆင်တပြေ လည်ပတ်နေနိုင်မှ မင်းတောင့်ခံထားနိုင်မှာပေါ့ကွ"

မမ စကားတွေက မှန်မှာပါ။ ဒါပေမဲ့ လောလောဆယ် အခြေအနေမှာ ကျွန်တော့်ဦးနှောက်တစ်ခုလုံးမှာ အမေသာ ပြန်မကောင်းလာတော့ရင်ဆိုသည့် အတွေးကြီးက ဖိဖိစီးစီး နှိပ်စက်နေသည်။ စိတ်ဓာတ်တစ်ခုလုံးသည်း အစိတ်စိတ်အမြွာမြွာဖြစ်နေရ၏။

"ကဲ ဒီတစ်ပွဲတော့ ကုန်အောင်စားလိုက်ကွာနော်၊ ဌါမောင်လေးက လိမ္မာပါတယ်"

မမ လက်များက ကျွန်တော့်ဆံပင်များကို ရုတ်တရက် ဖွဖွပွတ်သပ်လျက် အားပေးစကား ပြောလိုက်တော့ ဘာလို့မှန်းမသိပါဘဲ ကျွန်တော် ငိုလို့ ကြွေကွဲသွားမိသည်။ ရစ်ဝဲနေသည့် မျက်ရည်များအတွက် စီးဆင်းခွင့်ပါမစ်ရသွားသလို ခံစားလိုက်ရသည်။

"မငိုရဘူးလေကွာ၊ မင်းယောကျ်ားမဟုတ်ဘူးလား"

ကျွန်တော် ဘာမှပြန်မဖြေနိုင်။ ဘာဆိုဘာမှ မတုံ့ပြန်နိုင်။ လက်ကိုင်အိတ်ထဲမှ တစ်သျှူးစလေးကိုထုတ်လျက် ကျွန်တော့်ပါးပြင်ကို မမ အသာလေး သုတ်သင်ပေးသည်။ ဒါပေမဲ့ မျက်ရည်တွေက ထပ်ခါထပ်ခါ စီးဆင်းနေတာပါ။

"တော်ပြီကွာ မငိုနဲ့တော့ မောင်လေး၊ မမ မင်းကို ကိုယ်ချင်းမစာလို့ ပြောနေတာမဟုတ်ပါဘူး၊ မမကိုယ်တိုင်လည်း ဘဝမှာ မိဘနှစ်ပါးလုံးကို ဆုံးရှုံးထားခဲ့တာပါ၊ ရှင်ကွဲရော သေကွဲရော နှစ်မျိုးလုံးကို မမ ကောင်းကောင်းကြီး ခံစားခဲ့ဖူးတယ်လေ၊ မမ မင်းကို ကိုယ်ချင်းစာပေးနိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း မမ ဖြတ်သန်းလာခဲ့တဲ့အတိုင်း မင်းကို ထိန်းကျောင်းပေးချင်နေတာ''

ကျွန်တော်နှင့်အတူ အမေ့ဘေးမှာ အချိန်တော်တော်ကြာ နေပေးပြီးတော့မှ မမ ပြန်သွားခဲ့သည်။ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ချိန်မှာတော့ ကျွန်တော့်မျက်ရည်များကို ထိန်းသိမ်းမထားတော့ဘဲ စိတ်ကြိုက်ငိုချလိုက်မိသည်။ ဒီအကြောင်းတွေကို အဖေ့ကိုလည်း မပြောပြရဲသေး။

မမက အထူးသူနာပြုတစ်ယောက် ငှားရမ်းပေးပြီး အဖေ့ကို အိမ်မှာအနီးကပ်ပြုစုဖို့ တာဝန်ပေးထားသည်။ အမေ နေမကောင်းလို့ ဆေးရုံတက်ရမယ်ဆိုတော့ အဖေ မျက်နှာမကောင်း။ စကားလုံးပီပီသသ မပြောနိုင်ပေမယ့် အတင်းအားစိုက်ထုတ်ပြီးပြောလျှင်တော့ ရသည့်အနေအထားမှာ အမေနဲ့အဖေတို့ ဘာတွေပြောနေကြမှန်း ကျွန်တော် မသိ။ အမေက အဖေ့ကိုဖက်ငိုခဲ့တာတော့ ကျွန်တော် တွေ့ဖြစ်အောင် တွေ့ခဲ့လိုက်သေးသည်။

ကျွန်တော်တို့မိသားစုရဲ့ဝဋ်ကြွေးကလည်း ကြီးကိုကြီးမားလွန်းနေတာပါ။ အမေရော အဖေ့ကိုပါ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်မြင်တွေ့ခွင့်ရနိုင်ဖို့ ဘယ်တော့မှ ဖြစ်မလာနိုင်တော့တာလို့ တွေးမိတိုင်း ကျွန်တော့်နှလုံးသားတွေ ပြုတ်ကြွေကုန်သလို ခံစားရသည်။ စိတ်ဓာတ်တွေ ပျက်ပြားရ၏။

ဒီဝဋ်တွေ ကျေအောင် ကျွန်တော် ဘယ်လိုနည်းနဲ့များ ပေးဆပ်နိုင်ပါ့မလဲ။

■ ■ ■





ဒီနေ့တော့ အိမ်ခဏပြန်လာခဲ့သည်။ ကျောင်းကိုလည်း အကျိုးအကြောင်းပြောပြပြီး ခွင့်တိုင်ထားသောကြောင့် ကိစ္စမရှိပေမယ့် အဖေ့ကိုလည်း ဒီတိုင်းပစ်ထားလို့ မဖြစ်သေးသည့်အတွက် ပြန်လာခဲ့ရခြင်း။

အိမ်ထဲဝင်လိုက်သည်နှင့် အဖေ့ ဆီးအိုးသွန်ရန် ပြင်နေသောသူနာပြုအစ်မကို လှမ်းမြင်လိုက်ရသည်။

''အဖေ နေကောင်းတယ်နော် အစ်မ''

''ကောင်းပါတယ်ကွယ်၊ ဒါနဲ့ အမေရော အခြေအနေဘယ်လိုလဲ၊ သတိပြန်ရလာပြီလား''

ဒီနေ့ဆို အမေ့ကို ခွဲခန်းထဲက ပြန်ထုတ်လာခဲ့တာ နှစ်ရက်တိတိရှိပြီ။ အမေ သတိပြန်မလည်လာသေး။ အခြေအနေက ခုထိ အဆိုးရွားဆုံးအနေအထားမှာ ရပ်တန့်နေဆဲ။

''ဒီလိုပဲ အစ်မရယ်၊ သတိပြန်မရသေးပါဘူး''

သူနာပြုအစ်မက ဘာမှထပ်မပြောတော့ပေမယ့် သက်ပြင်းလေးတော့ ချသည်။ သူလည်း ဒီလောက်ဆို အခြေအနေကို သဘောပေါက်မှာသည်။

ကျွန်တော် အဖေ့နားမှာ ငုတ်တုတ်ထိုင်လိုက်၏။

''အဖေထမင်းစားပြီးသွားပြီလား''

အဖေက ခေါင်းညိတ်ပြသည်။ နောက်တော့ အမေ့အကြောင်းလုံးဝမေး၏။ ကျွန်တော့်မျက်နှာပေါ်က စိတ်ညစ်မှုများအားလုံးကို အမေ့ရှေ့မလာခင်တည်းက ဖျောက်ထားပစ်ခဲ့ပြီးဖြစ်သောကြောင့် ခုချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟန်ဆောင်အပြုံးတစ်ခုကို စိတ်လိုလက်ရ ကျွန်တော် ပြုံးပြနိုင်သွားပါသည်။

အမေ့အခြေအနေကို အဖေသိသွားလို့လည်း စိတ်ထိခိုက်ရုံကလွဲလို့ ဘာမှထူးမလာမယ့်တူတူ လိမ်လည်ဖြေကြားလိုက်ရတာကမှ ခံသာပါဦးမည်။

"အမေလည်း သက်သာပါတယ်၊ ခွဲစိတ်မှုကလည်းအောင်မြင်တယ်လေ၊ ဒါပေမဲ့ ဆေးရုံမှာပဲ အေးအေးဆေးဆေး အနားယူရဦးမယ်ဆိုလို့ အိမ်တော့ပြန်လာလို့ မရသေးတာ အဖေရဲ့ သိပ်မကြာခင်တော့ အဖေနဲ့ ကျွန်တော့်ဆီ အမေပြန်လာမှာပါ"

အဖေ့မျက်နှာပေါ်က စိတ်ချသွားသည့် အရိပ်အယောင်ကို ကျွန်တော် မြင်လိုက်ရတော့မှ သက်ပြင်းလေး ခိုးချမိသည်။ မတတ်နိုင်ဘူးလေ ဒီလိုမှ မလိမ်လိုက်ရင် အဖေ့ကိုပါ ထပ်ပြီးစိတ်ဆင်းရဲစေတာပဲ အဖတ်တင်မယ်မှန်း ကျွန်တော် သဘောပေါက်နေပါပြီ။

ဒါပေမဲ့ အဖေ့ကိုပြောခဲ့သော ကျွန်တော့်စကားဟာ ခဏတာလိမ်လည်လိုက်ခြင်းမျိုး မဟုတ်ဘဲ တစ်သက်တာလုံးအတွက် လိမ်လည်လိုက်ခြင်းဖြစ်သွားမှန်းကိုတော့ ကျွန်တော် ရင်ထုမနာစွာ လက်ခံလိုက်ရပါသည်။

■ ■ ■

"နှင့်အကြောင်းတွေက ငါ့အတွက်တော့ တကယ့်ကို ရင်နာစရာအဖြစ်တွေလိုပါပဲလားဟာ၊ နှင်တော်တော်ခံစားခဲ့ရမှာပဲနော် နေရောင်"





ထာဝရက ကျွန်တော့်မျက်နှာကို စေ့စေ့လေးငေးကြည့်လျက် ပြောရှာသည်။ ကျွန်တော့်နှုတ်ခမ်းများထက်မှာတော့ မချိပြုံးလေးတစ်ခု။ ကျွန်တော် သူမကိုပြောပြခဲ့သည့် ဘဝဇာတ်ကြောင်းဆိုတာ တကယ်တမ်းတော့ နေရောင်ကွန်းလင်းရဲ့ဘဝဇာတ်လမ်းပါ။ အသက်ဆယ့်ငါးနှစ်မှာ အိမ်ကထွက်သွားခဲ့သည်လို့ ပြောရမည့်အစား ကလေးလေးဘဝမှာ ပျောက်သွားခဲ့ပြီး ခုမှ မမလရောင်ငြိမ်းချမ်းနဲ့ ပြန်တွေ့တာ လေးနှစ်ပဲ ရှိပါသေးတယ်ဆိုတာမျိုးလောက်တော့ လိမ်လည်ထားရတာပေါ့လေ။

"ဒါနဲ့ စကားမစပ် နင်က ငါ့အကြောင်းတွေကို တော်တော်စိတ်ဝင်စားတာပဲနော် ထာဝရ"

ဆေးကျောင်းတက်တော့မှ စတင်ခင်မင်ခွင့်ရခဲ့သည့် ထာဝရသည် ကျွန်တော့်အတွက်တော့ ချစ်ခင်နှစ်လိုဖွယ်ကောင်းသည့် သူငယ်ချင်းမလေးတစ်ယောက်ဖြစ်၏။ ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနဲ့အောင်တော့ ကျွန်တော့်ရွေးချယ်မှုက အမြဲတမ်းစိတ်ကူးအိပ်မက်ခဲ့ရသော ဆရာဝန်တစ်ယောက်ဖြစ်ဖို့သာ ဖြစ်ခဲ့သည်။ ဟန်မြတ်သူက လေးဘာသာဂုဏ်ထူး။ ကျွန်တော်တို့နှစ်ယောက်လုံး ခုချိန်ထိ အဆက်အသွယ်မပြတ် တွဲဖြစ်ခဲ့သည်။

ပိုတိုးလာတာကတော့ ထာဝရဆိုသည့် ကောင်မလေးတစ်ယောက်သာ၊ ခုလည်း ကျောင်းဝင်းထဲက ကော်ရစ်ဒါမှာထိုင်ရင်း ဟန်မြတ်သူကို စောင့်ကာ စကားပြောဖြစ်နေခြင်း ဖြစ်သည်။ နေရောင်ထွန်းလင်းအဖြစ်သို့ ကိုပြောင်းလဲခဲ့ပြီးသည့်နောက်မှာ ကျွန်တော့်ရဲ့လှုပ်ရှားသွားလာမှုအားလုံးသာ မမရဲ့ကွန့်ထရိုးအောက်မှာသာ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာကျက်တာကအစ စားတာသောက်တာအဆုံး မမကသာ ကျွန်တော့်ကို အရိပ်လို ဂရုစိုက်ခဲ့သည်။ လုံးဝသတိပြန်မလည်လာတော့ဘဲ ခွဲခန်းထဲကထွက်ပြီး တစ်ပတ်တိတိကြာသည့်အချိန်မှာ အမေ့နှလုံးခုန်နှုန်းတွေ ရပ်တန့်သွားခဲ့သည်။ ကျွန်တော့်ဘဝအတွက် ဆောက်တည်ရာမရဖြစ်ခဲ့သော အချိန်ကာလများ။ ကျွန်တော်ဘယ်လိုမှ ရင်မဆိုင်နိုင်ခဲ့။ ထိုအချိန်မှစတာ မမက ကျွန်တော့်ကို အလုံးစုံတာဝန်ယူပစ်ခဲ့ခြင်း ဖြစ်သည်။

မမရဲ့အိမ်ကြီးမှာ ကျွန်တော် လိုက်နေရသည်။ ကျွန်တော်တ နေရောင်ထွန်းလင်း အစစ်အမှန်မဟုတ်ဘဲ ဟန်ဆောင်ထားသော အ အယောင်ဆိုတာ ပတ်ဝန်းကျင်က ရိပ်မိသွားမည်စိုးသည်ဆိုသော အကြောင်း ပြချက်ဖြင့် အဖေ့ကို အိမ်မှာခေါ်ထားခွင့်မပြုခဲ့။ မမ အိမ်နဲ့နီးသည့်နေရာ ကောင်းတစ်ခုမှာ အမေမဆုံးခင်တည်းက ထားပေးခဲ့သော သူနာပြုအစ် ကြီးဖြင့်ပင် သီးသန့်ထားပေးထားသည်။ အဖေ့ကို သွားကြည့်ချင်ရင်လည်း ကျွန်တော့်မှာ ကွယ်ကွယ်ဝှက်ဝှက်။

ပြီးတော့ အမိက ရည်ရွယ်ချက်ဖြစ်သည့် ရှေ့နေ ဦးဥက္ကာ ကြည်အောင် မမ သင်ကြားပေးထားသည့်အတိုင်း အရာရာတစ်သဝေမတိမ်း ကျွန်တော် လိုက်လုပ်ပေးခဲ့ရသည်။ ကျွန်တော့်ကို အသက်နှစ်ဆယ်ကျော် ပြီဆိုပေမယ့် ဆယ်တန်းမအောင်သေးဘူးဆိုသော အကြောင်းပြချက်ဖြင့် မမက ကျောင်းပြန်တက်ခိုင်းထားသလိုလို ဟန်ဆောင်ခဲ့သည်။

ဟန်မြတ်သူနဲ့အတူတကွတက်ခဲ့သော ကျောင်းကနေလည်း ကျွန်တော် နှုတ်ထွက်ခဲ့ရသည်။ မှတ်ပုံတင်ကအစ ကျွန်တော့်မှာ အတုနှင့်





ရှင်သန်နေရခြင်း ဖြစ်၏။ တရားဥပဒေနဲ့ငြိစွန်းနေမှန်းသိပေမယ့်လည်း မမက တော့ ဘယ်ကဘယ်လို အဆက်အသွယ်တွေမှန်းမသိ ရအောင်ဆက်သွယ် ကာ အရာရာကိုငွေကြေးဖြင့် ဖြေရှင်းခဲ့သည်။

ခုဆို ကျွန်တော် ရသင့်ရထိုက်သော အမွေတွေလည်း ပိုင်ဆိုင် နိုင်ခဲ့ပြီ။ အင်းပေါ့လေ အဲဒီလို ပြောရင်နည်းနည်းတော့ မှားနေတာပေါ့။ ကျွန်တော် ရသင့်ရထိုက်သော အမွေတွေမဟုတ်ဘဲ နေရောင်ထွန်းလင်း အစစ်အမှန်က ရသင့်ရထိုက်သော အမွေများသာဖြစ်သည်။

အဲဒီလျှို့ဝှက်ချက်တွေကို သိတာဆိုလို့ ကျွန်တော်ရယ် မမရယ် ကိုဆန်းနဲ့ဟန်မြတ်သူရယ်။ မမက ကျွန်တော် အရင်နေခဲ့သော ရပ်ကွက် ကိုတော့ နည်းနည်းမှတောင် ရစ်သီခွင့်မပေးတော့။ ကိုဆန်းနဲ့တွေ့ချင်ဆုံချင် ရင် အပြင်မှာသာ ပုန်းကွယ်တွေ့ဆုံရသည်။ ဟန်မြတ်သူကတော့ ကျောင်းမှာ အမြဲတွေ့နေရလို့ အရင်ကနဲ့ သိပ်တော့မကွာလှပါ။

ကျွန်တော့်အတွက် နှုတ်လုံပေးကြသော ဟန်မြတ်သူနဲ့ကိုဆန်း တို့ကိုလည်း ကျွန်တော် စိတ်ထဲကနေ အကြိမ်ကြိမ် ကျေးဇူးတင်နေမိသည်။

"မင်းတို့ရောက်နေတာ ကြာပြီလား"

အသံကျယ်ကျယ်နှင့်အတူ ဟန်မြတ်သူ အနားရောက်လာသည်။

"ကြာပြီပေါ့ဟဲ့၊ နင်က ဘာဖြစ်လို့ ဒီလောက်ကြာနေတာတုန်း"

"ဆောရီးဟာ၊ ငါအိမ်မှာ မေမေ နေမကောင်းလို့ သွေးပေါင်ချိန်း ပေးတာတွေ အားဆေးထိုးပေးတာတွေ လုပ်ပေးနေရတယ်"

ဆေးကျောင်းတတိယနှစ်ရောက်နေကြပြီဆိုတော့လည်း ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာကတော့ ကိုယ့်အိမ်မှာ စိတ်ချလက်ချ လုပ်ပေးနိုင်သည့် အနေအထားတော့ ရောက်နေပါပြီ။

"အန်တီ ဘာဖြစ်လို့လဲကွ"

"ထုံးစံအတိုင်းပေါ့ကွာ၊ ခေါင်းမူးတယ်၊ အားနည်းတယ်နဲ့ ဖေဖေ့ကို အကြောင်းပြတာလေ၊ ဘန်ကောက်ကို ရှော့ပင်ထွက်ခွင့်ရအောင်"

ဟန်မြတ်သူတို့က နုဂိုချမ်းသာကြသူများမို့ သူတို့မိသားစုအတွက်ကတော့ ဒါမျိုးတွေက ထမင်းစားရေသောက်။ ဒါပေမဲ့ ဟန်မြတ်သူ အဖေက စည်းကမ်းကြီးသည်။ ဖြုန်းချင်တိုင်း ဖြုန်းခွင့်မပေး။ အဲဒီလိုဖြစ်ကြပြီဆို အဖေ ဖြစ်သူက ရောဂါတစ်ခုခုထဖြစ်ပြလျက် သူ့ကိုစိတ်ချမ်းသာအောင် လိုက် လျော့ဖို့ တောင်းဆိုတော့သည်။

ဒါက ဟိုးအရင်တည်းက ကျွန်တော်တို့ကြုံတွေ့နေကျမို့ ရိုးတော့ ရိုးနေပါပြီ။

"ဒါနဲ့ မင်းကိုတောင် ကိုဆန်းက မေးနေသေးတယ်ကွ"

"အေးကွာ ငါလည်း ကိုဆန်းကို တွေ့ချင်တယ်၊ မတွေ့ရတာ လေးငါးလလောက်တောင် ရှိနေပြီ"

"ငါတို့တစ်ရက် ချိန်းလိုက်မယ်လေကွာ၊ ကျောင်းပိတ်ရက်ပေါ့"

"အိုကေလေ၊ ငါလည်း မမကို ခွင့်တောင်းထားလိုက်မယ်"

ကျွန်တော်နဲ့ပတ်သက်ရင် အရာရာကို မမက ချုပ်ထိန်းထားမှန်း သိနေသော ဟန်မြတ်သူတို့ကတော့ အဖြစ်အပျက် အစအဆုံးကို နားလည် နေကြသူများမို့ ဘာမှမပြောပေမယ့် ထာဝရကတော့ ဘာကိုမှမသိသူပီ





မမကို အပြစ်မြင်ချင်တာတ်သည်။

"နင့်အစ်မကလည်း သူငယ်ချင်းတွေနဲ့တွေ့တာတောင် ခွင့်တောင်း ထားတို့ ဘာတို့ လုပ်နေရသေးတာလား၊ ငါတို့က ကလေးတွေလည်းမဟုတ် တော့ဘူးလေ၊ ဆေးကျောင်းသားတွေတောင် ဖြစ်နေပြီ၊ နည်းနည်းတော့ ပိုတယ်လို့ ငါတော့ထင်တယ်"

"နင် မမကို အဲဒီလိုမပြောနဲ့ ထာဝရ"

ထာဝရစကားအဆုံးမှာ ကျွန်တော် တုံ့ပြန်လိုက်မှုက အသံနည်း နည်းကျယ်လောင်သွားသည့်အပြင် မျက်နှာထားကလည်း တင်းမာသွားသည်။ ခပ်တည်တည်ပြောနေသော ထာဝရကိုယ်လုံးလေးပင် တုန်တက်သွားလေ၏။

"လန့်လိုက်တာ၊ နင် ငါ့ကိုဘာဖြစ်လို့ အဲဒီလောက် လာအော် ထာတုန်း၊ ငါက နင့်အတွက် စေတနာနဲ့ပြောပေးတာကို"

နှုတ်ခမ်းလေးထော်လျက် ကျွန်တော့်ကို ပြန်ရန်တွေ့သေးသည်။

"နင့်စေတနာဆိုတာ ငါ့အစ်မနဲ့ယှဉ်လို့ မရဘူးလေ ထာဝရ၊ ငါ့ မမကို နင်နောက်ဘယ်တော့မှ အဲဒီလို မပြောပါနဲ့လို့ ငါတောင်းပန်ပါတယ်"

"နင်ကိုက ယောက်ျားဖြစ်ပြီး ပိုကိုပိုလွန်းတယ်၊ နင့်အစ်မကလည်း အစ်မဖြစ်နေလို့ပဲ၊ အမေသာဆို ဒီထက်ဘယ်လောက်တောင် ပိုဆိုးလိုက်မလဲ မသိဘူး"

"ထာဝရ"

ဒီတစ်ခါတော့ လမ်းလျှောက်နေသော ခြေလှမ်းများကိုပါ ရပ်တန့် လိုက်ပြီး ကျွန်တော် အံတင်းတင်းကြိတ်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့တော့ဆိုတာကို ရအောင်ကို ထပ်ပြောနေသေးသည်။ ထာဝရဆိုတဲ့ ကောင်မလေးက တကယ့်ဖွတ်တချွတ်လေး။ သူ့မျက်လုံးထဲမှာ မတည့်တာဆို ပက်ခနဲ ပြောပစ်လိုက်ဖို့တော့ ဘယ်တော့မှ ဝန်မလေး။

"တော်တော့ နေရောင်၊ ထာဝရ နင်ကလည်း ဒီကောင် မကြိုက်ဘူးဆို မပြောနဲ့တော့လေဟာ၊ သူ့အစ်မကို သူဘယ်လောက်ချစ်တယ်ဆိုတာ နင်တို့ငါတို့ ကောင်းကောင်းသိနေတာပဲ မဟုတ်လား"

အားလုံးကို သဘောပေါက်နေသော ဟန်မြတ်သူက ကြားကနေ ပွဲကိုဝင်ထိန်းသည်။ ကျွန်တော်က ဘာမှဆက်မပြောတော့ဘဲ မျက်နှာကို ထာဝရနှင့်ဆန့်ကျင်ဘက်သို့ လွှဲပစ်လိုက်သည်။

"ဟွန့် သူ့ဘက်ကလည်း ပြောပေးရသေးတယ်၊ အလကား ကောင်"

ပါးစပ်က ရအောင်လို့ ပွစိပွစိလုပ်လျက် ခြေကလေးဆောင့်ပြီး ထာဝရ တစ်ယောက်တည်းရှေ့မှ ထွက်သွားသည်။ ကျွန်တော်လိုက်မသွားပါ။ အနားမှာရှိသော ပလက်စတစ်ခုံတန်းလေးပေါ် စိတ်ပျက်လက်ပျက် ထိုင်ချပစ်လိုက်သည်။ ဟန်မြတ်သူလည်း ကျွန်တော့်ဘေးမှာ ဝင်ထိုင်သည်။

"မင်းကို ထာဝရက အကောင်းပြောတာပါကွာ"

"သူက ငါတို့မိသားစုအတွက် မမ လုပ်ပေးခဲ့တာတွေကို ဘာမှ နားမလည်ဘဲ မသိဘဲ အဲဒီလိုကြီး ပြောပြောနေတာကို ငါ မကြိုက်ဘူး မြတ်သူ"

"မင်း သူ့အကြောင်းလည်း သိရဲသားနဲ့ စိတ်မထင်ရင်မထင်သလို





မဟုတ်မခံလေကွာ၊ ပြောတာကတော့ မင်းကို စိတ်ရင်းအမှန်နဲ့ပြောရှာတာပါ"

"ဟူး"

ကျွန်တော် လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်ရင်း နောက်မှီပေါ် ခေါင်းကိုလှန်တင်ထားလိုက်သည်။ ကြွေလမ်းလေးရဲ့အမိုးထက်မှာ နေက ခြစ်ခြစ်တောက်ပူလောင်နေသည်။ ကျွန်တော့်ရင်တွေလည်း ပူလောင်၏။ မမကို မကောင်းဘူးလို့ ပြောတာမျိုးတွေ ကြားရတိုင်း ကျွန်တော့်ရင်ဘတ်ထဲမှာ မခံနိုင်လောက်အောင် ပူပြင်းလာသည်။ အဲဒီလောက်ထိ ကျွန်တော် မမကို ကျေးဇူးတင်နေမိခဲ့တာ။

"ကဲ လာကွာ၊ အတန်းချိန်ကပ်နေပြီ၊ ငါတို့လည်း ဝင်ရအောင်"

"ငါ အတန်းတက်ချင်စိတ်တောင် မရှိတော့ဘူး မြတ်သူ"

"မင်းကလည်းကွာ ဘာဖြစ်လို့ ဟဲဗီးကြီးတွေ ခံစားနေတာလဲ၊ သူ မသိလို့ ပြောမိတာလေ"

"မဟုတ်ဘူးကွ၊ ငါ အဲဒီလိုတွေ ကြားလိုက်တိုင်း မမအတွက် အားနာစိတ်တွေ ရင်ထဲမှာဖြစ်ဖြစ်လာတယ်၊ မမဆီက အယူပဲရှိပြီး ငါ ဘာတစ်ခုမှ ပြန်မပေးနိုင်သေးဘူးလေ၊ အဲဒါကြောင့်လည်း မမကို မကောင်းပြောလာတဲ့စကားမျိုးတွေကို ငါ တားဆီးတာလောက်တော့ လုပ်သင့်တာပေါ့ကွာ"

"တကယ်တော့ မင်းဘက်က ဒီလောက်ထိ ဖြစ်နေပေမယ့် မမက မင်းဆီက ဘာမှပြန်မျှော်လင့်ထားပုံ မရပါဘူးကွ၊ ဟန်ဆောင်သားတော့ ဆိုပေမယ့် မင်းအပေါ်မှာ တကယ့်ကို ဂရုတစိုက်ရှိတယ်၊ အရိပ်တကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလာခဲ့တာ၊ တကယ့်ကို ကလေးတစ်ယောက်ကို ဆက်ဆံ သလိုပဲ၊ လိုချင်တာအားလုံး မင်းတောင် အထူးပူဆာနေစရာ မလိုဘူး အားလုံး အလိုက်တသိ အဆင်သင့်၊ ကားဆိုလည်း ကား၊ ငွေကြေးဆိုလည်း ငွေကြေး၊ အရာအားလုံး မင်းအတွက် ပြန်ကြည့်စရာ မလိုခဲ့တာ မဟုတ်လား"

"အဲဒီလိုတွေ သိပ်ကောင်းလွန်းနေလို့ ငါ့ဘက်က ပိုအားနာနေမိ တာပေါ့၊ ငါကျ ဘာမှပြန်မပေးနိုင်သေးဘူးလေ"

"မင်းက ဘာကိုအားနာတာလဲ လူသစ်"

ဟန်မြတ်သူက နှစ်ယောက်တည်းရှိနေချိန်တွေဆို ကျွန်တော့်ကို လူသစ်လို့ ခေါ်တတ်သည်။ သူ့အတွက် နေရောင်ထွန်းလင်းဆိုတာက လူသစ်လောက် နှုတ်မကျိုးဘူးလို့လည်း ခဏခဏပြောပြတတ်သေး၏။

"ရော် မင်းကလည်း ဂျာအေး သူ့အမေရိုက်နေသလိုပဲနော် ဘာဖြစ်လို့ အားနာတာလဲဆိုတော့ မင်းခုနကပြောပြခဲ့သလို မမရဲ့အလိုက်သိမှု ဖြည့်ဆည်းပေးမှုတွေကြောင့်ပေါ့ကွ"

"အဲဒါ မင်းဘာအားနာစရာရှိလဲ၊ သူ့မောင်လေးလို့ သဘောထား လို့ မင်းကိုအရာရာ လိုက်လုပ်ပေးနေတာလေ၊ မင်းကလည်း သူ့ကို ကိုယ့် အစ်မအရင်းလို သဘောထားလိုက်ရင် ဒီကိစ္စကို ဖြေရှင်းဖို့က လွယ်လွယ် လေးရယ်"

"ဘာရယ် ဘယ်လို"

ကျွန်တော် နားမျှားပင် ရှုပ်ထွေးသွားသည်။ ဒါပေမဲ့ သေချာစဉ်း စားကြည့်လျှင်တော့ ဟန်မြတ်သူ ပြောတာက ဟုတ်နေပြန်သလိုလို။





"မင်းစိတ်ထဲမှာ ဒေါ်လရောင်ငြိမ်းချမ်းကို ဘယ်တုန်းကမှ မင်း အစ်မအဖြစ် မမြင်နိုင်ခဲ့ဘူးမဟုတ်လား"

"မြတ်သူ"

ကျွန်တော့်အဘေးမှာ ထိုင်နေသော ဟန်မြတ်သူကို ကျွန်တော် ကြောင်တောင်တောင် ငေးကြည့်နေမိသည်။ ဒီကောင် ဘာကိုပြောချင်နေ တာလဲ။

"မင်းအစ်မအဖြစ် မမြင်ခဲ့ပေမယ့် သူ့ကိုကာကွယ်ပေးချင်တယ်၊ သူ့နားမှာနေရတာ လုံခြုံအေးချမ်းတယ်လို့ မင်းခံစားရတယ် မဟုတ်လား"

"ဟာ မင်းရူးနေလားကွ၊ အစ်မအရင်းတစ်ယောက်လို သဘော မထားနိုင်ရင်တောင် သူက ငါ့ဘဝရဲ့အကြီးမားဆုံးကျေးဇူးရှင်ကြီးလေ၊ မင်းတို့ မေ့နေပြီလား"

"မမေ့ပါဘူး၊ ဒါပေမဲ့ မင်းဖြစ်နေတာတွေကို ငါကတော့ နည်းနည်း ချင်း နားလည်လာသလိုပဲ၊ ငါတို့တွေလည်း ရင်ဘတ်ထဲမှာ ဘာတွေဖြစ်နေ တယ်ဆိုတာလောက်တော့ ကိုယ့်ကိုကိုယ် သိနိုင်လောက်တဲ့အရွယ်ကို ရောက်နေပြီလို့ ထင်တာပါပဲ"

ဟန်မြတ်သူ စွပ်စွဲချင်နေတဲ့ အနေအထားကို ကျွန်တော် ကောင်း ကောင်းနားလည်လိုက်ပါပြီ။

"မင်းကွာ မင်း ဘယ်လိုမျှားပြောလိုက်တာလဲ မြတ်သူ"

"ငါက ငါမြင်တဲ့အတိုင်းပြောတာ လူသစ်၊ မင်းအကြောင်းကို ဘိုးငယ်ငယ်လေးတည်းက ငါက အနီးကပ်သိလာတဲ့ကောင်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလိုကြီးပြောတာကတော့ တဏှာယ်လွန်တယ်ကွာ"

"မင်းစိတ်ဆိုးလည်း မတတ်နိုင်ဘူး၊ ဟော့ကောင်၊ ငါပြောပြီးသား။ ငါက ငါမြင်တာ ငါပြောတာ၊ ငါခံစားမိသလို ဘာသာပြန်လိုက်တာ၊ စိတ်ဆိုးချင်လည်းဆိုး"

သူကလည်း မဟုတ်တာတွေ စလာပြောသေးသည်။ သူကပဲ တစ်ဖန် စိန်ခေါ်နေသလို လုပ်နေသော ဟန်မြွတ်သူကို ကျွန်တော် ပက်ပက်စက်စက် တစ်ခုခုပြောလိုက်ချင်ပေမယ့် ပါးစပ်များက ဘာစကားလုံးမှ ထွက်မလာ။

"မင်း ဘာမှပြန်မတုံ့ပြန်တော့ဘူးလား လူသစ်"

"အေးပေါ့ ဒီတစ်ခါတော့ မင်းကိုငါ အနိုင်ပေးလိုက်ပါ့မယ်"

ကျွန်တော် လျော့တိလျော့ရဲပြောလျက် မျက်နှာကို တစ်ဖက်လှည့်လိုက်သည်။ ဟန်မြွတ်သူထံမှ တဟားဟားအော်ရယ်သံကြီးက ခပ်ကျယ်ကျယ်ထွက်လာ၏။ ဖြတ်သွားဖြတ်လာ ကျောင်းသားကျောင်းသူများပင် အထူးအဆန်းလို လှမ်းကြည့်သွားကြသေးသည်။

"ဟော့ကောင် မင်းဘာယ်လိုဖြစ်နေတာလဲ"

"ဝါ့ဟားငါ ရယ်တာ ဘာဖြစ်လို့တုန်း။ မင်းကိုလှောင်နေတာ မဟုတ်ပါဘူးကွ ဟား ဟား ဟား"

ဒီကောင် ဖြေရှင်းချက်ပေးမှပင် ကျွန်တော် ထောင်လုံးလုံးကျိုးကိန်းရှိနေတာမို့ တက်တစ်ချက်ခေါက်လျက် အနားကနေ ထထွက်လာခဲ့လိုက်သည်။





လွန်လွန်းတယ်။ ကျွန်တော့်ကိုများ ကိုယ့်ကျေးဇူးရှင်ကို ပြန်ကြိုက်နေတဲ့ ခပ်အအအကောင်တစ်ကောင်လို့ ဒီကောင် စွပ်စွဲချင်နေခဲ့တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဟန်မြတ်သူကို စိတ်ဆိုးလွန်းသောကြောင့် ဒီကျောင်းပိတ်ရက်ကို ကျွန်တော်တို့ စာအတူစုကျက်နေကျဖြစ်ပေမယ့် တကူးတက ဖုန်းဆက်ပြီး မချိန်းဖြစ်ခဲ့။ ထာဝရကလည်း စိတ်ဆိုးနေတာဆိုတော့ ဒီပိတ်ရက်ဟာ ကျွန်တော့်အတွက် တစ်ကိုယ်တည်း စာအုပ်တွေနှင့်နစ်ပါးသွားရမည့် ရာခိုင်နှုန်းပြည့်အနေအထား။

"မောင်လေး၊ သူငယ်ချင်းတွေ မလာဘူးလား"

စားပွဲပေါ်မှာ စာအုပ်တွေ ဖြန့်ကျဲလျက် ကျွန်တော်တစ်ယောက်တည်း ခေါင်းကုတ်နေတာကိုကြည့်ပြီး မမက စူးစမ်းသလို မေးသည်။ အမြဲတမ်း ရောက်လာနေကျ လူတွေဆိုတော့ မမအတွက် ထူးဆန်းနေမှာပေါ့။

"မလာဖြစ်ဘူး မမ"





"ဟွန် မြတ်သူရော ဟိုကလေးမလေးရောလား"

မမက ထာဝရကို ဘယ်တော့မှ နာမည်တပ်မခေါ်၊ ပြောလိုက်ရင် အမြဲတမ်း ဟိုကလေးမလေးဆိုတာချည်းပဲ။

"ဟုတ်တယ် နှစ်ယောက်လုံးမလာဘူး"

"ဘယ်လိုဖြစ်ကြတာတုန်း"

"မသိဘူး"

ကျွန်တော့်ရဲ့တုံးတိတိအဖြေကို မမ ကြားလိုက်ပြီးနောက်မှာ ကျွန်တော့်မျက်နှာချင်းဆိုင်ခုံလေး၌ ဝင်ထိုင်လိုက်သည်။ မမ မျက်နှာပေါ်မှာ ခင်းအကြောင်းကို ငါသိပါတယ် လူသစ်ရယ်လို့ ရေးထားသလို ကျွန်တော် ခံစားလိုက်ရသည်။

"သူငယ်ချင်းတွေနဲ့ စိတ်ဆိုးနေရင်လည်း ကိုယ်က စပြေလည် အောင် ညှိနှိုင်းလေ မောင်လေးရဲ့၊ ဟိုကလေးမလေးကိုတော့ မမ သိပ် သိပေမယ့် မြတ်သူကတော့ မောင်လေးအတွက် တကယ့်ကို သူငယ်ချင်း ကောင်းတစ်ယောက်ပါ၊ ဝယ်ငယ်တည်းက တစ်ယောက်အကြောင်းတစ် ယောက် အတွင်းသိအစင်းသိတွေမဟုတ်လား"

မမရဲ့အဲဒီစကားက ကျွန်တော့်အချက်ကို ပိုလို့ဆောင့်ထိုးလိုက်သလို ပါပဲ။ အဲဒီအတွင်းသိ အစင်းသိကောင်ကြီးက မမကို ကျွန်တော်က ကြိုက် နေသယောင် စွပ်စွဲပြောခဲ့တာဗျလို့ ကျွန်တော် ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ ဘယ်တော့မှ ပြောဖြစ်မှာလည်း မဟုတ်တာ ရှသချာပါသည်။

"စိတ်ဆိုးချင်လည်း ဆိုးကြပါစေ၊ ဂရုမစိုက်ပါဘူး၊ သူတို့မရှိလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ မမရှိနေတော့ ကျွန်တော် စာကျက်နေတုန်း အနားမှာစောင့်ပေးဖို့ မကောင်းဘူးလား"

အဲဒီလိုမျိုးလေးတွေတော့ မမဆီကနေ ကျွန်တော် တောင်းဆိုတတ်ပါသည်။ ငွေကြေးပေးစရာ မလိုသည့် မမထံမှ ဂရုစိုက်ခြင်းမျိုး။

ကျွန်တော့်စကားကြောင့် မမက မျက်စောင်းလေးခဲလျက် ကြည့်သည်။ စိတ်ဆိုးလို့မဟုတ်တာ သေချာပါ၏။ ဒီကောင်လေးတော့နော် ဆိုတဲ့ ချစ်စနိုးအကြည့်မျိုး။ မမက အသက်လေးဆယ်ပြည့်ဖို့ လေးနှစ်လောက်သာ လိုတော့တယ်ဆိုပေမယ့် ဘာကယ့်ကိုပဲ ကလေးလေးတစ်ယောက်လို နုပျို လန်းဆန်းဆဲဖြစ်သည်။

ရုံးသွားရင်သာ စမတ်ကျကျ လူကြီးလူကောင်းဆန်ဆန် ဝတ်ဆင်တတ်သော မမသည် အိမ်မှာနေရင်တော့ ပေါ့ပေါ့ပါးပါး ဝတ်စုံလေးများကိုသာ ဆင်မြန်းတတ်သည်။ ဆံပင်များကို ခပ်မြင့်မြင့် စည်းနှောင်ထားပြီး ပွပွ[illegible] အဝတ်အစားများဖြင့် မမသည် အပြင်က မော်ဒယ်မလေးတွေထက်တောင် အဆပေါင်းများစွာ သာပါသည်။

"ကဲ ကိုယ်တော်လေး စာကျက်စရာရှိရင်လည်း ကျက်တော့"

"ဟင် မမကရော"

"တို့နှစ်ယောက်စားဖို့ လက်ဖက်သွားသုပ်လိုက်ဦးမယ်လေ"

အပြုံးလေးနှင့်တုန့်ပြန်လျက် မမ အနားမှ ထထွက်သွားသည်။ အိမ်မှာ အလုပ်သမားတွေရှိပေမယ့် ကျွန်တော်တို့တွေ စာကျက်နေတုန်း စားဖို့သောက်ဖို့ကို ဒီလိုမိတ်ရက်တွေမှာ မမကိုယ်တိုင် စီမံပေးတတ်[illegible]





အစားအသောက်တစ်မျိုးမျိုး ပြုလုပ်ပေးတတ်သည်။

အဲဒီထဲမှာ မမကိုယ်တိုင်သုပ်သော လက်ဖက်ကို ကျွန်တော်က အနှစ်သက်ဆုံးပေါ့။ ခဏအောင့်လောက်နေတော့ လက်ဖက်သုပ်ပန်းကန်လေးရယ် ရေနွေးခွက်လေးနှစ်ခွက်ရယ် တင်ထားသော ဗန်းလေးဖြင့် မမ ပြန်ရောက်လာခဲ့သည်။ အနားမှာထိုင်ရင်း လက်ဖက်သုပ်စားလိုက် သူ့လက်ဝ်တော့ဝ်ကို ကြည့်ကာ အလုပ်ရှုပ်လိုက်ဖြင့် မမ အာရုံဝင်စားနေသည်။

ကျွန်တော်ကတော့ အနားမှာ မမရှိနေလျှင် အားအင်တွေ ပိုပြည့်နေသလို ခံစားရကာ စာတွေလည်း မြန်မြန်လုပ်နိုင်နေသလိုပါပဲ။

"ငါတို့တွေလည်း ရင်ဘတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ လောက်တော့ ကိုယ့်ကိုကိုယ် သိနိုင်လောက်တဲ့ အရွယ်ကိုရောက်နေပြီလို့ ထင်တာပါပဲ"

ဆိုတဲ့ ဟန်မြတ်သူအသံက ရုတ်တရက်ဆိုသလို ခေါင်းထဲမှာ ပေါ်လာသည်။ ကျွန်တော် ထောင်းခနဲ ဒေါသဖြစ်သွား၏။ ဒီကောင်ကွာ ဒီနေ့ထိ စာကောင်းကောင်းကျက်လို့မရအောင် လိုက်နှောင့်ယှက်နေပါလား။

"တောက်"

"ဟဲ့ ဘာဖြစ်တာတုန်း၊ လန့်လိုက်တာ"

ကိုယ့်ကိုကိုယ်တောင် မသိလိုက်ပါဘဲ တက်တစ်ချက်ခေါက်မိလိုက်တော့ မမ တကယ်လန့်သွားပုံရသည်။

"ဟာ ဆောရီး မမ၊ ကျွန်တော် မမကို ခေါက်တာမဟုတ်ဘူး"

"ဟွန်းနော် စာမကျက်ဘဲနဲ့ စိတ်တွေက ဘယ်ကိုရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

ဒီတစ်ခါတော့ မမ ကျွန်တော့်ကို တကယ်ဆူပူတော့မည့်ပုံနှင့် ကြည့်သည်။ ကျွန်တော်လည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမှပြန်မဖြေရှင်းနိုင်။

"စာမေးပွဲတွေက တစ်ခုပြီးတစ်ခု ဆက်နေတာကို မင်းက စာအုပ်ရှေ့ချပြီး တခြားအတွေးရောက်နိုင်သေးတယ်ပေါ့လေ ဟုတ်လား"

"မဟုတ်ပါဘူး မမရယ်"

"ဘာကိုမဟုတ်တာလဲ၊ ဘာလဲ စာထဲမှာ မင်းကို တက်ခေါက်အောင်လုပ်ဖို့ ပြောထားတာမျိုးတွေများ ပါနေလို့လား"

"မဟုတ်ပါဘူး မမ"

"ခုတော့ မဟုတ်ပါဘူးပဲ ပြောနိုင်တော့တယ်ပေါ့လေ"

"မဟုတ်"

ထပ်ပြောမိမလိုဖြစ်သွားသော ပါးစပ်များကို အချိန်မီ ဘရိတ်ထိန်းလိုက်ရ၏။ ဘာမှပြန်မပြောတာ အကောင်းဆုံးပဲမို့ ခေါင်းကိုငုံ့ထားမိသည်။

"ကျူရှင် ဘယ်အချိန်လဲ"

"ညနေမှလေ"

"ဒီစာတွေက ကျူရှင်မှာမေးမှာမဟုတ်လား"

"ဟုတ်"

"အဲဒါကို အတွေးတွေက တခြားရောက်ရလား"

"မမ"

မျက်စောင်းကြီးခဲပြီး ပြောဆိုနေသော မမကို ကျွန်တော် ခပ်ဆိတ်





ဆိတ်လေး ခေါ်လိုက်သည်။

"ဘာလဲ"

ပြန်ဖြေလိုက်သံစာ အတောင့်လိုက်ကြီး။

"ကျွန်တော့်ကို ဘယ်လိုမြင်လဲဟင်"

"ဘာကို ဘယ်လို ဘာဖြစ်တယ်"

ကျွန်တော့်မေးခွန်းက မမအတွက် တကယ့်ကို အထူးအဆန်းကြီးဖြစ်သွားပုံရသည်။ မျက်လုံးလေးများပြူးလျက် မျက်နှာက ကျွန်တော့်မျက်နှာဆီသို့ ဆတ်ခနဲ ရောက်ရှိလာသည်။

"မမ ကျွန်တော့်ကို ဘယ်လိုမြင်လဲလို့ မေးတာလေ"

"နားကိုမလည်နိုင်တော့ဘူး။ မင်းကို ကျွန်မကို ဘယ်လိုမြင်ရမှာလဲ၊ နေရောင်ထွန်းလင်းလို့ မြင်တယ်လေ"

မမဆီက အဖြေစကားရပြီးချိန်မှာ ကျွန်တော် ဘာဖြစ်လို့များ စိတ်အလိုမကျနိုင်ဖြစ်သွားခဲ့တာပါလိမ့်။ ပြီးတော့ မချိပြုံးလိုလို ဘာလိုလိုလေးတောင် မထင်မှတ်ဘဲ ပြုံးဖြစ်သွားသေးသည်။

"အောင်မယ် ဒီက သူ့ကိုဆူနေတာကို သူက ပြုံးတောင်ပြုံးနေလိုက်သေးတယ်၊ ဒီကောင်လေးတော့ ဟုတ်ကိုမဟုတ်တော့ဘူး ဟင်း"

မမက ကျွန်တော့်ကို နေရောင်ထွန်းလင်းလို့ မြင်တာလေ။ လရောင်ငြိမ်းချမ်းရဲ့မောင်လေး နေရောင်ထွန်းလင်း လေ။ ကျွန်တော့်ကို လူသင်အနေနဲ့ မမ မြင်နေတာမှ မဟုတ်တာ။ လူသစ်အနေနဲ့ မြင်နေခဲ့ရင်ရော ခုလိုမျိုး ဂရုတစိုက် ရှိနေနိုင်မှာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



မမက ကျွန်တော့်ကို မောင်လေးတစ်ယောက်အဖြစ် တကယ် မြင်ပေးချစ်ပေးခဲ့တာ။ ကျွန်တော့်ကို ဟန်မြတ်သူ စွပ်စွဲချက်များကတော့ ကျွန်တော်က မမကို အစ်မအရင်းတစ်ယောက်လို ဘယ်တော့မှ မမြင်ခဲ့ဘူး တဲ့လေ။ အဲဒီမှာ မမနဲ့ကျွန်တော်တို့ ခံစားချက်တွေ ကွဲပြားနေမှာ သေချာပါသည်။

"တဲ ပြောပါဦး မင်းကို ဘယ်လိုမြင်တယ်ဆိုတာနဲ့ အခု စာ မကျက်လို့ ဆူတဲ့ကိစ္စ ဘယ်လိုများ ပတ်သက်တယ်ဆိုတာ"

"ဘာမှမဟုတ်ပါဘူး မမရဲ့၊ ကျွန်တော် ဒီတိုင်းသိချင်လို့ မေးတာပါ"

မျက်နှာကို ချက်ချင်းအချိုးပြောင်းလျက် စပ်ဖြဲဖြဲလေး ကျွန်တော် ပြန်ဖြေလိုက်သည်။

"သွား ဘာလေးမှန်းကို မသိဘူး၊ ခုတစ်မျိုး တော်ကြာတစ်မျိုး မင်းလေး ရှုပ်များနေသလားဟင်"

မမရဲ့အဲဒီမျက်စောင်းလေးက သိပ်လှတာပဲ၊ အဲဒီ မျက်စောင်းလေး ထိုးပြီး ကျွန်တော့်ကို တုန့်ပြန်ပြောချိန်တိုင်း သိပ်သဘောကျခဲ့ရတာ။

"မမ လုပ်စရာရှိရင် လုပ်နော်၊ ကျွန်တော့်နားမှာ တစ်ချိန်လုံး စောင့်ပေးဖို့ မလိုပါဘူး"

"အောင်မာ ပြောပြန်ပြီ၊ ဒီက လူတစ်ယောက်လုံး ရှေ့တည့်တည့် မှာ ထိုင်နေတာတောင် စာမကျက်တဲ့ကောင်လေးက ကျွန်မကို ပထုတ်နေ မှတော့ ဟွန်း မှန်မှန်ပြောစမ်း မင်း ဘယ်ကောင်မလေးအကြောင်း စဉ်းစား





နေတာလဲဆိုတာ"

မမက မတ်တပ်ထရပ်လျက် ခါးပေါ် လက်နှစ်ဖက်ထောက်ပြီး မေးသည်။ မမပုံကိုကြည့်ပြီး ကျွန်တော် သဘောကျစွာ ဟီးခနဲ ရယ်မော လိုက်မိသည်။ မမက မျက်မှောင်ကြီးကျုံ့ပြီး ကြည့်ပြန်၏။

"မမရယ် ကျွန်တော်က ကောင်မလေးအကြောင်းတွေ စဉ်းစား နေမှတော့ တက်ခေါက်ပါ့မလားဗျ"

"ဩော် ဒီလိုဆို မင်းက ကောင်မလေးအကြောင်းတွေ စဉ်းစားရင် ဘာတွေများလုပ်နေတတ်သလဲ မသိဘူးနော်"

"ခုဏ ပြုံးပြုံးကြီး ဖြစ်နေမှာပေါ့ဗျ"

ကျွန်တော်က လက်နှစ်ဖက်ကို ဟန်ပါပါပိုက်လျက် မိန့်မိန့်ကြီး ပြုံးပြကာ အရွဲ့တိုက်ဖြေတော့ မမက နှုတ်ခမ်းလေးမဲ့သည်။

"ဟွန်းနော် ကောင်လေး ကျောင်းဖြင့်မပြီးသေးဘူး၊ ရှုတ်ရှုတ်ရှက် ရှက်တွေ သိပ်မလုပ်နဲ့ သိလား"

"မလုပ်ပါဘူး မမရယ်၊ ကျွန်တော့်ဘေးမှာ အမနဲ့တူတာဆိုလို့ မမ တစ်ယောက်ပဲရှိတာ၊ အဲဒါ အမှန်ဆုံးစကား"

"ပိုပြန်ပြီ မင်းသူငယ်ချင်း ဟိုကလေးမလေးက ဘယ်ရောက်သွား သလဲ"

"ဟာ မမရာ၊ ဒီနေ့ သူနဲ့မြတ်သူအကြောင်း မပြောပါနဲ့ဗျာ၊ ကျွန်တော် သူတို့ကို တကယ်ပေါက်ကွဲနေတာ"

"ဟုတ်ပါပြီ ဒါဆိုရင်လည်း မပြောတော့ဘူးနော်၊ မပေါက်ကွဲနဲ့



www.burmeseclassic.com

တော့၊ စာကျက်စရာရှိတာကျက်''

မမက နေရာမှာ ပြန်ထိုင်လိုက်ပြီး သူ့ကွန်ပျူတာလေးနှင့် ပြန် အလုပ်ရှုပ်သွားပြန်သည်။ ကျွန်တော်ကတော့ ချက်ချင်းပြန်ပြီး စာမကျက် နိုင်သေးဘဲ မမကို ထိုင်ငေးနေမိ၏။ အိမ်မှာနေရင်း ကွန်ပျူတာကြည့်ရင် တပ်သည့် မျက်မှန်ကိုင်းအနက်ကြီး တပ်ထားတာတောင် မမ မျက်နှာလေး က ရှိရင်းစွဲအသက်ထက် အဆပေါင်းများစွာ ငယ်နေသေးသလို ထင်ရသည်။

ရုံးသွားတိုင်း ပြင်ဆင်နေကျ နီနီရဲရဲ နှုတ်ခမ်းဆိုးဆေးများ ကင်းနေသော နဂိုပန်းရောင် နှုတ်ခမ်းလေးက ပုံမှန်ထက် အနည်းငယ်ပိုပြီး ပွင့် ပြီးပါးလျား၏။ မျက်လုံးမျက်ဖန်ကောင်းကောင်း နှာတံစင်းစင်းနဲ့ မမဟာ ကျွန်တော် မြင်ဖူးထားသော နေရောင်ထွန်းလင်းမျက်နှာနှင့် တော်တော်လေး ဆင်တူပါသည်။

ပြီးတော့ ဒီလောက်လှပသည့် မမက ခုချိန်ထိ တစ်ကိုယ်တည်း အပျိုကြီးဖြစ်နေရသည့် အကြောင်းရင်းက ဘာများလဲလို့ ကျွန်တော် သိချင် လာပြန်သည်။ ဟုတ်တယ်၊ တကယ်ဆို မမရဲ့နှလုံးသားရေးရာကိစ္စဆိုတာ မျိုးတွေကို ကျွန်တော် နည်းနည်းမှ မကြားဖူးမိ။

မမကိုယ်တိုင်က အချစ်မရှိတာများလား။ ဟင့်အင်း မဖြစ်နိုင်ပါဘူး မောင်လေးတစ်ယောက်အပေါ်မှာတောင် ဒီလောက်ထိ ဂရုစိုက်ကြင်နာတတ် သော မမနှလုံးသားထဲမှာ အချစ်ဆိုတာလည်း ရှိမှာပေါ့။

''မမ''

''ဘာတုန်း''





မျက်လုံးလေး တစ်ချက်လှန်ကြည့်ရုံသာ မမ ကျွန်တော့်ကို ပြန် ထုံပြန်သည်။ ကျွန်တော် ဘာဖြစ်လို့ မမကို ခေါ်လိုက်မိတာလည်းမှန်းတောင် ကိုယ့်ဘာသာမသိ။ သတိထားမိချိန်မှာ မမက ဘာတုန်းလို့တောင် ပြန်ဖြေ ပြီးနေပြီ။ ဒီတော့လည်း

''ကျူရှင်ဆင်းရင် မမကိုယ်တိုင် ကျွန်တော့်ကိုလာကြိုနော်''

''ဘာဖြစ်လို့လဲ မောင်လေး''

ပုံမှန်အတိုင်းဆို ကျွန်တော့်ဘာသာ ကားမောင်းသွားနေကျ ဖြစ် တာမို့ မမက ထူးထူးဆန်းဆန်း တောင်းဆိုလာသော ကျွန်တော့်အား အေးခွန်းပြန်ထုတ်ခြင်း ဖြစ်၏။

''မမနဲ့အတူ အပြန်ကျရင် ညစာအပြင်မှာ စားချင်လို့''

''ကောင်းပါပြီရှင်၊ မောင်လေးက ခုလို ထူးထူးဆန်းဆန်း တောင်း ဆိုလာတာဆိုတော့လည်း မမလိုက်လျောရမှာပေါ့''

အဲ့ဒီနေ့ညက ဘာမဟုတ်တဲ့ တောင်းဆိုမသွားသော ကျွန်တော့် အားကို မမက အရေးတယူလုပ်ကာ လိုက်လံဖြည့်ဆည်းပေးပြန်တော့ ကျွန်တော့်ရင်ထဲမှာ တိတ်တခိုးလေး အားနာရပြန်ပါသည်။

■ ■ ■

''ဟေ့ကောင်၊ လူသစ် မင်းစိတ်ဆိုးလို့ မပြီးတော့ဘူးလားကွ''

အတန်းထဲမှာ တစ်ယောက်တည်း စာထိုင်ဖတ်နေသော ကျွန်တော့် ဆီမှာ ဟန်မြတ်သူ ဝင်ထိုင်ရင်း ခပ်တည်တည်မေးသည်။ ကျွန်တော်က သူ့ကိုလှည့်လည်းမကြည့်၊ ဘာမှလည်း ပြန်မပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ စိတ်ကောက်နေလိုက်တာများ ထာဝရကျနေတာပဲ"

"ဟုတ်ကောင်"

ဒီတစ်ခါတော့ ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်လျက် အော်ပစ်လိုက်သည်။ ထာဝရကျနေတာပဲဆိုတော့ ကျွန်တော်က မိန်းမကြီးဖြစ်သွားရောပေါ့။

"ဘာတုန်း ပြောလေကွာ သားကြီး"

စပ်ဖြီးဖြီးနှင့် တရင်းတနှီး ပြန်ပြောသော မြတ်သူကို ကျွန်တော် မျက်စောင်းထိုးပစ်လိုက်သည်။

"ဟော တွေ့လား၊ ခုတော့ မျက်စောင်းပါ ထိုးတတ်သွားပြီ"

"ဟုတ်ကောင် မြတ်သူ၊ မင်းကွာ"

"ပြောပါကွ၊ မင်းကလည်း နေရာတကာ မြှုသိပ်နေတော့တာပဲ ငါ့ကိုလည်း ပြောစရာရှိတာ ပြောလို့ရတယ်၊ မင်းရင်ထဲမှာ ဖြစ်နေတာတွေ ကိုလည်း မင်းပွင့်လင်းစွာ ပြောပြလို့ရတယ် ဟဲ ဟဲ"

တွေ့လား ဒီကောင်က အဲဒီအတိုင်းပဲ။ ငယ်သူငယ်ချင်းတွေဆိုတော့ ကြာကြာစိတ်ဆိုးလို့ မရလို့သာ ပြန်လာခေါ်ရတဲ့ပုံစံ။

သူ့ထင်မြင်ချက်ကိုတော့ အလျှော့တစ်စက်မှ ပေးမည့်ပုံမရှိ။

"မင်းတော့ နာချင်နေပြီလား မြတ်သူ"

"မနာချင်ပါဘူးကွာ၊ ငါက မင်းကို ရင်နာရမှာစိုးလို့ ပြောပြတော့ ပြနေရတာပါ"

"တော်ပြီ ဟုတ်ကောင်၊ မင်းဒါတွေပဲ ပြောနေမယ်ဆိုရင် ငါသွား





ခေါ်နှုတ်တော့"

"ဟောဗျာ တကယ်ကြီး စိတ်တွေဆိုးနေတာပဲ"

"ဆိုးတယ်ကွ၊ မင်းက ငါနဲ့မမကို စော်ကားတာကိုး"

"ငါပြောတဲ့စကားထဲမှာ ဘာတစ်ခုမှ စော်ကားတာ ပါသွားလို့လဲ သူသစ်ရယ်၊ ငါက မင်းရင်ထဲကို လှမ်းမြင်နေရလို့ အကောင်းနဲ့ပြောနေတာကွ။ မင်းကိုယ်မင်း ပြန်သိတဲ့အခါကျတော့မှ ရင်ဟက်တက်ကွဲမှာစိုးလို့ ပြောနေတာ"

"နေပါကွာ မဟုတ်တာတွေ နောက်ဆို ငါနဲ့မမကို အဲဒီလို အနေအထားမျိုးနဲ့ ဘယ်တော့မှမပြောပါနဲ့ကွာ"

တကယ်တော့ ကျွန်တော့်လည်း ဒီကောင့်ကို အကြာကြီးမခေါ်မပြောဘဲ မနေနိုင်ပါ။ ငယ်ငယ်တည်းက တစ်ယောက်ကိုတစ်ယောက် ရင်းနှီးလာသည့် သံယောဇဉ်ဆိုတာ နည်းနည်းနောနောမှ မဟုတ်ဘဲလေ။

"ထာဝရကို ပြန်သွားချော့လိုက်ပါလားကွာ၊ ငါ့ကိုတောင် ခုနက ပြောနေသေးတယ်"

"ဘာပြောတာလဲ"

"မင်းက သူ့ကို တကယ်မခင်ပါဘူး၊ သံယောဇဉ်မရှိပါဘူးတဲ့လေ"

သက်ပြင်းချမိပြန်သည်။ တကယ်တော့ ထာဝရကို ကျွန်တော် ခင်မင်ပါသည်။ ပထမနှစ်စတက်တည်းက တွဲဖြစ်လာသည့် သူငယ်ချင်းမို့ သံယောဇဉ်လည်းရှိပါသည်။

"အေးပါ ငါ စကားသွားပြောလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကောကွာ၊ သူ ကန့်တင်းမှာ ထိုင်နေတယ်ကွ"

"မင်းက သူတစ်ယောက်တည်း ထားခဲ့တာလား"

"မထားခဲ့လို့ ရမလားကွ၊ ငါ့မှာ မင်းကိုလည်း လာချော့ရမယ့် တာဝန်ကြီးနဲ့လေ"

"သေလိုက်ပါလား၊ ငါ့ကိုချော့ရအောင် မိန်းမကြီးမှမဟုတ်တာ"

"သိဘူး ငါကတော့ ခုလို ချော့လိုက်တော့မှပဲ ပြန်စကားပြောတဲ့ မင်းကို ထာဝရနဲ့သိပ်မကွာဘူးလို့ပဲ ခံစားရတယ်"

"တော်ပါကွာ ငါ မင်းနဲ့စကားထပ်မများချင်တော့ဘူး၊ လာ ထာဝရဆီသွားမယ်"

"ငါ မလိုက်ချင်တော့ဘူးကွာ၊ အတန်းမစခင် ဆယ်မိနစ်လောက် လိုသေးတော့ ငါခဏကျိုးလိုက်ဦးမယ်"

"ငပျင်း"

"အဲဒါက နာမည်သာဆိုးတာပါကွာ၊ နေရတာတော့ သိပ်သက်သောင့်သက်သာရှိတယ်ကွ ဟဲ ဟဲ"

ကျွန်တော်တစ်ယောက်တည်းသာ ထိုင်နေကျ ဆိုင်လေးဘက် လျှောက်လာခဲ့ရသည်။ အတန်းချိန်တွေ ပြန်စတော့မှာမို့ ကန့်တင်းမှာတော့ လူရှင်းစပြုနေပြီ။ ထာဝရက ကျွန်တော် လာနေတာမြင်တော့ ခေါင်းလေးကို ခပ်သွက်သွက်လေး ငုံ့ချပစ်လိုက်သည်။ တမင်မမြင်ချင်ယောင်ဆောင်သည့် အကွက်ပေါ့လေ။

"နင်တစ်ယောက်တည်း ဘာလုပ်နေတာလဲ"





ရှေ့တည့်တည့်မှာ ဝင်ထိုင်ပြီး ကျွန်တော် ခပ်ဘောက်ဆတ်ဆတ် မေးမိသည်။ သူမ ဘာမှပြန်မဖြေ၊ ကျွန်တော့်ကိုမော့ကြည့်၏။

"စားနေသောက်နေတာ နင်မတွေ့ဘူးလား"

သူမ ထိုင်နေသော စားပွဲပေါ်မှ ပြောင်သလင်းခါနေသော ပန်းကန်များကိုမေးငေါ့ပြရင်း သူမ ဖြေသည်။

"စားသောက်တာက ပြီးနေပြီပဲ၊ အတန်းလည်း စတော့မှာကို ဘာဆက်ထိုင်လုပ်နေတာလဲလို့ မေးတာ"

"စိတ်ညစ်လို့ အတန်းမတက်ချင်လို့ ရှင်းပြီလား"

သူမအသံကတော့ ကျွန်တော့်ကို ဒေါသဖြစ်နေသလို မာတောင့်တောင့်သာ ဖြစ်သည်။ ကိုယ့်သူငယ်ချင်းလေးတွေ ရှိတာမှ သုံးယောက်တည်းကို စိတ်မကောက်စေချင်သော ဆန္ဒနှင့် ကျွန်တော်သာ စိတ်ရှည်ရှည်ထားရန် ဆုံးဖြတ်လိုက်သည်။

"နင်က ဘာကိုစိတ်ညစ်ပြီး ဘာလို့အတန်းမတက်ချင်ရတာတုန်း"

"ငါ့ကိုမမြင်ချင်မတွေ့ချင်တဲ့သူတွေအတွက် အတန်းမတက်တာလေ၊ တော်ကြာ ငါ့မြင်လိုက်လို့ သူတို့စိတ်တိုဒေါသဖြစ်ရမှာစိုးလို့လေ"

စကားဆုံးတော့ မျက်စောင်းကြီးထိုးပြီး တစ်ဖက်သို့လှည့်သွားသည်။ ကျွန်တော့်ကို စိတ်ကောက်မပြေသေးကြောင်း ပေါ်တင်ကြေညာလိုက်တာပေါ့နော်၊ ရှေ့တည့်တည့်လည်း ရောက်နေပြီမို့ စိတ်ကို ဒုံးဒုံးချထားပြီး ချော့ရန် ကျွန်တော် ဟန်ပြင်လိုက်သည်။

"နင်က ငါ့ကိုစိတ်ကောက်မပြေသေးဘူးကိုး၊ ပင်ပန်းပါတယ်ဟာ၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းချင်း ဒီလောက်စိတ်ကောက်ရရင် တော်ရောပေါ့ မဟုတ်ဘူးလား"

တကယ်ဆို ကျွန်တော်မချော့တတ်။

"နင်က ငါ့စေတနာကို စော်ကားတာကိုး"

"နင်အထင်လွဲနေတာကို ငါက ပြန်တည့်သွားစေချင်တာလေး တစ်ခုပါပဲဟ"

"တော်ပါ ခုမှ လေပြည်အေးနဲ့ ဟိုနေ့တုန်းကတော့ ငါ့ကို ခုပဲ ထရိုက်တော့မလိုလို ဘာလိုလိုနဲ့"

"ရိုက်တော့ မရိုက်ပါဘူးဟာ၊ နင်ကလည်း"

"ခြေဒါ် အေး ကျေးဇူးတောင် ပြန်တင်ရဦးမယ်နော်"

သူမ မဲ့ကာရွဲ့ကာ ဖြေသည်။ ဒီအနေအထားလောက်ဆိုရင်တော့ ကျွန်တော့်ကို သူမ စိတ်ကောက်ပြေစပြုနေပါပြီ။

"မမကတောင် နင်တို့ပိတ်ရက် စာလာမကျက်လို့ မေးနေသေးတာဟ"

ကျွန်တော် မျက်နှာချိုလေးသွေးရင်း ပြောလိုက်တော့ သူမက မျက်စောင်းသာ ပြန်ထိုးသည်။ ဘာတစ်ခွန်းမှ ဘုနဲ့ဘောက် ပြန်မပြောတော့ တာကပင် စိတ်ကောက်ပြေသွားပြီဖြစ်ကြောင်း အသိအမှတ်ပြုရတော့မှာပေါ့ နော်။

"ကဲ လာပါဟာ၊ အတန်းတောင် စနေလောက်ပြီ"

ကျွန်တော်က နာရီကို တစ်ချက်ငုံ့ကြည့်ပြီးပြောတော့ သူမ မတ် တပ်ထရပ်သည်။ လွယ်အိတ်လေးကို ပခုံးထက်မတ့်တင်လိုက်၏။





"နင်စားထားတာတွေ ငါရှင်းလိုက်မယ်လေ"

"လာဖားမနေနဲ့၊ ငါ့ဟာငါ ရှင်းပြီးသား"

သူမက ကျွန်တော့်ရှေ့ကနေ ခြေကလေးဆောင့်လျက် ထွက်သွားသည်။ ကျွန်တော် ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး လေပူကြီးမှုတ် ထုတ်မိပြန်၏။ ကိစ္စတစ်ခုတော့ ဖြေရှင်းပြီးခဲ့ပြီပေါ့။

■ ■ ■

"ဒီနေ့ ဟိုကလေးမရဲ့အစ်ကို နိုင်ငံခြားမှာ ဘွဲ့ယူပြီးပြန်လာတာ ဂုဏ်ပြုပွဲရှိတယ်ဆို မောင်လေး"

"ဟုတ်တယ် မမ၊ ညနေကျမှပါ"

"မောင်လေးအတွက် အဝတ်အစား ရွေးထုတ်ပေးလို့ရအောင် မေးထားတာပါကွဲ့"

"ဟုတ် မမ၊ ဒါနဲ့ ဟိုလေ"

ကိုဆန်းနဲ့သွားတွေ့ခွင့်ပြုဖို့ ကျွန်တော် စကားစရှာမရဖြစ်နေသည်။ မမက မကြိုက်ဘူးလို့တော့ ပေါ်တင်မပြောပေမယ့် ကျွန်တော် ကိုဆန်းနဲ့ သွားတွေ့တိုင်းမှာ ဖုန်းတဂွမ်ဂွမ်ဆက်တတ်သည့် အကျင့်လေးတစ်ခုတော့ ရှိ၏။ ကိုဆန်းက အသိမိတ်ဆွေပေါတော့ သူနဲ့တစ်ယောက်ယောက်ပါလာပြီး ကျွန်တော့်အကြောင်းတွေ ပေါက်ကြားသွားမှာမျိုးကို မမက ကြိုဖန်စိုးရိမ်တာပဲ ဖြစ်သည်။

"ပြောလေ ဘာလို့ ခေါင်းကြီးပဲကုတ်နေတာတုန်း"

"ကျွန်တော် ဒီနေ့ မြတ်သူရယ် ကိုဆန်းရယ်နဲ့ တွေ့ဖို့ချိန်းထား



www.burmeseclassic.com

www.burmeseclassic.com



တယ် မမ''

''ဟင် ဟုတ်လား''

မမ ဘာမှမဖြစ်သလိုလေး ပြောနေပေမယ့် ခုနက အပြုံးလေးတွေ ပျောက်ကွယ်သွားတာတော့ ကျွန်တော် သတိထားမိပါသည်။

''သွားလေ မောင်လေးရဲ့၊ တခြား ဝေးဝေးလံလံတော့ မသွားနဲ့ပေါ့''

ဒါက အရင်ရပ်ကွက်နားကို မသွားနဲ့လို့ ဆိုလိုတာ၊ ကျွန်တော်က မမ ပါးစပ်ဟာလိုက်တာနဲ့ ဘာကိုပြောချင်မှန်း ခုတော့လည်း ကောင်းကောင်း သိနေပါပြီ။

''မမ''

''ပြောလေ မောင်လေး''

''ကျွန်တော့်ရဲ့ဟန်ဆောင်ဘဝကို ဘယ်အချိန်ထိ ဆက်ဖုံးကွယ်ထားရဦးမှာလဲဟင်''

ဒီတစ်ခါတော့ သိသိသာသာကို မမ မျက်နှာပျက်သွားပါသည်။ ကျွန်တော် ဒီလိုမေးလိုက်လိမ့်မယ်လို့လည်း မျှော်လင့်ထားပုံမရ။

''ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ မမကို ဒီမေးခွန်းမေးတာလဲ မောင်လေး''

မမ အသံတွေတုန်နေတာလား။ ဒါမှမဟုတ် ကျွန်တော့်စိတ်အထင်သက်သက်လား။

''မမကို အားနာလို့ပါ''





''မမကို အားနာလို့ ဟုတ်လား''

မမက ကျွန်တော် ပြောလိုက်သောစကားကို ဖဝေဖဝါသံလေးနှင့် ပြန်ရေရွတ်သည်။

''ဘာလဲ မင်းက မမရဲ့အိမ်မှာနေရတာ အဆင်မပြေတော့လို့လား''

''ဟာ မဟုတ်ဘူး မမ၊ အဲဒီလို လုံးဝမဟုတ်ဘူး။ ကျွန်တော် ဆိုလိုတာ အဲဒီသဘောမဟုတ်ဘူးနော်''

ခုတော့လည်း ကျွန်တော်ပဲ အကြောက်အကန် ပြန်ငြင်းဆန်ရပြန်သည်။

''အဆင်မပြေတာမဟုတ်ရင် မပျော်တာလား''

''ဟာ မဟုတ်ပါဘူး၊ ကျွန်တော် ပျော်ပါတယ်''

မမနားမှာ ရှိနေခွင့်ရတဲ့နေ့ရက်တွေတိုင်း ကျွန်တော် စိတ်ကျေနပ်ပျော်ရွှင်ခဲ့တာကို မမ မသိလို့များလား။ ကျွန်တော့်အပေါ် နေရာတကာ ဂရုစိုက်ပေးတတ်သော မမနားမှာ ရှိနေရတာ ကျွန်တော် ပျော်ပါတယ်။

''အဆင်မပြေတာလည်း မဟုတ်ဘူး၊ မပျော်တာလည်းမဟုတ်ဘူးဆိုရင် အဲဒီမေးခွန်းကို မင်းထပ်မမေးပါနဲ့တော့၊ ဟုတ်ပြီလား နေရောင်''

ကျွန်တော် ခေါင်းလေးတစ်ချက် ဖြည်းဖြည်းညိတ်ပြလိုက်သည်။ မမ အနားကနေ ထွက်ခွာသွားၿပီ။ ကျွန်တော်ကိုက မှားတာပါ။ မမကို ထိခိုက်စေသော မေးခွန်းသွားမေးလိုက်မိသည်။ မမ ဘယ်တော့မှ မကြိုက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းမှန်း သိနေရဲ့သားနဲ့။

ထိုနေ့က အဖြစ်အပျက်ကို ကိုဆန်းတို့နှင့်ဆုံတော့ ကျွန်တော် ပြန်ပြောပြဖြစ်သည်။ ကိုဆန်းက တစ်လျှောက်လုံး ငြိမ်သက်နားထောင်နေခဲ့ပြီးမှ

"မင်းကိုငါ ပြောစရာရှိတယ် လူသစ်၊ မင်းစိတ်ဆိုးချင်လည်း ဆိုးမှာပေါ့ကွာ"

ကိုဆန်းစကားက အထူးအဆန်း။

"ပြောပါ ကိုဆန်းရဲ့၊ ဒီလူနဲ့ဒီလူကို"

"မင်းရော ဒေါ်လရောင်ငြိမ်းချမ်းရော တစ်ယောက်ကိုတစ်ယောက် ဖြစ်နေတဲ့ သံယောဇဉ်က မောင်နှမသံယောဇဉ်မဟုတ်ဘူး လူသစ်"

"ဗျာ ဘယ်လိုပြောလိုက်တာလဲ ကိုဆန်းရာ"

ဟန်မြတ်သူက ငါမပြောဘူးလားဆိုတဲ့အကြည့်မျိုးနဲ့ ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော်ကတော့ ခုလိုစကားမျိုး ကိုဆန်းပါးစပ်ကပါ ထွက်လာတာကို မယုံနိုင်သေး။

"မင်းကတော့ ဒါကို ဘယ်ယုံချင်ပါ့မလဲ၊ ဒါပေမဲ့ ငါ အသေအချာ ပြောရဲတာကလည်း အဲဒီအချက်ပဲကွ"

ဟန်မြတ်သူကို ပြန်ပေါက်ကွဲပြီး စိတ်ဆိုးလို့ရပေမယ့် ကိုဆန်းကျ တော့ ကျွန်တော့်ထက် အသက်အားဖြင့်လည်းကြီးသည်၊ ကျေးဇူးလည်း ရှိဖူးသူမို့ ကျွန်တော် ငြိမ်သက်နေမိသည်။

"မင်းတို့ကိုယ်မင်းတို့ ဘယ်လောက်ပဲ မောင်နှမလိုစိတ်မျိုးနဲ့ ဏ





ဆိုက်နေတာပါ ပြောပြော တကယ်တမ်းက သူ့စိမ်းတွေမှန်း ရင်ထဲမှာ လက်ခံ ထားကြပြီးသား။ ပြီးတော့ မင်းတို့တစ်ယောက်ကိုတစ်ယောက် အထိနိုက် ခံနိုင်ဖြစ်နေကြတယ်လေ"

"ဒါကတော့"

"ဘာလဲ မင်းကျေးဇူးတွေ သူ့မှာအများကြီးလို့ ပြောဦးမလို့လား"

ကျွန်တော် ခေါင်းငုံ့ထားလိုက်မိသည်။

"ဒီလိုဆို သူကရော ဘာဖြစ်လို့ မင်းအပေါ်မှာ ဒီလောက် အတိုင်း အတိအလွန်ကောင်းနေခဲ့တာလဲ၊ အမွေကိစ္စနဲ့ပတ်သက်ပြီး မင်းကို ဟန် ဆောင်ထားခဲ့တယ်ဆိုရင်လည်း အဲဒီအမွေတွေက ရခဲ့ပြီးတာတောင် အတော် ကြာခဲ့ပြီလေ၊ ခုချိန်ထိ မင်းအပေါ်မှာ လိုအပ်တာထက် အများကြီးပိုပိုသာသာ ဆက်ဆံနေခဲ့တာ"

"ဒါကတော့ သူ့မောင်လေးအဖြစ်နဲ့ ကျွန်တော့်ကို တကယ်ခံယူ ထားလို့ ဖြစ်မှာပါ ကိုဆန်းရယ်"

"အဲဒါကိုက ငါလက်မခံတာပဲ၊ သူ့မောင်လေးအစစ်မဟုတ်ဘဲနဲ့ သူ့မောင်လေးအဖြစ် မျက်လုံးစုံမှိတ် လုံးဝလက်ခံထားတယ်ဆိုတာမျိုးကို ငါက လက်ကိုမခံတာကွာ"

"အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ မမရဲ့စေတနာတွေကို စော်ကားနေ သလိုပဲလို့ ခံစားရတယ်"

"ဒီမှာ လူသစ်၊ ဒေါ်လရောင်ငြိမ်းချမ်းရဲ့စေတနာကို ငါ မစော်ကား ဘူး၊ သူ့လုပ်ရပ်တွေကြောင့် မင်းဘဝကောင်းစားခဲ့တယ်၊ အဲဒါတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး ကူသပေးလိုက်နိုင်တယ်၊ ခုချိန်ထိ မင်းအဖေလည်း သက် သောင့်သက်သာနဲ့ နေနေရတယ်၊ အဲဒါ သူ့ကျေးဇူးတွေကြောင့်ဆိုတာ ငါ လက်ခံတယ်၊ မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မရိုးမသား ဖြစ်နေကြတယ်ဆိုရင်လည်း ငါပြောတာ တကယ်ကြီးဖြစ်နေကြတယ်ဆို ရင်လည်းပေါ့နော်၊ ဒါက သူလုပ်ပေးခဲ့တာတွေကို စော်ကားတာမှ မဟုတ် တာကွ၊ သူစိမ်းယောကျ်ားလေးနဲ့မိန်းကလေး ချစ်မိကြတယ်၊ မရိုးမသား ခံစားမိကြတယ်ဆိုတာ သာမန်ဖြစ်ရိုးဖြစ်စဉ်ပဲလေ''

''ဒါပေမဲ့ ကျွန်တော် တစ်ခုလောက် ဝင်ပြောမယ်နော် ကိုဆန်း''

ဟန်မြတ်သူက ကိုဆန်းစကားထဲမှာ'သူ့အမြင်ကိုပါ ဝင်ပြော မည့်ပုံနှင့် စကားစလာသည်။

''သူနဲ့ဒေါ်လရောင်ငြိမ်းချမ်းနဲ့က အသက်ချင်းထက်ဝက်လော ကွာနေတာလည်း ကျွန်တော်တို့ မေ့ထားလို့ မရဘူးနော်''

''မင်းကလည်းကွာ အသက်ကိုလာထည့်ပြောနေတယ်၊ ဘာ မေ့ထားလို့'မရရမှာလဲ၊ လူတစ်ယောက်နဲ့တစ်ယောက် တကယ်တမ်း ချ ကြပြီဆိုရင် အသက်လည်းအရေးမကြီးဘူး၊ ရုပ်ရည်ငွေကြေး ပစ္စည်း ဘာဆိုဘာမှအရေးမကြီးဘူးကွ''

သူတို့စကားတွေကို နားထောင်နေရင်းနှင့် ကျွန်တော့်ခေါင်း ရှုပ်ယှက်ခတ်လာသည်။ ပြောနေကြသည့်စကားတွေကိုလည်း ကျွန် ဆက်မကြားချင်တော့။

''ကျွန်တော်တို့ အဖေ့ကို သွားကြည့်ရအောင် ကိုဆန်း''





ဘာမှမဆိုင်သည့်စကားကို ဖြတ်ပြောလိုက်တာဲဆိုပေမယ့် ကိုဆန်း ဘာ ဖွေမယူပါ။

''သွားလေ ငါလည်း ဦးလေးကို တွေ့ချင်ပါတယ်၊ ကျန်းမာရေး ရော ကောင်းရဲ့သားကွ''

''အရင်လိုတော့ ဘယ်ဟုတ်တော့မလဲဗျာ၊ အားပိုပြတ်လာတယ် ။ တော်တော်လေးလည်း ပိန်သွားတယ်''

ကျွန်တော့်စကား အပိုမဟုတ်မှန်း အဖေ့ကိုမြင်လိုက်ရချိန်မှာ ကိုဆန်းတို့ လက်ခံလိုက်ကြရသည်။ အဖေက လုံးဝကို အရိုးပေါ်အရေတင် ဖြစ်နေခဲ့ပြီ။ ကိုယ့်ဘာသာ အသက်ဝဝမရှူနိုင်တော့သဖြင့် အောက်ဆီဂျင် ပိုက်တပ်ထားရသည်။

ကိုဆန်းတို့ကတော့ အဖေ့ကိုမတွေ့ဖြစ်တာ တစ်နှစ်ကျော်လောက် ရှိနေပြီဆိုတော့ ခုလို ပိန်ချုံးနေတာကြည့်ပြီး တော်တော်လေး စိတ်မကောင်း ဖြစ်နေကြသည်။ ကျွန်တော်ကတော့ အားရင်အားသလို အဖေ့ကိုလာကြည့် နေပါသည်။ မမ သိသည့်အခါတွေရော မမကိုအသိမပေးဘဲ ကျူရှင်အပြန် ကျောင်းအပြန် ဝင်လာဖြစ်ခဲ့တာတွေရောပေါ့။ မိသားစုလိုပင် ဖြစ်နေသော သူနာပြုအစ်မကြီးက ပါးစပ်လုံ၍ တော်သေးသည်။

''အစာတော့ ကောင်းကောင်းဝင်တယ် မဟုတ်လား''

''ပိုက်နဲ့သွင်းနေတာဆိုတော့ အဆင်ပြေပါတယ် မောင်လူသစ်''

ဒီသူနာပြုအစ်မကလည်း ကျွန်တော့်ကို လူသစ်လို့သာ အမြဲခေါ် သည်။ အဖေ အိပ်မောကျနေတာမို့ ကျွန်တော်နဲ့ပင် စကားပြောချိန်



www.burmeseclassic.com

www.burmeseclassic.com



မရလိုက်။ အင်းလေ တကယ်တော့လည်း အဖေနဲ့စကားမပြောဖြစ်ခဲ့တာ အတော်ကြာခဲ့ပါပြီ။ ခုလို ကျန်းမာရေးအခြေအနေ ပိုဆိုးလာပြီးသည့်နောက်မှာ ကျွန်တော်ကသာ အဖေ့လက်လေးတစ်ဖက်ကိုကိုင်ပြီး ပြောချင်တာတွေ ပြောခဲ့ရခြင်း ဖြစ်၏။

အဖေက ဘာမှမတုံ့ပြန်နိုင်။

"ဟော့ကောင် ငါးနာရီထိုးနေပြီနော်၊ ငါတို့ ထာဝရအစ်ကိုပါတီကိုလည်း သွားရဦးမှာ"

ဟန်မြတ်သူက ကျွန်တော့်ကို သတိပေးတော့မှ ကျွန်တော်လည်း သတိပြန်ဝင်လာ၏။

"ဟုတ်သားပဲ ငါတို့အိမ်ပြန်ပြီး အဝတ်အစားလဲရဦးမှာနော်"

"အင်းပေါ့ ခုလောက်ပြန်မှ အေးဆေးလုပ်လို့ကိုင်လို့ရမှာ"

အိပ်ပျော်နေသော အဖေ့ကို ကျွန်တော် တစ်ချက်ဝင်နှုတ်ဆက်ပြီး ထိုအိမ်လေးကနေ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ အိမ်ပြန်ရောက်တော့ ကိုဆန်းတို့ပြောလိုက်သော စကားများကြောင့် ကျွန်တော့်မှာ မမမျက်နှာကိုတောင် စေ့စေ့မကြည့်ရဲခဲ့။

"ပြန်လာပြီလား မောင်လေး၊ မမတောင် နောက်ကျနေလို့ ဘာများဖြစ်နေတာလဲလို့ တွေးနေမိတာ"

အရင်တုန်းကဆို ကျွန်တော့်ကို ဖုန်းတဂွမ်ဂွမ်ဆက်လျက် ဘယ်နားရောက်ပြီလဲ။ ပြန်လာတော့မှာလား လှမ်းလှမ်းမေးတတ်သော မမက ဒီနေ့တော့ ထူးထူးဆန်းဆန်း ဖုန်းတစ်ခါလေးတောင် မဆက်ခဲ့၊ အပြင်မထွက်





တာ ဖြစ်ခဲ့သော အခြေအနေကြောင့်များလား။

"အဖေ့အိမ်ကို ဝင်နေသေးလို့ပါ"

"ဩော် ဟုတ်လား၊ မမကိုတောင် ပြောမသွားဘူးနော်"

"အစီအစဉ်မရှိဘဲ ဖြစ်သွားတာပါ မမ၊ လမ်းလည်းကြုံတယ် န်းကလည်း အဖေ့ကိုမတွေ့တာကြာပြီဆိုတာနဲ့"

"ကဲပါ ဦးလေးကို မောင်လေးသွားကြည့်တဲ့အတွက် မမကို ဒီ ာက် ဖြေရှင်းချက်တွေ ပေးနေစရာမလိုပါဘူးကွယ်၊ သွား ရေမိုးချိုး တ်အစားလဲတော့၊ ပါတီက ခြောက်နာရီစမှာမဟုတ်လား"

"ဟုတ်ကဲ့ မမ"

ကျွန်တော် မျက်နှာပူနေသလောက် မမကတော့ ဘာမှမသိသဖြင့် လည်း မျက်နှာပူမှာမဟုတ်။ ကျွန်တော်နဲ့မမက တစ်ယောက်ကိုတစ် တ် အပြန်အလှန် နိုးချစ်နေကြတာတဲ့လား။ ရေချိုးရင်းနှင့် တစ်ယောက် ပြုံးမိသေးသည်။ ကိုဆန်းရော ဟန်မြတ်သူပါ ပေါက်ပေါက်ရှာရှာ သည်းတွေးတတ်ကြပါပေသည်။

ထာဝရတို့ ခြံဝင်းလေးထဲ ကျွန်တော် ဝင်သွားတော့ မီးရောင်စုံ င်း လှပနေသည်။ သူ့မအစ်ကိုရဲ့ မိတ်ဆွေသူငယ်ချင်းများ၊ သူမတို့ င်းအဝိုင်းဆွေမျိုးများနှင့်ပင် တော်တော်စည်စည်ကားကား ရှိနေ၏။ ရှာ ကျွန်တော့်ကိုတွေ့တော့ အပြေးကလေး အနားရောက်လာသည်။

"နင့်ကိုမျှော်နေတာဟ"

သူမအသံက တက်တက်ကြွကြွ။ ဒီသူငယ်ချင်းမလေးက ထင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွတ်ပြောတတ်တာလေးကလွဲရင် စိတ်ရင်းလေးတော့ တကယ်ကောင်း ရှာသည်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့နှင့် အချိန်ကြာကြာတွဲဖြစ်နေခြင်း ဖြစ်၏။

"မြတ်သူ မရောက်သေးဘူးလား ထာဝရ"

"ရောက်နေပါပြီနော်၊ ဟိုဘက်နားမှာ ထိုင်နေတယ် လာ"

သူမ ခေါ်ဆောင်ရာနောက်သို့ ကျွန်တော် လိုက်လာခဲ့တော့ ဆိုင် ထောင့်နားက အုတ်ခုံလေးမှာ တစ်ယောက်တည်း ထိုင်နေသော ဟန်မြတ်သူ

"မင်းရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူးကွ၊ ခုလေးတင်ပဲ"

"နင်တို့နှစ်ယောက်ကို ငါ့အစ်ကိုနဲ့ မိတ်ဆက်ပေးရမယ်၊ ဒီမှာပဲ ခဏစောင့်နေ၊ ပြီးမှ နင်တို့ကို စားပိုင်းတွေဆီ ခေါ်သွားမယ်"

"ငါက တော်တော်ဗိုက်ဆာနေပြီနော် ထာဝရ"

မြတ်သူက ရယ်ကျဲကျဲနှင့်လှမ်းစသည်။

"ခဏလေး အောင့်ထား၊ ငါ့အစ်ကို ဘယ်လောက်ချောတယ် ဆိုတာ နင်တို့ကို ကြွားချင်လွန်းလို့"

ထာဝရက ဂါဝန်တိုနက်ပြာရောင်လေးနှင့် ကြွကြွရွရွလေး လှမ်း လျှောက်သွားသည်။ တအောင့်လောက်နေတော့ ကျွန်တော်နှင့် အရပ်ချင်း မတိမ်းမယိမ်းလောက်ရှိမည့် ရုပ်ဖြောင့်ဖြောင့်အမျိုးသားတစ်ယောက်ကို ထာ ဆွဲခေါ်လာ၏။

"ကိုကြီးကို သူတို့နဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့အစ်ကို အရှင်ဦး





တဲ့ ကိုကြီး ဒါက ညီမလေးသူငယ်ချင်းတွေလေ၊ တစ်ခန်းတည်းတူတူပဲ၊ ဒီဘက်က ဟန်မြတ်သူ ဒါက နေရောင်ထွန်းလင်းတဲ့"

ကျွန်တော်တို့ကို တစ်ယောက်စီ လက်ဆွဲနှုတ်ဆက်လိုက်ရင်း သူမအစ်ကိုက ရင်းရင်းနှီးနှီး ပြုံးပြ၏။

"အစ်ကို့ညီမလေးကို ခုလို စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါ တယ်"

"ရပါတယ် အစ်ကိုရဲ့၊ ဒါနဲ့ အစ်ကိုတို့မောင်နှမနှစ်ယောက်က ရုပ်လည်းမတူဘူးနော်"

"ဟင် ဘာကိုပြောတာလဲ ညီလေး"

ကိုအရှင်ဦးက ကျွန်တော့်စကားကို နားမလည်စွာ မေးခွန်းပြန် ထုတ်သည်။

"ရုပ်ချင်းလည်း တခြားစီပဲ၊ အစ်ကိုက ပိုချောတယ် ပိုဖြောင့် တယ်၊ စိတ်ထားဆိုလည်း အစ်ကို ပိုသဘောကောင်းမယ်လို့ ထင်တယ်ဗျ"

ထိုအခါကျမှ ကိုအရှင်က ကျွန်တော့်စကားကို စနောက်နေခြင်း မှန်း သဘောပေါက်သွားပြီး နှစ်လိုဖွယ်ရယ်မောလိုက်သည်။ တော်တော်လေး ရည်ကောင်းပြီး ဆွဲဆောင်မှုရှိသည့် အမျိုးသားပါပဲ။ ယောကျ်ားလေးချင်း ဆောင် ဒီလောက်ထိ မျက်လုံးထဲမှာ အဆင်ပြေနေလျှင် မိန်းကလေးတို့ အတွက်ကတော့ မေးစရာပင်လိုတော့မည်မထင်ပါ။ တကယ့်ကို ပျိုမြိုင်း ကြိုက်သည့် နှင်းဆီခိုင်တစ်ပွင့်ဖြစ်မှာ ကျိန်းသေ၏။

"နင်တို့နော် ကိုကြီးကိုပဲ ဝိုင်းမြှောက်မနေနဲ့၊ ဒီပွဲက ကိုကြီးပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် ငါဖိတ်လို့ နင်တို့လာရတာ၊ ဘာမှမစားလိုက်ရဘဲ ပြန်သွား
မယ်၊ ဘာမှတ်နေလဲ ဟွန်း"

"သူမကျွေးလည်း အစ်ကို ကျွေးပါမယ်ဗျာ၊ ညီတို့ ကြိုက်
လောက်သာ စားကြ သီလား"

ခါးလေးထောက်ပြီး ရန်တွေ့နေသော ထာဝရကိုကြည့်
ကိုအရှဏ်က ကျွန်တော်တို့ကိုပြောတော့ ထာဝရ ခွေ့ခွေ့ခုန်သွားသည်

"ဟာ ကိုကြီးနော်၊ ဘာလို့ သူတို့ဘက်လိုက်တာလဲ၊ တကယ်
ကိုယ့်ညီမဘက်ကနေ ရပ်တည်ပေးသင့်တာကို"

နှုတ်ခမ်းလေးရှူပြီး သူမ ရန်ထောင်ပါပြီ။ ကိုအရှဏ်က
ဆံပင်ဂုတ်ဝဲလေးကို လက်နှင့်တစ်ချက် ဖွသပ်ပစ်လိုက်ပြီး

"သူတို့က ကိုကြီးကို ညီမလေးထက် ပိုသဘောကောင်းတယ်
ပြောထားတယ်လေကွာ၊ အဲဒီတော့ ညီမလေးမကျွေးလည်း ကိုကြီး
မယ့်တာဝန်ရှိသွားတာပေါ့"

မောင်နှမနှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက်
တွယ်တာပုံရပြီး နွေးနွေးထွေးထွေးရှိသည့် မိသားစုမှ မွေးဖွားလာမှန်း
လွှန်းပါသည်။ သူတို့မိသားစုလေးကိုကြည့်ရတာ တကယ့်ကို ပျော်ရွှင်
ပါပဲ။

"ကဲ ညီလေးတို့ သူ့စကားနားထောင်မနေနဲ့ လာ စားဖို့
ထိုင်ကြတော့"

"တွေ့လား၊ ဒီက ညီမလေးကိုတောင် အဖတ်မလုပ်နိုင်





သူတို့ကိုပဲ သိပ်သိပြနေတယ်၊ ကိုကြီးနော် အမြင်ကပ်လာပြီ သိလား"

ဒီတစ်ခါတော့ နှုတ်ခမ်းလေးစူရုံတင်မက ခြေထလေးကိုပါ ဆောင့်
လျက် ကျွန်တော်တို့နားက ထွက်သွားဖို့ ထာဝရ ဟန်ပြင်သည်။ ထိုအခါမှ
ကိုအရှဏ်က သူမ လက်ကိုဖမ်းဆွဲထားလိုက်ပြီး

"ကြည့် ကလေးလည်း မဟုတ်တော့ဘူး၊ နောက်ခဏနေရင်ပဲ
ဆရာဝန်မကြီးဖြစ်တော့မယ့်သူက အစ်ကိုကို စိတ်ကောက်နေတုန်းလား"

"ဟွန့် ကောက်မှာပဲ ဘာဖြစ်လဲ ကိုကြီးက ညီမလေးကို အရေး
မပေးရင်တော့ ကောက်ရမှာပဲလေ"

နောက်ဆုံးတော့ ကိုအရှဏ်က အတန်တန်ချော့မော့မှပင် ထာဝရ
မျက်နှာခပ်စူစူလေးဖြင့် ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်သည်။ ဘာမှလည်း
မဟုတ်ဘူး။ အဲဒီလိုပဲ အမြဲတမ်း အချော့ခံချင်လို့ သူ့ကိုသံယောဇဉ်ရှိတဲ့
လူတွေအားလုံးအပေါ် စိတ်လိုက်ကောက်နေတာ။

"ညီတို့ စိတ်တိုင်းကျစားကြနော်၊ အားမနာနဲ့ သိလား"

ကိုအရှဏ် အနားကထွက်သွားတော့မှ ကျွန်တော်တို့နှစ်ယောက်
ထာဝရကို ဝိုင်းပြီးပြောကြဆိုကြရန် ဟန်ပြင်လိုက်သည်။

"ထာဝရ နင်ကလေ"

"တော်ပြီနော် နင်တို့ ငါ့ကိုကြီးဘက်ကနေ တစ်ခုခုဝိုင်းပြောပေး
မလို့ဆို ရပ်တန်းကရပ်တော့"

"ဟွန်း ဘာဖြစ်ပြန်ပြီတုန်း"

"ဘာမှမဖြစ်ဘူး၊ ငါက ကိုကြီးကို အဲဒီလိုပဲ အမြဲတမ်း ဆိုးနေကျ

www.burmeseclassic.com



နင်တို့ ပိုင်းပြောပေးစရာ မလိုဘူးလို့ ပြောမလို့ ဟီး"

မျက်နှာက စပ်ဖြဲဖြဲနှင့် သွားတွေကိုပါ ဖြဲနေအောင် ရယ်ပြနေသေးသည်။ ထာဝရကြောင့် ကျွန်တော်နဲ့ဟန်မြတ်သူမှာ အကြောင်းသား။ တတ်လည်းတတ်နိုင်သည့် ကောင်မလေးပါလား။ သေချာတာကတော့ မောင်နှမနှစ်ယောက်က အပြုအမူ တော်တော်ကွာခြားကြခြင်းပင်။

ကိုအရဏ်က ပွင့်လင်းပြတ်သားမည့်ပုံရှိသလောက် ထာဝရကတော့ ကလေးဆန်ဉာဏ်များသည်။

"ပြောမနေနဲ့တော့ နေရောင်ရေ ငါတို့ဟာက မျက်နှာရှူးဟ"

"ဟန်မြတ်သူ ကောင်စုတ်နော် နင်နာချင်လို့လား"

ဟန်မြတ်သူကို လက်သီးဆုပ်လေးနှင့်ရွယ်ရင်း သူမ နှုတ်ခမ်းလေးကိုက်ကာ တုန့်ပြန်သည်။ ကျွန်တော်တို့နှစ်ယောက်မှာတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ဘာမှထပ်မပြောရန် ဆုံးဖြတ်လိုက်ကြတော့သည်။

■ ■ ■

## အခန်း (၇)

"ဒီနေ့ မောင်လေး သူငယ်ချင်းတွေ လာကြမှာလား"

နောက်နှစ်ရက်နေရင် ကျောင်းမှာ နှုတ်ဖြေစာမေးပွဲရှိတာမို့ မမက အလိုက်တသိ မေးခြင်းဖြစ်သည်။ စာမေးပွဲနားနီးရင် ပိတ်ရက်များအပြင် ကြားရက်တွေမှာပါ မြတ်သူနဲ့ထာဝရ စာလာလာလုပ်တတ်တာ မမ သဘောပေါက်နေပြီလေ။ သုံးယောက်သားထဲမှာ အမြဲတမ်း စာပိုရသော ကျွန်တော့်ဆီမှာပဲ စုမိပြီး အချင်းချင်း နားမလည်တာလေးတွေ ရှင်းပြလိုက် ဆွေးနွေးလိုက်ဆိုတော့ စာတွေကျက်မှတ်ရတာ လွယ်ကူမြန်ဆန်တယ်လေ။

"လာမှာ မမ"

"မမ စားဖို့သောက်ဖို့တွေ အားလုံးစီစဉ်ပေးထားတယ် သိလား။ ဒေယ်ကို ပြခဲ့တယ်၊ မောင်လေးတို့ စားချင်တဲ့အချိန် သူ့ကိုပြင်ဆင်ခိုင်းလိုက်"

"မမက အပြင်သွားမလို့လား"

"ဟုတ်တယ် ညစာဖိတ်ထားတာ တစ်ခုရှိလို့"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

ခုတလော မမကိုကြည့်ရတာ ညဘက်တွေ အပြင်ထွက်တတ်နေ မှန်း ကျွန်တော် သတိထားမိနေ၏။ အရင်ကဆို ရုံးကပြန်လာတာနှင့် ကိစ္စရှိမှသာ တစ်ခါတလေ ညပိုင်းအပြင်ထွက်တတ်သော မမသည် ခုတော့ ညဘက်တွေ အိမ်မှာမရှိတာ ရက်ဆက်ခံနေ၏။

ဒါကြောင့်လည်း မမရဲ့ညစာဖိတ်ထားတယ်ဆိုတဲ့ကိစ္စက ဘယ်သူ ထံမှ ဖိတ်ကြားခံထားရခြင်းလဲဆိုတာ ကျွန်တော် သိချင်လာသည်။ ထို့ ကြောင့်လည်း ခပ်တည်တည်နှင့် မေးလိုက်မိခြင်း ဖြစ်၏။

"ဘာကိုလဲ မောင်လေး"

"မမကို ညစာဖိတ်ထားတာ ဘယ်သူလဲလို့ မေးတာလေ"

တော်ရုံတန်ရုံ အဲဒီလို မစပ်စုဘူးသောကြောင့် မမကလည်း ကျွန် တော့်ကို မျက်မှောင်ကြီးကျုံ့ပြီး ပြန်စိုက်ကြည့်နေသည်။

"ဘာလဲ မမမှာ ဖြေစရာအဖြေမရှိလို့လား"

"အောင်မာ ကျုပ်က ဘာကိုဖြေစရာအဖြေမရှိရမှာလဲ၊ လာထား ချည်သေး"

"ဒါဆို ကျွန်တော်မေးတာကို ဖြေလေ"

"လုပ်ဖော်ကိုင်ဖက်ပေါ့"

"ဒါပဲလား"

"ရော် ခက်ပြီ၊ ဒီကောင်လေး ဘာတွေဖြစ်နေတာလဲ၊ ထူးထူး ဆန်းဆန်းတွေလည်း လာမေးနေသေးတယ်၊ ပြန်ဖြေတော့လည်း ရှင်း





မဆုံးတော့ဘူး ဖြစ်နေပါလား"

"မမကို ကျွန်တော်က ရစ်နေတယ်လို့ ထင်နေတာလားဟာဝ်"

"အဲဒါပေါ့၊ မင်း မမကို ရစ်နေတာပေါ့"

"ဒါဆိုရင်လည်း မမေးတော့ဘူးနော်၊ မမ စိတ်ကြိုက် လုပ်ချင်တာ သာ လုပ်ပါ"

မမရှေ့ကနေ ကျွန်တော် ချာခနဲလှည့်ထွက်ခဲ့သည်။ အခန်းထဲ ဝင်လာပြီး လော့ချထားမိ၏။ မမများ အနောက်ကလိုက်လာပြီး တစ်ခုခု ထပ်ပြောဖို့ ကြိုးစားမယ်ဆိုရင် မရအောင်လို့ပါ။ ဒါပေမဲ့ မမ ကျွန်တော့် နောက်က လိုက်မလာခဲ့။ ကျွန်တော် စိတ်ဆိုးသွားတယ်ဆိုတာတောင် မမ သိမှသိရဲ့လား။

အိပ်ရာထက်မှာ ပက်လက်ဒီဘက်လှည့်လိုက်ရင်း ကိုယ့်ကိုကိုယ် လည်း ပြန်အံ့ဩသွားမိသည်။ ကျွန်တော်ကရော ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဘာဖြစ်လို့များ မမကို စိတ်ဆိုးနေရတာလဲ။ တကယ်တမ်း ခုလို ခံစားချက် တွေ အစပြုခဲ့ရတာ လွန်ခဲ့တဲ့သုံးလေးရက်လောက်တည်းက ဖြစ်သည်။

"ကျွန်မ ထွက်လာခဲ့ပါမယ် ကိုမျိုး"

နားစွန်နားဖျား ကြားလိုက်တာဆိုပေမယ့် သေချာတာတစ်ခုက တော့ ကိုမျိုးဆိုတဲ့လူနဲ့ မမနဲ့တွေ့ဆုံကြတော့မယ်ဆိုတာပါပဲ။ ခဏကြောင့် လောက်ကြာတော့ ခြံရှေ့တည့်တည့်မှာ လာခေါ်သော နောက်ဆုံးပေါ်ကား အနက်ရောင်တစ်စီး။ ခြံတံခါးကိုဖွင့်ပြီး ထွက်ခွာသွားသည့် မမသည် ထို ကားပေါ်သို့ ပြုံးပြုံးရွှင်ရွှင်နှင့် တက်သွား၏။



www.burmeseclassic.com

ဘယ်လိုအချိန်မဆို ကိုယ့်ကားနဲ့ကိုယ်သာ သွားရမှ စိတ်ကျေနပ်ပါသည်ဟု ပြောဖူးသော မမသည် ခုတော့ ကိုမျိုးဆိုတဲ့လူရဲ့ကားပေါ်မှာ အတူတကွ ပါသွားခဲ့ပြီ။ ဒီလူက ဘယ်သူလဲ။ အရင်တုန်းက ပြောဖူးသည့် မမစကားများထဲမှာ ထိုလူ့နာမည် တစ်ခါမှ မပါဝင်ဖူးပါ။

ခုလည်း မမက ညစာစားပွဲရှိလို့ သွားမတဲ့။ တကယ်ဆို အရင်တုန်းကလည်း ညစာစားပွဲရှိလို့ မမ မကြာခဏ သွားတတ်ပါသည်။ ဒါပေမဲ့ ဘယ်သူက ဖိတ်တဲ့ပွဲဆိုတာမျိုးကို ကျွန်တော် တကူးတကတောင် မေးစရာမလိုဘဲ မမက ပြောပြနေကျ ဖြစ်၏။ ခုတော့ ကျွန်တော့်ပါးစပ်ကြီးကနေ တကူးတက ထုတ်မေးတာတောင် မမ မဖြေ။ လုပ်ဖော်ကိုင်ဖက်ဆိုတဲ့ ဝေ့လည်ကြောင်ပတ်အဖြေတစ်ခုကိုသာ ကျွန်တော်ရသည်။

မမနဲ့ပတ်သက်ပြီး တစ်ခုခုတော့ မှားနေတာ ကျိန်းသေပါပြီ။

"ဟေ့ကောင် အခန်းတံခါးကြီးလော့ချပြီး ဘာလုပ်နေတာလဲ။ ငါရောက်နေပြီကွ"

အခန်းတံခါးကို တဒုန်းဒုန်းထုသံနှင့်အတူ မြတ်သူရဲ့အသံပြဲပြဲ အခန်းထဲ လိမ့်ဝင်လာသည်။ မမကို စိတ်ဆိုးလို့ အခန်းတံခါးပိတ်ထားပြီး နေနေပါတယ်ဆိုကာမှ ဒီကောင့်ကြောင့် ဖွင့်ပေးရဦးမည်။ ကျွန်တော် စိတ်မပါလက်မပါစွာပင် လေးကန်သော ခြေလှမ်းများဖြင့် ခုတင်ထက်မှဆင်းသည်။ တံခါးဆီသို့ မသွားချင်သွားချင်သွားရင်း ဖွင့်ပေးလိုက်၏။

ပွင့်သွားသော တံခါးကနေ ကျွန်တော့်ကိုပါ တွန်းတိုက်ပြီး မြတ်သူ အခန်းထဲတိုးဝင်လာသည်။





"အခန်းတံခါးကြီးပိတ်ပြီး မင်းဘာလုပ်နေတာလဲ"

"ဘာဖြစ်လို့လဲ၊ ငါ့အခန်းတံခါး ငါပိတ်ပြီးနေတာတောင် မင်းတို့ကို လိုက်သံတော်ဦးတင်နေရဦးမှာလား"

"မင်း ဘာဖြစ်နေတယ်ဆိုတာကို ငါသိပါတယ်ကွ ဟဲ ဟဲ"

ဆရာကြီးလေသံဖမ်းလျက် တဟဲဟဲလုပ်နေသော မြတ်သူကို ကျွန်တော် မြင်ပြင်းကပ်စွာပင် ခုတင်ထက်မှ ခွေါင်းအုံးကို ဆွဲယူကောက်ပေါက်လိုက်၏။

"ဟာ ဟေ့ကောင် ဘယ်လိုဖြစ်တာတုန်း။ ငါလည်း ဘာမှမလုပ်ရသေးဘဲနဲ့ လာရမ်းနေပါရော့လား"

"ဘာမှရမ်းတာမဟုတ်ဘူး။ မင်းရဲ့ဆရာကြီးလိုလို အကြားအမြင်ဆရာလိုလို လေသံကို နားကြားပြင်းကပ်လွန်းလို့ဟေ့ ရှင်းပြီလား"

"မင်း မမကို စိတ်ဆိုးနေတာဆို"

ကျွန်တော် ကြောင်အမ်းသွားသည်။ ခုမှ အိမ်ကိုရောက်လာတဲ့ မြတ်သူတစ်ယောက် တကယ်ပဲ အကြားအမြင်ရနေပြီလား မသိ။ ကျွန်တော် မမကိုစိတ်ဆိုးလို့ အခန်းတံခါးပိတ်နေမှန်း သူ ဘယ်လိုရိပ်မိသွားပါလိမ့်။

"လူသစ် မင်းကွာ ငါ့ကို အဲဒီလို ပြူးတူးကြောင်တောင်နဲ့ လာကြည့်မနေစမ်းပါနဲ့။ ငါက မင်းအကြောင်းကိုအူမချေးခါး အကုန်သိတဲ့ကောင်ပါကွ။ မင်းသာ ဖင်ပိတ်ပြြင်းနေတာ"

"မင်း ဘာတွေပြောနေတာလဲ"

သူ ပြောသလို မမကို စိတ်ဆိုးနေတာ မှန်ပေမယ့်လည်း ကျွန်

www.burmeseclassic.com



တော့်မှာ ဟန်ဆောင်ငြင်းခွင့်တော့ ရှိပါသေးသည်။ ခပ်တည်တည်ပင် အကြောင်းရှိက်ကာ သူ့ကိုပြန်မေးလိုက်၏။

"တွေ့လား ငါ့ကိုဖင်ပိတ်ပြီး ထပ်ငြင်းဖို့ ကြိုးစားနေပြန်ပြီ"

"မင်းကွာ ငါ့ကိုရောက်တာနဲ့ ဘာတွေလာစားနေတာလဲ၊ ဒီမှာ စာမေးပွဲကြောင့် ခေါင်းကိုက်ရတာကတစ်မျိုး၊ မင်းကတစ်မျိုး"

ခပ်တည်တည်ပြောက်လိုက်တော့ ဟန်မြတ်သူရဲ့စပ်ဖြဲဖြဲမျက်နှာက တည်ကြည်သွားသည်။ ကျွန်တော်က မသိချင်ဟန်ဆောင်ကာ စာကြည့်စားပွဲမှာ ဝင်ထိုင်လိုက်၏။

"ငါ့ကို ရောက်တာနဲ့ မင်းမမက ဆီးပြောလိုက်တာလေ၊ မင်းသူ့ကို စိတ်ဆိုးနေတယ်တဲ့၊ အခန်းတံခါးကြီးပိတ်ထားတယ်တဲ့"

အနောက်ဘက် ခုတင်ထက်မှာထိုင်နေသည့် မြတ်သူကို ကျွန်တော် ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"မင်းကို မမကိုယ်တိုင် ပြောတာလား"

"ငါ့လခွီး မင်းမမကိုယ်တိုင်မပြောလို့ ငါ့ကိုတကယ်အကြားအမြင်ရနေတယ်များ ထင်နေတာလား"

"မသိဘူးလေကွာ၊ မင်းလိုင်းပြောင်းသွားပြီ ထင်လို့"

"မင်းက ဘာလို့ စိတ်ဆိုးရတာတုန်း"

ကျွန်တော် စိတ်ဆိုးနေကြောင်းကို မမ သိတောင်မသိဘူးလို့ ထင်နေခဲ့တာ ကျွန်တော် မှားသွားတာပေါ့နော်။ မမက ကျွန်တော် စိတ်ဆိုးနေမှန်း သိသည့်အပြင် သူ့ကို စိတ်ဆိုးလို့ မခေါ်ချင်မပြောချင်လို့ အခန်း





ခါးပိတ်ထားမှန်းတောင် သိနေလိုက်သေးသည်။

"အဲဒါကျတော့ မင်းကို မပြောပြလိုက်ဘူးလား"

"မပြောပါဘူးကွာ၊ ဒါကတော့ မင်းတို့သူငယ်ချင်းကိုပဲ သွားမေး ပြီးတော့ ဘာဆက်ပြောလဲ သိလား"

ဒီကောင့်မျက်နှာက စပ်ဖြီးဖြီး ပြန်ဖြစ်လာပြန်သည်။ သူ့မျက်နှာ ပြောင်းအလဲကို ထိုင်ကြည့်နေရတာနဲ့တင် စကားက တကယ့်လိုရင်းကို ရောက်တော့။

"မင်းပြောမှာသာဖြင့် ပြောစမ်းပါ မြတ်သူရယ်၊ ငါ့နှယ် မင်းမျက်နှာ ကြာတွေကို အားနာလွန်းလို့ ခဏခဏကို ပြောင်းနေတော့တာပဲ၊ ခုပဲ ည်သွားလိုက် ခုပဲရယ်လိုက် ခုပဲစိတ်တိုပြလိုက်နဲ့"

"အေး မင်းသိချင်နေမှန်း ငါသိတာပေါ့ကွာ၊ ပြောပြမယ် နား င်း မမက ဘာဆက်ပြောလဲဆိုတော့"

တီဗွီအစီအစဉ်တွေမှာ အဖြေမှန်ပြောခါနီးကျရင် ချက်ချင်းမပြဘဲ န်နည်းနည်းဆွဲနေသလိုမျိုး သူက လုပ်နေပြန်သည်။ ကျွန်တော် ဘာမှ မပြောတော့ဘဲ စိတ်ရှည်ရှည်ထားရန်သာ ဆုံးဖြတ်လိုက်တော့၏။

"အလကားနေ အလကား သဝန်လိုက်တိုနေတယ် တဲ့"

"ဘာရယ် ဘယ်လို မင်းကို မမက ဘာပြောတယ်"

"အေး အခု မင်းအံ့ဩသွားပြီ မဟုတ်လား"

"ဟော့ကောင် မြတ်သူ မင်း ငါ့ကို တမင်လုပ်ကြံပြီး ပြောတာ တ်လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထိမျက်နှာထားနှင့် ကျွန်တော် ပြောလိုက်လျှင် မြတ်သူ ရှုံးရှုံးရှားရှားနှင့် ကျွဲမြီးတိုသွား၏။

"ဒီမှာ လူသစ် မင်းကို မမနဲ့ပတ်သက်ပြီး ငါ တစ်ခါမှမဟုတ်တာ မပြောဖူးဘူးကွ၊ ငါက ဘာလို့ကြားဝင်ပြီး မဟုတ်တာတွေ လုပ်ကြံပြောနေရမှာလဲ၊ ငါ ဒီလောက် အားမနေဘူး"

ဒီကောင် တကယ်စိတ်တိုသွားမှန်း သိတော့မှ ကျွန်တော် နည်းနည်းတော့ လန့်သွားသည်။ ဒီကောင် စိတ်ဆိုးရင် ထာဝရကို အလွယ်တကူ ချော့လို့ရတာ မဟုတ်။ သူ စိတ်ပြေဖို့အတွက်ကို သူလိုချင်တဲ့တန်ဖိုးကြီးတာ တစ်ခုခု ဝယ်ပေးရသေးသည်။

ဒီတော့ သူ စိတ်ဆိုးလို့မဖြစ်။ စာကြည့်စားပွဲမှထကာ ချက်ချင်းပင် ကျွန်တော် သူ့နားသွားကပ်ထိုင်လိုက်သည်။

"ငါက မင်းကိုဒီသဘောပြောတာ မဟုတ်ပါဘူးကွ၊ မင်းကလည်း စိတ်ကြီးပဲနော်၊ ငါက မယုံနိုင်ဖြစ်သွားတာ၊ မထင်ထားတာကြီးကို ကြားလိုက်ရတော့ ရုတ်တရက် လက်မခံနိုင်ဖြစ်သွားတာပါကွ၊ မင်းကလည်း စိတ်ကြီးပဲ"

သူ ကျွန်တော့်ကို မျက်စောင်းကြီးထိုးသည်။ သူ မျက်စောင်းထိုးတာကမှ တကယ့်မိန်းမကြီးနဲ့တူတာ ဟား ဟား။

"မင်းကသာ ထင်မထားတာကြီး ရုတ်တရက်ကြားတာပါလို့ ခုချိန်ထိလုပ်နေသေးတယ်၊ ငါပြောတာကို မင်းအစတည်းက သဘောပေါက်လက်ခံလိုက်ရမှာကွ၊ ငါတင်မကဘူး၊ မင်းတို့နှစ်ယောက်ကြားမှာ ဖြစ်ပေါ်နေတဲ့ တစ်စုံတစ်ယောက်ပေါ့ကွာ အဲဒါကြီးကို ကိုဆန်းတောင် ခံစားလို့ရနေမှ





သူတို့တွေ ပြောနေကြတာ တကယ်များလား။ ကျွန်တော်က မေကို ကျေးဇူးရှင်တစ်ယောက်ဆိုပြီး ကာကွယ်ပေးချင်နေခဲ့တာထက် တခြား စိတ်ခံစားချက်တစ်ခုခုကြောင့်များ အဲဒီလိုတွေ ဖြစ်နေခဲ့တာလား။ မမကရော ကျွန်တော့်ကို ဘယ်လိုသဘောထားတာလဲ။ 'အလကားနေ အလကား သဝန်လိုက်တိုနေတယ်' ဆိုတဲ့ စကားက ဘာသဘောနဲ့ ပြောလိုက်တာပါလဲ။

ကျွန်တော်နားမလည်နိုင်တော့။

"မင်း ထာဝရကိုချစ်လား"

"ဟမ်"

ကျွန်တော် ကြောင်သွားရပြန်သည်။ ဒီကောင် ဒီနေ့ ဘာတွေဖြစ်နေပါလိမ့်။ ကျွန်တော့်ကို တကယ့်အကြမ်းကြီးတွေပဲ လာပြောနေသည်။

"သူငယ်ချင်းတစ်ယောက်လိုတော့ သံယောဇဉ်ရှိတာပေါ့ကွ၊ ဟိုလို သမီးရည်းစားလိုတော့ မချစ်ပါဘူး"

"အေး မင်းဘာလို့ သူ့ကိုမချစ်တာလဲ၊ ဒီလောက်လည်း မင်းနဲ့ အနေနီးတယ်၊ တွဲလာတာလည်း နှစ်နဲ့ချီနေပြီ၊ တစ်ယောက်အကြောင်း တစ်ယောက်လည်း ကောင်းကောင်းသိတယ်"

"ဟေ့ကောင် ချစ်တယ်ဆိုတာ အဲဒီအချက်တွေ ပြည့်စုံရုံနဲ့တင် ချစ်လို့ရတာ မဟုတ်ဘူးကွ၊ သူ့စိတ်က အလိုလိုဖြစ်လာတာ"

"အိုကေ ဒီလိုဆို မင်းထာဝရနားမှာရှိနေတဲ့အချိန် သာယာလား"

"ထာဝရ လုတာကိုတော့ သတိထားမိတာပေါ့၊ ဒါပေမဲ့ သာယာတယ်ဆိုတာမျိုးတော့ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ငါဖြေပေးမယ်၊ ထားဝရသာ ငါတို့မဟုတ်တဲ့ တခြား ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်နဲ့ ထိတွေ့မယ်ဆို မင်းဘယ်လိုခံစား ရမလဲ"

"ဒါကရတော့ သူငယ်ချင်းဆိုတာ ဘယ်နှယောက်ဖြစ်ဖြစ် ထား ရတာပဲကွာ၊ သူ ထိပေါင်းတော့ ငါတို့လည်း ယောကျ်ားလေးအော် တစ်ယောက် ထိရတာပေါ့"

"အေး ငါပြောချင်တာ အဲဒါပဲ"

မြတ်သူက လက်ဖျောက်တစ်ချက်တီးလျက် ပြုံးပြုံးကြီး ပြော သည်။

"ဘာတွေလဲကွာ၊ စာမကျက်ရသေးဘဲနဲ့ကို ခေါင်းတွေမူးချင်နေပြီ"

"မင်း ထားဝရကိုကျ သဝန်မတိုသူးလေ၊ မမကိုကျ သဝန်တို တယ်"

"ဟေ"

တကယ့်ကို ဟောခနဲဖြစ်သွားရသည်။ ကျွန်တော့်ကို ချက်ချ လက်ကျ မေးခွန်းတွေ မေးပြီးတော့မှ တစ်ခါထဲကို ထောင်တန်းချုပ်လိုက် ခြင်းဖြစ်၏။

"ငါ တစ်ထစ်ချပြောရဲတာတစ်ခုက မမ အခုအပြင်သွား လုပ်နေတဲ့ကိစ္စက ယောကျ်ားတစ်ယောက်နဲ့အတူ မဟုတ်လား"

"ငါမသိဘူး"

ကျွန်တော် အရိုးသားဆုံး ဝန်ခံလိုက်ခြင်းဖြစ်သည်။ မမ ပြော





ခဲ့တဲ့လုပ်ဖော်ကိုင်ဖက်ဆိုတာ အထီးလား အမလားမှထည့်မပြောသွားဘဲ။

နောက်ဆုံးတော့ ကျွန်တော်ဖြစ်နေသည့် ခံစားချက်များကို မြတ်သူ အားဖွင့်ပြောပြရန် ဆုံးဖြတ်လျက် စိတ်ကိုဒုန်းဒုန်းချလိုက်၏။ သေချာသည်။ ဒီနေ့တော့ စာကျက်ခန်းရောက်မှာမဟုတ်။

"ခုတလော မမကိုကြည့်နေတာ ကိုမျိုးဆိုတဲ့ လူနဲ့ ဖုန်းတွေဘာ တွေလည်း ခဏခဏ ပြောတယ်ကွ၊ ပြီးတော့ အဲဒီလူက ကားနဲ့လည်း လာခေါ်တယ်၊ အခုလည်း ညစာစားပွဲသွားမလို့တဲ့၊ ငါမေးတော့လည်း လုပ် ဖော်ကိုင်ဖက်လို့ပဲ ဖြေတယ်၊ အတိအကျ မပြောဘူး။ ညဘက်တွေ အပြင် ထွက်တာ ဆက်နေတော့ ငါလည်း သံသယထားမိတာပေါ့"

"အခု မင်းပြောသွားတဲ့အချက်တွေက မင်းကိုစိတ်တိုစေတယ်၊ ဒီလိုလား"

"အေး အဲဒီလိုပဲ ပြောရမှာပေါ့"

"လူသစ်ရယ် သေချာပါတယ်ကွာ၊ မင်း မမကိုချစ်နေတာပါ"

မြတ်သူကတော့ တကယ့်ကို တစ်ထစ်ချပြောသည်။ ကျွန်တော်က မမကိုချစ်နေတာတဲ့။ ဟုတ်လို့လား။ ကိုယ့်ကျေးဇူးရှင်တစ်ယောက်အနေနဲ့ ရင်ထဲမှာ စွဲစွဲမြဲမြဲရှိနေခဲ့တာကတော့ ကျိန်းသေပါသည်။

"မင်းဘာမှပြန်မဖြေနိုင်တော့ဘူး မဟုတ်လား၊ အရင်တုန်းကလို ဆိတ်ပြီး ငြင်းဖို့ထက် မင်းကိုယ်မင်းလည်း ဇဝေဇဝါဖြစ်နေပြီမဟုတ်လား"

"ငါ မငြင်းချင်ပါဘူး"

"ဘာကိုမငြင်းချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုယ်ငါ ဇဝေဇဝါတောင် ပြန်ဖြစ်နေမိတယ်"

"အေး အဲဒါပဲ၊ ရပ်ကွက်ထဲက ကောင်မလေးရည်းစားထားတာကို တစ်ရပ်ကွက်လုံးသိပြီးမှ သူ့အိမ်ကသိတယ်ဆိုသလိုပေါ့ကွာ၊ မင်းလည်း အဲဒီလို ဖြစ်နေတာ"

"ဒါနဲ့ မင်းက ငါ့လိုပဲ ရည်းစားတောင်တစ်ယောက်မှ မထားခဲ့ ဖူးဘူးနဲ့ သိလှချည်လားကွ"

"ငါက မင်းနဲ့ရည်းစားမထားဖူးတာချင်းတူပေမယ့် ကိုယ်ချစ်နေတာ ကို ကိုယ့်ဘာသာ မသိတာမျိုးတော့ မရှိဘူးလေ"

"ဘယ်လို ဘယ်လို"

"ဟုတ်တယ် လူသစ်၊ ငါ ထာဝရကိုချစ်တယ်"

"ဟေ"

ကျွန်တော် မျက်လုံးပြူးရပြန်သည်။

"ခုနက ထာဝရနဲ့ပတ်သက်ပြီး မင်းကိုငါ မေးခဲ့တဲ့ မေးခွန်းတိုင်း အတွက် ငါဖြေမယ့်အဖြေက မင်းအဖြေနဲ့ဆန့်ကျင်ဘက်တွေချည်းပဲကွ"

"ဟာ မင်းသူ့ကိုကြိုက်တယ်ဆိုလည်း ဖွင့်ပြောလိုက်လေကွာ အခြေအနေဆိုးမယ်တော့ ငါမထင်ဘူး"

"မင်းဟာလေ လူကဲခတ် အတော်ညံ့တဲ့ကောင် သိလား လူသစ် ထာဝရစိတ်ထဲမှာ ငါက သူငယ်ချင်းဆိုတာထက် မပိုဘူးကွ၊ သူ တကယ် ချစ်နေတာက မင်းကို"

"ဟေ"





သုံးခါမြောက် ကျွန်တော် ဟေလိုက်ရပြန်သည်။

"မင်းအထင်တွေ ဖြစ်မှာပါကွာ"

"ပြောပြန်ပြီ ငါ့အထင်တွေက သိပ်မှန်လွန်းလို့ ခက်နေတာချည်းပဲ ကွ မင်းအဲဒါကိုတော့ သဘောပေါက်ထား"

ထိုနေ့က ကျွန်တော့်အိမ်ကို ထာဝရ မလာပါ။ ဖုန်းဆက်ကြည့် တော့လည်း စက်ပိတ်ထားတာနဲ့ပဲ တိုး၏။ ကျွန်တော်တို့နှစ်ယောက်လည်း ဘာကျက်တာက နည်းနည်း၊ ဟိုဟိုဒီဒီ စကားပြောဖြစ်ကြတာက များများနှင့် အချိန်တွေ ကုန်ဆုံးသွားသည်။

အချိန်တန်လို့ မြတ်သူ ပြန်သွားပေမယ့် သူ ပြောခဲ့တဲ့စကားတွေ ကတော့ ကျွန်တော့်ခေါင်းထဲမှာ နားထဲမှာ အပြည့်အနက် နေရာယူကျန်ခဲ့၏။

ကျွန်တော် တကယ်ပဲ မမကို ချစ်နေမိတာလား။

■ ■ ■

ဆေးရုံမှာ လူနာတွေနှင့် ကိုယ်တိုင်ထိတွေ့ကာ ဖြေကြားရသည့် ညာဖြေစာမေးပွဲပြီးတော့ ကျွန်တော် ပင်ပန်းနွမ်းလျစွာနှင့် အိမ်ပြန်လာခဲ့သည်။ အပြင်မှာ ရာသီဥတုကလည်း အုံ့ထော်ပူပြင်း၏။ ကားကို ဂိုဒေါင်ထဲထိ ထိုးမောင်းနေကျဖြစ်ပေမယ့် ဒီနေ့တော့ ဆင်ဝင်အောက်မှာပဲ ရပ်လိုက်သည်။ BMW အနက်ရောင်ကားကြီးရဲ့ဘေးမှာပေါ့။

ကျွန်တော့်စိတ်တွေလည်း ထိုကားကို မြင်လိုက်ရသည်နှင့်တစ် ပြိုင်နက် အပြင်မှာ ပူနေသည့် နေမင်းလိုမျိုး ခြစ်ခြစ်တောက်ပူလောင်လာ သလိုပါ။ ကားကို ဆင်ဝင်အောက်မှာ တွေ့ရတာဆိုတော့ လူက အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာရှိနေသည်ဆိုတဲ့ သဘောပေါ့။

ခြေလှမ်းကျဲကြီးများဖြင့် ကျွန်တော် အိမ်တွင်းသို့ လှမ်းဝင်လိုက်သည်။ အိမ်ရှေ့ဧည့်ခန်းမှာ မိန့်မိန့်ကြီးထိုင်ရင်း မမနှင့်အတူ ရယ်ရယ်မောမော စကားပြောနေသော ကိုမျိုးဆိုတဲ့လူကို တွေ့လိုက်ရချိန်မှာ ကျွန်တော့်စိတ်တွေကိုတော်တော်လေး ထိန်းချုပ်ထားလိုက်ရသည်။

ဒီအနေအထားမှာ ကျွန်တော်က ဘာမှလုပ်ပိုင်ခွင့် ပြောပိုင်ခွင့်မှ မရှိဘဲ။ ကိုယ့်စိတ်မကျေနပ်မှုကို ကိုယ့်ဒေါသတွေကို ကိုယ့်ဘာသာပဲ ပြန်လည်မြိုချရမှာပဲလေ။ ဧည့်ခန်းအဝမှာ မျက်နှာကြီးသုန်မှုန်လျက် ရပ်ကြည့်နေသော ကျွန်တော့်ကို မမမြင်လိုက်ချိန်မှာ နည်းနည်းတော့ မျက်နှာပျက်သွား၏။ ရယ်မောနေသည့် နှုတ်ခမ်းလေးတွေ စေ့ပိတ်သွားသည်။

မမရဲ့အကြည့်များနောက်ကိုလိုက်ပြီး ကိုမျိုးဆိုသူကပါ ကျွန်တော့်ကို လှမ်းကြည့်သည်။ နောက်တော့ ပြုံးပြ၏။ မမနဲ့ရွယ်တူနီးပါးလောက်ရှိမည့် စီးပွားရေးသမား ပုံစံမျိုးပါပဲ။ လူပုံကတော့ ရည်ရည်မွန်မွန် ရှိသည်။ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကိုအကောင်းမြင်ပေးလို့ မရပါ။

"ဒါ လရောင်ရဲ့မောင်လေးနဲ့ တူတယ်"

"ဟုတ်တယ် ကျွန်မ မောင်လေးပါ၊ နေရောင်ထွန်းလင်း တဲ့ မောင်လေး လာဦး"

ကျွန်တော့်မျက်နှာကိုကြည့်ပြီး မမ သဘောမပေါက်ဘူးလား။ ကျွန်တော် အဲဒီကိုမျိုးဆိုသူကို မျက်နှာချင်းတည့်တည့်မဆိုင်ချင်မှန်း မမ မသိဘူးလား။ စိတ်ထဲက အော်ဟစ်နေမိပေမယ့် ခြေထောက်များကတော့





သူတို့နှစ်ဦးရှိရာဆီ တိုးလှမ်းသွားမိသည်။

"ဒါက မမနဲ့ အခုနောက်ပိုင်း လက်တွဲလုပ်ဖြစ်နေတဲ့ ပါတနာ ကိုမျိုးမင်းစိုး တဲ့"

"ဟုတ်ကဲ့ သိပါတယ်"

"ဩော် ညီက ကိုယ့်ကိုသိတယ် ဟုတ်လား"

ထိုသူ့မျက်နှာက တအံ့တဩ။

"အင်း ဟုတ်တယ် ကိုမျိုးရဲ့၊ ဟိုနေ့က ကိုမျိုးဖိတ်တဲ့ ညစာ ပွဲလို့ ကျွန်မ ပြောပြထားတယ်လေ"

မမ လိမ်တယ်။

"ဩော် နောက်တစ်ခေါက်မှ ညီတို့မောင်နှမနှစ်ယောက်လုံးကို ဖိတ်ရမယ်"

ရယ်ရယ်မောမော ပြောနေသည့် ထိုသူ့စကားတွေကို ကျွန်တော် မထောင်ချင်တော့။

"မမ ကျွန်တော် တအားပင်ပန်းလာတယ်၊ ရေမိုးချိုးနားချင်ပြီ"

"မေးတာတွေရော ဖြေနိုင်ခဲ့ရဲ့လား မောင်လေး"

"ဖြေနိုင်ပါတယ်၊ ဒီဘက်က အစ်ကို ခွင့်ပြုပါဦးနော်"

မာဆတ်ဆတ်ဖြစ်ချင်နေသည့် ကိုယ့်အသံကိုယ် မနည်းထိန်းသိမ်း ပြောနေရသည်။

အခန်းထဲပြန်ရောက်တော့မှ မွန်းကျပ်နေသည့်စိတ်ကို ဖွင့်ထုတ်ပစ် ၏။ နံရံကို လက်သီးနှင့် ဘယ်နှချက်လောက်တောင် ထိုးနေမိသလဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာပင် မသိတော့။

"မင်း အဲဒါ ဘာလုပ်နေတာလဲ နေရောင်"

အနောက်ကနေ ထွက်လာသော မမအသံ။ ကိုယ့်ဒေါသနှင့်ကိုယ် အခန်းတံခါးလော့ချဖို့ မေ့သွားခြင်း။ ပြီးတော့ မမက ကိုမျိုးဆိုတဲ့လူနဲ့ စကားလက်ဆုံကျနေတာ မဟုတ်လား။ ကျွန်တော့်အခန်းထဲကို ရောက်လာလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။

ကျွန်တော့်လက်များကို ဆွဲယူရင်း မမ ကြည့်သည်။ ကွဲတဲ့နေရာ ကွဲပြီး သွေးလေးတွေ စီးကျစပြုနေတာမြင်ရတော့ မမ ပျာယာခတ်သွားပြီး ဘာစကားမှမပြောသေးဘဲ ဆေးဘူးကိုပြေးယူသည်။ ရေနွေးနှင့်ဂွမ်းစကို သုံးကာ ဖြည်းဖြည်းချင်း အနာကို ဆေးကြောပေးပြီးမှ ဆေးထည့်ပေးသည်။

ကျွန်တော်ကရော ဘာဖြစ်လို့များ ငြိမ်ခံနေခဲ့မိတာလဲ။ တကယ်ဆို မမကိုဒေါသဖြစ်နေခဲ့တာလေ။ ကျွန်တော့်လက်များကို မမ လက်တွေထဲက နေ ရုန်းထွက်ပစ်လိုက်သင့်တာ။

"မင်းဘာဖြစ်လို့ အဲဒီလိုတွေ ဖွတ်လုပ်တာလဲ၊ မိုက်ရူးရဲဆန်တဲ့ လုပ်ရပ်တွေ"

ဒဏ်ရာကို သေချာကျကျနန စည်းနှောင်ပေးပြီးတော့မှ မမ စကား ပြောသည်။ ခုနက ကျွန်တော့်လက်မှ သွေးများမြင်တုန်းဖြစ်သွားသည့် စိုးရိမ်ပူပန်သော မျက်ဝန်းမျိုးတွေမဟုတ်တော့ဘဲ အပြစ်တင်ဝေဖန်ချင်သည့် မျက်ဝန်းများဖြင့် ပြောခြင်း။

"ကျွန်တော် ကိုမျိုးဆိုတဲ့ အဲဒီလူကြီးကို ကြည့်မရဘူး"





"အိုကေ မင်း ကြည့်မရဘူး ကိုယ် လက်ခံပေးမယ်၊ ဒါပေမဲ့ သူ့ကို ကြည့်မရတာနဲ့ပဲ မင်းကိုယ်မင်း ဒုက္ခပေးတာကတော့ လွဲနေပြီ ထင်တယ်"

"မမက ကျွန်တော့်ကို အပြစ်တင်နေတာလား"

သူမ သက်ပြင်းကို လေးတွဲစွာ ချသည်။ ကျွန်တော့်မျက်နှာကို စေ့စေ့စိုက်ကြည့်၏။

"မင်း ဘာတွေဖြစ်နေတယ်ဆိုတာ ကိုယ် သိတယ်"

သူမကိုယ်သူမ မမလို့ပဲ သုံးနှုန်းနေရာကနေ ဟိုးအရင်တွေ့ကာစ ကလို ကိုယ်ဆိုပြီး ပြန်လည်သုံးစွဲလိုက်တာ သတိထားလိုက်မိ၏။ ပြီးတော့ သူမက ကျွန်တော် ဘာတွေဖြစ်နေတယ်ဆိုတာကို သိတယ်ဆိုပါလား။ နည်းနည်းတော့ မျက်နှာပူစရာကောင်းပါသည်။

ကျွန်တော် ဘာဖြစ်နေတယ်လို့ မမ ထင်လို့လဲဆိုပြီးတောင် အရွဲ့ တိုက်ပြီး ပြန်မမေးရဲ။ သူမ ပြန်ဖြေလိုက်မည့် အဖြေကို ကျွန်တော် ခံနိုင်မှာ မဟုတ်တာ ကိုယ့်အကြောင်းကိုယ် သိနေပါသည်။

"မင်းအသက်နှစ်ဆယ်ဆိုတော့ သိပ်ငယ်လွန်းဖါသေးတယ်ကွာ၊ မဖြစ်နိုင်တဲ့ အရာမှန်သမျှကို ခေါင်းထဲကထုတ်ထားလိုက်၊ ခုချိန် မင်းလုပ်ရမှာက ပညာရေးကို ကြိုးစားဖို့ပဲ"

မမ ပြောစကားတွေကို နားထောင်ရသလောက်ကတော့ ကျွန်တော် ဘာတွေဖြစ်နေတယ်ဆိုတာ မမ အတပ်သေချာသိနေပုံပါပဲ။ ဒါဆို ကျွန်တော့်ကို တစ်ခုခုတော့ ပြောသင့်တယ်မဟုတ်ဘူးလား။ အခု ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့စကားတွေထက် ပိုပြီးလေးနက်တဲ့ စကားမျိုးပေါ့။

မင်းလိုကောင်စားမျိုးက ငါလိုလူကို ဆိုတာမျိုး။ ခွေးကလေး အရောဝင် ပါးလျက်နားလျက် ဆိုတာမျိုး။ သားရေပေါ်အိပ်သားရေနားစား ဆိုတာမျိုး။ ကျေးဇူးရှင်ကို ကျေးဇူးကန်းတယ် ဆိုတာမျိုး။ ထိထိမိမိ နာကျင်စေမည့် စကားတစ်ခွန်းဖြစ်ဖြစ် ကျွန်တော့်ကို တုံ့ပြန်သင့်တယ် မဟုတ်လား။ ခုတော့ ယဉ်ယဉ်ကျေးကျေးလေးနဲ့ ကျွန်တော့်ကို ကန့်သတ်နယ်မြေ သတ်မှတ်လိုက်တာပါ။

မဖြစ်နိုင်တဲ့ အရာမှန်သမျှကို ခေါင်းထဲက ထုတ်ထားလိုက် တဲ့။ ကျွန်တော် နှုတ်ခမ်းများကို တွန့်လိုက်မိသည်။ မမကို လှောင်တာမဟုတ်ဘဲ ကိုယ့်ကိုကိုယ် နာကျင်စွာ လှောင်ပြောင်လိုက်မိခြင်းဖြစ်၏။

ကိုယ့်ထက် နှစ်ပေါင်းများစွာ အသက်ပိုကြီးသော အမျိုးသမီးတစ်ဦး။ သူမ ပြုစုပျိုးထောင်ပေးလို့သာ လူတစ်လုံးသူတစ်လုံး ဖြစ်လာပြီး ကိုယ်ရောင်ကိုယ်ဝါ တောက်ပခွင့်ရခဲ့တဲ့ ကျွန်တော်လို ကောင်စားမျိုးက ဘယ်လိုစိတ်ဓာတ်မျိုးဖြင့် ထိုအမျိုးသမီးကို ချစ်ခဲ့မိတာလဲ။

"ကိုယ်ပြောတာတွေကို မင်းနားလည်လား လူသစ်"

မမ ကျွန်တော့်ကို နေရောင်လို့မခေါ်တော့ဘဲ လူသစ်လို့ ခေါ်လိုက်တာပါ။ မမစိတ်ထဲမှာ လူသစ်ဆိုတဲ့ ဆင်းရဲသားကောင်လေးတစ်ယောက်ရဲ့ ပုံရိပ်ကို လုံးဝမေ့ထားခဲ့တယ်လို့ ကျွန်တော် ထင်နေခဲ့မိသေးတယ်။ ခုတော့ မမ စိတ်ထဲမှာ လူသစ်ဟာလူသစ်ပါပဲ။

"ကျွန်တော် နားလည်တယ် မမ၊ ကျွန်တော့်ကိုယ်ကျွန်တော်





လည်း နားလည်တယ်၊ ဒါကြောင့်လည်း မမရဲ့မောင်လေးအဖြစ် ဘယ်အချိန်ထိ ဆက်ပြီးဟန်ဆောင်ပေးရဦးမှာလဲဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးခဲ့မိတာပေါ့"

"မင်းစိတ်ကို မင်းထိန်းစမ်းပါကွ၊ ကိုယ်တို့နှစ်ယောက် အေးအေးချမ်းချမ်းနဲ့ ရှေ့လျှောက်အတူနေလို့ ရပါသေးတယ်"

"ဟင့်အင်း မမ၊ ကျွန်တော် တစ်နေ့တခြား ကိုယ့်ကိုကိုယ် ပိုသိလာတယ်၊ မမကိုချစ်တယ်၊ အဲဒီအတွက် မမအေးမှာ မောင်လေးတစ်ယောက်အဖြစ် မနေပေးနိုင်တော့ဘူး။ မမရဲ့ကျေးဇူးတွေကိုလည်း ဘယ်တော့မှ မမေ့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်နှလုံးသားက တောင့်တလာတာကိုလည်း ကျွန်တော် ဘယ်လောက်ထိ ဆက်ဟန်ဆောင်နိုင်မလဲမသိဘူး မမ"

ပြောနေရင်းနှင့် ကျွန်တော့်အသံတွေ သိမ်ဝင်သွားသည်။ ဒီနေ့ဒီအချိန်မှာ ပြောဖို့မရည်ရွယ်ထားဘဲ ကျွန်တော် ပြောမိသွားခဲ့ပြီ။ အဲဒီအတွက် မမ ကျွန်တော့်ကို ဘယ်လိုအပြစ်တွေ ပေးချင်သလဲ။ ကျွန်တော် ခံယူဖို့ အသင့်ပါပဲ။

ဟိုအရင်တုန်းကတော့ ဟန်မြတ်သူ ပြောတာတွေကိုလည်း အပိုတွေလို့ ထင်ခဲ့သလို ကိုဆန်းပြောတာကိုလည်း မယုံနိုင်ခဲ့။ ဒါပေမဲ့ အချိန်တွေကြာလာတာနဲ့အမျှ ကိုယ့်ကိုကိုယ် မေးခွန်းတွေ အထပ်ထပ်မေးမိသောအခါ ကျွန်တော့်အတွက် အဖြေက တစ်ခုတည်း ရှင်းရှင်းကြီးဖြစ်နေခဲ့သည်။

အဲဒါ မမကို ချစ်နေမိခြင်းပါပဲ။ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိစိတ်က လက်ခံထားပေမယ့် မသိစိတ်ကိုလည်း ကျွန်တော် မထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့။

"အဲဒီတော့ မင်းက ဘာဖြစ်ချင်တာလဲ၊ ဒီအချိန်ကျမှ အရာရာကို အမှန်အတိုင်းဖွင့်ပြောပြလိုက်တော့ ငါ့ရဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ဘယ်လိုမျက်နှာမျိုးနဲ့ သွားနေရမလဲ။ လရောင်ငြိမ်းချမ်းက သွေးမတော်သားမစပ် ကောင်လေးကို အိမ်ပေါ်ခေါ်တင်ထားပြီး နှစ်နှစ်ချီ အတူသွား အတူစားခဲ့ပါတယ်ဆိုတာ အဲဒီသတင်းသာ အပြင်မှာပြန့်သွားကြည့် ငါ့သိက္ခာရော ငါ့လုပ်ငန်းအကျိုးအမြတ်တွေပါ ထိခိုက်နစ်နာကုန်မှာ"

မမစကားတွေကို နားထောင်ပြီး ကျွန်တော် ထိတ်လန့်သွားမိသည်။ တကယ်တော့ မမက သိပ်အတ္တကြီးပါလား။ သူ့ရဲ့သိက္ခာအတွက် ကျွန်တော့် နှလုံးသားကို စတေးခိုင်းနေတာ။

အို အဲဒီလိုဆိုတော့ရော မမ ဘာမှားလို့လဲ။ ကျွန်တော့်အတွက် မမ ပေးဆပ်ခဲ့တဲ့ ကူညီမှုတွေကို ဒီနည်းနဲ့ ကျေးဇူးဆပ်လိုက်တယ်လို့ သဘောထားလိုက်ရင်ရော မရဘူးလား။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ မမ၊ မမရဲ့သိက္ခာတရားကို ချချင်တဲ့ စိတ်မရှိပေမယ့် ခုလက်ရှိအချိန်မှာတော့ မမကိုချစ်တဲ့ကျွန်တော့်စိတ်ကို မချိုးနှိမ်နိုင်သေးတာ အမှန်ပဲ၊ မမက ကျွန်တော့်ရဲ့အချစ်ဦးဗျ သိလား"

ကျွန်တော်မျက်ရည်ကျမိသည်။ မမက မျက်နှာကို တစ်ဖက်သို့ လွှဲထား၏။

"မင်း စာမေးပွဲဖြေလာတာဆိုတော့ ပင်ပန်းနေမှာပဲ၊ ခဏတဖြုတ် အိပ်ပြီး အနားယူလိုက်လေ မောင်လေး"





ချက်ချင်းပင် ပြောင်းလဲသွားသော မျက်နှာပေးနှင့်လေသံကြောင့် မမမျက်နှာကို ကျွန်တော် ငေးကြည့်နေမိသည်။ ခုနကလို မာကြောခက်ထန်နေသော ပုံစံမဟုတ်တော့ဘဲ နေ့စဉ်ပြုမူနေကျ အစ်မတစ်ယောက်နှင့် မောင်လေးတစ်ယောက်တို့ရဲ့ ဆက်ဆံနေကျပုံစံမျိုး။

"ကျွန်တော့်ကို မောင်လေးလို့ မခေါ်နဲ့"

"မင်းက မမ မောင်လေးပဲဟာ၊ မောင်လေးလို့ မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ နေရောင်ရဲ့"

"ကျွန်တော် နေရောင် မဟုတ်ဘူး။ ကျွန်တော့်ကို နေရောင်လို့လည်း မခေါ်နဲ့"

မမက ထိုင်နေရာကနေ ထရပ်လိုက်သည်။ တံခါးပေါက်ဝဆီ တည့်တည့်မတ်မတ်လျှောက်သွားပြီးမှ ကျွန်တော့်ကို လည်ပြန်ကြည့်လျက်

"မင်း ဘာတွေပဲပြောပြော ခုချိန်မှာ မင်းက ငါ့ရဲ့မောင်လေး နေရောင်ထွန်းလင်းပဲ၊ ပတ်ဝန်းကျင်အသိုင်းအဝန်းတစ်ခုလုံးကလည်း အဲဒီအတိုင်းပဲ လက်ခံထားတယ်၊ ငါကိုယ်တိုင်ကလည်း အဲဒီလိုပဲ မင်းကို သတ်မှတ်တယ်၊ အဲဒါကို ဘယ်တော့မှ မမေ့ပါနဲ့"

ကျွန်တော့်မှာ အကောင်းဆုံး တုံ့ပြန်စရာ စကားလုံး ရှာမတွေ့ခဲ့တော့လည်း။

■ ■ ■

"ငါ ဘာဆက်လုပ်ရမလဲ မြတ်သူ"

"မင်း ဖွင့်ပြောလိုက်မိတာက အခြေအနေကို တင်းမာသွားစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဓိက အချက်ပဲကွ"

"ငါလည်း ပြောဖို့ မရည်ရွယ်ပါဘူးကွာ၊ တိုက်ဆိုင်မှုတွေကြောင့် ဘယ်လိုမှ ထိန်းမထားနိုင်တော့ဘဲ ဖွင့်ပြောလိုက်မိတာ"

ကျွန်တော် သက်ပြင်းလေးချရင်း ညည်းညူမိသည်။ ဟိုနေ့တုန်းကတော့ စိတ်လိုက်မာန်ပါ ပြောခဲ့ဆိုခဲ့ပြီးပေမယ့် ခု သွေးအေးသွားချိန်မှာကျတော့ ကျွန်တော့်ဘာသာ မျက်နှာပူနေမိသည်။ မမနဲ့မျက်နှာချင်းမဆိုင်မိအောင် ရှောင်တိမ်းနေမိ၏။

"အဲဒီ ကိုမျိုးဆိုတဲ့လူရဲ့မျက်နှာကြီးကို တည့်တည့်ကြီး မြင်လိုက်ရတယ်ကွာ၊ ပြီးတော့ သူနဲ့မမက စည့်ခန်းထဲမှာထိုင်ပြီး ရယ်ရယ်မောမောစကားပြောနေကြတာ၊ တော်ရုံတန်ရုံ ဘယ်လိုလုပ်ဖော်ကိုင်ဖက်ကိုမှ မမက အိမ်ခေါ်တတ်တာ မဟုတ်ဘူး"

"အဲဒါနဲ့ပဲ မင်းက သဝန်တွေတိုပြီး သွေးပူပေါက်ကွဲမိတယ်ပေါ့ လက်မှာလည်း ဒဏ်ရာရသွားတယ်ပေါ့"

"အေး အဲဒီလိုပဲပေါ့ကွာ၊ မမကတော့ ငါ့ကို လုံးဝအပြတ်အသတ်ပဲကွ၊ ငါတော့ တကယ်ကြေကွဲရမှာနဲ့ တူပါတယ်ကွာ"

ကျွန်တော် နွမ်းလျစွာ ပြောမိသည်။ ကျွန်တော့်အဖြစ်က အဆင့်ဖက်ကနေ မဖြစ်နိုင်သည့် လူတစ်ယောက်ကိုမှ အသည်းအသန် သွားချစ်နေခဲ့မိတာ။

"မင်းအခြေအနေက ရွေးစရာလမ်းမရှိဘူး လူသစ်၊ မမ မင်းကို တကယ်စိတ်ဆိုးပြီး နှင်ချလိုက်ရင် မင်းဆင်းလာရုံပဲရှိတာ၊ အဲဒီအခါ မင်း





ဘယ်မှာနေမလဲ၊ ဘာလုပ်စားမလဲ၊ ပညာရေးကလည်း တစ်ပိုင်းတစ်စနဲ့ တကယ်တော့ မမ ပြောတာတွေလည်း ဟုတ်ပါတယ်ကွာ၊ ငါတို့က အသက်ကလည်းငယ်သေးတယ်၊ အနေနီးတော့ ကျားနဲ့မ သဘာဝအရ စိတ်ထဲမှာ ရွဲလမ်းနေမိတာ ဖြစ်မှာပါ"

ကျွန်တော့်ကို ဟန်မြတ်သူ တရားချရန်စည်းရုံးနေပါပြီ၊ တကယ်ဆို ကျွန်တော့်ကိုယ်ကျွန်တော် သတိမထားမိဘဲ ရှိနေခဲ့တာကို သူတို့ပဲ လာလာ ဆွကြတာ။

"မင်း ငါ့ကို တရားမချနဲ့ မြတ်သူ၊ လောလောဆယ်တော့ ငါ့စိတ်က ဒီစကားတွေ ကြားရုံလောက်နဲ့ မပြေဘူး။ ပြီးတော့ ငါ မမကို ဘယ်လို မြင်ပြီး အရင်ကပုံစံမျိုး မျက်နှာချင်းဆိုင်ရမှန်းကို မသိတော့ဘူးကွာ၊ ငါ တော်တော်စိတ်တွေညစ်နေပြီ"

တကယ့်ကို စိတ်ပျက်လက်ပျက်နှင့် ကျွန်တော် ပြောမိသည်။

"အေး ဒါနဲ့ ငါတို့ ထော်ဝရကို အိမ်မှာ သတင်းသွားမေးရင် ကောင်းမယ်နဲ့တူတယ်ကွ"

ဟန်မြတ်သူက စကားလမ်းကြောင်းကို ပြောင်းလဲလိုက်သည်။ ကျွန်တော်တို့နှင့်အတူ စာစုကျက်ဖို့ ပြောထားသည့်နေ့ကတည်းက ထော်ဝရကိုမတွေ့မိတော့၊ နှုတ်ဖြေနေ့မှာလည်း နေရာကျသည့် ဆေးရုံချင်းမတူသော ကြောင့် မတွေ့ဖြစ်။

ဟိုတစ်နေ့ကမှ မနေနိုင်မထိုင်နိုင်တော့စွာ မြတ်သူ ဖုန်းဆက်တော့ နေမကောင်းဖြစ်နေသည်တဲ့လေ။ သူမ ကျောင်းမလာတာ နှစ်ရက်ရှိပြီ။

www.burmeseclassic.com



"အင်းနော် ငါတို့ သွားမေးသင့်ပါတယ်"

ကျောင်းကအပြန် ကျွန်တော်တို့နှစ်ယောက် ထာဝရအိမ် ဝင်ကြ၏။ ထာဝရပုံစံက ဘုန်းဘုန်းလဲနေသည့် လူမမာတစ်ဦးလိုတော့ မဟုတ်ပေမယ့် မျက်နှာလေးက သိသိသာသာ ချောင်ကျနေသည်။

ကျွန်တော် သူမကိုကြည့်ရင်း အလိုလို စိတ်မကောင်းဖြစ်လာသည်။ တကယ်တမ်း ဟန်မြတ်သူ ပြောသည့်အတိုင်း ထာဝရသာ ကျွန်တော့်ကိုချစ်နေခဲ့ပါရင် ကျွန်တော် ခံစားရသည့်အတိုင်း သူမလည်း ခံစားနေရမှာပေါ့နော်။ ကိုယ်ချစ်တဲ့သူက ကိုယ့်ကိုပြန်မချစ်တဲ့ ခံရအခက်ဆုံးဝေဒနာလေ။

"နင်တို့ တကူးတက လိုက်လာတယ် ဟုတ်လား"

"နင် ဒီလောက် နေမကောင်းဖြစ်နေတယ်ဆိုပြီး ကျောင်းတောင်မလာတာ ငါတို့လိုက်လာရတော့တာပေါ့ဟ"

ဟန်မြတ်သူက ထာဝရရှေ့ရောက်ရင် အစဉ်သဖြင့် စကားများများပြောသူတစ်ယောက်ဖြစ်ဖြစ်သွားတဲ့ အကြောင်းရင်းကိုလည်း ကျွန်တော်သိခဲ့ရပြီးပြီပဲ။ တကယ်ဆို ကျွန်တော်တို့သူငယ်ချင်းသုံးယောက်က ကိုယ့်ကိုမချစ်တဲ့သူတွေကိုမှ ချစ်နေမိခဲ့ကြတာပါလား။

"မနက်ဖြန်တောင် ကျောင်းပြန်တက်မလို့ စဉ်းစားနေတာပါ"

"ငါ နင့်အတွက် ဒေတာတွေ မှတ်ထားပေးတယ်၊ နင်ပြန်ကြည့်ရလွယ်တာပေါ့"

ခုချိန်ထိ သူတို့နှစ်ယောက်ပဲ စကားကောင်းနေလျက် ကျွန်တော်





တို လုံးဝ အဖက်မလုပ်သေး။ ကျွန်တော်ကလည်း ဟန်မြတ်သူကို မနှောင့်ယှက်ချင်သောကြောင့် တိတ်တိတ်ဆိတ်ဆိတ်လေးပဲ ထိုင်နေမိသည်။

ထာဝရရဲ့မျက်ဝန်းလေးတွေ ကျွန်တော့်ဘက်သို့ တစ်ချက်တစ်ချက် ဝေ့ခနဲ ရောက်ရောက်လာတတ်တာ သတိထားမိပါရဲ့။

ကျွန်တော် မသိချင်ယောင်သာ ဆောင်ထားလိုက်ပါသည်။ လူဆိုသားကလည်း သူ့ဘာသာသူဆို အမှုမဲ့အမှတ်မဲ့ ဖြစ်နေသော အပြုအမူများအား တစ်စုံတစ်ယောက်က သတိပေးလိုက်သောအခါတွင် သေချာလိုက်ကြည့်နေမိတော့တာ မဟုတ်လား။

"ဩော် ညီလေးတို့နှစ်ယောက် ရောက်နေကြတာကိုး"

အပြင်မှ ပြန်လာပုံရသော ကိုအရှဏ်ဦးက ကျွန်တော်တို့နှစ်ယောက်ကို ပြုံးပြုံးရွှင်ရွှင်နှင့် လှမ်းနှုတ်ဆက်သည်။

"ထာဝရ နေမကောင်းဘူးဆိုလို့ လာသတင်းမေးတာပါ အစ်ကို"

"အလကားပါကွာ ဒီကောင်မလေး ကျောင်းပျင်းတိုင်း နေမကောင်းချင်ဘူးဆိုပြီး အကြောင်းပြတာ"

ဟိုတစ်ခါ ပါတီပွဲမှာတုန်းကလို အစ်ကိုဖြစ်သူအား ထာဝရ ကက်ကတ်လန်အောင် ပြန်ရန်မတွေ့တော့။ မျက်စောင်းလေးသာ လှမ်းထိုးသည်။

"မြတ်သူ ငါ့ကို နင်မှတ်ထားတာတွေ ပြဦးလေ၊ မနက်ဖြန်ကျောင်းပြန်တက်ရင် ငါနားလည်အောင်လို့"

"အိုကေ"

သူတို့နှစ်ယောက် စာကြည့်စားပွဲဆီထသွားပြီး ကျောင်းစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် အလုပ်များသွားတော့ ကျွန်တော်တစ်ယောက်တည်းလို ဖြစ်နေပြ
သည်။ အဝတ်အစားလဲပြီး အခန်းထဲမှ ပြန်ထွက်လာသော ကိုအရဲဇော်ဦးက
ကျွန်တော့်ဘေးလာထိုင်၏။

"ညီက ဒေါ်လရောင်ငြိမ်းချမ်းရဲ့မောင်လေးနော်"

မမကို သိနေပါလားလို့ ကျွန်တော် တစ်ချက်အံ့ဩသွားပေမယ့်
မမလိုလှပပြီး အောင်မြင်သည့် လုပ်ငန်းရှင်တစ်ယောက်ကို သိသူတွေ ပေါများ
တာ မဆန်းပါဘူးလို့ ချက်ချင်းပြန်တွေးလိုက်မိသည်။

"ဟုတ်ပါတယ် မမကို သိနေတာလား"

"သိတာပေါ့"

သူ ပြန်ဖြေလိုက်ပုံက နာမည်ကြီးဖူးရုံသက်သက် မဟုတ်ဘူး
ဆိုသည့် ပုံစံမျိုး။ ပိုင်ပိုင်နိုင်နိုင်။

"မောင်နှမနှစ်ယောက်က အသက်တော်တော်ကွာတယ်နော်"

"ဟုတ်ကဲ့"

"မိဘတွေက မရှိတော့တာ အတော်ကြာပြီလို့ အစ်ကို ကြား
တယ်"

"ဟုတ်ပါတယ် ဆုံးသွားတာ ကြာပါပြီ"

ဖြေနေရင်းတန်းလန်းနှင့် ကျွန်တော် နည်းနည်းလန့်လာသည်
ဖြစ်နိုင်ရင် နေရောင်ထွန်းလင်း အစစ်အမှန်နဲ့ပတ်သက်တဲ့ မေးခွန်းတွေ
ကျွန်တော်မဖြေချင်။ တစ်ခုခု လွဲချော်သွားခဲ့ရင် မမကို ထိခိုက်မှုတစ်ခု
ဖြစ်သွားမှာ စိုးရိမ်သည်။





"ကျွန်တော် သူတို့နဲ့ စာသွားလုပ်လိုက်ဦးမယ်နော် အစ်ကို"

စကားစကို အတင်းကြီးဖြတ်ချပစ်လိုက်မှန်း သိသာပေမယ့် မတတ်
နိုင်။ ကျွန်တော့်ကိုမေးခွန်းတွေ ဆက်မေးလာရင် ဖြစ်လာမယ့် တလွဲအရာ
တွေထက် စကားကို ဖြတ်ပစ်လိုက်တာက နည်းနည်းတော်သေးဦးမည်။

"ဂျဲကိုလည်း ခေါ်ဦးမှပေါ့၊ သူတို့နှစ်ယောက်တည်း စာတွေလုပ်
နေတယ်"

ခပ်တည်တည်နှင့် နှစ်ယောက်သားရှေ့မှာ ဝင်ထိုင်လိုက်ပြီး ဟန်
မြတ်သူ့ရှေ့မှ စာအုပ်ကို ဆွဲယူလိုက်သည်။

"ဟော့ရကောင် ခုနကတော့ စကားထိုင်ပြောနေပြီး ခုမှ အသည်း
အသန် လာဖြစ်နေတယ်"

မြတ်သူကို ဘာမှပြန်မပြောဖြစ်ဘဲ သွားလေးဖြဲ ရယ်ပြလိုက်မိ
သည်။ ကိုအရဲဇော်ဦး ထိုင်နေရာဆီ မသိမသာ ခိုးကြည့်မိတော့ ကျွန်တော့်ကို
တည့်တည့်စိုက်ကြည့်နေသော မျက်ရုံးများနှင့်ရင်ဆိုင်တိုး၏။ သူခိုးလူမိသွား
သလိုမို့ ကျွန်တော် ခပ်မြန်မြန်ပင် မျက်လွှာကိုချထားလိုက်သည်။

အဲဒီမျက်ဝန်းတွေက သိပ်စူးတာပဲ။ အဲဒီလို မျက်ဝန်းမျိုးတွေ
ကျွန်တော် သေသေချာချာ မြင်ဖူးပါသည်၊ ဘယ်မှာပါလိမ့်။

■ ■ ■

"ကိုမျိုးနဲ့ လက်ထပ်ဖို့ ကိုယ်ခေါင်းညိတ်အဖြေပေးလိုက်တယ်"

"ဗျာ"

ဘာယ်လိုမှ ထင်မထားသော စကား။



www.burmeseclassic.com

www.burmeseclassic.com



မမက အဲဒီလူကို လက်ထပ်ဖို့ ခေါင်းတောင်ညိတ်လိုက်ပြီတဲ့လား။ သိပ်မမြန်လွန်းဘူးလားဟင် မမ၊ စိတ်ထဲကသာ မေးမိခြင်းဖြစ်သည်။ အပြင်မှာကတော့ အံ့သြသွားရုံအပြင် ဘာမှမမေးဖြစ်။

ရင်ထဲမှာ ဘာမှမရှိတော့သလို လစ်ဟာနေ၏။ ဘာစကားမှ ဆက်ပြောချင်တော့သလို ဘာမှလည်း လုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘဲ အဝေးကြီးကိုသာ ငေးမောနေမိ၏။

"မင်းက သတို့သားအရံလုပ်ပေးရမယ်"

"ဘယ်လို မမ"

အဲဒါကတော့ မမ ရက်စက်လွန်းတာပါ။ တကယ့်ကို ရက်စက်လွန်းတာပါ။ ကျွန်တော့်နှလုံးသားကို ဓားထက်ထက်နဲ့ ထိုးချလိုက်တာပါ။

"လရောင်ငြိမ်းချမ်းရဲ့မွေးနေ့မှာ မောင်ဖြစ်တဲ့ နေရောင်က သတို့သားအရံလုပ်ပေးတယ်ဆိုတာ အဖြစ်သင့်ဆုံးပဲမဟုတ်လားကွယ်"

ဝရန်တာမှာထိုင်နေသော မမ မျက်နှာပေါ်သို့ ကောင်းကင်ထက်က လမင်းရဲ့အေးမြမှုအရိပ်တွေ ထင်ဟပ်နေသည်။ လရောင်ထဲမှာ တကယ့်ကို ငြိမ်းချမ်းနေသည့် မမ။

မငြိမ်းချမ်းနိုင်တာကတော့ ဒီက ကျွန်တော်သာပေါ့။

"အဲဒါကတော့ မမရယ်"

"မင်းငြင်းဖို့ မစဉ်းစားနဲ့နော်၊ မမအတွက် သတို့သားအရံလုပ်ပေးဖို့ကိစ္စမှာ မင်းလောက် သင့်တော်တဲ့သူမျိုး မမ ရှာမတွေ့ဘူး"

"ကျွန်တော့်ကို တမင်နှိပ်စက်တာလားဟင် မမ"





"ဘာဖြစ်လို့ အဲဒီလိုတွေ တွေးနေတာလဲ၊ ကိုယ့်အစ်မ မင်္ဂလာဆောင်မှာ ကိုယ်က သတို့သားအရံလုပ်ပေးခွင့် ရတယ်၊ ဒါ ဝမ်းသာစရာပဲလေ"

"ဟင့်အင်း ကျွန်တော် ဝမ်းမသာနိုင်ဘူး"

ဒီတစ်ခါတော့ ကျွန်တော် ယတိပြတ်ငြင်းဆန်ဖို့ စိတ်ပိုင်းဖြတ်လိုက်မိပါပြီ။ မမက တခြားယောကျ်ားတစ်ယောက်ကို လက်ထပ်မယ်ဆိုတဲ့ အချက်တစ်ခုတည်းနဲ့တင် ကျွန်တော့်မှာရှိတဲ့ နှလုံးသားလေးတစ်ခုလုံး ထက်တက်ကွဲသွားခဲ့ရပြီ။ ဒါကိုတောင် မညှာမတာ သတို့သားအရံ လုပ်ရညီလို့ မမဗို ထပ်ပြောရက်၏။

"မင်းလုပ်ရလိမ့်မယ် မောင်လေး၊ မင်းအတွက် ဝတ်စုံအတိုင်းကိုတောင် မမ ဒီဇိုင်နာဆီမှာ အပ်ထားခဲ့ပြီ"

"ဒီကိစ္စမှာတော့ ကျွန်တော့်ကို အတင်းအကျပ် မလုပ်ပါနဲ့ မမ၊ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်"

ကျွန်တော့်အသံကို မမကြားအောင် မနည်းညှစ်ထုတ်ပြီး ပြောနေရသည်။ အသံတွေက လည်ချောင်းထဲမှာတင် နစ်ဝင်ပျောက်ဆုံးနေတာလေ။

"ဘာလို့ တောင်းပန်နေတာလဲ၊ မမရဲ့မောင်လေးတစ်ယောက်အနေနဲ့"

"တော်တော့ မမ၊ ဆက်မပြောပါနဲ့တော့၊ တကယ်ဆို ကျွန်တော်ဟာ မမရဲ့မောင်လေး နေရောင်ထွန်းလင်းအစစ်အမှန်လည်း မဟုတ်ပါဘူး။ မမကိုချစ်နေတဲ့ လူသစ်ပါဗျ၊ ဟိုးဆင်ခြေဖုံးရပ်ကွက်လေးထဲက ဈေးရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ လက်ဖက်ရည်ဆိုင်စားပွဲထိုးဖူးတဲ့ ဘာမှမဟုတ်တဲ့ ဆင်းရဲသားလေး တစ်ယောက်ပါ''

''မင်းဘာလို့ ဒါတွေလာပြောနေတာလဲ''

''ကျွန်တော် သည်းမခံနိုင်တော့ဘူး မမရဲ့၊ မမက အေးအေးဆေး ဆေးလေးပဲ တခြားယောက်ျားတစ်ယောက်ကို လက်ထပ်သွားနိုင်ပေမယ့် ကျွန်တော်ကတော့ အဲဒီလို မနေနိုင်ဘူး။ ကျွန်တော်ချစ်တဲ့မိန်းမတစ်ယောက် ရဲ့မင်္ဂလာဆောင်မှာ သတို့သားအရံအဖြစ်တော့ သေတောင်လုပ်မပေးနိုင်ဘူး မမ''

''မင်းတကယ်ပြောနေတာလား မောင်လေး''

''မခေါ်နဲ့၊ ကျွန်တော့်ကို မောင်လေးလို့ မခေါ်နဲ့၊ ကျွန်တော် ခင်ဗျားရဲ့မောင်လေး မဟုတ်ဘူး''

ထင်မှတ်မထားသည့် ထိုးနက်မှုမှာ ကျွန်တော့်ထိန်းသိမ်းနိုင်စွမ်း တွေ လုံးဝကုန်ဆုံးသွားခဲ့သည်။ သူမကို အပြီးအပိုင် ဆုံးရှုံးရဖို့ သေချာသွား သည့် အခမ်းအနားတစ်ခုမှာ ကျွန်တော်က အားပေးအားမြှောက်အနေနဲ့ ဘယ်လိုမှ ပါဝင်မဆင်နွှဲနိုင်မှာ ကျိန်းသေ၏။

''စကားကို ယဉ်ယဉ်ကျေးကျေး ပြောစမ်း နေရောင်''

''မခေါ်နဲ့ ကျွန်တော့်ကို မောင်လေးလို့မခေါ်နဲ့၊ ကျွန်တော် ခင်ဗျား ရဲ့မောင်လေး မဟုတ်ဘူး''

ထင်မှတ်မထားသည့်ထိုးနက်မှုမှာ ကျွန်တော့်ထိန်းသိမ်းနိုင်စွမ်းတွေ လုံးဝကုန်ဆုံးသွားခဲ့သည်။ သူမကို အပြီးအပိုင် ဆုံးရှုံးရဖို့ သေချာသွားသည့်





အခမ်းအနားတစ်ခုမှာ ကျွန်တော်က အားပေးအားမြှောက်အနေနဲ့ ဘယ်လိုမှ ပါဝင်မဆင်နွှဲနိုင်မှာ ကျိန်းသေ၏။

''စကားကို ယဉ်ယဉ်ကျေးကျေး ပြောစမ်း နေရောင်''

''နေရောင် မဟုတ်ဘူး၊ လူသစ် ဗျ၊ မမကိုယ်တိုင် မမရဲ့မောင်လေး အဖြစ် ဟန်ဆောင်ပေးဖို့ ကမ်းလှမ်းခဲ့တဲ့လူသစ်၊ အဲဒီ လူသစ်က ခုချိန်မှာ မမကိုချစ်နေတာ၊ မမကို ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိကြောင့် ဘာကိုမှ မမြင်နိုင်တော့လောက်အောင်ပဲဗျ''

''မိုက်ရူးရဲဆန်ချင်စမ်းပါနဲ့ကွာ၊ မင်းကို မဖြစ်နိုင်တဲ့အရာတစ်ခုကို ရှေ့မဆက်ဖို့ ကိုယ်ပြောခဲ့ဖူးပါတယ်''

''အချစ်ဆိုတာကြီးက မမ ပြောလိုက်တိုင်း မချစ်နဲ့ဟဲ့ မဖြစ်နိုင်ဘူး လို့ နားချတိုင်း လိုက်နာဖို့အဆင်သင့်ဖြစ်နေတတ်တဲ့ အရာမဟုတ်ဘူးလေ၊ ကျွန်တော့်နှလုံးသားကို ကျွန်တော် မချုပ်နှောင်ထားချင်ပေမယ့်လည်း အထတ်နိုင်ဆုံးတော့ ကျွန်တော် ထိန်းသိမ်းခဲ့ပါတယ်''

''အဲဒီအတွက် ကျေးဇူးတင်တယ်၊ ဒါပေမဲ့ သတို့သားအရံမလုပ် ချင်ဘူးဆိုတဲ့ မင်းရဲ့တောင်းဆိုမှုကိုတော့ ကိုယ် မလိုက်လျောနိုင်ဘူး ဟုတ်ပြီ လား''

ထိုင်ရာကနေ မမ ထထွက်သွားသည်။ ကျွန်တော် မမလက်လေး တစ်ဖက်ကို လှမ်းဆွဲထားလိုက်၏။ ရင်ခွင်ထဲကို အလိုက်သင့်လေး ပြေးကျ လာသော မမကို ကျွန်တော် ဖမ်းထိန်းထားလိုက်၏။ ခုလောက်ထိ မမ မျက်နှာကို အနီးကပ်မမြင်ခဲ့ဖူးဘူး။ ရင်ထဲက နှလုံးခုန်သံတွေ ဗလောင်ဆူနေ



www.burmeseclassic.com

www.burmeseclassic.com



သလို ခံစားရသည်။ မမ မျက်နှာလေးက ကျွန်တော်နဲ့နှစ်လက်မလောက်ပဲ ကွာတော့တဲ့အနေအထားမှာ။

ကျွန်တော့်ရင်ခုန်သံတွေ တဒိန်းဒိန်း မြန်ဆန်လာပြီး

"မင်း ငါ့ကို မိုက်ရိုင်းလှချည်လား လူသစ်"

ကျွန်တော့်လက်များထဲကနေ အတင်းရုန်းထွက်ပြီး လက်ဝါးတစ် ဖက်ကလည်း ကျွန်တော့်မျက်နှာပေါ်သို့ ဖြောင်းခနဲ ရောက်ရှိလာသည်။ နောက်တော့ ကျွန်တော့်ရှေ့ကနေ အပြေးကလေး ထွက်သွား၏။

ဝရန်တာမှာ ကျွန်တော်တစ်ယောက်တည်း ကျောက်ရုပ်တစ်ရုပ်လို

မမရဲ့နှုတ်ခမ်းလေးတွေက ဘာလို့ နွေးထွေးနေခဲ့တာလဲ။ ကျွန် တော့်ကိုမချစ်တဲ့ မိန်းမတစ်ယောက်ရဲ့နှုတ်ခမ်းတွေက တကယ်ဆိုရင် အေးစက်နေခဲ့သင့်တယ်။ ခုတော့ ဘာလို့များ နွေးထွေးချိုမြနေရတာလဲ ပါးပြင်တစ်ဖက်က နာကျင်မှုကိုတောင် သတိမထားမိနိုင်လောက်အောင် ချိုမြိန်သည့်အရာ။

အနမ်းဆိုတာ လောကကြီးမှာ သွားပိုးမစားသည့် အချိုမြိန်ဆုံး အရသာဖြစ်မှန်း ဘဝမှာ ပထမဆုံး သိလိုက်ရချိန်။

အဲဒီ အချိန်ဟာလည်း ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို တခြား ယောကျ်ားတစ်ယောက်ဆီမှာ အပြီးအပိုင် ဆုံးရှုံးလိုက်ရတော့မည့်အချိန်

ကျွန်တော့်လောက် ကံဆိုးတဲ့ကောင် ရှိဦးမယ်တောင် မထင်ပါဘူး

■ ■ ■



အခန်း (၈)

ဒီရက်ပိုင်း ကျွန်တော် ကျောင်းမသွား။ အခန်းပြင်လည်း မထွက်။ ... ဖြစ်ခဲ့တယ်ဆိုရင်တောင် မမ အလုပ်သွားသည့် အချိန်များတွင်သာ။

မင်္ဂလာပွဲစဖို့ နောက်ထပ်တစ်ပတ်သာ လိုတော့သည်။ တစ်သက် လုံး တစ်ယောက်တည်းနေလာခဲ့ပြီးမှ ခုလို ဖြုန်းစားကြီး ယောကျ်ားကောက် ယူလိုက်ရသည့် အကြောင်းရင်းဟာ ကျွန်တော့်ကြောင့်များလားလို့ တွေးမိ ... တော့ ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိ၏။

ကျွန်တော့်ခံစားချက်တွေကိုသာ နှုတ်ဆိတ်နေခဲ့မိရင် ခုလိုမျိုး ... ချက်ချင်းကြီး မင်္ဂလာဆောင်ဖြစ်မှာ မဟုတ်လောက်ဘူးလို့ တွေးမိတော့ စိတ်ဓာတ်တွေက ပိုကျလာသည်။ တစ်ရက်ထက်တစ်ရက် အစာစားချင်စိတ် ... ည်း မရှိ။ မြတ်သူတို့ ထာဝရတို့ ဖုန်းဆက်ရင်တောင် ကျွန်တော် မကိုင် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လုပ်ဖြစ်ခဲ့တာဆိုလို့ မငယ်ကနေတစ်ဆင့် မမရဲ့မင်္ဂလာဆောင်မှာ ကျွန်တော် သတို့သားအရံလုပ်ပေးပါ့မယ်ဆိုတဲ့ သတင်းစကားကို မမဆီ ပို့နိုင်ခဲ့တာတစ်ခုပဲ။ မထူးတော့ဘူးလေ ကျွန်တော်ချစ်တဲ့မိန်းမတစ်ယောက်ရဲ့ မညှာမတာရက်ရက်စက်စက် တောင်းဆိုမှုကို ကျွန်တော်ကလည်း လိုက်လျောပေးရတော့မှာပေါ့။

သူမတောင် တောင်းဆိုလျက်ရင် ချစ်နေမိတဲ့ ကျွန်တော်က မလိုက်လျောပေးနိုင်စရာ အကြောင်းမရှိ။

တစ်ရက်။

မမ အလုပ်သွားနေတုန်း ဧည့်သည်ရောက်နေတယ်ဆိုပြီး မငယ်လာပြောတော့ ကျွန်တော် မဆင်းချင်ဆင်းချင်နှင့်ပင် ဆင်းလာခဲ့ရသည်။ ဧည့်ခန်းမှာ ထိုင်နေခဲ့တာ ကျွန်တော် မထင်မှတ်ထားသည့်သူ။

ထာဝရရဲ့အစ်ကို ကိုအရှဏ်ဦး။ သူက မမဆီကို လာတာလား မမနဲ့သူကရော လုပ်ငန်းပါတနာတွေပဲလား။ ဟိုတလောတုန်းကလည်း ကျွန်တော်တို့အကြောင်းတွေ သူ မေးနေသေးသည်လေ။

"အစ်ကို ဘယ်လိုရောက်လာတာလဲဗျ။ မမဆီ လာတာလား"

"မဟုတ်ပါဘူးကွ၊ ကိုယ် မင်းဆီလာတာပါ"

"ဗျာ ကျွန်တော့်ဆီလာတာ ဟုတ်လား"

"ဟုတ်တယ် ညီလေးဆီကိုပဲ တမင်သက်သက် ရောက်လာတာကိုယ် ညီလေးကို ပြောပြစရာတွေ ရှိတယ် လူသစ်"

ကျွန်တော် ဘာမှမပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသား [illegible]



သွားသည်။ ကျောက်ရုပ်တစ်ရုပ်လို အတောင့်လိုက်ကြီး။

"သိပ်လည်း အံ့ဩမနေပါနဲ့၊ ကိုယ်က မင်းအကြောင်းတွေကို ဘာမှမသိခင်တည်းက မင်းနာမည်ကို ကြားကြားချင်းမှာပဲ နေရောင်ထွန်းလင်း အစစ်မဟုတ်ဘူးဆိုတာကို သိလိုက်တာ"

"ဗျာ"

ဘယ်လိုလူလဲ၊ ကျွန်တော်က အယောင်ဆောင်ထားသူဆိုတာကို သူက ကျွန်တော့်နာမည်ကြားတည်းက သိတယ်ဆိုပါလား။

"ကျွန်တော့်နာမည်ကို ကြားကတည်းက အစစ်မဟုတ်ဘူးဆိုတာ သိတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ထွန်းလင်း အစစ်က ဘယ်သူဆိုတာ ကိုယ် သိနေလို့ပဲ"

ကျွန်တော် အသက်ရှူပင် အောင့်ထားလိုက်မိသည်။ နေရောင်ထွန်းလင်းအစစ်အမှန်ဟာ ကျွန်တော်တို့အနီးအနား ပတ်ဝန်းကျင်မှာပဲ ရှိနေခဲ့တာလား။

"သူ သူက ဘယ်မှာလဲ အစ်ကို"

သိချင်စိတ်တွေဖြင့် ကျွန်တော့်အသံတွေ ထစ်ငေါ့နေသည်။

"အခု ညီလေးရှေ့တည့်တည့်မှာ ထိုင်နေတဲ့သူက နေရောင်ထွန်းလင်းအစစ်အမှန်ပဲလို့ပေါ့"

"ဗျာ အစ်ကို"

ကျွန်တော် နားမလည်နိုင်တော့။ ဘာတွေက ဘယ်လိုတွေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကုန်ခဲ့တာလဲ။ ကိုအရှက်ဦးက ဘယ်လိုဖြစ်လို့ နေရောင်တွန်းလင်း အစစ်အမှန်ဖြစ်နေခဲ့တာလဲ။

"ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့ဘူး အစ်ကို"

"အစ်ကို ရှင်းပြချင်လို့ကို ညီလေးဆီ လာခဲ့တာပါ"

ကျွန်တော်သိချင်နေသည့် အကြောင်းအရာမျိုး နားထောင်ရမှာတောင် စိတ်တွေအဆမတန် လှုပ်ရှားနေမိသည်။

"ကိုယ်ဆယ်ကျော်သက်အရွယ်မှာ ကောင်မလေးတစ်ယောက်နဲ့ လူငယ်သဘာဝ ရည်းစားတွေ ဖြစ်ခဲ့တယ်၊ အချစ်ဆိုတာလည်း ဘာမှန်း မသိပါဘူး။ ကျောင်းမှာ တစ်ယောက်ကိုတစ်ယောက် မြင်တွေ့ပါများလာတော့ ရင်ခုန်တယ်၊ ချစ်သူတွေဖြစ်သွားခဲ့တယ်ဆိုတဲ့ အနေအထား။ ဒါကို မေ သိသွားပြီး ကိုယ့်ကိုဆူပူတော့တာပဲ၊ မမရဲ့စကားတွေကို ကိုယ်နားမထောင် ခဲ့ဘူး။ အဲဒီမိန်းကလေးနဲ့ ဆက်တွဲဖြစ်ခဲ့တယ်၊ ကလေးသာသာဆိုတော့ လည်း မှန့်အတူတူစား ကျောင်းအတူတူသွားဆိုတာထက် မပိုခဲ့ပါဘူး။ ဒါကို မမက ကျောင်းထိလိုက်လာပြီး အဲဒီမိန်းကလေးကို အရှက်ခွဲခဲ့တာလေ ကျောင်းအုပ်ကြီးရုံးခန်းထိ သူရောကိုယ်ပါ ရောက်သွားပြီး သူ့မိဘတွေဆီ ခံဝန်လက်မှတ်တွေ ထိုးရတော့တာပေါ့"

"မမက အဲဒီလို လုပ်ခဲ့တာ ဟုတ်လား"

ကျွန်တော် တအံ့တဩ မေးမိသည်။

"မမက မင်းထင်တာထက် အများကြီး ပိုပြတ်သားတယ် သူ့ စကားကို နားမထောင်ရင်ပေါ့၊ ကိုယ်ကလည်း အရှက်တကွဲဖြစ်ရတာဆိုတော့





အိမ်ပြန်ရောက်တာနဲ့ မမကို သောင်းကျန်းတော့တာလေ၊ အဲဒီမှာ ကိုယ်တို့ နှစ်ယောက် အချေအတင်တွေ ဖြစ်ကြပြီး မမက ကိုယ့်ကို အိမ်ပေါ်ဆင်းသွား နိုင်းခဲ့တယ်၊ ကိုယ်ကလည်း အဲဒီအရွယ်မှာဆိုတော့ ဘာမှလည်း မတွေးမိ ဘူးလေ၊ ဒေါသက အရင်ကို၊ ဆင်းဆိုတော့ ဆင်းတာပေါ့၊ အဲဒီကနေမှ ကိုယ် နယ်ဘက်သွားတယ်၊ ကျရာလုပ်တယ်၊ ပွဲရုံတစ်ခုမှာ အလုပ်ဝင်လုပ် ရင်းနဲ့ ကိုယ့်ကိုသဘောကျလို့ဆိုပြီး ထာဝရရဲ့မိဘတွေက မွေးစားခဲ့ကြတာ၊ သမီးလေးတစ်ယောက်တည်းရှိလို့ သားလိုချင်နေခဲ့တာဆိုပြီး တကယ့်ကိုပဲ သွေးသားအရင်းနဲ့မခြား ဆက်ဆံခဲ့ပေးတာ"

"ဒါဆို ထာဝရကရော ဒီအကြောင်းတွေ သိလား"

ကျွန်တော့်မှာ အံ့ဩပြီးရင်း အံ့ဩလို့မဆုံးတော့။

"ကိုယ့်ကို မွေးစားထားတယ်ဆိုတာကတော့ အရင်တည်းက သိတာပေါ့၊ ဒါပေမဲ့ မင်းနဲ့ကိုယ့်ကို သူ ဆက်စပ်ပြီး သိသွားခဲ့တာကတော့ မင်းကိုယ်တိုင်ကြောင့်ပဲကွ"

"ဘယ်လို အစ်ကို ကျွန်တော်က အယောင်ဆောင်ဆိုတဲ့အကြောင်း ကို ထာဝရလည်းသိတယ် ဟုတ်လား။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကြောင့် ဟုတ်လား"

"ဟုတ်တယ် တစ်ရက် မင်းအိမ်မှာ စာသွားကျက်မယ်ဆိုပြီး ညီမလေး ထွက်သွားတယ်၊ ဒါပေမဲ့ သိပ်မကြာပါဘူး ငိုကြီးချက်မနဲ့ ပြန် ရောက်လာခဲ့တာ၊ အိမ်မှာမိဘတွေလည်း မရှိတဲ့အချိန်၊ ကိုယ် အံ့ဩသွား သွားတယ်၊ ဘာများဖြစ်လာတာလဲဆိုပြီး နောက်တော့မှ မင်းနဲ့တန်မြတ်သူနဲ့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မင်းအခန်းထဲမှာ ပြောနေကြတာတွေကို သူ ကြားလာခဲ့တာတဲ့လေ၊ မင်းတို့ကတော့ အခန်းပြင်မှာ သူ ရောက်နေမှန်းမသိဘဲ ပြောနေကြတာတဲ့၊ မင်းနဲ့မမက မောင်နှမအရင်းမဟုတ်ဘူးဆိုတာရော မင်းက မမကို''

စကားကို ဆက်မပြောတော့ဘဲ ကိုအရှုတ်ဦးက တစ်ဝက်တစ်ပျက်မှာတင် ရပ်ထားသည်။ ကျွန်တော်လည်း မျက်နှာပျက်ခနဲ ဖြစ်သွား၏။ သူဘာဆက်ပြောမယ်ဆိုတာကို ကိုယ်ကိုယ်တိုင်က ကောင်းကောင်းသိနေပြီကိုး။

''ကဲ ထားပါတော့ကွာ၊ ကိုယ် အဓိကပြောချင်တာက မင်းတို့ပြောနေတာတွေအားလုံး သူ ကြားသွားတယ်၊ ညီမလေးက မင်းကို သံယောဇဉ်ပိုနေတဲ့သူဆိုတော့ သူ ငိုယိုပြီး ကိုယ့်ကိုဖွင့်ပြောတယ်၊ အဲဒီတော့မှ မင်းနဲ့မမရဲ့ခံစားချက်တွေကို ကိုယ်နားလည်လိုက်တာ''

''ကျွန်တော်နဲ့မမရဲ့ခံစားချက် ဟုတ်လား''

''ဟုတ်တယ် ညီလေးကို ကိုယ်တစ်ခုထပ်ဝန်ခံချင်တာက မမနဲ့ကိုယ်တို့ တွေ့ပြီးခဲ့ကြပြီ''

''ဗျာ''

ဒါ ဒါကြီးကတော့ ဘယ်လိုမှမဖြစ်နိုင်တာကြီး။ မမက တကယ့်မောင်လေးအရင်းကို ပြန်တွေ့ပြီဆိုရင် ကျွန်တော့်ကို ဘာဖြစ်လို့ အနားမှာ ထပ်ခေါ်ထားနေဦးမှာလဲ။ ကျွန်တော့်ကို လွတ်လပ်စွာ ထွက်ခွာသွားခွင့် ပေးလိုက်သင့်ပြီ မဟုတ်လား။

ဘာသဘောလဲ မမရယ်။





''ကိုယ်က စပြီးဆက်သွယ်ခဲ့တာပါ၊ နိုင်ငံခြားက ပြန်ရောက်ရောက်ချင်းပါပဲ၊ ပါတီပွဲမှာ မင်းကိုမြင်လိုက်ရပြီး နောက်တစ်နေ့မှာပေါ့၊ တကယ်ဆို ကိုယ်ကိုယ်တိုင်လည်း အံ့ဩခဲ့တယ်၊ မင်းကိုဘာဖြစ်လို့ ဒီကိစ္စ လျှို့ဝှက်ထားနိုင် မမ တောင်းဆိုခဲ့တယ်ဆိုတာ''

''မမက တောင်းဆိုတယ်''

ကျွန်တော့်မှာ တကယ့်ကို လျှို့ဝှက်သည်းဖို ဖြစ်နေ၏။

''ဟုတ်တယ် တကယ်တော့ မမကိုယ်တိုင်လည်း မင်းကို သူ့အနားမှာ ဆက်ရှိနေစေချင်တာလေ၊ မင်းထွက်သွားမှာကို သူ မလိုလားဘူး၊ ဒါပေမဲ့ မင်းအချစ်ကို လက်ခံဖို့ကျပြန်တော့လည်း သူ့အသက်အရွယ်အရ သူ့သိက္ခာအရ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအရ ဘယ်လိုမှ မသင့်တော်ပြန်ဘူးလေ၊ ဒါကြောင့် ကိုမျိုးနဲ့လက်ထပ်ဖို့ကိုလည်း အမြန်ဆုံး ခေါ်ညိတ်လိုက်တာလို့ ကိုယ်ထင်မိတယ်''

''မမရယ်''

ကျွန်တော် မမကို တကယ်ပဲ နားမလည်နိုင်တော့ဘူးဗျာ။

''အစ်ကိုကရော ဘာဖြစ်လို့ ကျွန်တော့်ကို ဒါတွေ အခုကျမှ အရှင်းပြနေတာလဲ''

''ရှင်းရှင်းလေးပါကွာ၊ ကိုယ်ကိုယ်တိုင်က မမကို သူ တကယ်မချစ်တဲ့ယောကျ်ားတစ်ယောက်နဲ့ လက်မထပ်စေချင်လို့ပေါ့၊ ပြီးတော့ မင်းသိအောင်ပြောပြဦးမယ်၊ အထင်လွဲနေမှာစိုးလို့ ရှင်းပြတယ်လို့ သဘောထားလည်း ဆိုတယ်၊ မမ ညဘက်တွေအပြင်ထွက်များတာ မင်းထင်နေသလို ကိုမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ကိုယ်နဲ့လာတွေ့ဖြစ်နေတာ''

ခုတော့ ဇာတ်လမ်းအားလုံးကို ကျွန်တော် သဘောပေါက်ရှင်းလင်းသွားပါပြီ။ ဒါပေမဲ့ မမကိုတော့ ကျွန်တော် ဘာမှမသိသေးသလိုပဲ ဆက်ဟန်ဆောင်နေရမည်။ ဒါမှ နေရောင်တွန်းလင်း အစစ်နဲ့ နေရောင်တွန်းလင်း အတုတို့ ပေါင်းကြမည့် ဇာတ်လမ်းကြီး အထမြောက်မှာလေ။

■ ■ ■

''ဟယ်လို မမလား''

''အင်း ပြော နေရောင်''

မမအသံက ပုံမှန်သာ။ ကိုနေရောင်ကတော့ စိတ်လှုပ်ရှားနေသည့် ပုံစံမျိုးဖမ်းကာ အမောတကော လေသံလေးနှင့် ဆက်ပြောသည်။

''လူသစ်ကို လုံးဝရှာမတွေ့တော့ဘူး မမ၊ စာတစ်စောင်ပဲ တွေ့တယ်''

''ဘာ ဘယ်လို''

ခုမှ အံ့ဩထိတ်လန့်သွားသလို ရေရွတ်လိုက်သည့် မမအသံက စိတ်လှုပ်ရှားမှု အပြည့်။ စပီကာ ဖွင့်ထားသောကြောင့် ကိုအရက်ဦးဘောနား ထိုင်နေသော ကျွန်တော်ကိုယ်တိုင် အားလုံးကြားနေရသည်။

''ဟုတ်တယ် သူ စာတစ်စောင်ပဲ ထားသွားတယ်၊ ထွက်သွားပြီတဲ့၊ မမနဲ့ ဘယ်တော့မှပြန်မဆုံနိုင်မယ့် နေရာကို သူ အပြီးထွက်သွားပြီတဲ့၊ ချစ်တဲ့သူကို မပိုင်ဆိုင်နိုင်မှတော့ အရှင်လတ်လတ် အသည်းကွဲရတာထက် သေသွားတာကမှ ပိုကောင်းသေးတယ် တဲ့လေ''





တိုင်ပင်ထားသည့်အတိုင်း တစ်သဝေမတိမ်း ကိုနေရောင် ပြောသည်။ တစ်ဖက်မှ ငြိမ်ကျသွား၏။ တကယ်ဆို နောက်ထပ်မိနစ်အနည်းငယ်အတွင်းမှာ မမနဲ့ကိုမျိုးမင်းတို့ရဲ့မင်္ဂလာပွဲကြီး စတော့မှာ။ မမကိုယ်တိုင်အခု လတ်တလော မင်္ဂလာပွဲကျင်းပမည့် ဟိုတယ်ရဲ့ အလှပြင်ခန်းထဲမှာ ရှိနေမှာ။

''မဟုတ်သေးပါဘူး။ ဒီကောင်လေး ဘယ်လိုတွေ ရေးထားတာလဲ စာကို''

အရေးထဲမှ မမက ကိုနေရောင် မြင်လိုက်သည့်စာထဲမှာ ကျွန်တော်က မမကိုချစ်ကြောင်း ပြောသည့်စာသားတွေပါနေသည့်အတွက် စောဒကတက်ချင်နေပုံရသေးသည်။

''လိုက်ရှာကြည့်လေ၊ သူ ဘယ်တွေသွားမလဲမသိဘူး ဒါမှမဟုတ် ဟုတ်တာ တစ်ခုခုလုပ်လိုက်ရင်''

''အနီးအနားတွေတော့ ကျွန်တော် ရှာကြည့်ပြီးပြီ မမ၊ မတွေ့ဘူး။ ပြီးတော့ သူက အဝတ်အစား အသုံးအဆောင် ဘာဆိုဘာမှ မယူသွားဘူး ဒီအတိုင်း တစ်ကိုယ်တည်း ထွက်သွားတာ''

''ဟင် ဒါ ဒါဆို သူ တစ်ခုခုလုပ်မလို့နဲ့တူတယ်၊ မဖြစ်သေးပါဘူး အချိန်တွေ မမက ဒီမှာ ပွဲချိန်တအားကပ်နေပြီ''

မမ ဝေခွဲမရဖြစ်နေသည့်ပုံ။ ကျွန်တော် ဘေးကနေ မမဖြစ်နေတဲ့ အသံလေးကို နားထောင်ပြီး သနားလည်းသနားမိ၊ ပိုလို့လည်း ချစ်မိသည်။ ကျွန်တော့်ကို ချစ်နေရဲ့သားနဲ့ မမရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ လူတစ်ယောက်ရဲ့အသက်နော် မမ။ ကျွန်တော်တို့ ဘာဆက် လုပ်ကြမလဲ၊ ဒီကောင်လေးကြည့်ရတာလည်း မိုက်ရူးရဲဆန်မယ့်ပုံလေး"

"ဟုတ်တယ် အဲဒီကလေးက သိပ်မိုက်မိုက်ကန်းကန်းတွေ လုပ်တတ်တာ"

ကျွန်တော် နှစ်လိုစွာ ပြုံးလိုက်မိသည်။ မမရယ် ကျွန်တော် မမကို ချစ်လိုက်တာ။

မမ ဖုန်းချသွားသည်။ ကျွန်တော်တို့နှစ်ယောက် လက်ဝါးချင်း ရိုက်လိုက်ကြ၏။ မျက်နှာထားတွေက အောင်မြင်သူများလို ပြုံးလို့။

"ကျွန်တော်တို့ ထင်သလို ဖြစ်မလာဘဲ မမက မင်္ဂလာပွဲကိုဆက် လုပ်ခဲ့ရင်ရော"

"ကိုယ့်ခစ်မအကြောင်း ကိုယ် သိပါတယ်ကွာ၊ ပြတ်သားတဲ့နေရာ မှာ ပြတ်သားသလောက် နွေးထွေးတတ်ပြီဆိုရင်လည်း နှစ်ယောက်မရှိပါဘူး ကွ"

ကိုနေရောင်ပြောတာ တကယ်မှန်ကန်ကြောင်း သိပ်မကြာခင်မှာ ပဲ ကျွန်တော်တို့ သိခွင့်ရလိုက်၏။

ဟိုတယ်ရဲ့မျက်နှာချင်းဆိုင်မှ ကန်ပေါင်မှာထိုင်ရင်း မမဆီကို ဖုန်း ဆက်ခဲ့ကြတာဆိုတော့ ဒီနေရာလေးကနေ လှမ်းကြည့်ရင် ဟိုတယ်အဝင်ဝ ကို လှမ်းမြင်နေရသည်။

ကြီးကျယ်ခမ်းနားသည့် ဟိုတယ်ကြီးထဲကနေ ဂါဝန်ဖြူကျော့ကျော့ လေးဖြင့် မမ အပြေးထွက်လာ၏။ လက်ထဲမှာ ကိုင်လာသော ပန်းစည်းလေး





လည်း လမ်းတစ်ဝက်မှာတင် လွှတ်ကျကျန်ခဲ့သည်။ ကျွန်တော်တို့ အစီအစဉ် ကို ချတ်ချင်းပင် အကောင်အထည် ဖော်ရတော့၏။

"ဟာ ဒီမှာ လူတစ်ယောက် ရေထဲခုန်ချသွားလို့ လုပ်ကြပါဦးဗျို့"

"လာကြပါဦးဗျာ၊ ဒီမှာ လူတစ်ယောက် ရေနစ်နေပြီ"

ကျွန်တော်တို့နှစ်ယောက်က အော်လိုက်တော့ အနီးအပါးက လူတွေ တစ်ယောက်စနှစ်ယောက်စကပါ ဝိုင်းအော်ကြသည်။ တကယ် ထမ်းကတော့ ကျွန်တော်တို့ ကြိုတင်ငှားရမ်းထားသူများသာ ဖြစ်၏။ မမ ကြားချေး အော်ကြမှာ။ နွေနေ့လယ်ခင်းပူပူလောင်လောင်အချိန်မို့ ကန်ပေါင် မှာ လူရှင်းနေခြင်းကလည်း ကျွန်တော်တို့လုပ်ကြံဇာတ်လမ်းကို ပိုလို့အထ မြောက်စေခဲ့သည်။

ကိုနေရောင်က မမထံ ဖုန်းထပ်ခေါ်လိုက်၏။

"မမရေ ကျွန်တော် လူသစ်ကို တွေ့ပြီဗျ"

"ဟင် ဟုတ်လား ဘယ်မှာလဲ၊ ဘယ်မှာတွေ့တာလဲ"

ကိုနေရောင်က ဖုန်းလေးကိုအော်တစ်နေသည့်လူတွေဘက် ထိုး ပေးသည်။ မမ ကြားလောက်တော့မှ

"ကျွန်တော်ဟိုတယ်ကို လိုက်လာနေတုန်း ဒီမှာ လူတစ်ယောက် ရေထဲခုန်ချသွားတယ်ဆိုလို့ စိုးရိမ်စိတ်နဲ့ ဝင်ကြည့်တာ၊ စာလေးတစ်စောင် တွေ့တယ်ဗျ။ အဲဒီမှာ ရေးထားတာ မမကို အပြီးတိုင် နှုတ်ဆက်ခဲ့ပါတယ် လူသစ်ဆို"

ကိုနေရောင့်စကားမဆုံးခင်မှာဘဲ မမ လက်ထဲကဖုန်းလေး လွတ်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားတာကို ကျွန်တော် လှမ်းမြင်လိုက်သေးသည်။ ပြီးတော့ ကန်ပေါင် ဘက်ဆီ အပြေးလာနေသော မမ။ ဖြစ်နိုင်ရင် ရှေ့တည့်တည့်ကနေပြီး မမကို ဆီးကြိုလိုက်ချင်ပါသည်။ ဒါပေမဲ့ မဖြစ်သေးပါဘူးလေ။

ပန်းနွယ်ပင်လေးတစ်ခုအနောက်မှာ ကျွန်တော် ကွယ်ရပ်နေလိုက် သည်။

"မမ ကျွန်တော် ဒီမှာ"

ကိုနေရောင်က လှမ်းအသံပြုလိုက်တော့ မမ မြင်တွေ့သွားပြီး အနားရောက်လာ၏။ ပန်းပင်တွေကြားကနေ မြင်နေရသော မမ မျက်နှာ လေးက အရုပ်လေးတစ်ရုပ်လို ပြင်ဆင်ခြယ်သလှနေပါလျက် အနေအထား ကတော့ လုံးဝကို ပျက်ယွင်းနေသည်။ ချွေးသီးချွေးပေါက်များဖြင့် ဆိုနှင်း မျက်ရည်တွေ စီးကျလျက် မမ မျက်နှာတစ်ခုလုံး ရစရာမရှိ။

"တာ တာ ဘယ်မှာလဲ နေရောင်"

"ဒီမှာ မမ"

ကျွန်တော်ကိုယ်တိုင် ရေးထားသော ကျွန်တော့်လက်ရေးကို တော့ မမ မိုက်ခနဲပင် ဖြစ်သွားသည်။ ကိုနေရောင်က ဆီးထိန်းထား လိုက်ပေ၏။

"အခု ဘယ်မှာလဲ၊ လူက ဘယ်မှာလဲ၊ ဘယ်သူမှ ဆင်းမလာ ကြဘူးလား၊ ဆင်းမရှာကြဘူးလား၊ ဘယ်သူမှ မရှာရင် ငါကိုယ်တိုင်ရှာမယ်"

တကယ့်ကို ရောက်နိစပ်နားပြေးလျက် မမ ဆင်းမည်ပြုသည်။ ကိုနေရောင်က နောက်ကနေ လက်ကိုဖမ်းဆွဲထားလိုက်ပြီး





"မမ ခုချိန်လောက်ဆို မမီနိုင်တော့ပါဘူး မမရယ်"

"အို မဟုတ်တာ၊ ဒီလိုမပြောပါနဲ့ မောင်လေးရဲ့၊ မမ သူ့ကို အခုလိုပုံစံမျိုးနဲ့တော့ အဆုံးမသတ်စေချင်ဘူး။ မမ သူ့ကိုတွေ့ရမှဖြစ်မယ်၊ နောက်ဆုံးဖြစ်ဖြစ်"

မမ အသံတွေနစ်ဝင်လျက် ဆောင့်ကြောင့်ထိုင် ငိုချပစ်သည်။

"မမ အဲဒီလို မလုပ်ပါနဲ့ မမရယ်၊ လူတွေလည်း ကြည့်နေပါတယ်၊ ပြီးတော့ မမ မင်္ဂလာပွဲ"

"ဟင့်အင်း သူ့ထက်ပိုပြီး ဒီမင်္ဂလာပွဲက အရေးကြီးဦးမှာလား၊ ဒီအချိန်မှာ လူသစ်ကိုပြန်တွေ့ဖို့ အရေးကြီးတယ်"

"မဟုတ်ဘူးလေ မမ၊ မင်္ဂလာပွဲက မမရဲ့ဘဝလေ"

"ဟင့်အင်း မမကြောင့်နဲ့ သူ တစ်ခုခုဖြစ်သွားခဲ့ရင် မမ ဘယ်လိုမှ ဖြေသာမှာမဟုတ်ဘူး"

"မမကြောင့်ဆိုပြီး သူ့ကိုသနားနေတာလား မမ"

"မမ သူ့ကိုသနားလည်း သနားတယ်၊ ပြီးတော့"

မမ ဆက်မပြော။

"ပြီးတော့ ဘာဖြစ်လို့လဲ"

"ချစ်တယ် မမ မရှက်ချင်တော့ပါဘူး။ ကိုယ့်ကြောင့်နဲ့ သူတစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်မိတာထက် အခု မမစိတ်ထဲမှာ ဘာမှမရှိဘူး။ မမနဲ့တဲ့ လူတစ်ယောက်ကို မမအတွက်ကြောင့်နဲ့ ဟင်"

ငိုကြွေးနေသော မမစကားသံတွေ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ပန်းခြံလေးအကွယ်မှ ထွက်လာသော ကျွန်တော့်ကို တွေ့လိုက်ရလို့ပေါ့။

တော်ပြီလေ။ မမ ရင်ထဲက စကားတွေကို ဒီလောက်ထိ ကြားခဲ့ရပြီးရင် ကျွန်တော့်အတွက် လုံလောက်နေပါပြီ။ နွေနေပူပူကြီးအောက်မှာ သတို့သမီးဂါဝန်ကြီးဝတ်ပြီး အဆုံးစွန်စိတ်လှုပ်ရှားငိုကြွေးနေသော မမကို ကျွန်တော် ဆက်မကြည့်ရက်တော့ပါ။

"မင်း မင်း"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မမရယ်။ ဒီလိုနည်းတွေကိုမှ မသုံးရင် မမကို တစ်သက်လုံး ဆုံးရှုံးရမှာ ကျွန်တော် ကြောက်တယ်"

"မင်းတို့နှစ်ယောက်"

"ဟုတ်ပါတယ် မမ၊ ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါဗျာ၊ ကိုယ့်အစ်မတစ်ယောက်လုံးကို ချစ်တဲ့သူနဲ့ပဲ တစ်သက်တာ စိတ်ချမ်းချမ်းသာသာ နေစေချင်တာ ကျွန်တော့်ရင်ထဲက သန္နအမှန်ပါပဲ။ ဒါကြောင့် ကျွန်တော်နဲ့ လူသစ်ပေါင်းပြီး ဒီအစီအစဉ်ကို လုပ်ခဲ့တာ"

"မင်းတို့ တော်တော်ဆိုးတာပဲ"

ကျွန်တော့်ရင်ထဲက အလုံးကြီး အုံးခနဲ ကျသွားသည်။ မမဆီမှ အပြစ်တင်သည့်စကားသံက မင်းတို့တော်တော်ဆိုးတာပဲဆိုသည့် အားအင်မျော့တော့တော့ အသံလေး။

ကျွန်တော် မအောင့်အီးနိုင်တော့ဗျာပင် မမ လက်လေးတစ်ဖက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။ ကိုနေရောင်က ဟိုလိုလိုဒီလိုလိုနှင့် ခပ်လှမ်းလှမ်းသို့ လျှောက်သွား၏။





"ကျွန်တော့်ကို ခွင့်လွှတ်မယ် မဟုတ်လားဟင် မမ"

"မင်း မလုပ်သင့်ဘူး လူသစ်ရယ်"

"ကျွန်တော့်ကို နေရောင်အဖြစ် မမြင်တော့ဘဲ လူသစ်လို့ မြင်ပေးတာနဲ့တင် ကျေးဇူးတင်ပါတယ်။ ကျွန်တော်က မမရဲ့မောင်လေး မဖြစ်ချင်ဘူး။ မမရဲ့ဘေးနားမှာ ချစ်နိုင်မယ့် အားကိုးနိုင်မယ့် ယောကျ်ားတစ်ယောက်ပဲ ဖြစ်ချင်တာ"

ကျွန်တော့်စကားကြားတော့ မျက်ရည်များကြားထဲကနေ မမ ရယ်သည်။ ကျွန်တော့်ကိုလည်း မျက်စောင်းလေး ခဲကြည့်ရင်း

"တစ်လျှောက်လုံးကဖြင့် သူတာပဲ အားကိုးလာခြင်းတော့များ"

"ဘာလဲ မမက ကျွန်တော့်ကိုလှောင်တယ်ပေါ့လေ"

"မလှောင်ပါဘူး။ ကိုယ် အမှန်တွေကို ပြောနေတာလေ"

ရယ်ရယ်မောမော ပြောနေသော မမကို ကျွန်တော် ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ အသက်အရွယ်အားဖြင့် မမက ကျွန်တော့်ထက် အများကြီးကြီးပေမယ့် လူကောင်ချင်းယှဉ်ရင်တော့ ကျွန်တော့်ရင်ခွင်ထဲမှာ မမ ပျောက်ကွယ်သွားမတတ် ကျွန်တော် ဖက်ထားနိုင်ပါသည်။

"ဒီကောင်လေး၊ ဟိုတစ်ညက အရိုက်ခံရတာ မမှတ်ဘူးနဲ့တူတယ်"

ပါးစပ်က ပြောနေသော်လည်း လူတစ်ကိုယ်လုံး ကျွန်တော့်ရင်ခွင်ထဲမှာ ငြိမ်သက်နေသည့် မမကို ကျွန်တော် ပိုလို့တိုးဖက်ထားလိုက်၏။

"ဟုတ်တယ် မမှတ်ဘူးလေ။ အရိုက်ခံရတာထက် အပေါင်းနားမှာ ချိုမြိန်တာလေးကို မောင် ရလိုက်တာကိုး"

www.burmeseclassic.com



"အောင်မှာ မောင်တဲ့ ကလေးလေးကများ"

"ဟုတ်တယ် မမနဲ့ယှဉ်ရင် အသက်အရွယ်အားဖြင့် ကျွန်တော်က ကလေးလေးပဲ၊ ဒါပေမဲ့ ကျွန်တော့်ဘဝတစ်ခုလုံးမှာ အဲဒီကလေးလေးကိုပဲ မမ အားကိုးလို့ရစေရမယ်၊ မမကို ကျွန်တော် ကတိပေးပါတယ်ဗျာ"

ကျွန်တော့်ကျောကုန်းကို ပြန်ဖက်လာသော မမ လက်ကလေးတွေ၊ နွေရာသီ နေလုံးကြီးရဲ့အပူရှိန်ကို မမရဲ့အဲဒီအကြင်နာတွေသာ ရှိနေမယ်ဆို ကျွန်တော် မမှုတော့ပါဘူး။

"ကျွန်တော့်ကို ချစ်တယ်နော် မမ"

မမက မဖြေ။

"ကျွန်တော့်ကိုချစ်တယ် မဟုတ်လားလို့"

"လူဆိုးလေး ခုနက မင်းနိုးနားထောင်နေတာ မဟုတ်ဘူးလား"

ကျွန်တော် ပျော်ရွှင်ရလွန်းသော ပီတိတွေဖြင့် တဟားဟား အော်ရယ်မိတော့ ရေစပ်မှာနားနေသော စင်ရော်ငှက်လေးတစ်ကောင် အလန့်တကြားထပြန်သွားသည်။

ခုချိန်မှာတော့ နွေနေလယ်ခင်းရဲ့ပူလောင်မှုကလည်း ကျွန်တော့်အတွက် ကြည်နူးစရာ အခင်းအကျင်းပါပဲ။ မမ နဖူးလေးကို ဖွဖွငုံနမ်းမိတော့

"မမလည်း မောင့်ကိုချစ်တယ်နော်"

ပရိသတ်အတွက်
အမြဲတမ်း
မျိုး

မြူစာပေ

BURMESE CLASSIC

www.burmeseclassic.com